# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၁ ခုနှစ် တန်ခူးလပြည့်ကျော် ၂ ရက်၊ တနင်္ဂနွေနေ့။ Sunday, 21 April 2019 ၉၆၂၆


### လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော)လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ရှုသော သူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မကြာမီကာလအတွင်း အလုပ်သဘောခရီး သွားရောက်မည်

**နေပြည်တော် ဧပြီ ၂၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ကျင်းပပြုလုပ်မည့် ဒုတိယအကြိမ်မြောက် ရပ်ဝန်းနှင့်ပိုးလမ်းမ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မကြာမီကာလအတွင်း အလုပ်သဘောခရီးစဉ် သွားရောက်မည်ဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခရီးစဉ်အပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက် အာခါ မိုဟာဆီနာ ပါတိုင်း တဲ့ချို ဟွန်ဆင်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး ဆက်လက်သွားရောက်မည်ဖြစ်သည်။

သတင်းစဉ်




အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဝေါလေမြို့ အမှတ်(၁)ရပ်ကွက် ဈေးအဝင်လမ်းဖွင့်ပွဲအခမ်းအနားတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဝေါလေမြို့ အမှတ်(၁)ရပ်ကွက် ဈေးအဝင်လမ်းဖွင့်ပွဲသို့ တက်ရောက်

**မြဝတီ ဧပြီ ၂၀**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ယနေ့ နံနက်ပိုင်းတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဗိုလ်၊ ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးအိုက်ကျန်ခမ်းနှင့် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မြဝတီခရိုင် တောင်ပိုင်းဒေသခံပြည်သူများနှင့် သွားရောက်တွေ့ဆုံသည်။

ခရီးစဉ်တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် အမျိုးသားလွှတ်တော် ရန်ပုံငွေဖြင့် ဆောင်ရွက်သော မြဝတီမြို့နယ် စုကလိမြို့နယ်ခွဲ ဆုံဆည်းမြိုင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းဝင်း ကွန်ကရစ်လမ်းဖွင့်ပွဲသို့ တက်ရောက်ပြီး ကွန်ကရစ်လမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ လမ်းကိုဖြတ်သန်းကြည့်ရှုသည်။


စာမျက်နှာ ၄ ကော်လံ ၁ သို့


## ကြေးမုံ ယနေ့ ဖတ်စရာ

**မန္တလေးအထွေထွေရောဂါကုဆေးရုံ၌ အပူလှျပ်လူနာများ ရောက်ရှိလာပါက အချိန်မီ ကုသမှုပေးနိုင်ရန် ကြိုတင်ပြင်ဆင်ထား**


စာမျက်နှာ » ၅


**သင်္ကြန်ကာလအပြီး မန္တလေးပဲဈေးကွက်တွင် အဖွင့်ဈေးကောင်းဖြင့် အရောင်းအဝယ် သွက်လက်**


စာမျက်နှာ » ၁၀


**ထူးကဲဒီရေမြင့်တက်လာမှုကြောင့် ဆယ်အိမ်တန်း ကမ်းခြေရှိ အပန်းဖြေနားခိုရာ နေရာများ ပျက်စီး**


စာမျက်နှာ » ၂၂



**Myanmar Endocrine and Diabetes Conference 2019 (MMEDC 2019)**

ဆေးပညာနှီးနှောဖလှယ်ပွဲ

MMDA Myanmar Diabetes Association

Myanmar Society of Endocrinology and Metabolism (ဟော်မုန်းရောဂါဗေဒပညာရှင်များအသင်း) နှင့် Myanmar Diabetes Association ( မြန်မာနိုင်ငံဆီးချိုသွေးချိုရောဂါအသင်း)တို့ ပူးပေါင်း၍ Myanmar Endocrine and Diabetes Conference 2019 ဆေးပညာနှီးနှောဖလှယ်ပွဲအား ၂၀၁၉ ခုနှစ်၊ မေလ ၁၈ ရက်နေ့နှင့် ၁၉ ရက်နေ့များတွင် ရန်ကုန်မြို့ Melia Hotel ၌ ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။

ဆက်သွယ်ရန်။ (၁) ဒေါက်တာ စန်းစန်းဝင်း ( ၀၉-၅၁၄၁၇၂၁ ) ဆီးချိုနှင့်ဟော်မုန်းရောဂါ အထူးကုဌာန၊ မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး။

(၂) ဒေါက်တာ ခင်စန္ဒာ ( ၀၉-၂၅၆၄၂၀၉၀၄ ) ဆီးချိုနှင့်ဟော်မုန်းရောဂါ အထူးကုဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး။

(၃) ဒေါက်တာ အောင်ကိုကို ( ၀၉-၂၀၁၇၆၀၄ ) ဆီးချိုနှင့်ဟော်မုန်းရောဂါ အထူးကုဌာန၊ မန္တလေးပြည်သူ့ဆေးရုံကြီး။

ကြေးမုံ

## ယခုဘဝ သံသရာ နှစ်ဖြာအကျိုးဆောင်ကြဉ်း

လူမှုဘဝလောက၌ လူတို့သည် ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု တည်းဟူသော ကံသုံးပါးတို့တွင် တစ်ပါးပါးသောကံဖြင့်ဖြစ်စေ၊ ကံသုံးပါးစလုံးဖြင့်ဖြစ်စေ သိလျက်သော်လည်းကောင်း၊ မသိလျက်သော်လည်းကောင်း၊ မထင်မှတ်၍သော်လည်းကောင်း အနည်းနှင့်အများဆိုသလို ပြစ်မှားကျူးလွန်မိကြသည်။ အပြစ်တစ်ခုခုကို ပြစ်မှားကျူးလွန်ခဲ့မိသည်ရှိသော် လောကပြစ်ဒဏ်၊ သံသရာပြစ်ဒဏ် မလွဲမသွေခံကြရသည်။

ကျူးလွန်မှုမှန်သမျှသော အမှုကိစ္စအားလုံးတို့တွင် ပုဂ္ဂိုလ်အလိုက် အကျိုးပေးတန်သလောက် အကျိုးပေးခွင့်ရကြသည်။ မကောင်းမှုတို့ကို ကျူးလွန်ခဲ့မိရာ၌ ထပ်ကာထပ်ကာကျူးလွန်မိပါက မိုက်တွင်းနက်သူသာဖြစ်ပြီး သံသရာပြစ်ဒဏ်၊ လောကပြစ်ဒဏ်တို့မှ လွတ်မြောက်လိမ့်မည်မဟုတ်ချေ။ မကောင်းမှုတို့ကို ထပ်မံကျူးလွန်ခြင်းမပြုဘဲ ပြုခဲ့မိသည်တို့ကို ဝန်ချတောင်းပန် အသိတရားအမှန်ရရှိခြင်းသည် လူကောင်းဖြစ်ပေသည်။

လူဟူသည် အမှန်မသိသည့် ပုထုဇဉ်သာဖြစ်၍ အမှားများ၊ မကောင်းသောအမှုများကို ကျူးလွန်မိတတ်ပေသည်။ ပုထုဇဉ်၏စိတ်တွင် မောဟထကြွလာသောအခါ အကုသိုလ်စိတ်၊ မကောင်းစိတ်များဖြစ်နေပြီဟုဆိုသည်။ မောဟ၏ဖုံးကွယ်မှုကြောင့် ဒုစရိုက်အကုသိုလ်၏ နောင်ရေးနောင်တာခံစားရမည့် မကောင်းကျိုးကိုလည်း မသိကြချေ။ ယခုလောလောဆယ် ယုတ်မာညစ်ညမ်း ဆိုးသွမ်းမှုအပြစ်ကိုလည်း မသိကြ၍။ ထို့ကြောင့် မောဟဖြစ်ပေါ်လာသောအခါ နဂိုကပညာရှိပင်ဖြစ်စေ၊ သူတော်စင်ပင်ဖြစ်စေ အပြစ်ကိုမမြင်ဘဲ ဒုစရိုက်အမှုကို ပြုမိကြသည့် အကြောင်းများရှိသည်။

အပြစ်များကျူးလွန်မိတတ်သော လူတို့၏စိတ်အညစ်အကြေး၊ ကိုယ်အညစ်အကြေးများကို လောကဓလေ့ထုံးတမ်းစဉ်လာအားဖြင့် နှစ်သစ်ကူးအခါကာလတွင် ဝန်ချတောင်းပန်ကန်တော့မှု၊ ဆေးကြောသန့်စင်သော ကောင်းသောအမှုများ ပြုလေ့ရှိကြသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း မြန်မာနှစ်သစ် မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း မြန်မာနိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အကျဉ်းစခန်း အသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသား အကျဉ်းသူများကို လွတ်ငြိမ်းသက်သာခွင့်များ ပေးလေ့ရှိသဖြင့် ဥပဒေကြောင်းအရ လောကအပြစ်မှ လွတ်ငြိမ်းသက်သာခွင့်ဖြစ်ပေသည်။

သို့သော် ဥပဒေအရဖြစ်စေ၊ ဥပဒေအပအရဖြစ်စေ မိမိတို့ ကျူးလွန်မိသော ကာယကံ၊ ဝစီကံ၊ မနောကံ တည်းဟူသော ကံသုံးပါးတို့မှ လုံးဝလွတ်မြောက်စေရန် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်ပေသည်။ ကျူးလွန်မိသော အပြစ်တို့ကို ဝန်ချတောင်းပန်၍ ကောင်းသောအမှုများကိုပြုပြီး သံသရာတွင် သက်သာရာသက်သာကြောင်းဖြစ်အောင် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

သံသရာအပြစ်မှ သက်သာခွင့်ရရေး၌ ခမည်းတော်ကိုသတ်ခြင်းဟူသော အလွန်ကြီးမားသည့် ပါဏာတိပါတကံကိုပြုမိသည့် အဇာတသတ်မင်းသည် ထိုကြီးမားသည့်ကံကြောင့် မုချအဝီစိငရဲသို့ ကျရတော့မည်ဖြစ်သော်လည်း ကျူးလွန်ခဲ့မိသည်တို့ကို နောင်တရ၍ ဘုရားရှင်အား အလွန်ကြည်ညိုသော ပယောဂသမ္ပတ္တိကြောင့် အဝီစိငရဲသို့မကျတော့ဘဲ ထိုငရဲ၏အခြံအရံ ဥဿဒငရဲ၌ကျပြီး သက်သာခွင့်ရလေသည်။

မိမိတို့ကျူးလွန်ခဲ့မိသောအမှုများအတွက် ထိုက်သင့်သောပြစ်ဒဏ်များမှာ ယခုဘဝ၊ နောင်သံသရာတွင် ကျခံရမည်ဖြစ်သော်လည်း ယခုဘဝတွင် ကောင်းမွန်စွာနေထိုင်ခြင်း၊ ပြင်းပြကောင်းမွန်သည့် စေတနာကံသတ္တိရှိခြင်းတို့ကြောင့် ယခုဘဝ၊ နောင်ဘဝ သံသရာနှစ်ဖြာတွင် ပြစ်ဒဏ်တို့မှ သက်သာခွင့်ရကြပေသည်။

သို့ဖြစ်ရာ ပုထုဇဉ်လူသားတို့ဟူသည် အကုသိုလ်အမှုများနှင့် မလွတ်ကင်းနိုင်သည်ဖြစ်သော်လည်း မိမိတို့ပြုလုပ်ခဲ့သော အကုသိုလ်အမှုများကို နောင်တတစ်ဖန်ရကာ ဝန်ချပြီး ကောင်းသောသမ္ပတ္တိများပြင်းစွာ အားထုတ်ကာ ယခုဘဝ၊ နောင်သံသရာ သက်သာရာနှင့် ကောင်းကျိုးချမ်းသာတို့ကို ဆောင်ကြဉ်းနိုင်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ရန်ကုန် ကန်တော်ကြီးအတွင်းမှ စနေဈေး၌ နိုင်ငံခြားသားများ ဝယ်ယူမှုများပြား



**ရန်ကုန် မေ ၂၀**
ဓာတုကင်းလွတ် ဟင်းသီးဟင်းရွက်နှင့် ပန်းမန်များ၊ အစားအသောက်များသာ ရောင်းချပြီး ကြွပ်ကြွပ်အိတ် လုံးဝအသုံးမပြုသော ဈေးအဖြစ် ရောင်းချနေသည့် ရန်ကုန် ကန်တော်ကြီးအတွင်းက စနေဈေးသို့ ပြည်တွင်းစားသုံးသူများသာမက နိုင်ငံခြားသားစားသုံးသူများပါ လာရောက်ဝယ်ယူစားသုံးမှု များပြားလျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့ ဒီဈေးမှာဆိုရင် လာရောက်ရောင်းချတဲ့ အသီးအနှံတွေအားလုံးက ဓာတုကင်းလွတ်တွေဖြစ်ပါတယ်။ ပြီးတော့ ဒီဈေးမှာ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းတဲ့အနေနဲ့ ကြွပ်ကြွပ်အိတ် လုံးဝမသုံးရပါဘူး။ အများစုကတော့ အိမ်ကနေခြင်းတောင်းတွေ၊ အိတ်လေးတွေ ယူဆောင်လာကြပါတယ်။ ရောင်းတဲ့သူတွေကလည်း ထည့်စရာပါမလာဘူးဆိုရင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိနိုင်တဲ့ စက္ကူအိတ်လေးတွေနဲ့ ထည့်ပေးပါတယ်။ ဒီလိုအသီးအနှံတွေကို ရန်ကုန်မြို့မှာ လိုက်ရှာဝယ်ဖို့ဆိုတာ မလွယ်ပါဘူး။ ဒါကြောင့် တစ်နေရာတည်းမှာ ဝယ်လို့ရတဲ့ ဒီစနေဈေးကို နိုင်ငံခြားသားတွေ ပိုသတိပြုမိလာပြီး အခုဆိုနိုင်ငံခြားသား ဝယ်ယူစားသုံးသူတွေ များပြားလာပါတယ်"ဟု Yangon Farmers Market မှ မကြေးမုံလွင်က ပြောသည်။

အဆိုပါ ဓာတုကင်းလွတ် စနေဈေးကို ၂၀၁၈ ခုနှစ် မေလ နောက်ဆုံးပတ်က စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအခါ ၄၇ ကြိမ်အထိ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ စတင်ဖွင့်လှစ်စဉ်က ဆိုင်ခန်း ၁၀ ခန်းမျှသာရှိရာမှ ယခုအခါ ဆိုင်ခန်းပေါင်း ၆၀ ကျော် ရှိသွားပြီဖြစ်ကြောင်း၊ လာရောက် ရောင်းချသူအများစုမှာ မြန်မာနိုင်ငံဒေသအနှံ့မှ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူများဖြစ်ကြောင်း သိရသည်။

ဈေးအတွင်း ရောင်းချနေသော အသီးအနှံများမှာ သန့်ရှင်းလတ်ဆတ်ပြီး ရှားပါးသော အနီရောင်အသီးအနှံများ၊ အရွက်များကိုလည်း ရောင်းချလျက်ရှိသည်။ သာမန်ဈေးများတွင် တွေ့ရခဲသည့် အသီးအနှံများကိုလည်း လာရောက်ရောင်းချသည်ကို တွေ့ရသဖြင့် စိတ်ဝင်စားဖွယ် ဖြစ်သည်။

အဆိုပါ စနေဈေးသို့ ပြည်တွင်းစားသုံးသူပြည်သူများလည်း ပိုမိုသိရှိလာပြီး ကျန်းမာရေးလိုက်စားကြသူများက ပုံမှန်လာရောက်ဝယ်ယူလျက်ရှိကြောင်း၊ ကန်တော်ကြီးသို့ အပန်းဖြေ လာရောက်ကြသူများကလည်း အပန်းဖြေရင်း ဈေးဝယ်လျက်ရှိကြောင်း၊ ယင်းဈေးသည် စိုက်ပျိုးထုတ်လုပ်သူများနှင့် ဈေးဝယ်သူပြည်သူများ တိုက်ရိုက်ထိတွေ့ဝယ်ယူနိုင်သည့် ဈေးလည်းဖြစ်ကြောင်း သိရသည်။ **မြင့်မောင်စိုး**

# တောပုကျေးရွာ၌ ကျောက်ရောမြေသားလမ်းခင်းကျင်း ပြီးစီး

**မော်လမြိုင်ကျွန်း မေ ၂၀**
အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူစေရေးအတွက် အုတ်တွင်းမြို့နယ် တောပုကျေးရွာ ကျောက်ရောမြေသားလမ်းမကြီးအား ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ရန်ပုံငွေမှ ကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၂၀ တို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ကျောက်ရောမြေသားလမ်းပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

ယင်းကျောက်ရောမြေသားလမ်း ပြီးစီးမှုကို မေ ၂၀ ရက် နံနက် ၉ နာရီက အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလင်းနှင့် အဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြရာ မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များက တည်ဆောက်ပြီးစီးခဲ့သော ကျောက်ရောမြေသားလမ်းအရှည်ပေ ၅၀၀၀၊ အကျယ် ၁၀ ပေနှင့် ဒု ကိုးလက်မတို့ ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ တောပုကျေးရွာ ကျောက်ရောမြေသားလမ်း ပြီးစီးသွားသည့်အတွက် တောပုကျေးရွာတွင် နေထိုင်ကြသည့် ဒေသခံပြည်သူများ ရာသီမရွေးသွားလာမှု အဆင်ပြေလွယ်ကူသွားမည့်အပြင် ဒေသခံတောင်သူများအတွက်လည်း လယ်ယာကုန်ထွက်လမ်းအဖြစ် အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။
**မော်ကျွန်း-မြင့်အောင်**

**အနောက်မြောက်တိုင်း စစ်ဌာနချုပ် အမှတ်(၁)တပ်မတော်ဆေးရုံ ခုတင် ၂၅ (လမ်းရှာ)မှ ဗိုလ်ကြီးအောင်စံဖြိုးသူ ဦးဆောင်သည့် တပ်မတော်ဆေးဝန်ထမ်းအဖွဲ့သည် မေ ၂၀ ရက်က ပခုက္ကူမြို့နယ် ကျောက်ဇောင်းကျေးရွာရှိ ကျေးလက်ဒေသနေပြည်သူ ၆၂ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးစဉ်။**
မောင်ယဉ်ကျေး



ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၃၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ်မေ ၁၈ ရက် တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ ဗီမ်/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၉၄၂၇

## ပြုပြင်ပြောင်းလဲရေးဟာ ရန်သူမဟုတ်၊ မိတ်ဆွေကောင်းတစ်ဦးသာဖြစ်

မိမိတို့နိုင်ငံဟာ ခေတ်ဟောင်းစနစ်ဟောင်းကနေ ခေတ်သစ်စနစ်သစ် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလကို စတင်ပြီး ခြေလှမ်းနေကြတာ ဖြစ်ပါတယ်။ တချို့က ပြုပြင်ပြောင်းလဲရေးအတွက် စိုးရိမ်တာတွေရှိပါတယ်။ ပြုပြင်ပြောင်းလဲရေးဟာ ရန်သူမဟုတ်ပါဘူး။ မိတ်ဆွေကောင်းတစ်ဦးဖြစ်ပါတယ်။ မိမိတို့နိုင်ငံနဲ့ နိုင်ငံသူ နိုင်ငံသားများအတွက် အခွင့်အခါကောင်း၊ အခွင့်အလမ်းကောင်းဖြစ်တာကို ဌာနဆိုင်ရာအသီးသီးက သိရှိစေလိုပါတယ်။

*(၂၁-၂-၂၀၁၉ ရက်နေ့တွင် ဟားခါးမြို့၌ပြုလုပ်သည့် ချင်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)*

## တစ်ယောက်နဲ့တစ်ယောက် နားလည်ဖို့၊ လေးစားဖို့ အရေးကြီး

ကျွန်မတို့အစိုးရဟာ စစ်မှန်တဲ့ဖက်ဒရယ်ပြည်ထောင်စုကြီးကို ထူထောင်ချင်ပါတယ်လို့ ကျွန်မတို့ပြောပါတယ်။ ကျွန်မတို့နိုင်ငံနဲ့ အသင့်တော်ဆုံးဖြစ်မယ်လို့ ယူဆလို့ပဲဖြစ်ပါတယ်။ ဒီနိုင်ငံလို တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့၊ မတူကွဲပြားမှုတွေအပေါ်မှာ ညီညွတ်မှုကို တည်ဆောက်ရမယ့် နိုင်ငံအတွက်ဆိုရင် ကျွန်မတို့ဟာ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိဖို့လိုတယ်။ တစ်ယောက်နဲ့တစ်ယောက် လေးစားဖို့ဆိုတာ အင်မတန်မှအရေးကြီးပါတယ်။

*(၅-၂-၂၀၁၉ ရက်နေ့တွင် ရှမ်းပြည်နယ် တာချီလိတ်မြို့၌ပြုလုပ်သည့် တာချီလိတ်နှင့် မိုင်းယောင်းမြို့နယ်တို့မှ ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)*

# ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ယောဂီကျောင်းလမ်းနှင့် ပြည်လမ်းထောင့်ရှိ ၆၆/၁၁-၆.၆ ကေဗွီ၊ ၃၀ အမ်ဗွီအေ GIS ဓာတ်အားခွဲရုံဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် မေ ၂၀**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးနိုင်ရေးအတွက် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အကောင်အထည်ဖော် တည်ဆောက်ပြီးစီးခဲ့သည့် လှိုင်မြို့နယ် ယောဂီကျောင်းလမ်းနှင့် ပြည်လမ်းထောင့်ရှိ ၆၆/၁၁-၆.၆ ကေဗွီ လှိုင်တက္ကသိုလ် Gas Insulated Switchgear (GIS) ဓာတ်အားခွဲရုံဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲက အဆိုပါဓာတ်အားခွဲရုံ၌ ကျင်းပသည်။

**ဦးစားပေးဆောင်ရွက်လျက်ရှိ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ အဓိကလိုအပ်ချက်များကို သာတူညီမျှဖြစ်အောင် ဘက်ပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာတွင် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ဓာတ်အားသုံးစွဲသူ အများအပြားရှိရာသို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးလျက်ရှိရာတွင် ဓာတ်အားလိုင်းများ ဝန်အားပြည့်နေခြင်းအား ဖြေရှင်းနိုင်ရန်အတွက် ၅၀၀ ကေဗွီ ဓာတ်အားလိုင်း (ပြည်ထောင်စုမဟာဓာတ်အားလိုင်း Union Grid) အနေဖြင့် စတင်တည်ဆောက်လျက်ရှိပြီး နိုင်ငံအတွင်း ၅၀၀ ကေဗွီ ဓာတ်အားလိုင်း ငါးလိုင်း ဆောင်ရွက်သွားရန် စီမံဆောင်ရွက်နေကြောင်း၊ ယခုဓာတ်အားခွဲရုံတည်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်အတွင်းရှိ လျှပ်စစ်မီးသုံးစွဲသူပြည်သူများ (အိမ်ထောင်စု ၃၀၂၁၃ စု၊ မီးသုံးစွဲသူဦးရေ ၄၃၇၅၈ ဦး) သို့ လှိုင်မြို့နယ်နှင့် မရမ်းကုန်းမြို့နယ်အတွင်းရှိ ၆၆ ကေဗွီ ဓာတ်အားခွဲရုံ တစ်ရုံနှင့် ၃၃ ကေဗွီ ဓာတ်အားခွဲရုံ လေးရုံတို့မှတစ်ဆင့် ဓာတ်အားရယူဖြန့်ဖြူးပေးလျက်ရှိရာ နွေရာသီကာလများတွင် ဓာတ်အားခွဲရုံများ၊ ထရန်စဖော်မာများနှင့် ဓာတ်အားလိုင်းများတွင် ဝန်အားပြည့်ကျော်လွန်မှု (Overload)များ ဖြစ်ပေါ်လျက်ရှိပြီး ဗို့အားပြည့်ဝမှုမရှိခြင်း၊ လျှပ်စစ်ဓာတ်အားလုံလောက်မှုမရှိခြင်း စသည့်အခြေအနေများ ဖြစ်ပေါ်နေသည့်အတွက် အရည်အသွေးပြည့်ဝပြီး တည်ငြိမ်သော လျှပ်စစ်ဓာတ်အားကို ဖြန့်ဖြူးပေးနိုင်ရန်၊ Load Sharing ပြုလုပ်ပေးနိုင်ရန်နှင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ပြီး Load Center ကျသည့် ယခုဓာတ်အားခွဲရုံနေရာတွင် တပ်ဆင်အင်အား ၃၀ အမ်ဗွီအေရှိသော ၆၆ ကေဗွီ GIS ဓာတ်အားခွဲရုံကို ဗီဒါ ရှစ်ခုဖြင့် အဆင့်မြှင့်တင် တိုးချဲ့တည်ဆောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခင်က ၆.၆ ကေဗွီ ဗို့အားစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးခဲ့ရာ ဗို့အားကျဆင်းမှုများရှိခဲ့၍ ယခုအခါ ၁၁ ကေဗွီဗို့အားစနစ်သို့ အဆင့်မြှင့်တင်ပြောင်းလဲ ဓာတ်အားပေးခဲ့သည့်အတွက် ဗို့အားတည်ငြိမ်စွာဖြင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီး တက္ကသိုလ်၊ ကောလိပ်များ၏ ပညာသင်ကြားရေးလုပ်ငန်းများနှင့် သုတေသနလုပ်ငန်းများတွင် ထိရောက်သည့်အကျိုးကျေးဇူးများ ရရှိလာမည်ဟု ယုံကြည်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၁၅ ခုနှစ်တွင် Residential & Commercial ၉၁၄ မဂ္ဂါဝပ်၊ Industrial ၁၈၂ မဂ္ဂါဝပ် စုစုပေါင်း ၁၀၉၆ မဂ္ဂါဝပ်ခန့်သာ သုံးစွဲနိုင်ခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် Residential & Commercial ၁၂၇၈ မဂ္ဂါဝပ်၊ Industrial ၂၇၀ မဂ္ဂါဝပ် စုစုပေါင်း ၁၅၄၈ မဂ္ဂါဝပ်အထိ တိုးတက်သုံးစွဲလာနိုင်ခဲ့ပါကြောင်း၊ လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့ပေါင်း ၂၁ မြို့သည် လျှပ်စစ်မီးရရှိသုံးစွဲနေပြီး ကျေးရွာပေါင်း ၂၁၄၃ ရွာ ရှိသည့်အနက် ၁၀၆၉ ရွာကို ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ကျန်ရှိသည့် ကျေးရွာများအနက် ကျေးရွာပေါင်း ၁၆၆ ရွာ ဓာတ်အားရရှိရေးကို ပြည်ထောင်စုဘဏ္ဍာငွေ၊ တိုင်းဒေသကြီးအစိုးရဘဏ္ဍာငွေ၊ World Bank၊ ADB၊ JICA စသည့် အဖွဲ့အစည်းများ၏ ချေးငွေများဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်းပြီးစီးအောင် ဆက်လက်အကောင်အထည်ဖော် တည်ဆောက်လျက်ရှိပါကြောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ဆောင်ရွက်မှုများအပေါ် ပြည်သူတစ်ရပ်လုံးမှလည်း အားသွန်ခွန်စိုက် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။





> ❖ **ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၁၅ ခုနှစ်တွင်** Residential & Commercial **၉၁၄ မဂ္ဂါဝပ်၊** Industrial **၁၈၂ မဂ္ဂါဝပ် စုစုပေါင်း ၁၀၉၆ မဂ္ဂါဝပ်ခန့်သာ သုံးစွဲနိုင်ခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင်** Residential & Commercial **၁၂၇၈ မဂ္ဂါဝပ်၊** Industrial **၂၇၀ မဂ္ဂါဝပ် စုစုပေါင်း ၁၅၄၈ မဂ္ဂါဝပ်အထိ တိုးတက်သုံးစွဲလာနိုင်ခဲ့**
>
> ❖ **ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့ပေါင်း ၂၁ မြို့သည် လျှပ်စစ်မီးရရှိသုံးစွဲနေပြီး ကျေးရွာပေါင်း ၂၁၄၃ ရွာရှိသည့်အနက် ၁၀၆၉ ရွာကို ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်**

**ကျေးဇူးတင်**

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က ဓာတ်အားခွဲရုံ အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့မှုအခြေအနေများနှင့်ပတ်သက်၍ ဂုဏ်ပြုအမှာစကားများ ပြောကြားကြပြီး လှိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ၆၆/၁၁-၆.၆ ကေဗွီ၊ ၃၀ အမ်ဗွီအေ လှိုင်တက္ကသိုလ် Gas Insulated Switchgear(GIS)ဓာတ်အားခွဲရုံ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ လှိုင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသည့် ဦးကျော်ကျော်ထွန်းနှင့် ဒေါ်ခိုင်မာဌေး၊ ရန်ကုန်တက္ကသိုလ်ဆရာများသမဂ္ဂမှ ဥက္ကဋ္ဌ ဒေါက်တာ ထွန်းထွန်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**စက်ခလုတ်နှိပ်၍ ဖွင့်လှစ်**

၎င်းနောက် ၆၆/၁၁-၆.၆ ကေဗွီ၊ ၃၀ အမ်ဗွီအေ လှိုင်တက္ကသိုလ် Gas Insulated Switchgear(GIS) ဓာတ်အားခွဲရုံ၏ ကမ္ပည်းမော်ကွန်းကျောက်စာအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ ဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❂ ရှေ့ဖုံးမှ

ထို့နောက် ဝေါလေမြိုင်မြို့နယ် ဝေါလေမြို့၌ ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေဖြင့် ဆောင်ရွက်သော ဝေါလေမြို့အမှတ်(၁)ရပ်ကွက် ဈေးအဝင်လမ်းဖွင့်ပွဲသို့တက်ရောက်ပြီး လမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ မြန်မာ - ထိုင်းနှစ်နိုင်ငံနယ်စပ် ဂေါလီချောင်း ကျောက်စီနံရံ ကာရံထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

**တွေ့ဆုံ**

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်အဖွဲ့သည် မြဝတီခရိုင် တောင်ပိုင်းဒေသခံပြည်သူများအား ဝေါလေမြိုင်မြို့အရှေ့ဦး မူလတန်းကြိုကျောင်း၌ လည်းကောင်း၊ စုကလိမြို့နယ် မဲကလားကျေးရွာအုပ်စု ဝါးမိထကျေးရွာ ဘုန်းကြီးကျောင်းဝင်းအတွင်း၌ လည်းကောင်း၊ ဖလူးကျေးရွာအုပ်စု ကျောက်ခက်စံပြကျေးရွာ မူလတန်းကျောင်း၌လည်းကောင်း တွေ့ဆုံသည်။

**ပေါင်းစပ်ဆောင်ရွက်**

ထိုသို့ ပြည်သူများနှင့်တွေ့ဆုံစဉ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မိမိအနေဖြင့် လွှတ်တော်နားရက်မှသာ မိမိမဲဆန္ဒနယ်မြေသို့ ရောက်ရှိနိုင်ခြင်းဖြစ်သဖြင့် ဒေသခံပြည်သူများ၏ အခက်အခဲများကို တင်ပြပေးစေလိုကြောင်း၊ သိရှိလိုသည်များကိုလည်း မေးမြန်းစေလိုကြောင်း၊ သို့မှသာ မိမိအနေဖြင့် ပြည်သူများ၏ ခံစားမှုများ၊ အခက်အခဲများကို သိရှိပြီး လိုအပ်ချက်များမှ ဆောင်ရွက်နိုင်သည်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အချို့ကိစ္စရပ်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများက ကဏ္ဍအလိုက် လိုအပ်မှုများကို တင်ပြကြရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားသည်။



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း စုကလိမြို့နယ် မဲကလားကျေးရွာအုပ်စု ဝါးမိထကျေးရွာ ဘုန်းကြီးကျောင်းဝင်းအတွင်း၌ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။**

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဖလူးကျေးရွာအုပ်စု ကျောက်ခက်ကျေးရွာရှိ မန်းဘခိုင် ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်များ လှူဒါန်းပြီး စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုသည်။

**သတင်း- မောင်စိန်လွင်၊ ဓာတ်ပုံ- မင်းထက်**

# ချင်းပြည်နယ်၌ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မေ ၂၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းတွင် ချင်းပြည်နယ် ဖလမ်းမြို့၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။



**ဆွေးနွေး**

တွေ့ဆုံစဉ် ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လူမှုကာကွယ်စောင့်ရှောက်ရေး၊ ဘေးအန္တရာယ်ဆိုင်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ ဘက်စုံသုံးဘေးဒဏ်ခံ အဆောက်အအုံ ဆောက်လုပ်ပေးနိုင်ရေး၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးမှူးရုံး တည်ဆောက်နိုင်ရေးနှင့် လူငယ်ရေးရာမူဝါဒကို မဟာဗျူဟာစီမံချက်ပါ လုပ်ငန်းစဉ်များအတိုင်း အကောင်အထည်ဖော်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Multipurpose Cyclone Shelter နှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးမှူးရုံး တည်ဆောက်နိုင်မည့် မြေနေရာများကို ကြည့်ရှုသည်။

**အမှာစကားပြောကြား**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ချင်းပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းမှမွေးဖွားသော အသက် နှစ်နှစ်အောက် ကလေးငယ်များ၊ မသန်စွမ်းသူများ၊ ပရဟိတဂေဟာများ၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများနှင့် မိခင်ဝိုင်းများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ပြည်ထောင်စုဝန်ကြီးက ချင်းပြည်နယ်တွင် ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းမှမွေးဖွားသော ကလေးအသက် နှစ်နှစ်အထိ ငွေကြေးထောက်ပံ့ခြင်းနှင့်အတူ အာဟာရပညာပေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး ပညာပေးနှင့် မိသားစုစီမံကိန်းပညာပေး အစီအစဉ်များဖြင့် ဆောင်ရွက်ပေးနေပါကြောင်း၊ ဤစီမံချက်သည် စွမ်းရည်ပြည့်ဝသော အနာဂတ်လူ့စွမ်းအား အရင်းအမြစ်များထွက်ပေါ်လာရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ လူသားတစ်ဦးချင်းစီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် မသန်စွမ်းသူများကိုပါ ထည့်သွင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မသန်စွမ်းအဆင့်သတ်မှတ်ပြီးပါက ပိုမိုစနစ်ကျသော ထောက်ပံ့မှုများ ပေးအပ်နိုင်မည်ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများကို လူမှုရေးပင်စင်ထောက်ပံ့ရာ၌ လမ်းပန်းဆက်သွယ်မှုခက်ခဲသော ချင်းပြည်နယ်တွင် ခံစားခွင့်ရရှိမည့် ဘိုးဘွားများမကျန်ရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့အခမ်းအနား၌ ချင်းပြည်နယ်တစ်ခုလုံးရှိ မသန်စွမ်းသူများအားလုံးအတွက် ကနဦးထောက်ပံ့ခြင်း၊ ကိုယ့်အားကိုယ်ကိုးမူကြိုကျောင်းများ၊ ပရဟိတဂေဟာများ၊ လူငယ်ရိပ်သာများနှင့် မိခင်ဝိုင်းများကို ထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များသည် ပြည်သူများ တိုက်ရိုက်အကျိုးခံစားရရှိစေရန် ကြိုးပမ်းဆောင်ရွက်ခြင်းဖြစ်ပြီး ပြည်သူများ၊ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် လူမှုအဖွဲ့အစည်းများအားလုံး ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းပြောကြားသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ချင်းပြည်နယ်အတွင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၏ လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ ဆောင်ရွက်မှုတွင် ပြည်နယ်အစိုးရ၏ ပူးပေါင်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ချင်းပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းမှမွေးဖွားသော အသက် နှစ်နှစ်အောက် ကလေးငယ် ၁၀၁၇၇ ဦး အတွက် ထောက်ပံ့ငွေကျပ် ၈၉၉ ဒသမ ၇၆ သန်း၊ မသန်စွမ်းသူ ၂၆၉၁ ဦးအတွက် ထောက်ပံ့ငွေကျပ် ၈၀ ဒသမ ၇၃ သန်း၊ မိခင်ဝိုင်း ငါးဝိုင်းဖွင့်လှစ်ရန် ထောက်ပံ့ငွေ ၃ ဒသမ ၅၃ သန်း၊ ပရဟိတဂေဟာ ၁၃ ခုအတွက် ထောက်ပံ့ငွေကျပ် ၄၃ ဒသမ ၃၆ သန်း၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများအတွက် ထောက်ပံ့ငွေကျပ် ၂၄ ဒသမ ၇ သန်းနှင့် လူငယ်ရိပ်သာ ၁၁ ခုအတွက် ထောက်ပံ့ငွေကျပ် ၁၁ သိန်းတို့ကို ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အခမ်းအနားသို့ ကိုယ်တိုင်တက်ရောက်လာကြသော ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များ၊ မသန်စွမ်းများအား ထောက်ပံ့ငွေများကို လက်ဝယ်အရောက်ပေးအပ်၍ ကလေးငယ်များအတွက် အာဟာရမုန့်များနှင့် ကစားစရာအရုပ်များပေးအပ်ပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ပံ့မှုများအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ညှိနှိုင်းဆွေးနွေး**

ပြည်ထောင်စုဝန်ကြီးသည် မေ ၁၉ ရက် ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့အစည်းအဝေးခန်းမ၌ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံများနှင့်တွေ့ဆုံ၍ လူမှုကာကွယ်စောင့်ရှောက်ရေး၊ သဘာဝဘေးကာကွယ်ရေးနှင့် ပြည်လည်ထူထောင်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ရန်နှင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ညှိနှိုင်းဆွေးနွေးသည်။

**တိုက်တွန်း**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် ပြည်သူများ၏ ဒုက္ခအမျိုးမျိုးကို ကူညီကယ်တင်ပေးနေကြခြင်းဖြစ်သဖြင့် မိမိတို့ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် အတူတကွ ပူးပေါင်းခြင်းဖြင့် ပြည်သူ့အကျိုးကို ပိုမိုဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့် ပြည်သူအားလုံး သာတူညီမျှ အကျိုးခံစားခွင့်ရရှိရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိပြီး လက်ရှိအပြောင်းအလဲကို ကြုံတွေ့ရသည့်အချိန်တွင် ရင်ဆိုင်ရမည့် အခက်အခဲများကို အောင်မြင်အောင် ပူးပေါင်းကျော်လွှားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယနေ့တက်ရောက်လာသော အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် မိမိတို့ဒေသအတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ၊ အကြံပြုချက်များကို ပွင့်လင်းစွာ ဆွေးနွေးကြရန် တိုက်တွန်းပြောကြားသည်။

**အခက်အခဲများကိုတင်ပြ**

ထို့နောက် အရပ်ဘက်လူမှုအဖွဲ့အစည်းများက မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ သဘာဝဘေးကြိုတင်ကာကွယ်တားဆီးရေး၊ ရေရှားပါးမှုကြိုတင်ကာကွယ်ရေး၊ ကလေးခရိုင်ရှိ ရာဇဝတ်ဆည်အတွင်း သဲနုန်းများဝင်ရောက်မှုနှင့် ချောင်းရေတိုက်စားမှုကာကွယ်ရေး လုပ်ငန်းများ၊ ဒေသတွင်း တစ်နိုင်တစ်ပိုင် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ရေးနှင့် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့နေရသော အခက်အခဲများကို တင်ပြကြရာ ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် တာဝန်ရှိသူများက ချက်ချင်းဖြေရှင်းဆောင်ရွက်ပေးနိုင်သည့်ကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ပေးခြင်း၊ ဆက်လက်ဖြေရှင်းဆောင်ရွက်ရမည့် ကိစ္စရပ်များအပေါ် လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရေးကို ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ချင်းပြည်နယ်အတွင်း ယနေ့ ထောက်ပံ့ငွေစုစုပေါင်းမှာ ငွေကျပ်သန်းပေါင်း ၁၀၄၃ ဒသမ ၁၈ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရုပ်ရှင်ဖန်တီးရိုက်ကူးမှုသင်တန်းဆင်းပွဲ တက်ရောက် ရန်ကုန်မြို့ရှိ အဆင့်မြင့်ရုပ်ရှင်ရုံများကို လှည့်လည်ကြည့်ရှု





ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရုပ်ရှင်ဖန်တီးရိုက်ကူးမှု သင်တန်းအမှတ်စဉ်(၁) ဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။

**ရန်ကုန် မေ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့နံနက်ပိုင်းတွင် ရုပ်ရှင်ဖန်တီးရိုက်ကူးမှုသင်တန်းအမှတ်စဉ်(၁) ဆင်းပွဲကို တက်ရောက် အမှာစကားပြောကြားပြီး မွန်းလွဲပိုင်းတွင် ရုပ်ရှင်ရုံများကို ကြည့်ရှုစစ်ဆေးသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ ရုပ်ရှင်ဖန်တီးရိုက်ကူးမှုသင်တန်းအမှတ်စဉ်(၁) (JCGV Toto’s Film Making Class Closing Ceremony) သင်တန်းဆင်းပွဲကို ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ JCGV Junction City (Starium Theater) ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကားပြောကြားသည်။

ထို့နောက် JCGV Toto’s Film Making Class Batch-1 အောင်မြင်စွာ ပြီးမြောက်ခြင်းအတွက် JCGV မှ CEO ဒေါ်မိမိခိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက ဒါရိုက်တာပန်းချီဦးစိုးမိုးက ဝမ်းမြောက်စကားပြောကြားသည်။

ဆက်လက်၍ JCGV Toto’s Film Making Class Batch-1 မှ သင်တန်းသားများ၏ မှတ်တမ်းတင်ဗီဒီယိုနှင့် သင်တန်းသားများရိုက်ကူးထားသော ရုပ်ရှင်ဇာတ်ကားများကို ပြသသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က JCGV Toto’s Film Making Class Batch-1 အောင်မြင်ပြီးမြောက်ခြင်းအတွက် ဂုဏ်ပြုမှတ်တမ်းလွှာကို JCGV မှ CEO ဒေါ်မိမိခိုင်အား ပေးအပ်သည်။

အဆိုပါသင်တန်းတွင် ရုပ်ရှင်ဖန်တီးမှုကို စိတ်ဝင်စားသော မျိုးဆက်သစ် လူငယ်များအတွက် ရုပ်ရှင်တစ်ကားဖန်တီးရိုက်ကူးခြင်း ပညာရပ်ဖြစ်သော ဇာတ်ညွှန်းရေးသားခြင်း၊ သရုပ်ဆောင်ခြင်း၊ ရုပ်ရှင်ရိုက်ကူးမှုနှင့် တည်းဖြတ်ခြင်း၊ ဈေးကွက် ဖော်ဆောင်ခြင်း၊ ဇာတ်ကားပြသခြင်း အပါအဝင် ရုပ်ရှင်ရိုက်ကူးထုတ်လုပ်မှုဆိုင်ရာ အခြေခံအချက်အလက်များမှအစ ဇာတ်ကားပြသသည်အထိ လိုအပ်သည့် ပညာရပ်များကို ပြည်တွင်းရုပ်ရှင် အတတ်ပညာရှင်များ၊ ဝါရင့်ဒါရိုက်တာများနှင့် လူငယ်ဒါရိုက်တာများက ပို့ချသင်ကြားပေးခဲ့သည်။

ယင်းသင်တန်းမှာ ရုပ်ရှင်ဖန်တီးထုတ်လုပ်မှုပညာရပ်ကို စိတ်ပါဝင်စားသည့် အသက် ၁၂ နှစ်မှ ၁၆ နှစ်အတွင်းရှိ မျိုးဆက်သစ်လူငယ် ၃၀ အား ရွေးချယ်၍ မေ ၁ ရက်မှ ၈ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ခြင်းဖြစ်သည်။

**လှည့်လည်ကြည့်ရှု**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ JCGV Junction Square၊ သမ္မတရုပ်ရှင်ရုံ၊ ရွှေဆောင်အဆင့်မြင့်ရုပ်ရှင်ရုံ၊ နေပြည်တော်အဆင့်မြင့်ရုပ်ရှင်ရုံတို့ကို လှည့်လည်ကြည့်ရှုရာ မင်္ဂလာကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးဇော်မင်းနှင့် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရုပ်ရှင်ရုံအတွင်း လေဝင်လေထွက်ကောင်းမွန်မှု၊ Foot Lighting အတွက် လုံလောက်သော အလင်းပေးစနစ်၊ ခေတ်ကာလနှင့်လျော်ညီပြီး နေရာဒေသနှင့် ကိုက်ညီသော ပွဲကြည့်ထိုင်ခုံများ၊ အရန်လျှပ်စစ် ဓာတ်အားပေးစနစ်များ တပ်ဆင်ထားမှု စသည်တို့ကို လှည့်လည်ကြည့်ရှုသည်။

ယခုအခါ မြန်မာတစ်နိုင်ငံလုံး၌ ရုပ်ရှင်ရုံ ၁၃၀၊ ပိတ်ကား ၁၅၀ ရှိပြီး ရန်ကုန်မြို့တွင် ရုပ်ရှင်ရုံ၅၆ ရုံ၊ ပိတ်ကား ၆၉ ခု အထိ တိုးတက်ဖွင့်လှစ်လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေး အထွေထွေရောဂါကုဆေးရုံ၌ အပူလျှပ် လူနာများရောက်ရှိလာပါက အချိန်မီကုသမှုပေးနိုင်ရန် ကြိုတင်ပြင်ဆင်ထား



**မန္တလေး မေ ၂၀**

မန္တလေးမြို့တွင် အပူရှိန်လွန်ကဲမှုကြောင့် ဖြစ်ပွားနိုင်သည့် အပူလျှပ် (Heat Stroke)လူနာများ ရောက်ရှိလာပါက အချိန်မီကုသမှုပေးနိုင်ရန် မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးတွင် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ထားကြောင်း အဆိုပါဆေးရုံကြီး ဆေးလုပ်ငန်းဆက်ဆံရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းလွင်က ပြောသည်။

**ကြိုတင်ပြင်ဆင်**

လက်ရှိတွင် မန္တလေးမြို့၏ နေ့အပူချိန်မှာ မေ ၁၂ ရက်မှစ၍ ၄၀ ဒီဂရီစင်တီဂရိတ်အထက်သို့ ရောက်ရှိနေပြီး မေ ၁၆ ရက်တွင် ၄၂ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်လျက်ရှိရာ အပူချိန်လွန်ကဲမှုကြောင့် အပူလျှပ်(Heat Stroke) ရောဂါများ ဖြစ်ပွားလာပါက ကာကွယ်တားဆီး၍ အချိန်မီကုသမှုပေးနိုင်ရန် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်၊ တိုင်းဒေသကြီးကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာသန်းသန်းမြင့်နှင့် မန္တလေးအထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာတင်တင်မိုးတို့ ဦးဆောင်သည့်အဖွဲ့ကိုးဖွဲ့ ပါဝင်သော ကာကွယ်တားဆီးထိန်းချုပ်ရေးနှင့် ကုသရေးကော်မတီကို ဖွဲ့စည်းကာ စီမံချက်များရေးဆွဲ၍ ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ထားကြောင်း သိရသည်။

**ချိတ်ဆက်ဆောင်ရွက်**

“လက်ရှိမှာတော့ ကျွန်တော်တို့ဆေးရုံကြီးကို ဒီလိုဝေဒနာရှင်တွေ ရောက်ရှိလာခြင်း မရှိသေးပေမယ့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းတွေအနေနဲ့ ဧပြီလဒုတိယပတ်ကတည်းက ကော်မတီဖွဲ့စည်းပြီး ဆောင်ရွက်ထားပါတယ်။ ကုသရေးပိုင်းအတွက် အထူးကုဆရာဝန်ကြီးတွေ၊ ဆရာဝန်တွေ၊ ကျွမ်းကျင်ဝန်ထမ်းတွေကို အဆင်သင့်ထားရှိပြီး ကုသဆောင်တွေကိုလည်း လေဝင်လေထွက်ကောင်းပြီး သက်သောင့်သက်သာ ကုသမှုခံယူနိုင်အောင် ပြင်ဆင်ထားပါတယ်။ ဒါ့အပြင် ရေခဲစက်တွေ လူမှုကူညီရေးအသင်းတွေနဲ့လည်း ချိတ်ဆက်ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်”ဟု ၎င်းက ပြောသည်။

အဆိုပါကော်မတီတွင် ဆေးဝါးနှင့်စက်ပစ္စည်းကိရိယာ ဖြည့်ဆည်းရေးအဖွဲ့၊ ပို့ဆောင်ရေးအဖွဲ့၊ နှစ်သိမ့်ဆွေးနွေးပညာပေးရေးအဖွဲ့၊ သတင်းပြန်ကြားရေးနှင့် မှတ်တမ်းတင်ပြုစုရေးအဖွဲ့၊ ပြင်ဆင်ထိန်းသိမ်းရေးအဖွဲ့၊ ရေခဲနှင့် အခြားလိုအပ်ချက်များ ဝယ်ယူဖြည့်တင်းရေးအဖွဲ့နှင့် ဧည့်ခံကျွေးမွေးရေးအဖွဲ့ စသည့် အဖွဲ့ကိုးဖွဲ့ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မအူပင်-ကျိုက်လတ်-ဖျာပုံလမ်း အဆင့်မြှင့်တင်

**ရန်ကုန် မေ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်-ကျိုက်လတ်-ဖျာပုံလမ်းသည် ဧရာဝတီမြစ်ဝှမ်းဒေသအရှေ့ပိုင်း တောင်မြောက်ခရိုင်ချင်း ဆက်သွယ်သောလမ်းဖြစ်ပြီး အရှည်အားဖြင့် ၅၄ ဒသမ ၅ ကီလိုမီတာရှိသည်။

လမ်းဖြတ်သန်းသွားရာတစ်လျှောက်မြို့အပြင်တို့၌ ကတ္တရာခင်းထားပြီး စုစုပေါင်းအရှည် ၅၀ ကီလိုမီတာရှိသည်။ မြို့တွင်းဖြတ်သန်းသွားသောနေရာ ကျိုက်လတ်၊ ဖျာပုံတို့၌ ကွန်ကရစ်ဖြင့် တည်ဆောက်ထားပြီး အရှည် ၄ ဒသမ ၅ မီတာရှိသည်။

လမ်းအကျယ်မှာ ကတ္တရာလမ်းပိုင်းတွင် ယာဉ်သွားလမ်း အကျယ် ၂ × ၃ ဒသမ ၃ မီတာ(၂၂ ပေ)ကျယ်ပြီး တစ်ဖက်စီ၌ လမ်းပခုံး ၁ ဒသမ ၈ မီတာ Seal Paved Shoulder ဖြင့် စုစုပေါင်း ၁၀ ဒသမ ၂ မီတာ (၃၃ ပေ)ခန့်ရှိသည်။ ကွန်ကရစ်လမ်းတွင် ယာဉ်သွားလမ်းအကျယ်မှာ စုစုပေါင်း ခုနစ်မီတာ ရှိသည်။

အဆိုပါ မအူပင်-ဖျာပုံလမ်း စီမံကိန်းအား ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၉ ရက်တွင် အာရှဖွံ့ဖြိုးရေးဘဏ်(Asia Development Bank-ADB) ချေးငွေ အမေရိကန်ဒေါ်လာသန်း ၈၀ နှင့် နိုင်ငံတော်အစိုးရကထည့်ဝင်ငွေ အမေရိကန်ဒေါ်လာသန်း သုည ဒသမ ၈ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၈၀ ဒသမ ဝ၈ သန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ရာခိုင်နှုန်းပြည့်ပြီးဖြစ်၍ ပြည်သူများအသုံးပြုခွင့်ပြုထားပြီးဖြစ်သည်။

လမ်းစီမံကိန်းအကျိုးသက်ရောက်မှုမှာ ဒေသအတွင်းခရီးသွားလာရသည့် ပြည်သူများအတွက် အချိန်ကုန်သက်သာ၍ သယ်ယူပို့ဆောင်ရေးစရိတ်လျော့ကျစေပြီး စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး စသည်တို့အပြင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသအတွက် လမ်းတည်ဆောက်ခြင်း၊ နည်းပညာလမ်းပုံစံထုတ်လုပ်ခြင်း နည်းပညာများရရှိပြီး အလားတူဒေသများ၌ ပြန်လည်အသုံးချနိုင်ရန်တို့ ဖြစ်သည်။

**ခရမ်းစိုးမြင့်**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# မြန်မာနိုင်ငံရှိ တရားရုံးများတွင် မျိုးရိုးဗီဇ (DNA) စစ်ဆေးချက် အဖြေကို လက်ခံကြားနာ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ

မောင်ဌေးဦး (စိန်ဂျွန်း)

ရာဇဝတ်အမှုအခင်းများ၊ တရားမအမှုအခင်းများနှင့် အခြားလိုအပ်သည့်အကြောင်းကိစ္စများတွင်ရရှိထားသည့် သွေး၊ သုက်ပိုး၊ ကိုယ်တွင်းအရည်၊ အမွေးအမှင် အပါအဝင် ခန္ဓာကိုယ်အပိုင်းအစတစ်ခုခုကို ဓာတ်ခွဲစစ်ဆေးရရှိလာသည့် မျိုးရိုးဗီဇ (DNA) ရလဒ်နှင့် တိုက်ဆိုင်စစ်ဆေးလိုသူတစ်ဦးဦး၏ ခန္ဓာကိုယ်နမူနာ အပိုင်းအစတစ်ခုကို ဓာတ်ခွဲစစ်ဆေးရရှိလာသည့် မျိုးရိုးဗီဇ(DNA) ရလဒ်တို့အပေါ် မျိုးရိုးဗီဇပါရဂူ၏ တွေ့ရှိချက် အစီရင်ခံစာ(စစ်ဆေးချက်အဖြေ)ကို အခြားနိုင်ငံများမှတရားရုံးများတွင် လက်ခံကြားနာဆောင်ရွက်လျက် တရားစီရင်နေခဲ့ကြသည်မှာ နိုင်ငံအတော်များများတွင် ရှိနေခဲ့ပြီးဖြစ်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်က မျိုးရိုးဗီဇနည်းပညာကို တရားစီရင်ရေးတွင် လက်ခံကြားနာခဲ့သည့် နိုင်ငံကြီးတစ်ခု၊ နှစ်ခုသာ ရှိခဲ့သော်လည်း ယခုအခါ အိမ်နီးချင်းထိုင်းနိုင်ငံအပါအဝင် ကမ္ဘာအနှံ့အပြား နိုင်ငံများမှ တရားရုံးများတွင် လက်ခံကြားနာနေကြပြီ ဖြစ်ပါသည်။

**မျိုးရိုးဗီဇနည်းပညာ၏ အကျိုးကျေးဇူး**

မျိုးရိုးဗီဇနည်းပညာမရှိစဉ်က တရားရုံးများသည် သက်သေခံ အဝတ်အစားများ၊ တုတ်၊ ဓား၊ လုံ လက်နက်များ၊ ခုတင်၊ စားပွဲ၊ ကြမ်းပြင်များ အပါအဝင် အခင်းဖြစ်ပွားရာနေရာများမှ ရရှိထားသော သွေး၊ သုက်ပိုး၊ ကိုယ်တွင်းအရည်များ၊ အမွေးအမှင်များနှင့် ခန္ဓာကိုယ်အစအနများမှာ တရားခံ(သို့မဟုတ်) နစ်နာသေဆုံးသူ၏ ကျန်ရှိသည့် ပစ္စည်း ဟုတ်၊ မဟုတ် တရားစီရင်ကြရာတွင် လူသက်သေများပေါ်တွင် များစွာအားကိုးအားထားပြု၍ တရားစီရင်ခဲ့ကြရသည့်အတွက် ရာနှုန်းပြည့် မှန်ကန်ပါသည်ဟု မပြောနိုင်ခဲ့ကြသည့်အပြင် အငြင်းပွားမှုများ များစွာပေါ်ပေါက်လျက်ရှိခဲ့ရပါသည်။

မျိုးရိုးဗီဇစစ်ဆေးသည့် နည်းပညာပေါ်ပေါက်လာသောအခါ ရရှိထားသည့် သက်သေခံ သွေး၊ သုက်ပိုး၊ ကိုယ်တွင်းအရည်၊ အမွေးအမှင်နှင့် ခန္ဓာကိုယ်အပိုင်းအစတို့သည် တိုက်ဆိုင်စစ်ဆေးခံရသူများအနက် မည်သူ၏ ခန္ဓာကိုယ်မှဖြစ်သည်ကို ရာနှုန်းပြည့် ဖော်ထုတ်နိုင်ခြင်းဖြင့် တရားစီရင်ရာတွင် အမှန်တရားကို ဖော်ထုတ်စီရင်နိုင်ခြင်း၊ တရားခံကိုယ်တိုင် မငြင်းကွယ်နိုင်တော့ခြင်း၊ လူမှားယွင်းအပြစ်ပေးစီရင်မှုမျိုး မရှိနိုင်တော့ခြင်း၊ တရားစီရင်ရေးလုပ်ငန်းကို နည်းပညာအကူအညီဖြင့် လျင်မြန်ပြီးမြောက် အောင်မြင်စေခြင်း စသည့်အကျိုးထူးရလဒ်ကောင်းများ ရရှိစေခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် တရားမအမှုအခင်းများ၌လည်း ကလေး၏ဖခင်သည် မည်သူဖြစ်ကြောင်း စစ်ဆေးဖော်ထုတ်နိုင်ခြင်းဖြင့် ကလေးစရိတ်ပေးရမည့်ကိစ္စမှ အမွေပေးရမည့်ကိစ္စများအထိ တရားမျှတမှန်ကန်စွာ ဆုံးဖြတ်နိုင်ခဲ့ကြပြီး ဖြစ်ပါသည်။

ထို့ကြောင့် မျိုးရိုးဗီဇနည်းပညာသည် တရားစီရင်ဆုံးဖြတ်ချက်များအပေါ် ဝေဖန်စောဒကတက်မှုများ လျော့နည်းလာစေခြင်း၊ ဘက်လိုက်မှု၊ အဂတိလိုက်မှုများကို ကင်းဝေးစေနိုင်ခြင်း စသည်ဖြင့် တရားစီရင်ရေးလုပ်ငန်းများကို အားကောင်းစေနိုင်သည့်အပြင် အများပြည်သူ ယုံကြည်ကိုးစားမှုကို ပိုမိုရရှိလာစေနိုင်ကြောင်း တွေ့ရှိကြရမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံတရားရုံးများနှင့် မျိုးရိုးဗီဇနည်းပညာ**

ယနေ့မြန်မာနိုင်ငံ၏ တရားစီရင်ရေးပုံစံကို အင်္ဂလိပ်ကိုလိုနီများ မြန်မာနိုင်ငံကို သိမ်းပိုက်အုပ်စိုးထားစဉ် စတင်ကျင့်သုံးခဲ့ခြင်းဖြစ်ပါသည်။ အင်္ဂလိပ်တို့ ယူဆောင်လာသော ရာဇဝတ်ဥပဒေများနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေ၊ တရားမဥပဒေများနှင့် တရားမကျင့်ထုံးဥပဒေတို့နှင့်အတူ ပါရှိလာသည့် သက်သေခံဥပဒေ၏ ပုဒ်မ -၄၅ တွင် သိပ္ပံပညာရပ်၊ ဝိဇ္ဇာပညာရပ်၊ လက်ရေးလက်သားပညာရပ်၊ လက်ဗွေပညာရပ်များဆိုင်ရာ တတ်ကျွမ်းနားလည်သူများ၏ စစ်ဆေးဖော်ထုတ်တင်ပြလာသော အစီရင်ခံချက်များသည် အမှုအခင်းများနှင့်စပ်ဆိုင်ကြောင်း ပြဋ္ဌာန်းပါရှိပြီးဖြစ်သောကြောင့် မျိုးရိုးဗီဇနည်းပညာဆိုင်ရာ စစ်ဆေးချက်အစီရင်ခံစာသည် တည်ဆဲသက်သေခံဥပဒေအရ မြန်မာနိုင်ငံတရားရုံးများတွင် လက်ခံကြားနာဆောင်ရွက်နိုင်သည့် အခြေအနေရှိနေပြီးလည်း ဖြစ်ပါသည်။

ထိုသို့သောအခြေအနေတွင် မျိုးရိုးဗီဇပါရဂူ၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအပေါ် မြန်မာနိုင်ငံရှိ တရားရုံးများ၌ လက်ခံကြားနာ၍ စီရင်ဆုံးဖြတ်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၁၇ ရက်မြောက် ၉.၃.၂၀၁၇ ရက်နေ့က စာရေးသူကိုယ်တိုင် မေးမြန်းခဲ့ခြင်းနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင် ဖြေကြားခဲ့ခြင်းတို့သည် တရားရေးနယ်ပယ်မှ သက်ဆိုင်သူများအပြင် အများပြည်သူများလည်း သိရှိနိုင်ပါရန် မူရင်းအတိုင်း တင်ပြအပ်ပါသည်။

**အမေးနှင့်အဖြေ**

**မေး။ ။ စာရေးသူ** - လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို တရားရုံးများက မှန်ကန်တဲ့ ဆုံးဖြတ်ချက်များ အလွယ်တကူချမှတ်နိုင်အောင် အဆင့်မြင့်နည်းပညာအကူအညီများ အသုံးပြုခွင့်ရပါစေလို့ ဆုတောင်းရင်းနဲ့ ဂါရဝပြုနှုတ်ဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦးဖြစ်ပါတယ်။ အမှန်တရားကို ဖော်ထုတ်ပြီးတော့ တရားမျှတတဲ့ ဆုံးဖြတ်ချက်များ ချမှတ်ရမယ့် တရားရုံးများရဲ့တာဝန်ကို ကျေပွန်ဖို့ဆိုရင် အမှုတည်ဆောက်ပေးရတဲ့ အမှုစစ်ရဲအရာရှိများ၊ အမှုလိုက်ဥပဒေအရာရှိများ၊ ရှေ့နေရှေ့ရပ်များဟာလည်း ကြီးလေးတဲ့ တာဝန်ရှိပုဂ္ဂိုလ်များ ဖြစ်ကြပါတယ်။

ဒါ့အပြင် ပြည်သူလူထုကလည်း ဘယ်သူတွေက ဘယ်နေရာမှာ တာဝန်ပေါ့လျော့ ပျက်ကွက်တယ်။ မတရားသဖြင့် မမှန်မကန်လုပ်တယ်လို့ ဝေဖန်ထောက်ပြတိုင်ကြားနိုင်ဖို့ တရားဥပဒေနဲ့ အခွင့်အရေးများနဲ့ တာဝန်များကို ဗဟုသုတရှိထားကြဖို့လည်း လိုပါတယ်။ ဒီ့အပြင် တစ်ကမ္ဘာလုံးနီးပါး ကျင့်သုံးနေတဲ့ မျိုးရိုးဗီဇ(DNA)စစ်ဆေးဖော်ထုတ်တဲ့ သိပ္ပံနည်းပညာကို အသုံးပြုနိုင်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့တရားစီရင်ရေးဟာ အမှန်တရားကိုအလွယ်တကူ ရှာဖွေဆုံးဖြတ်နိုင်တော့မှာဖြစ်တဲ့အတွက် အငြင်းပွားမှုတွေ၊ တရားရုံးအပေါ်မှာ ဝေဖန်မှုတွေဟာ သိသိသာသာ လျော့နည်းတိုးတိတ်သွားနိုင်တော့မှာ ဖြစ်ပါတယ်။

အခုအချိန်အထိ မြန်မာနိုင်ငံရဲ့တရားစီရင်ရေးလုပ်ငန်းမှာ မျိုးရိုးဗီဇ သိပ္ပံနည်းပညာကို အသုံးမပြုနိုင်သေးတဲ့အတွက် အဝတ်အစားမှာ သုက်ပိုးတွေ့တာနဲ့ စွပ်စွဲခံရသူရဲ့သုက်ပိုး ဟုတ်၊ မဟုတ် စစ်ဆေးနိုင်ခြင်းမရှိဘဲနဲ့ မုဒိမ်းမှုနဲ့ ပြစ်မှုထင်ရှားစီရင်ခဲ့တာတွေလည်း အများကြီးရှိခဲ့ပြီးဖြစ်ပါတယ်။ ဒီအတိုင်းပဲ ကလေးရဲ့အဖေဟာ ဘယ်သူလဲ ဆိုတာ မျိုးရိုးဗီဇစစ်လိုက်ရင် အဖြေပေါ်နိုင်ပါလျက်နဲ့ မျိုးရိုးဗီဇနည်းပညာကို အသုံးမပြုနိုင်တဲ့အတွက် နစ်နာသွားတဲ့လူတွေ၊ ဆုံးဖြတ်ချက်မှားခဲ့တာတွေအတွက် ငြင်းဆိုမှုတွေဟာလည်း အများကြီးရှိနေခဲ့ပါတယ်။ ဒီ့အပြင် သက်သေခံလက်နက်အပေါ်မှာ တွေ့တဲ့သွေးဟာ မျိုးရိုးဗီဇနည်းပညာနဲ့ စစ်ဆေးလိုက်မယ်ဆိုရင် သေသူရဲ့သွေး ဟုတ်၊ မဟုတ် သေသေချာချာ ပြောနိုင်ပါလျက်နဲ့ မစစ်ဆေးတဲ့အတွက် ဒီလိုသေသေချာချာမပြောနိုင်ဘဲ လူသတ်လက်နက်ဖြစ်တယ်ဆိုပြီးတော့ ယတိပြတ်ဆုံးဖြတ်ခဲ့ရတဲ့ အမှုပေါင်းဟာလည်း မနည်းတော့ဘူး ဖြစ်ပါတယ်။

ဒီပြစ်မှုဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခဲ့တဲ့ လွန်ခဲ့သော နှစ်ပေါင်း ၁၅၀ ခန့်ကနေပြီးတော့ ဒီနေ့အထိ မျိုးရိုးဗီဇသိပ္ပံပညာကိုမသုံးနိုင်တဲ့အတွက် အမှန်တရားကို သေချာပေါက် သက်သေခံလက်ဆုပ်လက်ကိုင်မပြနိုင်ဘဲ ချခဲ့ရတဲ့ အမှုပေါင်းဟာ ကျွန်တော်တို့ မရေမတွက်နိုင်အောင် များပြားခဲ့ပြီးဖြစ်ပါတယ်။ သက်သေခံခိုင်လုံလို့ ချတဲ့အမှုတွေဟာလည်း အများကြီးရှိနေပါတယ်။ ဒီလို တရားစီရင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းနဲ့ အားနည်းချက်တွေကြောင့် နက်နဲရှုပ်ထွေးတဲ့အခက်အခဲများကို ဒီတရားရုံးဆိုင်ရာ အခက်အခဲများကို ဂယနဏ လေ့လာမှု၊ စုံစမ်းမှုမလုပ်ဘဲနဲ့ သေဒဏ်အလွယ်တကူချဖို့ တောင်းဆိုနေတဲ့အသံတွေ၊ မိမိတို့ဆန္ဒအတိုင်း အနိုင်မရတာနဲ့ တရားရုံးတွေကို အလွယ်တကူစွပ်စွဲပုတ်ခတ်နေမှုတွေဟာ လျော့နည်းပပျောက်သွားအောင် ခေတ်မီနည်းပညာအကူအညီများ ကျင့်သုံးနိုင်ဖို့ လိုအပ်နေပြီဖြစ်ပါတယ်။ မျိုးရိုးဗီဇ သိပ္ပံပညာကို တရားစီရင်ရေးမှာ ကျင့်သုံးနိုင်ဖို့ တည်ဆဲသက်သေခံဥပဒေမှာ အဆင်သင့်ပြဋ္ဌာန်းထားပြီးဖြစ်တဲ့အတွက် ဥပဒေတစ်ရပ်၊ နည်းဥပဒေတစ်ရပ် ထပ်မံပြဋ္ဌာန်းဖို့မလိုဘဲ အလွယ်တကူ ကျင့်သုံးနိုင်ပြီ ဖြစ်ပါတယ်။

သက်သေခံ ဥပဒေပုဒ်မ ၄၅ မှာ သိပ္ပံပညာရပ်၊ ဝိဇ္ဇာပညာရပ်၊ လက်ရေးလက်သားပညာရပ်၊ လက်ဗွေပညာရပ်ဆိုင်ရာ တတ်ကျွမ်းနားလည်သူများရဲ့ဖော်ထုတ်တင်ပြလာတဲ့ ထင်မြင်ချက်များဟာ အမှုနဲ့ စပ်ဆိုင်တယ် ဆိုပြီးတော့ အတိအလင်းပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ အဲဒီအပြင် ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့ကလည်း နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ ဓာတုဗေဒစစ်ဆေးရေးဌာန မျိုးရိုးဗီဇ (DNA) ဌာနခွဲကိုလည်း ဖွင့်လှစ်ထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံအနှံ့က အမှုအခင်းများအပေါ်မှာ ဒီ DNA နမူနာစစ်ဆေးဆောင်ရွက်ပေးမယ်၊ ပြီးတော့မှ ဒီမျိုးရိုးဗီဇဆိုင်ရာ ပါရဂူရဲ့ထင်မြင်ချက်များအပေါ်မှာ တရားရုံးအသီးသီးကနေ တရားစီရင်ရေးလုပ်ငန်းများအတွက် သက်သေခံဥပဒေအရ လက်ခံကြားနာဆောင်ရွက်ပေးဖို့ အစီအစဉ်ရှိ၊ မရှိ။ အစီအစဉ်ရှိရင်လည်း ကျွန်တော်တို့ ဘယ်တော့လောက်ရှိမယ်ဆိုတာလေးကို ကျွန်တော်တို့ အခုလိုမေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။
(သြဘာသံများ)

**ဖြေ။ ။ ဦးမြင့်အောင် (တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး မေးမြန်းတဲ့မေးခွန်းနဲ့စပ်လျဉ်းပြီး ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။ မျိုးရိုးဗီဇ (DNA) စစ်ဆေးချက်ကို အင်္ဂလန်နိုင်ငံတရားရုံးများမှာ ၁၉၈၆ ခုနှစ်ကစပြီး လည်းကောင်း၊ အမေရိကန်ရှိတရားရုံးများမှာ ၁၉၈၇ ခုနှစ်က စပြီးလည်းကောင်း သက်သေခံအဖြစ် လက်ခံအသုံးပြုခဲ့ကြပြီး ယခုအခါ နိုင်ငံတော်တော်များများရှိ တရားရုံးများမှာလည်း သက်သေခံအဖြစ် လက်ခံအသုံးပြုလျက်ရှိကြောင်း သိရှိရပါတယ်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးရဲ့မျိုးရိုးဗီဇ (DNA) စစ်ဆေးချက်ကို မြန်မာနိုင်ငံ တရားရုံးများမှာ အသုံးပြုနိုင်ခြင်း ရှိ၊ မရှိနဲ့စပ်လျဉ်းပြီး မေးမြန်းခဲ့တဲ့ ကြယ်ပွင့်ပြမေးခွန်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မျိုးရိုးဗီဇ (DNA)စစ်ဆေးချက်ဟာ သက်ဆိုင်ရာကျွမ်းကျင်သူရဲ့သိပ္ပံနည်းကျ စစ်ဆေးချက်ဖြစ်တဲ့အတွက် သက်သေခံအက်ဥပဒေ၊ တခြား တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်များနဲ့အညီ တရားရုံးများက သက်သေခံအဖြစ် လက်ခံအသုံးပြုခြင်းကို ခွင့်မပြုနိုင်စရာ အကြောင်းမရှိကြောင်း ဖြေကြားခဲ့ပြီးဖြစ်ပါတယ်။ ဓာတုဗေဒပိုင်း အစီရင်ခံစာ (Chemical Examiner's Report)၊ ဆရာဝန်ရဲ့ ဆေးဘက်ဆိုင်ရာ အစီရင်ခံစာ(Medical Report)နဲ့ လက်ရေး၊ လက်မှတ်၊ လက်ဗွေကျွမ်းကျင်သူများရဲ့ထင်မြင်ချက် (Expect Opinion)များကို သက်သေခံအက်ဥပဒေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ သက်သေခံအဖြစ် တင်ပြလာပါက မြန်မာနိုင်ငံ တရားရုံးများက သက်သေခံအဖြစ် လက်ခံအသုံးပြုလျက်ရှိပါတယ်။ ဒါ့ကြောင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦးရဲ့မေးခွန်းနဲ့စပ်လျဉ်းပြီး မျိုးရိုးဗီဇဆိုင်ရာ ပါရဂူရဲ့ မျိုးရိုးဗီဇ (DNA)စစ်ဆေးချက်ကို သက်သေခံ အက်ဥပဒေ၊ အခြားတည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ တရားရုံးများသို့ သက်သေခံအဖြစ် တင်ပြလာပါက လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။
(သြဘာသံများ)

**တည်ဆဲကတိကဝတ်**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်၏ အမျိုးသားလွှတ်တော်၌ဖြေဆိုချက်အရ မျိုးရိုးဗီဇ(DNA) စစ်ဆေးချက်ကို သက်သေခံအက်ဥပဒေ၊ အခြားတည်ဆဲ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ တရားရုံးများသို့ သက်သေခံအဖြစ် တင်ပြလာပါက လက်ခံဆောင်ရွက် ပေးသွားမည်ဟူသော အကြောင်းအရာသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြည်ထောင်စုအဆင့် လွှတ်တော်သို့ပေးသည့် ကတိကဝတ်တစ်ခု ဖြစ်လျက်ရှိနေပါသည်။

အဆိုပါကတိကဝတ်အရ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တရားရုံးများတွင် တရားရုံးတော်အနေဖြင့် မျိုးရိုးဗီဇစစ်ဆေးရန်လိုသည်ဟု ထင်မြင်ယူဆသည့်အခါ၌လည်းကောင်း၊ အမှုသည်တစ်ဖက်ဖက်မှ မျိုးရိုးဗီဇစစ်ဆေးပေးရန် လျှောက်ထားလာသည့်အခါ၌လည်းကောင်း မည်သို့မည်ပုံ၊ မည်သည့်နည်းလမ်းဖြင့် ဆောင်ရွက်ရမည့်အချက်၊ ကုန်ကျစရိတ်များအပါအဝင် အမှုသည်များ၏ အခွင့်အရေးနှင့် တာဝန်များ စသည့် လိုအပ်သော လုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းစဉ်များကို ညွှန်ကြားလွှာများ ထုတ်ဆင့်ပေးရန် လိုအပ်လျက်ရှိသည်ဟု ထင်မြင်ယူဆပါသည်။ သို့မှသာ တရားရုံးအနေဖြင့်လည်းကောင်း၊ အမှုသည်များအနေဖြင့်လည်းကောင်း လက်တွေ့မျိုးရိုးဗီဇစစ်ဆေးနိုင်ရန် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ကြမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်တိုင်း၊ ခရိုင်တိုင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်တိုင်းတွင် တရားရုံးများရှိနေသည့်အပြင် တရားရုံးတစ်ခုတွင် ပျမ်းမျှတရားစီရင်သည့် တရားခွင် ငါးခုမျှရှိနေပါသည်။ သို့ပါသော်လည်း ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် မျိုးရိုးဗီဇ (DNA) ဓာတ်ခွဲခန်းအနေဖြင့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဓာတုဗေဒစစ်ဆေးရေးဌာန မျိုးရိုးဗီဇဌာနခွဲ တစ်ခုတည်းသာ ရှိနေပါသောကြောင့် နောက်ထပ် မျိုးရိုးဗီဇဓာတ်ခွဲခန်းများ၊ မျိုးရိုးဗီဇဆိုင်ရာပညာရှင်များ ဖြည့်ဆည်းရန် များစွာ လိုအပ်နေသေးကြောင်း တွေ့ရှိကြရမည် ဖြစ်ပါသည်။

**နိဂုံး**

မည်သို့ပင်ဆိုစေ တရားစီရင်ရေးသည် နိုင်ငံတော်၏ အဓိကမဏ္ဍိုင်ကြီးဖြစ်သည့်အားလျော်စွာ တရားစီရင်ရေးလုပ်ငန်းများ အားကောင်းမောင်းသန်ဖြစ်မှသာလျှင် ပြည်သူလူထုက တရားရုံးများအပေါ် ပိုမိုယုံကြည်ကိုးစားလာသည်နှင့်အမျှ တရားဥပဒေစိုးမိုးရေးမှသည် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော်ကြီး တည်ဆောက်နိုင်မည်ဖြစ်ပါသောကြောင့် တရားရုံးများတွင် မျိုးရိုးဗီဇ (DNA)စစ်ဆေးချက်များ အဆင်ပြေချောမွေ့စွာ လက်ခံကြားနာဆောင်ရွက်နိုင်ရန်အလို့ငှာ ဘတ်ဂျက်ငွေကြေးမှအစ လိုအပ်သမျှကို တာဝန်ရှိသူများက အမြန်ဆုံးဝိုင်းဝန်းဆောင်ရွက်ပေးကြရန် လိုအပ်လျက်ရှိပါကြောင်း။ ။

**ဦးဌေးဦး**
**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်**

> မျိုးရိုးဗီဇနည်းပညာသည် တရားစီရင် ဆုံးဖြတ်ချက်များ အပေါ် ဝေဖန်စောဒကတက်မှုများ လျော့နည်းလာစေခြင်း၊ ဘက်လိုက်မှု၊ အဂတိလိုက်မှုများကို ကင်းဝေးစေနိုင်ခြင်း စသည်ဖြင့် တရားစီရင်ရေးလုပ်ငန်းများကို အားကောင်းစေနိုင်သည့်အပြင် အများပြည်သူ ယုံကြည်ကိုးစားမှုကို ပိုမိုရရှိလာစေနိုင်ကြောင်း တွေ့ရှိကြရမည်ဖြစ် . . .

# မော်လမြိုင်မြို့ကျိုက်သလွံစေတီတော်ရင်ပြင်တွင် ထာဝရငြိမ်းချမ်းရေး ဓမ္မသဘင်ကျင်းပ



စိန်ဖူးတော်၊ ရွှေငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံ အဆင့်ဆင့်များအား တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၁ ခု သို့ ဒေသစာရီလှည့်လည်အပူဇော်ခံလျက်ရှိသည်။ **ဟန်လင်းနိုင်**

**မော်လမြိုင် ဧပြီ ၂၀**

နေပြည်တော်ရှိ ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံ အဆင့်ဆင့်များ ပင့်ဆောင်ပူဇော်ခြင်း အထိမ်းအမှတ် ထာဝရငြိမ်းချမ်းရေးဓမ္မသဘင်ကို ယနေ့ည ၇ နာရီ ၄၅ မိနစ်က မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ကျိုက်သလွံ စေတီတော်ရင်ပြင်၌ ကျင်းပသည်။

**နာယူကြည်ညို**

ထာဝရငြိမ်းချမ်းရေးဓမ္မသဘင်တွင် ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိကက ငြိမ်းချမ်းရေးတရား ဒေသနာတော်များ ဟောကြားချီးမြှင့်ရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့်ဇနီး၊ မွန်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူ များ၊ ကျိုက်သလွံစေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ ဝတ်အသင်း အဖွဲ့များနှင့် ပြည်နယ်အတွင်းရှိ တရားချစ်ခင်သူတော်စင် များက တရားတော်ကို နာယူကြည်ညိုကြသည်။

ယနေ့ နံနက်ပိုင်းက စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံ အဆင့်ဆင့်များအား မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျိုက်ထီးရိုးစေတီတော်မှ မော်လမြိုင်မြို့ရှိ သမိုင်းဝင် ကျိုက်သလွံစေတီတော်သို့ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဝတ်အသင်းအဖွဲ့များက ပင့်ဆောင်ပူဇော်ကြရာ လမ်းတစ်လျှောက်တွင် ဒေသခံ ပြည်သူများက ဖူးမြော်ကြည်ညိုကြပြီး စေတီတော် တည်ထားကိုးကွယ်ရေးအတွက် အလှူငွေများထည့်ဝင် လှူဒါန်းကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ထာဝရ ငြိမ်းချမ်းရေးရရှိရန်၊ ထေရဝါဒဗုဒ္ဓသာသနာ အဓွန့်ရှည် ထွန်းကားပြန့်ပွားစေရန်နှင့် ခုနစ်ရက်သားသမီးများ ဖူးမြော်ပူဇော်နိုင်ရန် ရည်မှန်းကာ ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထာဝရငြိမ်းချမ်းရေးစေတီတော်အား တည်ထားကိုးကွယ်လျက်ရှိပြီး စေတီတော်တွင် ကိန်းဝပ် စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာ

### ❍ MNL ပြိုင်ပွဲမှ

ကစားနိုင်ခဲ့ကာ ၁၀ မိနစ်ကျော်တွင် ဂိုးစရခဲ့သည်။ ၁၃ မိနစ်တွင် ဝင်းနိုင်ထွန်းက ရတနာပုံအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်သော်လည်း ပွဲကိုထိန်းချုပ်နိုင်ခြင်းမရှိဘဲ မိနစ် ၃၀ ကျော်တွင် ဂိုးပြန်ပေးလိုက်ရသည်။ Chinland အသင်းသည် ရတနာပုံအသင်း ပုံစံကောင်းမရသည်ကို အခွင့်ကောင်းယူကာ မိနစ် ၂၀ နောက်ပိုင်းတွင် တိုက်စစ် အားမြှင့်လာခဲ့ပြီး ၃၃ မိနစ်တွင် ဘာဘာကျူဒီက ချေပဂိုး ပြန်သွင်းခဲ့သည်။ ရတနာပုံအသင်းသည် ဒုတိယပိုင်းတွင် အနိုင်ဂိုးရရန် တိုက်စစ်မြှင့်ခဲ့သော်လည်း အဆုံးသတ် အားနည်းခဲ့သောကြောင့် ဂိုးတစ်ဂိုးသာ ထပ်ရခဲ့သည်။ ရတနာပုံအသင်းအတွက် အနိုင်ဂိုးကို ၆၉ မိနစ်တွင် ဝင်းနိုင်ထွန်းကပင် သွင်းယူခဲ့သည်။ ရတနာပုံအသင်း တိုက်စစ်ကို ဝင်းနိုင်ထွန်းနှင့် ဝင်းနိုင်စိုးတို့က ဦးဆောင်ခဲ့ပြီး နှစ်ဦးစလုံး ဂိုးရနိုင်သည့်အခွင့်အရေးများစွာရခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ နစ်နာခဲ့ရသည်။ Chinland အသင်းသည် ချေပဂိုးပြန်ရရန် ကြိုးစားသော်လည်း ရတနာပုံအသင်းက အနိုင်ရလဒ်ကို ထိန်းကစားသွားခဲ့ သည်။

ဒုတိယနေ့ကို ဧပြီ ၂၁ ရက်တွင် ဆက်လက်ကျင်းပ မည်ဖြစ်ပြီး ဝေဘာလီကွင်း၌ ရခိုင်အသင်းနှင့် ရှမ်း ယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ရန်ကုန်အသင်း၊ ပဲခူး Grand Royal ကွင်း၌ ဟံသာဝတီ အသင်းနှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ် သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

### ✻ ဟောင်ကောင် ယူ-၁၈ မှ

မြန်မာစံတော်ချိန် မွန်းလွဲပိုင်းတွင် ကျင်းပရန် စီစဉ်ထားသည့် ဟောင်ကောင် ယူ-၁၅ ဖိတ်ခေါ်ပြိုင်ပွဲကို ရာသီဥတုဆိုးရွားမှုကြောင့် ထပ်မံဖျက်သိမ်းခဲ့ရသည်။ ဧပြီ ၁၉ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပွဲချိန် ၄၁ မိနစ်တွင် ရပ်နားထားရသည့် မြန်မာနှင့် ဟောင်ကောင်၊ မလေးရှားနှင့် စင်ကာပူအသင်းတို့၏ လက်ကျန်မိနစ်များကို ပြန်ကစားရန် စီစဉ်ထားသော်လည်း ရာသီဥတုအခြေအနေကြောင့် ကစားနိုင်ခြင်းမရှိခဲ့ပေ။ ဟောင်ကောင်ဘောလုံး အဖွဲ့ချုပ်သည် ယူ-၁၅ ပြိုင်ပွဲနှင့်ပတ်သက်၍ ပြိုင်ပွဲဝင်အသင်းများနှင့် ညှိနှိုင်းဆောင်ရွက်ကာ အတည်ပြုထုတ်ပြန်မည် ဖြစ်သည်။

**ရှိုင်းထက်ဇော်**



**တောင်ငူမြို့နေ သတင်းစာဆရာ ဦးကျော်လှ(သမာဓိ)မိသားစုက ရန်ကုန်မြို့ ဗဟန်းမြို့နယ်နေ ဆရာ မိုးကြိုးဦးခင်မောင်လေး (ဖိုးသောကြာ)အား နှစ်သစ်ကူး ဂါရဝပြုကုသိုလ်အဖြစ် ငွေကျပ် ငါးသိန်းကို ယနေ့ နံနက်ပိုင်းက ဆရာ၏နေအိမ်သို့ သွားရောက် ပေးအပ်လှူဒါန်းခဲ့စဉ်။**

**ကျော်လှ(တောင်ငူ)**

**၂၀၁၉ ခုနှစ် လူရည်ချွန် ကျောင်းသား ကျောင်းသူများကို ပုဂံ၊ အင်းလေးနှင့် ငွေဆောင်စခန်းအသီးသီးသို့ (၂၇-၄-၂၀၁၉) ရက်နေ့မှ (၅-၅-၂၀၁၉)ရက်နေ့အထိ စေလွှတ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ လူရည်ချွန်စခန်းများအလိုက် စေလွှတ်မည့်အတန်းနှင့် ဦးရေမှာ အောက်ပါအတိုင်းဖြစ်သည်-**

| အတန်း | လူရည်ချွန်ဦးရေ | | | ကြီးကြပ်ဆရာ၊ ဆရာမဦးရေ | | | လူရည်ချွန်စခန်း |
|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | |
| အဋ္ဌမတန်း | ၈၉ | ၈၉ | ၁၇၈ | ၉ | ၉ | ၁၈ | ပုဂံ |
| နဝမတန်း | ၈၉ | ၈၉ | ၁၇၈ | ၉ | ၉ | ၁၈ | အင်းလေး |
| ဒသမတန်း | ၈၉ | ၈၉ | ၁၇၈ | ၉ | ၉ | ၁၈ | ငွေဆောင် |
| စုစုပေါင်း | ၂၆၇ | ၂၆၇ | ၅၃၄ | ၂၇ | ၂၇ | ၅၄ | |

# ဗန်းမော်၌ ရှမ်းတိုင်းရင်းသားလူမျိုးများ၏ ရှမ်းရိုးရာသင်္ကြန်ပွဲတော် ကျင်းပ

**ဗန်းမော် ဧပြီ ၂၀**

ကချင်ပြည်နယ် ဗန်းမော်မြို့၌ ရှမ်းတိုင်းရင်းသားလူမျိုး များ၏ ရှမ်းကျေးရွာအချင်းချင်း ချစ်ကြည်ရင်းနှီးမှုဓလေ့ အစဉ်အလာအရ ရှမ်းရိုးရာသင်္ကြန်ပွဲတော်ကို မြန်မာ နှစ်ဆန်းတစ်ရက်နေ့မှစတင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

ရှမ်းရိုးရာသင်္ကြန်ပွဲတော်ကို မြန်မာနှစ်ဆန်းတစ်ရက်မှ စတင်၍ ရှမ်းတိုင်းရင်းသားများနေထိုင်ရာ ရပ်ကွက်၊ ကျေးရွာ ၆၀ ခန့်မှ ပေါ်ခိန်ခေါင်း(အိမ်ထောင်သည်အမျိုးသား အဖွဲ့ခေါင်းဆောင်)၊ မယ်ခိန်ခေါင်း(အိမ်ထောင်သည် အမျိုးသမီးအဖွဲ့ခေါင်းဆောင်)တို့က ဦးဆောင်ကာ လူပျို၊ အပျိုအဖွဲ့များက ဗန်းမော်မြို့သမိုင်းဝင်ရွှေကျီးနားစေတီ တော်မြတ်နှင့် အိုက်ခေါတော်စေတီတော်မြတ်တို့အား ရှိခိုးကန်တော့ပြီး ရှမ်းရိုးရာသင်္ကြန်ပွဲကို စတင်ကျင်းပသည်။

ကျေးရွာ/ရပ်ကွက်ရှိ ဘုန်းကြီးကျောင်းများ၏ လမ်း အဝင်တွင် ရေပက်ဆော့ကစားရန် ရေပုံးများ အသင့်ထား ရှိပြီး အဆိုပါလမ်းအတိုင်း အခြားကျေးရွာ/ရပ်ကွက်များမှ ဖိတ်ကြားထားသည့်အဖွဲ့များ ဝင်ရောက်လာလျှင် ရှမ်းရိုးရာ အိုးစည်ဗုံမောင်းများဖြင့် ကြိုဆိုကာ ဘုရားကန်တော့ခြင်း၊ ရေသပ္ပာယ်ခြင်း၊ ဘုန်းကြီးကန်တော့ခြင်းများပြုလုပ်ပြီး ဧည့်သည်များပြန်လည်ထွက်ခွာရာတွင် ဧည့်သည်များကို ရှမ်းရိုးရာအိုးစည်ဗုံမောင်းတို့ဖြင့် ပို့ဆောင်ကာ ရေလောင်းခြင်း များ ပြုလုပ်ကြသည်။

အဆိုပါ ရှမ်းရိုးရာသင်္ကြန်ပွဲတော်ကို မြန်မာနှစ်ဆန်း တစ်ရက်မှစတင်ကာ တစ်လနီးပါးကြာသည်အထိ ရပ်ကွက်/ကျေးရွာများသို့ လှည့်လည်ကျင်းပကြကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**



# ဇလွန်မြို့နယ်တွင် သန့်ရှင်းသာယာလှပရေးနှင့် အမှိုက်ကင်းစင်ရေး စုပေါင်းဆောင်ရွက်

**ဇလွန် ဧပြီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီးဝင်းအတွင်း သန့်ရှင်း သာယာလှပရေးနှင့် အမှိုက်ကင်းစင်ရေး စုပေါင်း ဆောင်ရွက်ခြင်းကို ဌာနဆိုင်ရာများမှ ဝန်ထမ်းများနှင့် ပြည်သူများက ယမန်နေ့ ညနေ ၄ နာရီခန့်တွင် အမှိုက် ကောက်ခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက် ခဲ့ကြသည်။

မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီးဝင်း အတွင်း သန့်ရှင်းသာယာလှပရေးနှင့် အမှိုက်ကင်းစင်ရေး စုပေါင်းဆောင်ရွက်ရာတွင် ဇလွန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်အောင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာန ဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့များ၊ မြို့ပေါ် ငါးရပ်ကွက်မှပြည်သူများ အင်အား ၂၅၀ ကျော်ခန့် စုပေါင်းပါဝင်၍ မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားကြီးဝင်းအတွင်း အမှိုက်များကောက်ခြင်း၊ ရေနုတ်မြောင်းများအတွင်းရှိ အမှိုက်များ ရှင်းလင်း ဖယ်ရှားခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရ သည်။

**ဝေယံ(ပြန်/ဆက်)**

# (၁၇) ကြိမ်မြောက် ဆရာဝန်တင်ရွှေ စာပေဆုပေးပွဲအခမ်းအနား ကျင်းပ



**ရန်ကုန် မေ ၂၀**

(၁၇) ကြိမ်မြောက် ဆရာဝန်တင်ရွှေ စာပေဆုပေးပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က အမှာစကားပြောကြားရာ၌ ယနေ့ အခမ်းအနားသည် ဆရာဝန်တင်ရွှေမိသားစုက ဆုချီးမြှင့်ထိုက်သည့် ပုဂ္ဂိုလ်များကို ဆုချီးမြှင့်ခြင်းဖြစ်သည့်အတွက် အလွန်မင်္ဂလာရှိပါကြောင်း၊ ဆရာဝန်တင်ရွှေမိသားစုအနေဖြင့် ဆုရပုဂ္ဂိုလ်များကို ဆက်လက် ဆုချီးမြှင့်နိုင်ခြင်းမှာ အလွန်ဝမ်းမြောက်ဖွယ်ကောင်းသလို ကျေးဇူးလည်းတင်ပြီး ချီးကျူးစရာလည်းကောင်းပါကြောင်း၊ စာပေဆုများအပါအဝင် အနုပညာနှင့်ပတ်သက်သည့် ဆုများကို ချီးမြှင့်ခြင်းမှာ စာပေနှင့်အနုပညာကို ချီးမြှောက်ခြင်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဆုများချီးမြှင့်ခြင်းကြောင့်လည်း စာပေနှင့်အနုပညာသည် ပိုမိုတန်ဖိုးရှိပြီး စိတ်ဝင်စားဖွယ် ပိုမိုဖြစ်လာပါကြောင်း၊ စာပေဆုများ ချီးမြှင့်ခြင်းအားဖြင့် တန်ဖိုးရှိသည့် စာအုပ်ကောင်းများ ပိုမိုတည်တံ့ရှင်သန်အောင်၊ ၎င်းတို့၏တန်ဖိုးကို ပိုမိုပြန့်ပွားအောင် ဆောင်ရွက်ပေးနိုင်သည်ဟုမြင်ပါကြောင်း၊ စာပေဆုများကိုချီးမြှင့်သည့် ပုဂ္ဂိုလ်များရှိသည့်အတွက်ကြောင့်လည်း စာပေသမားများသည် ဆုရစာအုပ်များကို စိတ်ဝင်တစားလေ့လာဖတ်ရှုကြရာ ၎င်းတို့အတွက် လမ်းကြောင်းပေးသည့်သဘောဖြစ်သည့်အတွက် တန်ဖိုးရှိပါကြောင်း။

စာပေဆုချီးမြှင့်ခြင်းအခမ်းအနားကို တက်ရောက်ရခြင်းအားဖြင့် တက်ရောက်လာသူများက ဆုရပုဂ္ဂိုလ်များကို မုဒိတာပွားသလို ဆုချီးမြှင့်သည့် ပုဂ္ဂိုလ်များအပေါ်တွင်လည်း မုဒိတာပွားပြီး အားကျကြမည်ဖြစ်ကာ အလားတူ မိမိတို့ကိုယ်တိုင်လည်း စာပေနှင့်ပတ်သက်သည့် အလှူဒါန သို့မဟုတ် ပံ့ပိုးကူညီမှု၊ စောင့်ရှောက်မှု စသည့် အလုပ်များတွင် ပိုပြီး စိတ်အားထက်သန်မှုများ ရှိလာကြသည်ကို တွေ့ရပါကြောင်း ပြောကြားသည်။

ထို့နောက် ဆုရွေးချယ်ရေးအဖွဲ့ကိုယ်စား ဒေါက်တာခင်အေး(မောင်ခင်မင် ဓနုဖြူ)က ၂၀၁၈ ခုနှစ်အတွက် ဆရာဝန်တင်ရွှေစာပေဆုရရှိသူများအား ရွေးချယ်ရခြင်းနှင့်ပတ်သက်သည့် မှတ်ချက်အကျဉ်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဆရာဝန်တင်ရွှေ တစ်သက်တာ စာပေဆုရ ဆရာမကြီး ဒေါက်တာ ရီရီလှ(ယုဝတီခင်ဦး)**(အပေါ်ယာပုံ)**၊ ပညာရေးဆောင်းပါး ပေါင်းချုပ်စာအုပ်ဖြင့် ဆုရရှိသူ ဆရာကြီး ဒေါက်တာသန်းဦး၊ စာကြည့်တိုက်ထဲက စကားပြန်စာအုပ်ဖြင့် ဆုရရှိသူ ဆရာဝင်းတင့် ကိုယ်စား ဒေါက်တာဥမ္မာဦး ၊ ယင်းကျားစာအုပ်ဖြင့် ဆုရရှိသူ ဇော်လွင်ဦး (ဟသ်ာတ) နှင့် The Sweet Honey Drop on the Sharp Scalpel Blade စာအုပ်ဖြင့် ဘာသာပြန်စာပေဆုရရှိသူ ဒေါက်တာ ဇော်ထွန်းတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဆရာဝန်တင်ရွှေ၏ သမီးဖြစ်သူ KMD ကုမ္ပဏီဥက္ကဋ္ဌ ဒေါ်တင်တင်အေးနှင့် ဘာသာပြန်စာရေးဆရာ ဦးကျော်ဆွေနှင့်ဇနီး ဒေါ်သင်းသင်းနိုင်တို့က သက်ကြီးစာရေးဆရာများအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးကျော်ဝင်း (မနုဿကျော်ဝင်း)က လက်ခံပြီး ဆရာဝန်တင်ရွှေ၏သားဖြစ်သူ ဦးသက်လွင်ရွှေက ဆုရွေးချယ်ရေးအဖွဲ့ကိုယ်စား ဆရာဦးကြည်မင်းအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ဆုရရှိသူများနှင့် စာပေဆုအလှူရှင်မိသားစုကိုယ်စား သမီး ဒေါ်သက်သက်ရွှေတို့က ကျေးဇူးတင်စကားပြန်လည်ပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီးသည် ဆုရရှိကြသူများ၊ စာပေဆုအလှူရှင်မိသားစုတို့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**သတင်းစဉ်**

# (၁၇) ကြိမ်မြောက် ဆရာဝန်တင်ရွှေ စာပေဆုပေးပွဲမှ စာပေအလှူရှင်နှင့် ဆုရရှိသူများ၏ ဝမ်းသာပီတိ စကားသံများ

**(၁၇) ကြိမ်မြောက် ဆရာဝန်တင်ရွှေ စာပေဆုပေးပွဲအခမ်းအနားကို မေ ၂၀ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ စာပေဆုပေးပွဲအခမ်းအနားတွင် စာပေဆုအလှူရှင် ဆရာဝန်တင်ရွှေမိသားစုနှင့် ဆုရရှိသူများအား မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။**

**ဆရာမကြီး**
**ဒေါက်တာရီရီလှ(ယုဝတီခင်ဦး)**
**ဆရာဝန်တင်ရွှေ**
**တစ်သက်တာစာပေဆုရ**

ကျွန်မက တစ်သက်တာစာပေဆုရတာ နှစ်ခါရှိပါပြီ။ အခုလို စာပေသမားတွေ ချီးမြှင့်ပေးတဲ့ စေတနာ မေတ္တာတွေကို အသိအမှတ်ပြုပါတယ်။ လေးစားပါတယ်။ ဂုဏ်လည်း ယူပါတယ်။ ကျွန်မခေါင်းထဲမှာ ကျန်းမာရေးနဲ့ပတ်သက်ပြီးပေါ်လာတဲ့ အချက်အလက်တွေကို စာဖတ်ပရိသတ်တွေသိဖို့ ဆောင်းပါးတွေ၊ ဝတ္ထုတွေ ရေးခဲ့တယ်။ ဆုတွေလည်းရခဲ့ပါတယ်။ ကျန်းမာတဲ့အချိန်အထိ၊ ကလောင်ကိုင်နိုင်တဲ့အထိ ရေးမှာပါပဲ။ ဒီနေ့ တစ်သက်တာဆုရတဲ့အတွက် ဝမ်းသာပါတယ်။ စာရေးဆရာတွေကလည်း စာရေးနိုင်ပြီး ဆရာဝန်တင်ရွှေ စာပေဆုကိုလည်း ဆက်လက်ပေးနိုင်ပါစေလို့ ဆုတောင်းပါတယ်။

**ဆရာကြီး ဒေါက်တာသန်းဦး**

အခု ဆောင်းပါးပေါင်းချုပ်က ၁၉၅၃ ခုနှစ်၊ လွန်ခဲ့တဲ့ ၆၆ နှစ်လောက်ကစပြီးတော့ သွေးသောက်မဂ္ဂဇင်းမှာ ပညာရေးနဲ့ပတ်သက်လို့ ပညာရေးရည်မှန်းချက် ပန်းတိုင်တွေကို အလုပ်ခွင်မရောက်သေးခင် ပညာရေးတက္ကသိုလ် ကျောင်းသားဘဝက စပြီး ရေးသားခဲ့ပါတယ်။ စာဖတ်တဲ့ သင်ကြားမှုကို ဘယ်အရွယ်က အကောင်းဆုံး စတင်သင်ကြားနိုင်သလဲဆိုတာကို သုတေသနပြုထားတဲ့ စာတမ်းတစ်ခုရှိတယ်။ အဲဒီအပေါ်မှာ အခြေခံပြီးရေးခဲ့တယ်။ နောက် စာဖတ်တဲ့အခါမှာ မျက်လုံးရွေ့တာကို စနစ်တကျ လေ့လာထားတာရှိတယ်။ အဲဒီဆောင်းပါးလည်း ဒီစာအုပ်မှာပါတယ်။ ဒီနေ့အထိ ခေတ်နဲ့အညီရှိနေသေးတဲ့ ဆောင်းပါးတွေဖြစ်တယ်။

နောက်ပိုင်းဆောင်းပါးတွေက



**ဒေါက်တာရီရီလှ(ယုဝတီခင်ဦး)**

ညွှန်ချုပ်ဘဝနဲ့ အငြိမ်းစားယူပြီးတဲ့ နောက်ပိုင်း ဝိဇ္ဇာ/ သိပ္ပံ ပညာရှင်ဘဝမှာ ရေးထားတာတွေများတယ်။ အထူးသဖြင့်တော့ ဆရာ့ဘဝ၊ ဆရာ့အလှ၊ ဆရာ့သိက္ခာတွေကို ထိန်းဖို့ ပညာရေးရဲ့သဘောသဘာဝအတိမ်အနက်နဲ့ လေးစားတန်ဖိုးထားရတဲ့ ဘဝတွေကို အကုန်စုပေါင်းပြီး ဆောင်းပါးပေါင်းချုပ်ထဲမှာ ရေးသားထားတယ်။ မြန်မာ့ပညာရေးအယူအဆကို အငြိမ်းစားယူပြီးမှ ရေးတော့ ပိုပြီး အချိန်ရတယ်။ ပိုပြီးလေ့လာပြီး ထဲထဲဝင်ဝင် နက်နက်နဲနဲ ရေးသားနိုင်တဲ့အဆင့် ရှိတယ်။ ဒါကို မြန်မာလိုတင်မက အင်္ဂလိပ်လိုပါ ဘာသာပြန်ဖြစ်သွားတယ်။ ဆောင်းပါးပေါင်းချုပ်မှာ အင်္ဂလိပ်/မြန်မာလို ရေးဖြစ်သွားတယ်။ ဒီအပေါ်မှာ ဆရာဝန်တင်ရွှေ ဆုချီးမြှင့်ခံရတာကို အလွန်ကို ဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ်။ ဒီဆောင်းပါးတွေက နောင်လာနောက်သားတွေကို ပညာရေးနဲ့ပတ်သက်ပြီး ပေးနိုင်တဲ့ အမွေပါပဲ။

**ဒေါက်တာဇော်ထွန်း**
**(အင်္ဂလိပ်စာပါမောက္ခ - နိုင်ငံခြားဘာသာတက္ကသိုလ်)**

စာရေးဆရာ ညီပုလေးရဲ့ အမျိုး



**ဆရာကြီး ဒေါက်တာသန်းဦး**

သားစာပေဆုရဝတ္ထု “ထက်မြက်တဲ့ ဓားသွားပေါ်က ချိုမြမြ ပျားရည်စက်” ကို အမှတ်တရဖြစ်စေချင်လို့ ဘာသာပြန်လိုက်တာဖြစ်ပြီး ဆရာဝန်ကြီး နာဂသိန်းလှိုင် အကြောင်းကို ဝတ္ထုပုံစံမျိုး သူ့ရဲ့ကိုယ်တွေ့ အဖြစ်အပျက်ကို ပြန်ပြောတဲ့ပုံစံ ဝတ္ထုဇာတ်အိမ်ဖွဲ့ထားတာပါ။ ဘာသာပြန်ဖို့ ပြောလာလို့ ပြန်ဖြစ်တာပါ။ ဘာသာပြန်တဲ့စာအုပ်ပေါင်း ၅၀ ကျော်ရှိပြီ။ ဝတ္ထုတိုတွေ ပိုပြန်ဖြစ်တယ်။ နောက်ပြီး မြန်မာကဗျာတွေ ပြန်ဖြစ်တယ်။ အင်အားနည်းတယ်လို့ ယူဆလို့ တစ်ထောင့်တစ်နေရာကနေ အားဖြည့်ကူညီ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အခုလို အသိအမှတ်ပြုခြင်းခံရတာ ကျွန်တော်တို့အတွက် အားတစ်ခုပါပဲလို့ ယူဆတယ်။ မြန်မာစာပေကို ကမ္ဘာကို ပျံ့ပျံ့နှံ့နှံ့ ရောက်ဖို့အတွက်ကြားခံတစ်ခုလိုတယ်။ဟိုးအရင်က ဆရာကြီးတွေက ဘာသာပြန်တာရှိခဲ့ပေမယ့် အခုနောက်ပိုင်း လူငယ်မျိုးဆက်တွေကြားမှာ ဘာသာပြန်အားနည်းနေတယ်။ အခုလို အားပေးမှုရှိမှလည်း ဘာသာပြန်ဆိုတဲ့အလုပ်မှာ ပိုပြီး အာရုံစိုက်လာမယ်လို့ ယူဆတယ်။ ဒါက ကြီးမားတဲ့ပံ့ပိုးမှုတစ်ခုလို့



**ဒေါက်တာဇော်ထွန်း**

ယူဆပါတယ်။

**ဦးဇော်လွင်ဦး(ဇော်လွင်ဦး-ဟသ်ာတ)**

အခုဆုရတာက “ယင်းကျား” စာအုပ်နဲ့ပါ။ စာအုပ်ရေးဖြစ်တဲ့အဓိကရည်ရွယ်ချက်ကတော့ ရှားပါးတိုင်းရင်းသားတွေကို တခြားတိုင်းရင်းသားတွေသိစေချင်လို့ ရေးဖြစ်တာပါ။ ယင်းကျား တိုင်းရင်းသားဆိုတာက ပြောလိုက်ရုံနဲ့ မသိနိုင်တဲ့ တိုင်းရင်းသားထဲမှာပါပါတယ်။ သူက ရှမ်းမျိုးနွယ်စုထဲမှာပါတယ်။ ဒါပေမယ့် လူဦးရေက လေးထောင် လောက်ပဲရှိတော့တယ်။ နေတာက ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ်ထဲမှာ နေတယ်။ ထူးခြားချက်က ရွာကိုးရွာမှာ သူတို့ချည်း သီးသီးသန့်သန့်နေတယ်။ တခြားတိုင်းရင်းသားတွေနဲ့ ရောမနေဘူး။ ဘာဖြစ်လို့မှတ်တမ်းတင်ဖြစ်လဲဆိုတော့ ဒီဘက်မှာအလွန်ခေတ်မီလာတာနဲ့အမျှ သူတို့ရဲ့ ယဉ်ကျေးမှုတွေက တဖြည်းဖြည်းနဲ့ ပြုန်းတီး လျော့ပါးလာတာတွေ့ရတယ်။ အလွယ်လိုက်လာကြတယ်ပေါ့။ အဲဒါလေးတွေကို နှောင်း လူတွေရော၊ တခြားတိုင်းရင်းသားတွေရော မှတ်မိသွားအောင်ဆိုပြီး မှတ်တမ်းတင်ချင်တဲ့သဘောနဲ့ ဒီစာအုပ်ကို ရေး



**ဦးဇော်လွင်ဦး**

ဖြစ်တာပါ။ ဒီဆုကို ရမယ်လို့ မျှော်လင့်မထားပါဘူး။ စာပေဆုက အလွန်အရှိန်အဝါကြီးတဲ့အတွက် ကျွန်တော့်အနေနဲ့ မျှော်လင့်မထားရိုးအမှန်ပါ။ ဆုရတယ်ဆိုတော့ ကျွန်တော့်အနေနဲ့ အလွန်ဝမ်းသာသလို ပိုပြီး ဝမ်းသာတာက ယင်းကျားတိုင်းရင်းသားတွေပါ။ သူတို့ကို လှမ်းပြီးတော့ ပြောတဲ့အခါ ဝမ်းသာကြတယ်။ သူတို့ကို မှတ်မှတ်ထင်ထင် ဖြစ်သွားပြီ၊ တကယ်မှတ်တမ်းတင်နိုင်ပြီ ဆိုပြီး တိုင်းရင်းသားတွေက တော်တော်ဝမ်းသာတဲ့အတွက် ဒီစာပေဆုရလိုက်တာဟာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် အများကြီးအထောက်အကူပြုတယ်လို့ ယူဆမိပါတယ်။

**ဒေါ်သက်သက်ရွှေ**
**စာပေအလှူရှင်ဆရာဝန်တင်ရွှေ၏သမီး**

ဆရာဝန်တင်ရွှေ စာပေဆုကို ၂၀၀၁ ခုနှစ်က စပြီး ချီးမြှင့်ခဲ့တာပါ။ တစ်သက်တာ စာပေဂုဏ်ဆောင်ဆုအနေနဲ့ကတော့ သုံးနှစ်လောက်ကြာမှ စပြီးပေးအပ်ခဲ့တာပါ။ဘဝတစ်သက်လုံး စာပေလုပ်ငန်းတွေကို တိုးတက်အောင်လုပ်ဆောင်တဲ့ စာရေးဆရာ ဆရာမကြီးတွေထဲကနေ အဓိကက



**ဒေါ်သက်သက်ရွှေ**

ဆရာဝန်စာရေးဆရာ၊ ဆရာမကြီးတွေကို ဦးစားပေးပြီး ရွေးချယ်ပါတယ်။ ပြီးတော့ အင်္ဂလိပ်စာပေဆု ချီးမြှင့်ပါတယ်။ စာမူဆုကိုလည်း ချီးမြှင့်ဖို့ အစီအစဉ်ရှိပါတယ်။ အခုလောလောဆယ်တော့ မပေးဖြစ်ပါဘူး။ စာပေဆုက စာရေးဆရာ၊ ဆရာမ၊ ဆရာဝန်ကြီးတွေကို ပိုပြီး အားရှိစေချင်တဲ့သဘောဖြစ်ပါတယ်။ နောက်ပြီး ဝတ္ထုမဟုတ်တဲ့ ဗဟုသုတ စာအုပ်တွေကိုလည်း မြန်မာနိုင်ငံအတွက် အကျိုးပြုမယ့် စာပေတွေအဖြစ် ပေါ်ထွက်လာစေဖို့ ရည်ရွယ်ချီးမြှင့်တာပါ။ ရေရှည်အတွက် ဆုငါးဆုအပြင် တတ်နိုင်သလောက် တိုးချဲ့ချီးမြှင့်သွားဖို့ ရည်ရွယ်ပါတယ်။ ဆရာဝန်တင်ရွှေရဲ့တစ်သက်တာလုံးက စာပေနဲ့ကုန်ဆုံးခဲ့တယ်လို့ ပြောလို့ရပါတယ်။ ဆေးပညာအတွက်တင်မက စာပေလုပ်ငန်းတွေနဲ့ စာရေးဆရာကြီးတွေရဲ့ဘဝ တိုးတက်လာစေဖို့ အမြဲတမ်းရည်စူးခဲ့ပါတယ်။ ကျွန်မတို့ မိသားစုအနေနဲ့ မြန်မာစာပေမြင့်မားတိုးတက်ရေးဆိုတဲ့ အဓိကရည်ရွယ်ချက်နဲ့ပါ။ အလှူတစ်ခုကို ပြုလုပ်ခြင်း ဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်း - ရီရီစန္ဒီ၊**
**ဓာတ်ပုံ - လှမိုး**

# အုတ်အာသောင်းသဲ မဲပေးပွဲ မဇ္ဈိမသားတို့နှဲ့

ကိုရင်ဩ

သကြံန်တော် အခါကာလ သိကြားနတ်မင်း လူ့ပြည်သို့ ဆင်းလာချိန်နှင့် တိုက်တိုက်ဆိုင်ဆိုင်ပင် အကြီးကျယ်ဆုံးသော ရွေးကောက်ပွဲကြီးအဖြစ် ခေါ်နိုင်အံ့လောက်သည့် ရွေးကောက်ပွဲကြီးတစ်ပွဲကို ကျွန်ုပ်တို့၏ အိမ်နီးချင်း မဇ္ဈိမဒေသရှိ အိန္ဒိယနိုင်ငံ၌ ဧပြီ ၁၁ ရက်မှ မေ ၁၉ ရက်အထိ အဆင့်ခုနစ်ဆင့် ပိုင်းခြားသတ်မှတ်၍ အုတ်အုတ်ကျက်ကျက် ကျင်းပလျက်ရှိသည်ဆိုသော သတင်းတစ်ပုဒ်ကို ကျွန်ုပ်ဖတ်ရှုရသောအခါ ကမ္ဘာ့အကြီးဆုံး ဒီမိုကရေစီနိုင်ငံကြီးအဖြစ် ထည်ထည်ဝါဝါ ရပ်တည်နေသည့် ယင်းနိုင်ငံ၏ နိုင်ငံရေးယှဉ်ပြိုင်မှုပွဲတော်ကြီး ဆင်နွှဲနေပုံကို စေ့ငုကြည့်ရန် ကျွန်ုပ်စွေ့ခနဲ အာရုံပြုမိလေ၏။

**အမတ်မင်းများကို ရွေးချယ်တင်မြှောက်**

၂၀၁၉ ခုနှစ် အိန္ဒိယအထွေထွေရွေးကောက်ပွဲကြီး အပြီးတွင် ၁၇ ကြိမ်မြောက် အောက်လွှတ်တော်ကို ဖွဲ့စည်းနိုင်ရန်အတွက် အမတ်မင်းများကို ရွေးချယ်တင်မြှောက်နိုင်ပါလိမ့်မည်။ မေ ၂၃ ရက်တွင် မဲရေတွက်မှု ပြီးစီးသည်နှင့် တစ်ပြိုင်နက်တည်း ရွေးကောက်ပွဲရလဒ်ကို ချက်ချင်းလက်ငင်း ကြေညာခြင်းပြုပါလိမ့်မည်။

အထွေထွေရွေးကောက်ပွဲကြီးနှင့်အတူ အင်ဒရာပရာဒေ့ရှ်၊ အရူနာချယ်ပရာဒေ့ရှ်၊ ဩရိဿနှင့် ဆစ်ခင်ပြည်နယ်များ၌ ဥပဒေပြုလွှတ်တော်သစ်များ ဖွဲ့စည်းနိုင်ရန်အတွက်လည်း ဒေသန္တရလွှတ်တော် ရွေးကောက်ပွဲများကို တစ်ချိန်တည်း တစ်ပြိုင်တည်း ကျင်းပလျက်ရှိလေသည်။

အောက်လွှတ်တော် ရွေးကောက်ပွဲ၏ ဒုတိယအကျော့ မဲပေးပွဲကို ဧပြီ ၁၈ ရက်တွင် ပြုလုပ်ခဲ့ရာ ပြည်နယ် ၁၁ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေတစ်ခုတို့ကို ကိုယ်စားပြုသော အမတ်နေရာ ၉၅ နေရာအတွက် အမတ်လောင်း ၁၆၀၀ ခန့်က အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။

**ပြည်ထောင်စုနယ်မြေ**

အိန္ဒိယနိုင်ငံ၌ ပြည်နယ်ပေါင်း ၂၉ ခုနှင့် ပြည်ထောင်စုနယ်မြေခုနစ်ခု တည်ရှိပြီး ပြည်နယ်များအလိုက် ဒေသန္တရအစိုးရအဖွဲ့များရှိကြသည်။ ပြည်ထောင်စုနယ်မြေများကိုမူ ပြည်ထောင်စုအစိုးရအဖွဲ့ (ဝါ) ဗဟိုအစိုးရအဖွဲ့က တိုက်ရိုက်အုပ်ချုပ်သည်။ ပြည်နယ်အဆင့် ဖွဲ့စည်းရနိုင်လောက်အောင်လည်း နယ်မြေအပိုင်းအခြား ကျယ်ဝန်းခြင်း မရှိ၊ အခြားပြည်နယ်တစ်ခု၏ တစ်စိတ်တစ်ဒေသအဖြစ်လည်း ပေါင်းစပ်ဖွဲ့စည်းရန် အနေအထားလည်း မရှိပါက ပြည်ထောင်စုနယ်မြေအဖြစ် ဖွဲ့စည်းသတ်မှတ်နိုင်သည်။

လက်ရှိဝန်ကြီးချုပ် နရိန္ဒြာမိုဒီ အပေါ် ပြည်သူတို့ နှစ်သက်လိုလားမှု ရှိ၊ မရှိ မှတ်ကျောက်တင်နိုင်မည့် ပွဲကြီးအဖြစ် ရှုမြင်ရသော အထွေထွေရွေးကောက်ပွဲကြီး၏ ပထမအကျော့ မဲပေးပွဲကို ဧပြီ ၁၁ ရက်က ကျင်းပခဲ့ရာတွင် ပြည်သူသန်းပေါင်းများစွာ မဲပေးခဲ့ကြပြီးဖြစ်သည်။ ပြည်နယ်ပေါင်း ၂၀ နှင့် ပြည်ထောင်စုနယ်မြေများမှ ပြည်သူများက မဲဆန္ဒနယ်မြေ ၉၁ ခုအတွက် မဲပေးခဲ့ကြပြီးဖြစ်သည်။

နိုင်ငံတစ်ဝန်း၌ မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင် သန်း ၉၀၀ အထိရှိနေရာ များလှသောင်းသောင်း လူထုပရိသတ်ကြီးက ရွေးချယ်တင်မြှောက်ပေးမည့် အကြိတ်အနယ်ရှိလှသည့် ရွေးကောက်ပွဲကြီးဟု ဆိုရချိမ့်မည်။

အောက်လွှတ်တော်၌ ရွေးချယ်တင်မြှောက်ခံ အမတ်နေရာ ၅၄၃ နေရာရှိပြီး နိုင်ငံရေးပါတီ တစ်ပါတီ သို့မဟုတ် ညွန့်ပေါင်းအဖွဲ့တစ်ဖွဲ့က အစိုးရအဖွဲ့သစ် ဖွဲ့စည်းနိုင်ရေးအတွက် အနည်းဆုံးအမတ်နေရာ ၂၇၂ နေရာကို ထိန်းချုပ်ရယူနိုင်ရန် လိုအပ်ပေလိမ့်မည်။

ဧပြီ ၁၁ ရက် နံနက်တွင် မဲရုံများသို့ ပြည်သူများ တဖွဲဖွဲရောက်ရှိလာကာ စတင်မဲပေးခဲ့ကြသည်။ ပထမအကျော့ မဲပေးပွဲအတွက် ရက်သတ္တတစ်ပတ် ခွင့်ပြုပေးပြီး မဲပေးမှုကို ရက်သတ္တခြောက်ပတ်ကြာ ဆက်လက်ပြုလုပ်သွားရမည်ဖြစ်သည်။ ပထမအကျော့ မဲပေးပွဲအတွက် မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင် ဦးရေမှာ သန်း ၁၄၀ ကျော်ရှိသည်။



Photo: Bloomberg

ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ် နရိန္ဒြာမိုဒီနှင့် ဘာရာတိယ ဂျနာတာပါတီ(ဘီဂျေပီ) တို့က ပြန်လည် ရွေးကောက်ခံရနိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိနေချိန်တွင် ရာဟုဂန္ဒီ ဦးဆောင်သော ကွန်ဂရက်ပါတီက အဓိက အတိုက်အခံပါတီအဖြစ် ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

အတွေ့အကြုံရင့်ကျက်သည့် နိုင်ငံရေးသမားကြီး၊ အပြောအဟောကောင်းလှသည့် နိုင်ငံရေးခေါင်းဆောင်ကြီး၊ ရိုးသားဖြူစင်လှသော ပြည်သူ့ခေါင်းဆောင်ကြီးအဖြစ် သိရှိကြသော မိုဒီ၏ ဘီဂျေပီပါတီသည် ဟိန္ဒူပါတီအဖြစ် ရပ်တည်နေပြီးလျှင် ဟိန္ဒူဘာသာဝင် ပြည်သူများက ယင်းပါတီကို အမြဲတစေ ထောက်ခံအားပေးလေ့ရှိကြသည်။ မွတ်စလင်များကမူ ယင်းပါတီကို မွတ်စလင်ဆန့်ကျင်ရေး ပါတီအဖြစ် ရှုမြင်ကြသည်ဟု ကျွန်ုပ်လေ့လာမှတ်သားရ၏။

**ထူးထူးခြားခြား ဆောင်ရွက်ချက်များ**

ဘီဂျေပီအစိုးရအဖွဲ့ အုပ်ချုပ်စဉ်ကာလအတွင်း ထူးထူးခြားခြား ဆောင်ရွက်ချက်များ မည်သို့ရှိသည်ကို လေ့လာကြည့်ရာတွင် အောက်ဖော်ပြပါအတိုင်း ကျွန်ုပ် ခြုံငုံတွေ့မြင်ရ၏။

- ရထားလမ်းကွန်ရက်ကို တိုးတက်စေခြင်း (အိန္ဒိယနိုင်ငံ၏ အမြန်ဆုံးရထားအဖြစ် ဗန်ဒေးမာတာရန်း အမြန်ရထားပေါ်ထွက်လာပြီး အိန္ဒိယ၏ ပြည်တွင်းဖြစ် ပထမဆုံးသော “အင်ဂျင်မဲ့” ရထားအဖြစ် စံနမူနာပြသနိုင်ခြင်း၊ ယင်းရထားသည် လျှပ်စစ်ရထား(ဝါ) EMU စနစ်သုံးရထားဖြစ်ပြီး ရထားတွဲအလိုက် ရွေ့လျားနိုင်သောစနစ် တပ်ဆင်ထားသဖြင့် အင်ဂျင်(ဝါ) ရထားစက်ခေါင်း မလိုအပ်ချေ)
- အိန္ဒိယတစ်နိုင်ငံလုံး မြို့ ရွာများ သန့်ရှင်းသာယာလှပရေး လှုပ်ရှားမှုအစီအစဉ် (၂၀၁၈-၂၀၁၉)ကို အကောင်အထည်ဖော်ခြင်း (ကျေးလက်ဒေသများ၌ နေအိမ်ပြင်ပ အခင်းကြီး၊ အခင်းငယ်သွားရသောဘဝမှ လွတ်မြောက်ရေးအတွက် ရေအိမ်အလုံးပေါင်း သန်း ၉၀ တည်ဆောက်ခြင်းလည်း ပါဝင်)
- လေယာဉ်စီးခများ သက်သာစေရန် စီမံဆောင်ရွက်ခြင်း
- အိန္ဒိယနိုင်ငံ၌ တစ်ခုတည်းသော ဘုံဈေးကွက်ကြီး ပေါ်ထွန်းလာစေရေး အလို့ငှာ နိုင်ငံတစ်နိုင်ငံလုံး၌ ကျင့်သုံးရမည့် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုအခွန် (ဝါ) Goods & Service Tax ပြဋ္ဌာန်းခြင်း
- ကျေးလက်ဒေသများအထိ လျှပ်စစ်မီးရရှိရေးစီမံကိန်းကြီး ဆောင်ရွက်ခြင်း
- အမျိုးသား ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု စီမံကိန်းကြီး အကောင်အထည်ဖော်ခြင်း
- စိုက်ပျိုးရေးသွင်းအားစုများ တိုးတက်ရေး ဆောင်ရွက်ခြင်း
- တောင်သူလယ်သမားများထံမှ တိုက်ရိုက်ဝယ်ယူနိုင်ရေးအတွက် အစိုးရက လယ်ယာစိုက်ပျိုးရေး ထွက်ကုန်ဈေးနှုန်းစနစ် (ဝါ) Minimum Support Price ပြဋ္ဌာန်းခြင်း
- ပြည်သူများအတွက် ချေးငွေများ ထုတ်ပေးရေး အစီအစဉ် လုပ်ဆောင်ခြင်း
- ကမ္ဘာ့အဆင့်မီ ထုတ်လုပ်ရေးစခန်းအဖြစ် ရပ်တည်နိုင်ရေးအတွက် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ ၂၅ ရပ်၌ ရှိနေသော ကုမ္ပဏီများအား ထုတ်လုပ်မှုကို အားပေးသည့်မူဝါဒ (ဝါ) Make in India မူဝါဒ အကောင်အထည်ဖော်ခြင်း
- ဆင်းရဲသားများအတွက် အိုးအိမ်များ တည်ဆောက်ပေးရေး စီမံဆောင်ရွက်ခြင်း
- အစိုးရအထက်တန်းတာဝန်ရှိသူများ အဂတိလိုက်စားမှု စွဲချက်များမှ ကင်းဝေးခြင်း
- နယ်စပ်ဖြတ်ကျော် အကြမ်းဖက်သမားများကို နှိမ်နင်းနိုင်ရန် တိကျပစ်မှတ်လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခြင်း (ဝါ) Surgical Strikes
- မွတ်စလင်အမျိုးသားက သူ၏ဇနီးသည်အား လွယ်လင့်တကူ ကွာရှင်းပြတ်စဲမှု ပြုလုပ်ခြင်းကို တားမြစ်မိန့်ထုတ်ပြန်နိုင်ရန် စီမံခြင်း
- အိန္ဒိယနိုင်ငံအား ပြင်ပကမ္ဘာက တလေးတစားရှိလာအောင် နိုင်ငံ့ပုံရိပ်ကို မြှင့်တင်ပေးခြင်း
- အမျိုးသမီးများ ပိုမိုလူရာဝင်စေရေး ဆောင်ရွက်ခြင်း
- ယခင်အစိုးရအဖွဲ့လက်ထက်နှင့် နှိုင်းယှဉ်လျှင် လမ်းများကို ပိုမိုလျင်မြန်စွာ ဖောက်လုပ်ပေးခြင်း
- ဒစ်ဂျစ်တယ်စနစ် သွတ်သွင်းခြင်း
- စီးပွားရေးလုပ်ကိုင်သူများ ပိုမိုလွယ်ယူစွာ လုပ်ကိုင်နိုင်ခြင်းဆိုင်ရာအညွှန်းကိန်း မြင့်တက်လာအောင် စီမံဆောင်ရွက်ခြင်း
- မိုဘိုင်းဖုန်းစက်ရုံ ၁၀၀ ကျော် ဖွင့်လှစ်ခြင်း (ဆမ်ဆောင်း၏ ကမ္ဘာ့အကြီးဆုံး မိုဘိုင်းစက်ရုံပါဝင်)
- နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ရေး စီမံဆောင်ရွက်ခြင်း
- သမိုင်းဝင်ပုဂ္ဂိုလ်ကြီး ဆာဒါး ဝိလဘီ ပတေး၏ ရုပ်တုကြီးကို ဝန်ကြီးချုပ်မိုဒီ၏ ဇာတိရပ်မြေ ဂူဂျာရတ်ပြည်နယ်၌ ဖွင့်လှစ်ခြင်း (ယင်းရုပ်တုသည် အမြင့် ၅၉၇ ပေရှိပြီး ကမ္ဘာ့အမြင့်ဆုံး ရုပ်တုကြီး အဖြစ်တည်ရှိ)
- ပြည်ပမှ စွက်ဖက်မှုကို ဟန့်တားနိုင်သော နိုင်ငံခြားရေးမူဝါဒနှင့် သံတမန်ဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်နိုင်ခြင်း
- ဘီဂျေပီအစိုးရလက်ထက် ဆုတ်ယုတ်မှုများအဖြစ် ၂၀၁၈ ခုနှစ်အတွင်း ရူပီးငွေလဲလှယ်နှုန်း စံချိန်တင်ကျဆင်းခြင်း၊ အဂတိလိုက်စားမှုဆိုင်ရာ ကိစ္စရပ်များကို စုံစမ်းစစ်ဆေးနိုင်မည့် လွတ်လပ်သော အဖွဲ့အစည်းထူထောင်ရေးဆိုင်ရာ ဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်မှုမရှိခြင်း စသည် ... စသည်

**ကွန်ဂရက်ပါတီ**

အိန္ဒိယနိုင်ငံရေးသမိုင်းတွင် သက်တမ်းအရင့်ဆုံး ပါတီကြီးမှာ အိန္ဒိယနေရှင်နယ် ကွန်ဂရက်ပါတီ (ဝါ) ကွန်ဂရက်ပါတီဖြစ်ပြီးလျှင် နိုင်ငံတော်ကို နှစ်ပေါင်း ၆၀ ခန့်မျှ အုပ်စိုးနိုင်ခဲ့သည်။

ဂျဝါဟာလာနေရူး၊ အင်ဒီရာဂန္ဒီ၊ ရာဂျစ်ဂန္ဒီ၊ ဆိုနီယာဂန္ဒီ၊ မန်မိုဟန်ဆင်း တို့ကဲ့သို့သော အထင်ကရ ခေါင်းဆောင်ကြီးများသည် ကွန်ဂရက်ပါတီမှ ပေါ်ထွက်ခဲ့ပြီး အစဉ်အလာကြီးမားခဲ့သော ပါတီကြီးဖြစ်သည်။

နိုင်ငံလွတ်လပ်ရေးရရှိချိန် ၁၉၄၇ ခုနှစ်မှစ၍ ကွန်ဂရက်ပါတီကြီးက နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ခဲ့သည့် မှတ်တမ်းများစွာရှိသော်လည်း မအောင်မမြင်ဖြစ်ရမှုများလည်း ရှိခဲ့ပေသည်။

ပစ္စုပ္ပန်ကာလတွင် ကွန်ဂရက်ပါတီကို ရာဟုဂန္ဒီက ဦးဆောင်နေသည်။

ကွန်ဂရက်ပါတီ အာဏာရစဉ်ကာလအတွင်း အဂတိလိုက်စားမှုများ များပြားခြင်း၊ နိုင်ငံအတွင်း ပညာရှင်များနှင့် ကျွမ်းကျင်သူများ ကြွယ်ဝပါလျက် နိုင်ငံတော်ကို ကမ္ဘာ့အလယ်တွင် ထုတ်လုပ်မှုဗဟိုချက်တစ်ခုအဖြစ် တည်ဆောက်နိုင်မှု မရှိခြင်း၊ ကိုးကွယ်ယုံကြည်မှုနှင့် ဇာတ်ခွဲခြားဆက်ဆံသည့် စနစ်တို့အရ ပြည်သူလူထုအတွင်း စုစည်းညီညွတ်အား နည်းပါးခြင်း၊ ဆွေမျိုးသားချင်း ကောင်းစားရေးဝါဒ ကျင့်သုံးမှုများ ရှိနေခြင်း၊ လမ်းများ၊ လေဆိပ်များ၊ ဆေးရုံများ၊ တိရစ္ဆာန်ဥယျာဉ်များ စသည့် အများပြည်သူဆိုင်ရာ နေရာသစ်များကို အမည်နာမပေးရာတွင် နေရူး-ဂန္ဒီ မျိုးဆက်နှင့် သက်ဆိုင်နေသော အမည်နာမများကိုသာ ဦးစားပေးခြင်း စသည့်အချက်များကို လေ့လာတွေ့ရှိရ၏။

**ပါတီ ၅၀ ကျော် ပါဝင်ယှဉ်ပြိုင်**

အိန္ဒိယနိုင်ငံ၌ လက်ရှိကျင်းပနေဆဲ ရွေးကောက်ပွဲကြီး၌ ဘီဂျေပီနှင့် ကွန်ဂရက်ထိပ်သီးပါတီကြီး နှစ်ပါတီ အပါအဝင် နိုင်ငံရေးပါတီ ၅၀ ကျော် ပါဝင်ယှဉ်ပြိုင်လျက်ရှိကြပြီး ပါတီအများစုမှာ ဒေသအလိုက် ပြည်သူ့အကြိုက် ပါတီငယ်များဖြစ်ကြသည်။ ၁၉၈၄ ခုနှစ်နောက်ပိုင်း ၂၀၁၄ ခုနှစ် ရွေးကောက်ပွဲမှအပ ကျန်ရွေးကောက်ပွဲများတွင် မည်သည့်နိုင်ငံရေးပါတီ တစ်ပါတီကမျှ အမတ်အများစုအနေအထားကို မရခဲ့ချေ။ သို့ဖြစ်၍ နိုင်ငံရေးမဟာမိတ်အဖွဲ့များကိုသာလျှင် ဖွဲ့စည်းကြရလေ့ရှိ၏။ ရွေးကောက်ပွဲ အကြိုကာလ နိုင်ငံရေးမဟာမိတ်ပြုမှုများအဖြစ် ဘီဂျေပီပါတီ ဦးဆောင်သော အင်န်ဒီအေအဖွဲ့၊ အိန္ဒိယနေရှင်နယ် ကွန်ဂရက်ပါတီ ဦးဆောင်သော ယူပီအေအဖွဲ့၊ ဒေသန္တရ နိုင်ငံရေးပါတီများအဖွဲ့၊ ကွန်မြူနစ်ဝါဒဘက်ယိမ်းသော လက်ဝဲတပ်ဦးအဖွဲ့တို့ကို ဖွဲ့စည်းထားကြပြီဖြစ်၏။

ဟိန္ဒူဘာသာဝင်များ အဓိကထောက်ခံအားပေးသော ဘီဂျေပီပါတီသည် ၂၀၁၄ ခုနှစ် ရွေးကောက်ပွဲ၏ အောင်မြင်မှုအရှိန်အဟုန်ကို ယခုတစ်ကြိမ်တွင် ဆက်လက်ထိန်းထားနိုင်ခြင်းရှိ၊ မရှိ ဆက်လက်စောင့်ကြည့်ရန် လိုအပ်ပုံကို တွေးတောမိရင်း “အုတ်အာသောင်းသဲ မဲပေးပွဲ မဇ္ဈိမသားတို့နှဲ့”ဟု ကျွန်ုပ်ကျူးရင့်မိပါသတည်း။ ။

Ref: A really Simple guide to India’s general election (BBC)

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ ပြည်သူလူထုနှင့် တွေ့ဆုံပွဲအခမ်းအနား ရွှေဘိုမြို့တွင် ကျင်းပ

**ရွှေဘို မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့တွင် ယနေ့ မွန်းလွဲ ၂ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ ပြည်သူလူထုနှင့်တွေ့ဆုံပွဲကို ရွှေဘိုမြို့ အမှတ်(၃)ရပ်ကွက်ရှိ ရွှေသိမ်တော်ဘုရား ဓမ္မာရုံအတွင်း ကျင်းပခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် အမှတ်(၁)မဲဆန္ဒနယ်မြေ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမိုးကျော်သူက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်က တိုင်းဒေသကြီးအတွင်းရှိ စည်ပင်သာယာနှင့်ပတ်သက်သော လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

### ပြည်သူလူထုပူးပေါင်းပါဝင်

ထို့နောက် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေဇင်လတ်တို့က ရွှေဘိုမြို့ကြီး သာယာလှပတိုးတက်ရေးအတွက် ပြည်သူလူထုပူးပေါင်းပါဝင်ပြီး ကူညီဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လျှပ်စစ်မီး၊ လမ်းတံတား၊ ခရီးသွားလုပ်ငန်းများ တိုးတက်လာမှုနှင့်ပတ်သက်၍ လည်းကောင်း၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ရွှေဘိုမြို့အား မူးယစ်ကင်းစင်ဇုန်ဖြစ်စေရေးနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းပြောကြားပြီး အဆိုပါလုပ်ငန်းများ၌ ပြည်သူများပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်း မှာကြားခဲ့သည်။

ဆက်လက်၍ ရပ်ကွက်နေပြည်သူများ၏ လိုအပ်ချက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ရပ်ကွက်နေပြည်သူများ၏ မေးမြန်းချက်များကို စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်လွင်က ပြန်လည်ဖြေကြားသည်။




ယနေ့ပြုလုပ်သောတွေ့ဆုံပွဲမှာ ရွှေဘိုမြို့ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၄)ရပ်ကွက်နှင့် အမှတ်(၅) ရပ်ကွက်နေပြည်သူလူထုနှင့် တွေ့ဆုံခြင်းဖြစ်ပြီး ယနေ့ နံနက် ၁၀ နာရီတွင် ရွှေဘိုမြို့ အမှတ်(၁)ရပ်ကွက်ရှိ ဝေဠုဝန်တိုက်သစ် ဓမ္မာရုံ၌ ရွှေဘိုမြို့ အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်နှင့် အမှတ်(၉) ရပ်ကွက်နေပြည်သူများနှင့် တွေ့ဆုံပွဲကျင်းပခဲ့ကြောင်း သိရသည်။ မေ ၂၁ ရက် နံနက် ၉ နာရီတွင် ရွှေဘိုမြို့ အမှတ်(၆)ရပ်ကွက်၊ အမှတ်(၇)ရပ်ကွက်၊ အမှတ်(၈)ရပ်ကွက်နေပြည်သူများနှင့် ရွှေတန်ဆာဘုရား၌ တွေ့ဆုံပွဲကျင်းပမည်ဖြစ်ပြီး မွန်းလွဲ ၁ နာရီတွင် ရွှေဘိုမြို့ အမှတ်(၁၀) ရပ်ကွက်နေ ပြည်သူများနှင့် အထက(၂)ကျောင်းခန်းမ၌ တွေ့ဆုံပွဲကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

# သကြၤန်ကာလအပြီး မန္တလေးပဲဈေးကွက်တွင် အဖွင့်ဈေးကောင်းဖြင့် အရောင်းအဝယ် သွက်လက်

**မန္တလေး မေ ၂၀**

သကြၤန်ကာလအပြီး မေ ၂၀ ရက်တွင် မန္တလေးပဲဈေးကွက်၌ အဖွင့်ဈေးကောင်းမွန်ကာ ဝယ်လက်စုံလာရောက်မှုဖြင့် အရောင်းအဝယ်များ ပြန်လည်သွက်လက်စည်ကားလာကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

### သွက်လက်မြန်ဆန်နေ

"အရင်နှစ်တွေက သကြၤန်အပြီးမှာ ဈေးကွက်က အေးနေတတ်ပြီး အဖွင့်ဈေးကောင်းလေ့မရှိပေမယ့် ဒီနှစ်သကြၤန်အပြီးကတော့ ထူးထူးခြားခြား ပဲဈေးကွက်ဖွင့်ဖွင့်ချင်းနေ့မှာ အဖွင့်ဈေးတွေက သကြၤန်မတိုင်ခင်ဈေးထက်ပိုပြီး ကောင်းနေတဲ့အပြင် ရောင်းသူ၊ ဝယ်သူ လူစုံတက်စုံနဲ့ သွက်လက်မြန်ဆန်နေတယ်" ဟု မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

မန္တလေးပဲဈေးကွက်တွင် သကြၤန်မတိုင်မီကာလက ပြည်ပသို့ အဓိက တင်ပို့ကုန်များဖြစ်သည့် ပဲစင်းငုံမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၈၅၀၀၀ နှုန်းဖြင့်လည်းကောင်း၊ မြေထောက်ပဲမှာ ငွေကျပ် ၁၂၈၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ပဲတီစိမ်းမှာ ငွေကျပ် ၁၂၂၀၀၀ နှုန်းဖြင့်လည်းကောင်း၊ မြေပဲလုံးဆန်မှာ တစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀ နှုန်းဖြင့် လည်းကောင်း ပေါက်ဈေးရှိခဲ့ရာမှ သကြၤန်ကာလအပြီး မေ ၂၀ ရက်တွင် ပဲစင်းငုံမှာ ငွေကျပ် ၉၁၀၀၀ နှုန်း၊ မြေထောက်ပဲမှာ ငွေကျပ် ၁၃၀၀၀၀ နှုန်း၊ ပဲတီစိမ်းမှာ ငွေကျပ် ၁၂၅၀၀၀ နှုန်းနှင့် မြေပဲလုံးဆန်မှာ တစ်ပိဿာလျှင် ငွေကျပ် ၂၈၅၀ နှုန်းအထိ ဈေးမြင့်တက်လာကြောင်း သိရသည်။



### ဆက်လက်အရောင်းအဝယ်ဖြစ်နေ

ထို့အတူ မတ်ပဲ၊ ထောပတ်ပဲ၊ နှမ်း၊ ပြောင်းဖူးစေ့နှင့် ကုလားပဲအုပ်စုဝင်များဖြစ်သည့် V2, V7 နှင့် ထိုင်ဝမ်ပဲတို့မှာ သကြၤန်မတိုင်မီဈေးနှုန်းများအတိုင်း ဆက်လက်အရောင်းအဝယ်ဖြစ်နေပြီး လက်ရှိဈေးကွက်အစတွင် သကြၤန်မတိုင်မီ ဈေးနှုန်းထက်ကျဆင်းသွားသော ပဲအမျိုးအစားများ မရှိသလောက်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ထို့ပြင် ယခင်နှစ်များက မေလအတွင်း ပုံမှန်ရွာသွန်းလေ့ရှိသည့် သကြၤန်မိုးသည်းထန်မှုကြောင့် တချို့အညာဒေသများတွင် သီးနှံပျက်စီးမှုများကြုံတွေ့ခဲ့ရသော်လည်း ယခုနှစ်တွင် အဆိုပါသကြၤန်မိုးရွာသွန်းမှုမရှိခဲ့သဖြင့် သီးနှံပျက်စီးမှုနည်းပါးကာ အထွက်နှုန်း ပုံမှန်ထွက်ရှိနိုင်ကြောင်း သိရသည်။

**အောင်ဖြိုးကျော်**



# ဆံတော်ရှင် ကျိုက်ခနေတ်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

**ရန်ကုန်  မေ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ခနေတ်စံပြကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ဆုတောင်းပြည့် ကျိုက်ခနေတ်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို တန်ခူးလဆန်း ၈ ရက်မှ မြန်မာနှစ်ဆန်း ၃ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး ပြည်သူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

ကျိုက်ခနေတ် စေတီတော်မြတ်ကြီးသည် လွန်ခဲ့သော နှစ်ပေါင်း ၂၃၀၀ ကျော် သာသနာသက္ကရာဇ် ၂၄၀ ပြည့်နှစ်မှစ၍ ဟံသာဝတီမင်း အဆက်ဆက် တည်ထားပြုပြင် ကိုးကွယ်ခဲ့သော ရှေးဟောင်း သမိုင်းဝင် စေတီတော်ကြီးတစ်ဆူဖြစ်ကြောင်း မှတ်တမ်းများအရ သိရသည်။ အစိုးရအဆက်ဆက် ထိန်းသိမ်းပြုပြင်မွမ်းမံဆောင်ရွက်ခဲ့သည့် စေတီတစ်ဆူဖြစ်ပြီး ယခုအခါ ဉာဏ်တော်အမြင့် ၁၈၉ ပေ၊ လုံးပတ်တော် ၂၄၄ ပေကျော်၊ ဖိနပ်တော် ပေ ၄၉၀ ကျော် ရှိကြောင်း သိရသည်။

စေတီတော်မြတ်ကြီး၏ ရှေးဟောင်းလက်ရာအမွေအနှစ်များ မပျောက်ပျက်စေရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စေတီတော်မြတ်ကြီး ဘက်စုံပြင်ဆင်မွမ်းမံရေးအဖွဲ့နှင့် ဂေါပကအဖွဲ့တို့ ပူးပေါင်း၍ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ ထို့ပြင် နှစ်စဉ်နှစ်တိုင်း အစဉ်အလာမပျက် ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယ ဆွမ်းတော်ကြီးတင်ပွဲ၊ အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ၊ ဆွမ်းဆန်စိမ်း လောင်းလှူပွဲနှင့် ဈေးရောင်းပွဲတော်၊ ဇာတ်သဘင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများကို နှစ်စဉ်နှစ်တိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။



ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ ဒလမြို့နယ် ဆံတော်ရှင် ကျိုက်ခနေတ် စေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ပါက ရန်ကုန်(ပန်းဆိုးတန်း) ဆိပ်ကမ်းမှတစ်ဆင့် လာရောက်နိုင်ပြီး ဒလမြို့နာရီစင်အဝိုင်းမှ ခနေတ်စေတီသွား ကားလမ်းအတိုင်း သွားပါက ၁၂ မိုင်ခရီးကွာဝေးကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

# မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်အဖြစ် ရာဒူလိုဗစ်အား ခန့်အပ်

**ရန်ကုန်  မေ ၂၀**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လစ်လပ်လျက်ရှိသည့် မြန်မာ့လက်ရွေးစင် အမျိုးသားအသင်း နည်းပြချုပ်နေရာအတွက် လက်ဘန္ဓန်လက်ရွေးစင်အသင်း နည်းပြချုပ်ဟောင်း မွန်တီနီဂရိုးနိုင်ငံသား ရာဒူလိုဗစ်ကို ခန့်အပ်လိုက်ပြီဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၎င်းကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာအထိ စာချုပ်ချုပ်ဆိုမည်ဖြစ်သည်။ မြန်မာအသင်းနည်းပြသစ် ရာဒူလိုဗစ်သည် မေ ၁၈ ရက် ကတည်းက ရန်ကုန်မြို့သို့ ရောက်ရှိနေပြီဖြစ်ပြီး လက်ထောက်နည်းပြ တစ်ဦးပါ ခန့်အပ်မည်ဖြစ်သည်။ ရာဒူလိုဗစ်အနေဖြင့် စက်တင်ဘာလတွင် စတင်မည့် ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲနှင့် ၂၀၂၃ အာရှဖလားခြေစစ်ပွဲ ဒုတိယ အဆင့်၊ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာတွင်ကျင်းပမည့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတို့တွင် အောင်မြင်မှုရရှိအောင် စွမ်းဆောင်ပေးရမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင်အသင်းအတွက် ပွဲဦးထွက်ပွဲများကို ဇွန်လတွင်ကစားမည့် နိုင်ငံတကာခြေစမ်းပွဲများတွင် စတင်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၁၈ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတွင် တာဝန်ယူခဲ့သည့် ဂျာမနီနိုင်ငံသား အန်တွမ်နီဟေးနှင့် လမ်းခွဲပြီးကတည်းက နည်းပြလက်မဲ့ဖြစ်နေပြီး မတ်လက ကစားခဲ့သည့် နိုင်ငံတကာခြေစမ်းပွဲနှစ်ပွဲတွင် ဦးမျိုးမင်းထွန်းက ယာယီနည်းပြချုပ်အဖြစ် တာဝန်ယူကိုင်တွယ်ခဲ့သည်။ ရာဒူလိုဗစ်သည် နည်းပြသက်တမ်း နှစ် ၂၀ နီးပါး ရှိပြီဖြစ်ပြီး ယခင်က ပေါ်တူဂီ၊ မွန်တီနီဂရိုး၊ ကူဝိတ်၊ ကာဇက်စတန်ကလပ်အသင်းများ၊ ဆားဘီးယားနှင့် မွန်တီနီဂရိုး ယူ-၁၉ အသင်း၊ မွန်တီနီဂရိုး ယူ-၂၁ အသင်းတို့ကို ကိုင်တွယ်ခဲ့ပြီး အာရှအသင်းတစ်သင်းဖြစ်သော လက်ဘန္ဓန်လက်ရွေးစင် အသင်းကို ကာလရှည်ကိုင်တွယ်ခဲ့ဖူးသည့် နည်းပြတစ်ဦးဖြစ်သည်။ လက်ဘန္ဓန်အသင်းကို ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ကိုင်တွယ်ခဲ့ပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာလနှင့် ၂၀၁၆ ခုနှစ် မတ်လတွင် ယှဉ်ပြိုင်ကစားခဲ့သည့် ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် မြန်မာ့လက်ရွေးစင် အသင်းနှင့် တွေ့ဆုံခဲ့ဖူးသူဖြစ်ကာ တစ်ပွဲနိုင်၊ တစ်ပွဲသရေကျခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ရာဒူလိုဗစ်ကို မြန်မာအသင်း နည်းပြချုပ်အဖြစ် ခန့်အပ်ကြောင်း မေ ၂၀ ရက်က ထုတ်ပြန်ခဲ့ပြီး ရက်ပိုင်းအတွင်း စာချုပ်ချုပ်ဆိုပွဲနှင့် သတင်းစာရှင်းလင်းပွဲ ကျင်းပမည်ဖြစ်သည်။

**သတင်း- ရှိုင်းထက်ဇော်၊ ဓာတ်ပုံ- FoxSports Asia**



# ဆရာတော် ဘဒ္ဒန္တက္ကဝံသာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)၏ ထေရုပ္ပတ္တိ အကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ဆိတ်သာကျေးရွာ ခမည်းတော် ဦးဘိုမြ + မယ်တော် ဒေါ်ညိုစိန်တို့က ၁၂၈၁ ခုနှစ် ကဆုန်လဆန်း ၆ ရက် (တနင်္ဂနွေ)နေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၂၉၃ ခုနှစ်တွင် ဟင်္သာတမြို့နယ် ဆိတ်သာကျေးရွာ ဆိတ်သာကျောင်း ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် + မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိပြီး ၁၃၀၀ ပြည့်နှစ်တွင် ဟင်္သာတမြို့နယ် ကိုင်းချောင်းကျေးရွာ ကိုင်းချောင်းကျောင်း ခဏ္ဍာသိမ်၌ ယင်းကျောင်းဆရာတော် ဘဒ္ဒန္တမာဃကို ဥပဇ္ဈာယ်ပြု၍ ဟင်္သာတမြို့ ရွှေပြည်ဝန်းဆန်စက်ပိုင်ရှင် ဦးရွှေမြ + ဒေါ်ညွှက်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

**ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ဟင်္သာတမြို့နယ် ကိုင်းချောင်းကျောင်း ဆရာတော် ဘဒ္ဒန္တမာဃ၊ ဟင်္သာတမြို့ အတွင်းပတ္တမြားစာသင်တိုက် ဆရာတော်၊ ရန်ကုန်ကျောင်းဆရာတော်၊ ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက်ဆရာတော်၊ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ၊ စစ်ကိုင်းမြို့ပဋ္ဌာန်းသိပ္ပံကျောင်းဆရာတော် ဘဒ္ဒန္တက္ကန္ဒက စသော ဆရာတော်များထံတွင်လည်းကောင်း ပရိယတ္တိစာပေများကို ဆည်းပူးသင်ယူခဲ့ပါသည်။

**သာသနာရေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် တိုင်းဒေသကြီး သံဃနာယကဉက္ကဋ္ဌ(ရွှေကျင်)၊ မြို့နယ်သံဃနာယကဉက္ကဋ္ဌ၊ မြို့နယ်သံဃနာယကဩဝါဒါစရိယတာဝန်များကို ထမ်းဆောင်ခဲ့ပြီး နိုင်ငံတော် ဩဝါဒါစရိယ၊ ရွှေကျင်နိကာယရတ္တညူမဟာနာယက၊ ညောင်တုန်း ရှစ်မြို့နယ်လုံးဆိုင်ရာ ဝိနည်းပြန်ဌာနဂိုဏ်းချုပ်၊ သာသနပါလအသင်း ဩဝါဒါစရိယ ဆရာတော်အဖြစ် ဆောင်ရွက်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် အမျိုးဘာသာ သာသနာတော်ကို ချစ်မြတ်နိုးတော်မူခြင်း၊ သာသနာရေးလုပ်ငန်းများဆောင်ရွက်ရာ၌ ဇွဲ၊ လုံ့လ၊ ဝီရိယ ကြီးမားစွာဖြင့် ဆောင်ရွက်တော်မူခြင်း၊ ပရဟိတာဝဟဂုဏ်၊ သာသနဟိတရေဂုဏ်၊ ခမာ၊ ဇာဂရိယဂုဏ်တို့နှင့် ပြည့်စုံတော်မူခြင်းကြောင့် ရဟန်းရှင်လူတို့၏ ကြည်ညိုလေးစားမှုကို ခံယူရရှိရုံမျှမက နိုင်ငံတော်အစိုးရက ၁၉၉၂ ခုနှစ်တွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ၁၉၉၈ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ၂၀၁၉ ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကို လည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံ ပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၁၀၀ နှစ်၊ သိက္ခာတော် ၈၀ ဝါအရ ၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်နေ့(၁၉-၄-၂၀၁၉)သောကြာနေ့ ၁၂း၁၅ အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။



# ပြုံယမ်း နျူကလီးယားအရေးအတွက် ရုရှား အစွမ်းကုန်ကြိုးပမ်းမည်

**မော်စကို မေ ၂၀**
ရုရှားသမ္မတ ဗလာဒီမာပူတင်၏ ပြောရေးဆိုခွင့်ရှိသူ ဒီမာထရီ ပက်စ်ကော်ဗ်က ရုရှားအစိုးရအဖွဲ့အနေဖြင့် ကိုရီးယားကျွန်းဆွယ်ဒေသတွင်း နျူကလီးယားလက်နက်ကင်းစင်ပပျောက်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်မည်ဖြစ်သည်ဟု ယနေ့ပြောကြားခဲ့သည်။

ရုရှား-မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေးပွဲကို လာမည့်ရက်သတ္တပတ်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

နှစ်နိုင်ငံခေါင်းဆောင်များက နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်လုပ်ဆောင်မည့်ကိစ္စရပ်များနှင့် ကိုရီးယားကျွန်းဆွယ်ဒေသအတွင်း နျူကလီးယားလက်နက်ကင်းစင်ပပျောက်ရေးဆိုင်ရာ ကိစ္စရပ်များကို အဆိုပါထိပ်သီးအစည်းအဝေး၌ ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

လာမည့်မေ ၂၄ ရက်တွင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ရုရှားနိုင်ငံ ဗလာဒီဗိုစတော့ခ်မြို့သို့ ရထားဖြင့် လာရောက်မည်ဖြစ်သည်ဟု ရုရှားအစိုးရအဖွဲ့နှင့် ပတ်သက်ဆက်နွှယ်သည့် သတင်းရပ်ကွက်က ဆိုသည်။

မေ ၂၅ ရက်တွင် ဗလာဒီဗိုစတော့ခ်မြို့ကျွန်းတစ်ကျွန်းပေါ်ရှိ တက္ကသိုလ်တစ်ခုတွင် ခေါင်းဆောင်နှစ်ဦး တွေ့ဆုံကြမည်ဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီလက ကျင်းပခဲ့သည့် ရလဒ်ထွက်ပေါ်မှုမရှိခဲ့သော ဝါရှင်တန်-ပြုံယမ်း ထိပ်သီးအစည်းအဝေးပြီးနောက် ရုရှားနိုင်ငံအနေဖြင့် မြောက်ကိုရီးယားနျူကလီးယားလက်နက်ကင်းစင်ပပျောက်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းကာ ၎င်း၏ဩဇာလွှမ်းမိုးမှုကို ပြသနိုင်ဖွယ်ရှိသည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

**အင်န်အိတ်ချ်ကေ**



ရုရှားသမ္မတ
ဗလာဒီမာပူတင်



သမ္မတ ထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့ ဒုတိယအကြိမ်ထိပ်သီးအစည်းအဝေး၌ တွေ့ဆုံစဉ်။

# လစ်ဗျားအရှေ့ပိုင်းမှ စစ်ဘက်ခေါင်းဆောင် ဟက်ဖ်တာနှင့် အမေရိကန်သမ္မတတို့ ဖုန်းဖြင့်ဆက်သွယ်ပြောကြား

**ဝါရှင်တန် မေ ၂၀**
အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ယခု ရက်သတ္တပတ်အစောပိုင်းက လစ်ဗျား အရှေ့ပိုင်းအခြေစိုက်တပ်ဖွဲ့၏ တပ်မှူး ခါလီဖာဟက်ဖ်တာအား ဖုန်းဖြင့် ဆက်သွယ်ပြောကြားခဲ့သည်ဟု အိမ်ဖြူတော်က ပြောကြားကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

ခါလီဖာဟက်ဖ်တာက ၎င်းကိုယ်တိုင် လစ်ဗျားအမျိုးသားတပ်မတော်ဟု ကြေညာထားသည့် တပ်ဖွဲ့များနှင့် ကုလသမဂ္ဂထောက်ခံထားသည့် လစ်ဗျားနိုင်ငံ အနောက်ဘက်မှ ကြားဖြတ်အစိုးရအဖွဲ့၏ တပ်ဖွဲ့များအကြား တိုက်ခိုက်မှုများမှာ ယခုလ အစောပိုင်းကတည်းက ပြင်းထန်စွာ ဖြစ်ပွားလျက်ရှိသည်။ ခါလီဖာဟက်ဖ်တာ၏ တပ်ဖွဲ့များသည် မြို့တော် ထရီပိုလီသို့ ဦးတည်ကာ ရှေ့တိုးချီတက်လာခဲ့သည်။

အမေရိကန်သမ္မတနှင့် လစ်ဗျားအရှေ့ပိုင်းတပ်ဖွဲ့များ၏ တပ်မှူး ဟက်ဖ်တာတို့ ဖုန်းဖြင့်ဆက်သွယ်ပြောကြားရာတွင် လစ်ဗျားနိုင်ငံတည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးတို့မှာ အလွန်အရေးပါကြောင်း ပြောကြားခဲ့ပြီး အကြမ်းဖက်ဝါဒီများအား တိုက်ခိုက်မှုနှင့် လစ်ဗျားနိုင်ငံ၏ ရေနံအရင်းအမြစ်များ လုံခြုံရေးတွင် ခါလီဖာဟက်ဖ်တာ၏ အရေးပါသည့်အခန်းကဏ္ဍကို အမေရိကန်သမ္မတက အသိအမှတ်ပြု ပြောကြားခဲ့သည်ဟု အိမ်ဖြူတော်က ပြောကြားခဲ့သည်။

ထိုးစစ်တိုက်ခိုက်မှုများ ရပ်တန့်ရန် နိုင်ငံတကာအသိုင်းအဝိုင်းက ခါလီဖာဟက်ဖ်တာအား တောင်းဆိုထားသည်။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက ယခုလအစောပိုင်းတွင် ထုတ်ပြန်ခဲ့သည့် ကြေညာချက်၌ လစ်ဗျားနိုင်ငံတွင် ထိုးစစ်များဆင်နေမှုကို ဆန့်ကျင်ကြောင်း ဖော်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**



အမေရိကန်သမ္မတ
ဒေါ်နယ်ထရန့်



လစ်ဗျားအရှေ့ပိုင်းအခြေစိုက်တပ်ဖွဲ့၏
တပ်မှူး ခါလီဖာဟက်ဖ်တာ

# ဆူဒန်စစ်ကောင်စီနှင့် ဆန္ဒထုတ်ဖော်သူခေါင်းဆောင်များ အာဏာလွှဲပြောင်းပေးရေး ဆွေးနွေး

**ခါတွမ် မေ ၂၀**
ဆူဒန်နိုင်ငံ၏ အုပ်ချုပ်မှုအခွင့်အာဏာကို အရပ်သားအစိုးရထံ အာဏာလွှဲပြောင်းပေးရေးအတွက် ဆူဒန်ကာကွယ်ရေးအဖွဲ့ခေါင်းဆောင်များနှင့် ဆန္ဒထုတ်ဖော်သူ ခေါင်းဆောင်များအကြား စေ့စပ်ညှိနှိုင်းမှုများကို မေ၂၀ ရက်တွင် လုပ်ဆောင်ခဲ့ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်အရ သိရသည်။

ဆန္ဒထုတ်ဖော်သူခေါင်းဆောင်များက နိုင်ငံ၏ အုပ်ချုပ်မှုအခွင့်အာဏာကို ကာကွယ်စောင့်ရှောက်ရန် အရပ်သားကောင်စီတစ်ရပ်ဖွဲ့စည်းမည်ဟု ကြေညာချက်တစ်ရပ် ထွက်ပေါ်လာခဲ့ပြီးနောက် အဆိုပါစေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ခြင်းဖြစ်သည်။ ဧပြီ ၁၁ ရက်တွင် သမ္မတဟောင်း အိုမာအယ်လ်ဘာရှားအားဖယ်ရှားကာ စစ်ဘက်မှ အာဏာသိမ်းပိုက်ခဲ့ပြီးနောက် ဆူဒန်နိုင်ငံကို အဖွဲ့ဝင် ၁၀ ဦး ပါသော စစ်ကောင်စီက ကြီးကြပ်အုပ်ချုပ်လျက်ရှိသည်။

စစ်ကောင်စီတာဝန်ရှိသူများနှင့် ဆန္ဒထုတ်ဖော်သူခေါင်းဆောင်များ၏ စေ့စပ်ညှိနှိုင်းပွဲသို့ ဆန္ဒထုတ်ဖော်သူခေါင်းဆောင် ငါးဦးတက်ရောက်မည်ဖြစ်သည်ဟု ဆူဒန်ကျွမ်းကျင်ပညာရှင်များအဖွဲ့ဝင်တစ်ဦးက ဆိုသည်။

အကယ်၍ စစ်ကောင်စီက အရပ်သားအဖွဲ့သို့ အာဏာလွှဲပြောင်းပေးရန် ငြင်းဆန်ပါက စီစဉ်ထားသည့်အတိုင်း အချုပ်အခြာအာဏာပိုင် အရပ်သားကောင်စီတစ်ရပ်ကို မေ ၂၁ ရက်တွင် ကြေညာမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

စစ်ကောင်စီအနေဖြင့် အရပ်သားအစိုးရထံ အာဏာလွှဲပြောင်းပေးရန် ဆန္ဒရှိမည်မဟုတ်ကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

**အေအက်ဖ်ပီ**

# ကဘူးမြို့လယ်ကောင်၌ ပေါက်ကွဲသံနှင့် ပစ်ခတ်သံများကြားရ

**ကဘူး မေ ၂၀**
အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူး၏ မြို့လယ်ပိုင်းရှိ ဆက်သွယ်ရေးဝန်ကြီးဌာနရုံးအနီးတွင် မေ ၂၀ ရက်က ကျယ်လောင်သည့်ပေါက်ကွဲသံကြားရပြီးနောက် သေနတ်များဖြင့် ပစ်ခတ်သံများ ကြားရကြောင်း တာဝန်ရှိသူများက ပြောကြားသည်ဟု အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

တာလီဘန်စစ်သွေးကြွအဖွဲ့မှ ကိုယ်စားလှယ်များနှင့် အာဖဂန်နစ္စတန်အစိုးရ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးမှုပျက်ပြားပြီး တစ်ရက်အကြာတွင် ယင်းပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်ပြီး လတ်တလောတွင် ယင်းပေါက်ကွဲမှုအတွက် တာဝန်ရှိကြောင်း မည်သည့်အဖွဲ့အစည်းကမျှ ထုတ်ဖော်ပြောကြားခြင်းမရှိဘဲ သေကျေပျက်စီးမှုသတင်းများ ထွက်ပေါ်ခြင်းမရှိပေ။

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူး မြို့လယ်ရှိ ဆက်သွယ်ရေးဝန်ကြီးဌာနအနီးတွင် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၄၀ ခန့်တွင် ပေါက်ကွဲသံကို ကြားရပြီးနောက် သေနတ်ပစ်ခတ်သံများကို ပြတ်တောင်းပြတ်တောင်းကြားရသည်ဟု အာဖဂန် ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ နာဆရက်ရာဟီမီက ပြောကြားသည်။

ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ကြိုးကြားကြိုးကြား ပစ်ခတ်သံများကို မိနစ် ၃၀ ခန့်အထိ ကြားရကြောင်းနှင့် ယင်းနေရာကို လုံခြုံရေးတပ်ဖွဲ့များက ဝန်းရံပိတ်ဆို့ထားကြောင်း သတင်းတွင်ဖော်ပြသည်။

ဆက်သွယ်ရေးဝန်ကြီးဌာနသည် ကဘူးမြို့လယ်ပိုင်းတွင် တည်ရှိပြီး အစိမ်းရောင်ဇုန်နှင့် နှစ်ကီလိုမီတာ (၁ ဒသမ ၂၅ မိုင်) ကွာဝေးသည်။

ယခုရက်သတ္တပတ်အတွင်း၌ ၎င်းတို့ နှစ်စဉ်ဆင်နွှဲသည့် နွေဦးရာသီထိုးစစ်စတင်ကြောင်း တာလီဘန်အဖွဲ့က ကြေညာချက်ထုတ်ပြန်ခဲ့ပြီး အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်းလုံးတွင် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေစဉ်တွင် မြို့တော်ကဘူး၌ ယင်းပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အစ္စလာမ့်စ်နိုင်ငံ ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)၏ အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ အဖွဲ့ခွဲက ယခင်ကပင် မြို့တော်ကဘူး၌ လူအသေအပျောက်ရှိသည့် တိုက်ခိုက်မှုများ တစ်သီတစ်တန်းလုပ်ဆောင်ခဲ့သည်။ **အေအက်ဖ်ပီ**

# မက္ကဆီကိုရှိ မိသားစုပါတီပွဲတစ်ခုသို့ အကြမ်းဖက်သမားများ ဝင်ရောက်ပစ်ခတ်သဖြင့် ၁၃ ဦးသေဆုံး

**မက္ကဆီကိုစီးတီး မေ ၂၀**
မက္ကဆီကိုနိုင်ငံ ဗီရာရုဇ်ပြည်နယ်၌ ပါတီပွဲတစ်ခုအတွင်းသို့ အကြမ်းဖက်သမားများက သေနတ်များဖြင့် ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ ကလေးငယ်တစ်ဦးအပါအဝင် ၁၃ ဦး သေဆုံးခဲ့ပြီး အများအပြား ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း ယနေ့ အေအက်ဖ်ပီ သတင်းတစ်ရပ်အရ သိရသည်။

အဆိုပါ သေနတ်သမားများက 'အီဘက်ကီ'နှင့် တွေ့ဆုံရန် မိသားစုပါတီပွဲသို့ ဝင်ရောက်လာခဲ့ကြောင်းနှင့် 'အီဘက်ကီ'ဆိုသူမှာ အရက်ဆိုင်ပိုင်ရှင်တစ်ဦး၏ အမည်ဖြစ်ကြောင်း ပြည်သူ့လုံခြုံရေးဌာန၏ အတွင်းဝန်က ဆိုသည်။

သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး ငါးဦးနှင့် ကလေးငယ်တစ်ဦးတို့ သေဆုံးခဲ့ပြီး လေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

သေနတ်သမားများက သေနတ်မပစ်ခတ်မီ ၎င်းတို့၏မျက်နှာများကို သေချာစွာကြည့်ရန် ခိုင်းစေခဲ့ကြောင်း အသက်ရှင်လွတ်မြောက်သူများက ဆိုသည်။

အဆိုပါသေနတ်သမားအဖွဲ့သည် ခြောက်ဦးခန့် ဖြစ်ကြောင်းနှင့် ကလေးငယ်ပွေ့ချီထားသူများကိုပင် သနားညှာတာမှုမရှိဘဲ သေနတ်ဖြင့် ပစ်သတ်ခဲ့ကြောင်း အသက်ရှင်လွတ်မြောက်သူ အမျိုးသမီးတစ်ဦးက ဆိုသည်။

ဗီရာရုဇ်ပြည်နယ်သည် ပြစ်မှုများ အလွယ်တကူ ကျူးလွန်ရာနေရာတစ်ခုဖြစ်ပြီး မူးယစ်ဂိုဏ်းများ အချင်းချင်း သေနတ်ပစ်ခတ်မှုများ မကြာခဏ ဖြစ်ပွားလျက်ရှိသည်။


မက္ကဆီကိုနိုင်ငံအတွင်း၌ လုပ်ကြံသတ်ဖြတ်မှုများ မကြာခဏ ဖြစ်ပွားလျက်ရှိရာ လုပ်ကြံသတ်ဖြတ်ခံရသူ (သို့မဟုတ်) ပျောက်ဆုံးနေသူ လေးသောင်းကျော်ရှိသည်ဟု ရဲအရာရှိများက ဆိုသည်။

**အေအက်ဖ်ပီ**



# ပီအက်ဖ်အေတစ်နှစ်တာအကောင်းဆုံးကစားသမားဆုရှင် ဘယ်ကစားသမားဖြစ်လာမလဲ

**ပရော်ဖက်ရှင်နယ်ဘောလုံးသမားများအဖွဲ့ (ပီအက်ဖ်အေ)က တစ်နှစ်တာအကောင်းဆုံးကစားသမားဆုနှင့် လူငယ်အကောင်းဆုံးကစားသမားဆုတို့ကို နှစ်စဉ်ပေးအပ်ချီးမြှင့်လျက်ရှိပြီး အဆိုပါဆုအတွက် ဆန်ခါတင်ကစားသမားစာရင်းတွင် မန်စီးတီးအသင်းနှင့် လီဗာပူးအသင်းတို့မှ ကစားသမားအများစုပါဝင်နေသည်။**



မန်စီးတီးအသင်းသည် ပီအက်ဖ်အေတစ်နှစ်တာအကောင်းဆုံး ကစားသမားဆုအတွက် ဆန်ခါတင်စာရင်းတွင် ကစားသမားသုံးဦးအထိ ပါဝင်နေပြီး ကွင်းလယ်ကစားသမား ဘာနာဒိုဆေးလ်ဗား၊ တောင်ပံကစားသမားစတာလင်နှင့် တိုက်စစ်မှူးအဂူရိုတို့ ပါဝင်နေခြင်းဖြစ်သည်။


မန်စီးတီးအသင်းနှင့် ပရီမီယာလိဂ်ဖလားလုဘက်အဖြစ် ယခုနှစ် ဘောလုံးရာသီတွင် အပြိုင်ဖြစ်နေသည့် လီဗာပူးအသင်းကမူ နောက်တန်းကစားသမားဗန်ဒိုက်နှင့် တိုက်စစ်မှူး ဆာဒီယိုမာနေးတို့ ဆန်ကာတင်ကစားသမားစာရင်းတွင် ပါဝင်နေသည်။ ချယ်လ်ဆီးအသင်းအတွက်ကမူ တိုက်စစ်မှူး အေဒင်ဟာဇက်တစ်ဦးသာပါဝင်ခဲ့သည်။

၂၀၁၇-၂၀၁၈ ဘောလုံးရာသီက ပီအက်ဖ်အေတစ်နှစ်တာ အကောင်းဆုံးကစားသမားအဖြစ် လီဗာပူးတိုက်စစ်မှူး မိုဟာမက် ဆာလာက ရယူဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး လူငယ်အကောင်းဆုံးကစားသမားဆုကို မန်စီးတီးလူငယ်ကစားသမား စတာလင်က ရရှိခဲ့သည်။

ယခုနှစ်ဘောလုံးရာသီတွင် တောင်ပံကစားသမားစတာလင်နှင့်အပြိုင် အခြားသောအင်္ဂလန်ကြယ်ပွင့်ကစားသမားသုံးဦးအထိ ပါဝင်လာခဲ့ပြီး အဆိုပါကစားသမားများမှာ မန်ယူတိုက်စစ်မှူး ရက်ရှ်ဖို့ဒ်၊ လီဗာပူးညာနောက်ခံကစားသမား အလက်ဇန္ဒားအာနိုးနှင့် ဝက်စ်ဟမ်းကွင်းလယ်ကစားသမား ဒီကလန်ရိုက်တို့ဖြစ်သည်။ ထို့ပြင် ဘုန်းမောက်အသင်းမှ ဝေးလ်ကွင်းလယ်ကစားသမား ဒေးဗစ်ဘရွတ်ခ်လည်း ပါဝင်လာခဲ့သည်။

ပီအက်ဖ်အေတစ်နှစ်တာအကောင်းဆုံးကစားသမားဆုနှင့် လူငယ်အကောင်းဆုံးကစားသမားဆုတို့ကို ပရော်ဖက်ရှင်နယ်ဘောလုံးသမားများအဖွဲ့ (ပီအက်ဖ်အေ) အဖွဲ့ဝင်များက မဲပေးရွေးချယ်မည်ဖြစ်သည်။


ယခုနှစ် ဘောလုံးရာသီအတွက် ဆန်ခါတင်ကစားသမား စာရင်းဝင်ကစားသမားများ၏ စွမ်းဆောင်ရည်ကို ကြည့်မည်ဆိုပါက မန်စီးတီးအသင်းနှင့် အင်္ဂလန်အသင်းတို့၏ တောင်ပံကစားသမားစတာလင်သည် ပြိုင်ပွဲအရပ်ရပ်တွင် သွင်းဂိုး ၂၃ ဂိုးအထိသွင်းယူထားပြီး အင်္ဂလန်ပြည်တွင်းဖလား သုံးလုံးစလုံးရယူနိုင်မည့် လမ်းကြောင်းပေါ်ရောက်နေသည့် မန်စီးတီးအသင်းအတွက် အဓိကကစားသမားတစ်ဦးအဖြစ်လည်း ပါဝင်နေသည်။ မန်စီးတီးအသင်း



သည် ပရီမီယာလိဂ်ဖလားချန်ပီယံအဖြစ် နှစ်နှစ်ဆက်တိုက်ရယူနိုင်မည်ဟု ရေပန်းစားနေသည့်အသင်းလည်းဖြစ်သည်။

စတာလင်သည် ယခုနှစ်ဘောလုံးရာသီတွင် မန်စီးတီးအသင်းအတွက် သွင်းဂိုး ၃၆ ဂိုးအထိ တိုက်ရိုက်ပါဝင်ပတ်သက်မှုရှိနေပြီး ၂၃ ဂိုးသွင်းယူထားကာ ၁၃ ဂိုးဖန်တီးပေးထားနိုင်ခဲ့သည်။ စုစုပေါင်း ၄၅ ပွဲပါဝင်ကစားပေးထားခြင်းဖြစ်သည်။

တိုက်စစ်မှူးအဂူရိုသည် ၁၀၉ မိနစ်




တိုင်းတွင်တစ်ဂိုးသွင်းယူနိုင်သည့် စွမ်းဆောင်ရည်ရှိပြီး မန်စီးတီးအသင်းအတွက်လည်း ပရီမီယာလိဂ်ချန်ပီယံဖြစ်ရန် အဓိကအားထားရသည့်ကစားသမားတစ်ဦးဖြစ်သည်။ ပြိုင်ပွဲအရပ်ရပ်တွင် မန်စီးတီးအသင်းအတွက် သွင်းဂိုး ၃၀ အထိသွင်းယူထားနိုင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘောလုံးရာသီအတွင်း အခြားသောပရီမီယာလိဂ်ကစားသမားများထက် သွင်းဂိုးပိုမိုသွင်းယူနိုင်ခဲ့သည့် ကစားသမားလည်းဖြစ်သည်။

လီဗာပူး နောက်တန်းကစားသမား ဗန်ဒိုက်သည် ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ပြောင်းရွှေ့ကြေးပေါင် ၇၅ သန်းဖြင့် အန်ဖီးလ်သို့ ရောက်ရှိလာခဲ့ပြီး လီဗာပူးအသင်း ပရီမီယာလိဂ်ဖလားရရှိရေး မန်စီးတီးအသင်းနှင့် ယှဉ်ပြိုင်လျက်ရှိရာတွင် အဓိကပါဝင်နေသည့်ကစားသမားတစ်ဦးဖြစ်သည်။ အခြားသော ပရီမီယာလိဂ်နောက်တန်းကစားသမားများထက် နောက်တန်းခံစစ်



ကြောင်းတွင် ၇၇ ရာခိုင်နှုန်းအထိ အောင်မြင်မှုရရှိနေသည့်ကစားသမားတစ်ဦးဖြစ်သည်။


လီဗာပူးအသင်းမှ ဆီနီဂေါကြယ်ပွင့် ဆာဒီယိုမာနေးသည် ၂၀၁၆-၂၀၁၇ ဘောလုံးရာသီကလည်း ပီအက်ဖ်အေတစ်နှစ်တာ အကောင်းဆုံးအသင်းတွင် ပါဝင်ခဲ့ပြီး အဲဒီဘောလုံးရာသီနောက်ပိုင်း ခြေစွမ်းပိုင်း ပိုမိုကောင်းမွန်လာခဲ့ခြင်းဖြစ်သည်။ ပရီမီယာလိဂ် ရွှေဖိနပ်ဆုအတွက်လည်း မိုဟာမက်ဆာလာနှင့် အဂူရိုတို့၏ နောက်တွင် သွင်းဂိုး ၁၈ ဂိုးဖြင့် ရေပန်းစားနေသည့် ကစားသမားလည်း ဖြစ်သည်။ ပြိုင်ပွဲအရပ်ရပ်တွင် သွင်းဂိုး ၂၂ ဂိုးအထိသွင်းယူထားနိုင်ခဲ့ပြီး ဂျာမနီမြေတွင် ဘိုင်ယန်မြူးနစ်အသင်းကို အနိုင်ရရှိခဲ့သည့် ချန်ပီယံလိဂ် ၁၆ သင်း အဆင့်ပွဲစဉ်တွင် လီဗာပူးအသင်းအတွက် သွင်းဂိုး နှစ်ဂိုးသွင်းယူနိုင်ခဲ့သူ ဖြစ်သည်။



မန်စီးတီး ကွင်းလယ်ကစားသမား ဘာနာဒိုဆေးလ်ဗာသည် ကီဗင်ဒီဘရိုင်း မပါဝင်နိုင်ခဲ့ချိန်တွင် အသင်းအတွက် အဓိကအားထားရပြီး မန်စီးတီးအသင်း၏ ကွင်းလယ်ပိုင်းတွင် မရှိမဖြစ်ကစားသမားအဖြစ်လည်း သတ်မှတ်ခံခဲ့ရသူဖြစ်သည်။

ဘာနာဒိုဆေးလ်ဗားသည် ၂၀၁၇ ခုနှစ်အတွင်းက မိုနာကိုအသင်းမှ ပြောင်းရွှေ့ကြေးပေါင် ၄၃ သန်းဖြင့် ရောက်ရှိလာခဲ့ခြင်းဖြစ်ပြီး မန်စီးတီးအသင်းအတွက် ယခုနှစ် ဘောလုံးရာသီပြိုင်ပွဲအရပ်ရပ်တွင် ၄၅ ပွဲ၌ ၂၃ ဂိုးအထိ တိုက်ရိုက်ပါဝင်ပတ်သက်မှုရှိနေသည်။ သွင်းဂိုး ၁၂ ဂိုးသွင်းယူထားကာ ၁၁ ဂိုးအထိ ဂိုးဖန်တီးမှုပြုလုပ်နိုင်ခဲ့သူဖြစ်သည်။

ချယ်လ်ဆီးတိုက်စစ်မှူး ဟာဇက်သည် ပြီးခဲ့သည့်နှစ်က ရုရှားနိုင်ငံတွင် ကျင်းပခဲ့သည့်



၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘယ်လ်ဂျီယံအသင်းကို ဆီမီးဖိုင်နယ်အဆင့်ရောက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့်အပြင် ယခုနှစ် ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်းအတွက် သွင်းဂိုး ၂၈ ဂိုးအထိ တိုက်ရိုက်ပါဝင်ပတ်သက်မှုရှိနေပြီး သွင်းဂိုး ၁၆ ဂိုးသွင်းယူထားကာ ၁၂ ဂိုးအထိ ဂိုးဖန်တီးမှုပြုလုပ်ပေးနိုင်ခဲ့သူဖြစ်သည်။

၂၀၁၈-၂၀၁၉ ဘောလုံးရာသီအတွက် ပီအက်ဖ်အေအကောင်းဆုံး ကစားသမားဆုကို ဧပြီ ၂၈ ရက်တွင် တရားဝင်ထုတ်ပြန်ကြေညာသွားမည်ဖြစ်ရာ လက်ရှိဆန်ခါတင်ကစားသမားများအနက် မည်သည့်ကစားသမား ပီအက်ဖ်အေတစ်နှစ်တာအကောင်းဆုံးဆုရှင်ဖြစ်လာမည်လဲဆိုတာ စိတ်ဝင်စားစရာကောင်းနေသည်။

ငွေကြယ် - ရေးသားသည်

# မန်စီးတီးက စပါးကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ၊ ကွင်းလယ်လူ ကီဗင်ဒီဘရိုင်း ဘယ်ဒူးဒဏ်ရာရရှိ





မန်စီးတီးအသင်းသည် ပရီမီယာလိဂ်ပြိုင်ပွဲ၏ စနေနေ့ညအစောပိုင်းပွဲစဉ်အဖြစ် စပါးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဖီးလ်ဖိုဒန်၏ သွင်းဂိုးတစ်ဂိုးဖြင့် မန်စီးတီးအသင်းအနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် မန်စီးတီးအသင်းနှင့် စပါးအသင်းတို့သည် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲကစားချိန် ၅ မိနစ်တွင် သွင်းယူခဲ့သည့် ဖီးလ်ဖိုဒန်၏ သွင်းဂိုးဖြင့် မန်စီးတီးက အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ယင်းပွဲစဉ်အနိုင်ရရှိခဲ့ခြင်းကြောင့် မန်စီးတီးအသင်းသည် အမှတ်ပေးဇယားဒုတိယနေရာက လီဗာပူးအသင်းကို ရမှတ်တစ်မှတ်ဖြတ်ထားနိုင်ခဲ့ကာ အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။

ယင်းပွဲစဉ်တွင် မန်စီးတီးအသင်း အနိုင်ရရှိခဲ့သော်လည်း မန်စီးတီးကွင်းလယ်ကစားသမား ကီဗင်ဒီဘရိုင်းမှာ ဘယ်ဒူးဒဏ်ရာရရှိခဲ့ခြင်းကြောင့် ပွဲကစားချိန် ၃၈ မိနစ်တွင် ဖာနန်ဒင်ဟိုနှင့် လူစားလဲခဲ့ရသည်။

ကွင်းလယ်ကစားသမားဒီဘရိုင်းသည် ညာဒူးဒဏ်ရာရရှိခဲ့ခြင်းကြောင့်လည်း ယခုနှစ်ဘောလုံးရာသီအစပထမ နှစ်လကြာ အနားယူခဲ့ရသူဖြစ်သည်။

ဒီဘရိုင်းသည် ဒီဇင်ဘာလအတွင်းက ဒဏ်ရာမှ ပြန်လည်သက်သာကာ မန်စီးတီးအသင်းနှင့် ပြန်လည်ပွဲထွက်ကစားနိုင်ခဲ့ပြီး ယခုနှစ်ဘောလုံးရာသီတွင် ပရီမီယာလိဂ် ၁၅ ပွဲပါဝင်ကစားပေးထားသည်။

နည်းပြဂွာဒီယိုလာ၏ မန်စီးတီးအသင်းသည် ယခုစပါးအသင်းနှင့် ပွဲစဉ်ယှဉ်ပြိုင်ကစားပြီးနောက် ကစားရန် ပရီမီယာလိဂ် လေးပွဲကျန်ရှိနေချိန်တွင် ရမှတ် ၈၆ မှတ်ရရှိထားပြီး အမှတ်ပေးဇယားဒုတိယနေရာက လီဗာပူးအသင်းမှာ ရမှတ် ၈၅ မှတ်ရရှိထားကြောင်းသိရသည်။

# မြောက်ဦးမြို့အနီးရှိ နယ်မြေခံတပ်ဌာနချုပ်သို့ AA အဖွဲ့က အလစ်အငိုက် တိုက်ခိုက်ရန် ဝင်ရောက်လာစဉ် လုံခြုံရေးကင်းအဖွဲ့များနှင့် ထိတွေ့မှုဖြစ်ပွား

**နေပြည်တော် မေ ၂၀**

မြောက်ဦးမြို့အနီးရှိ နယ်မြေခံတပ်ဌာနချုပ်အား ယနေ့ နံနက် ၄ နာရီခန့်တွင် အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ရန် တိတ်တဆိတ်ချဉ်းကပ်လာသည့် AA အဖွဲ့၏လှုပ်ရှားမှုကို လုံခြုံရေးကင်းအဖွဲ့များက တွေ့ရှိသောကြောင့် လက်ဦးမှုရယူပစ်ခတ်ခဲ့ရာ AA အဖွဲ့သည် နောက်ကြောင်းသို့ ဆုတ်ခွာထွက်ပြေးသွားကြောင်း သိရသည်။


**မိုင်းရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်**

လုံခြုံရေးအဖွဲ့များသည် AA အဖွဲ့ ချဉ်းကပ်ရာ လမ်းကြောင်းတစ်လျှောက် မိုင်းရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ နံနက် ၆ နာရီ ၄၅ မိနစ်ခန့်တွင် AA အဖွဲ့မှ အလောင်းတစ်လောင်းအား လက်ပစ်ဗုံးတစ်လုံး၊ ပလတ်စတစ်ပိုက်ဖြင့် ပြုလုပ်ထားသော ဒေသန္တရလက်လုပ်မိုင်းတစ်လုံး၊ ခဲယမ်းဆက်စပ်ပစ္စည်းများနှင့်အတူ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**ဒေသခံပြည်သူလူထုများဖြင့် ပူးပေါင်း**

AA အဖွဲ့သည် မြောက်ဦးမြို့နှင့် ပတ်ဝန်းကျင်တစ်ဝိုက်၏ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအား ထိခိုက်ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် မိုင်းထောင်၊ မိုင်းဆွဲခြင်း၊ ချောင်းမြောင်းပစ်ခတ်ခြင်းများ ဆက်တိုက်ပြုလုပ်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့၊ ရပ်ကွက်နှင့် ကျေးရွာများမှ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူလူထုများဖြင့် ပူးပေါင်း၍ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**






# မြစ်ကြီးနား၌ ငါးမျှားနေသူတစ်ဦး၏ ငါးမျှားချိတ်၌ လက်ပစ်ဗုံးချိတ်ပါလာ

**မြစ်ကြီးနား မေ ၂၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ယနေ့ ညနေပိုင်းက ငါးမျှားနေသူတစ်ဦး၏ ငါးမျှားချိတ်တွင် လက်ပစ်ဗုံးချိတ်ပါလာခဲ့ကြောင်း မြစ်ကြီးနားမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ယနေ့ညနေ ၅ နာရီခွဲက မြစ်ကြီးနားမြို့ အေးစေတီရပ်ကွက်နေ စိုးမင်းထိုက်သည် မင်းရပ်ရပ်ကွက်ရှိ ဧရာဝတီမြစ်ကမ်းဘေးတွင် ငါးမျှားနေစဉ် ငါးမျှားချိတ်၌ ပလတ်စတစ်အိတ်ဖြင့်ထုပ်ထားသည့် လက်ပစ်ဗုံးတစ်လုံး ချိတ်ပါလာခဲ့၍ မြစ်ကြီးနားမြို့မရဲစခန်းသို့ အကြောင်းကြားခဲ့ရာ မြစ်ကြီးနားမြို့မရဲစခန်းမှူး ဒုတိယရဲမှူးသန်းလွင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး နယ်မြေခံတပ်သို့ ဆက်လက်သတင်းပို့ကာ လက်ပစ်ဗုံးကို မြို့မရဲစခန်းတွင် သိမ်းဆည်းထားခဲ့သည်။

အဆိုပါလက်ပစ်ဗုံးအမျိုးအစားမှာ စင်ကာပူနိုင်ငံလုပ် MG-1 အမျိုးအစားဖြစ်ကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

# နတ်တလင်း၊ ကလေး၊ ညောင်ဦးနှင့် မောင်တောမြို့နယ်တို့တွင် မီးလောင်မှုဖြစ်ပွား

**နတ်တလင်း**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် တာပွန်နယ်မြေ ရဲစခန်းပိုင်ဖြစ်သော ပျဉ်းမကုန်းကျေးရွာအုပ်စု ကံတွင်းရွာနေ ဦးခင်မောင်လွင်၏နေအိမ် မီးဖိုမီးကြွင်းမီးကျန်မှ မေ ၂၀ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် မီးစတင်လောင်ကျွမ်းသဖြင့် နေအိမ်ရှစ်လုံး မီးလောင်ကျွမ်းခဲ့သည်။ **(ယာပုံ)**



မီးလောင်ရာသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသက်ချိုဦးနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၃၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀၊ တာပွန်၊ နတ်တလင်း၊ ဇီးကုန်းမြို့တို့မှ စုစုပေါင်း မီးငြှိမ်းသတ်ယာဉ်ခုနစ်စီးတို့ ရောက်ရှိလာပြီး ဒေသခံပြည်သူများနှင့်အတူ ဝိုင်းဝန်းငြှိမ်းသတ်ကြရာ မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် မီးလုံးဝငြိမ်းသွားကြောင်း၊ မီးလောင်ရာနေရာသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေဝဏ္ဏလှိုင်နှင့် တာဝန်ရှိသူများ လာရောက်ကူညီကြကြောင်း သိရသည်။

မီးလောင်မှုကြောင့် နေအိမ်ရှစ်လုံး၊ အိမ်ထောင်စု ရှစ်စု၊ မီးဘေးသင့်ပြည်သူ ၂၇ ဦးရှိပြီး မီးစတင်လောင်သည့်အိမ်ရှင် ဦးခင်မောင်လွင်အား တာပွန်နယ်မြေရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်းနှင့် မီးဘေးသင့်ပြည်သူများကို ယာယီတည်းခိုရန် ဆွေမျိုးများနေအိမ်သို့ ရွှေ့ပြောင်းကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။

**တင်မြင့်-နတ်တလင်း**

**ကလေး**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် စက္ကန့်ကျေးရွာရှိ စတားလေးကျောက်ခဲစက်ရှိအလုပ်သမားတန်းလျားသို့ မေ ၂၀ ရက်က တောမီးမှတစ်ဆင့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်သည့်နေရာသို့ ကလေးခရိုင်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင် ၁၄ ဦးတို့ဖြင့် မီးငြှိမ်းသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီးဖြင့် ငြှိမ်းသတ်ခဲ့ကြသည်။ မီးလောင်မှုသည် တောမီးမှတစ်ဆင့် ကူးစက်လောင်ကျွမ်းခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**ညောင်ဦး**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ အမှတ်(၆) အောင်မြေသာရပ်ကွက်တွင် မေ ၂၀ ရက်က မီးအားဖြတ်စက် အပူလွန်ကဲရာမှတစ်ဆင့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း ညောင်ဦးမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မေ ၂၀ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က ညောင်ဦးမြို့ အမှတ်(၆)အောင်မြေသာရပ်ကွက်ရှိ(၂)လမ်းနှင့်(၃)လမ်းကြားနေ ဦးစိုးမြင့်၏ ဖူးချစ်စတိုးဆိုင်မှ ရေခဲသေတ္တာ မီးအားဖြတ်စက် အပူလွန်ကဲရာမှတစ်ဆင့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ မီးလောင်ရာသို့ ညောင်ဦးခရိုင် မီးသတ်ဦးစီးဌာနမှ ခရိုင်မီးသတ်ဦးစီးမှူး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မီးငြှိမ်းသတ်ယာဉ် ရှစ်စီး၊ သန္ဓေ၊ အရန် မီးသတ်တပ်ဖွဲ့ဝင် ၄၄ ဦး၊ ညောင်ဦးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်များက ရပ်ကွက်နေပြည်သူများနှင့် ပုဂံညောင်ဦးမြို့ပေါ်ရှိ လူမှုကူညီရေးပရဟိတအသင်းများမှ ရေသယ်ယာဉ်ခုနစ်စီးတို့ဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် နေအိမ်နှစ်လုံး၊ ဈေးဆိုင်အဆောက်အအုံ တစ်လုံးနှင့် ကားဂိုဒေါင်တစ်လုံး၊ အဲကွန်းနှစ်လုံးနှင့် ရေခဲသေတ္တာငါးလုံး မီးလောင်ပျက်စီးဆုံးရှုံးသွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုနှင့်ပတ်သက်၍ စတိုးဆိုင်ပိုင်ရှင် ဦးစိုးမြင့်အား ညောင်ဦးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

**မောင်တော**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကျီးကန်းပြင်ကျေးရွာ ဒေဝါနဒီဂေါက်ကွင်းရှိ လယ်ကွင်းတွင် မေ ၂၀ ရက် နံနက် ၉ နာရီခွဲက မီးစတင်လောင်ကျွမ်းခဲ့ရာ ခရိုင်မီးသတ်ဦးစီးမှူးရုံးမှ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်စင်ဦးစီး၍ ကျီးကန်းပြင်နယ်မြေ မီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး မောင်ထွေး၊ မြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ ဒုမီးသတ်ဦးစီမှူး လှိုင်းကိုကို၊ လှဖိုးခေါင်ယာယီကြားစခန်းမှ တပ်ကြပ် လှမောင်စိန်တို့သည် တပ်ဖွဲ့ဝင်များနှင့်အတူ မီးငြှိမ်းသတ်ယာဉ် သုံးစီး၊ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် သွားရောက်မီးငြှိမ်းသတ်ခဲ့သည်။

အဆိုပါ လယ်ကွင်းမီးလောင်မှုသည် လမ်းသွားလမ်းလာတစ်ဦးက ဆေးလိပ်မီးစွန့်ပစ်ရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ လယ်ဧက ၂၀ ခန့် မီးလောင်ကျွမ်းခဲ့သည်။

အလားတူ အမှတ်(၅)ရပ်ကွက် အမှိုက်ပုံတွင် ညနေ ၄ နာရီ ၁၅ မိနစ်တွင် လည်းကောင်း၊ ရွှေရင်အေးအုပ်စု ခရေမြိုင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက်အနီး ကိုင်းတောတွင် ညနေ ၆ နာရီ မိနစ် ၂၀ တွင် လည်းကောင်း မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်မီးငြှိမ်းသတ်ခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

# မံစီနှင့် အောင်မြေသာစံတို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၀**

မူးယစ်တပ်ဖွဲ့စု(၁)ဗန်းမော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၉ ရက် ညနေပိုင်းက မံစီမြို့နယ် မံရုံကျေးရွာအနီး ကားလမ်းပေါ်တွင် နိုင်ဟိန်းအောင်(ခ)ဖိုးပြား မောင်းနှင်ပြီး ကွမ်းခေး(ခ)နေဇင်ထွန်း လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၀၉ ပြား၊ ငွေကျပ် ၃၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ မေ ၁၉ ရက် နံနက် ၀၀း၃၀ နာရီတွင် မူးယစ်တပ်ဖွဲ့စု(၁၇)မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောင်မြေသာစံမြို့နယ် မေဃဂီရိရပ်ကွက် အကွက်အမှတ်(၁၄၆) ၁၈ လမ်းနှင့် ၁၉ လမ်းကြား၊ လမ်း ၈၀ နှင့် ၈၁ လမ်းကြားရှိ တင်မောင်လွင်၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၈၀၀၊ ဆာလဖြူရစ်အက်စစ် သုည ဒသမ ၀၈ လီတာ၊ ဟိုက်ဒရိုကလိုရစ်အက်စစ် သုည ဒသမ ၀၆ လီတာ၊ အက်စစ်တစ်အင်ဟိုက်ဒရိုက် သုည ဒသမ ၁၁ လီတာ၊ အက်စစ်တစ်အက်စစ် သုည ဒသမ ၀၅ လီတာ၊ အက်စီတုန်း သုည ဒသမ ၀၁၅ လီတာ၊ ဝမ်းဖီနိုင်း-တူးပရိုပန်နုန်း သုည ဒသမ ၀၁ လီတာ၊ အက်ဖီဒရင်း သုည ဒသမ ၀၂ ကီလို၊ ငွေကျပ်သိန်း ၂၀၀၊ ရွှေထည်မျိုးစုံဖြစ်သည့် ဆွဲကြိုးတစ်ကုံး၊ ဟန်းချိန်းတစ်ကုံး၊ လက်စွပ်တစ်ကွင်း၊ နားကပ်တစ်ရန်၊ ဘဏ်ငွေစာရင်းစာအုပ် ၁၀ အုပ်၊ လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ ပြည်ကြီးတံခွန်မြို့နယ် ၅၈ လမ်း ကျန်စစ်သားလမ်းနှင့် ဗန္ဓုလလမ်းကြားရှိ ကိုလှမြင့် မော်တော်ယာဉ်ပြုပြင်ရေးဆိုင်၌ တင်မောင်လွင် အပ်နှံထားသည့် မော်တော်ယာဉ်ငါးစီးကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# ရိုးရာအိုးလုပ်ငန်းအား ယနေ့အထိလုပ်ကိုင်နေသော မြို့ရွှေကူ

**ရွှေကူ မေ ၂၀**

ရွှေကူမြို့သည် မြန်မာနိုင်ငံ ကချင်ပြည်နယ် ဗန်းမော်ခရိုင်ရှိ မြို့နယ်တစ်ခု ဖြစ်သည်။ ရွှေကူမြို့နယ်တွင် ရွှေကူမြို့နှင့် မြို့လှမြို့တို့ ပါဝင်ပြီး မြို့နယ်ရုံး စိုက်ရာမြို့မှာ ရွှေကူမြို့ ဖြစ်သည်။

ရွှေကူမြို့ထွက် ထင်ရှားသောကုန်ပစ္စည်းမှာ မြေအိုးဖြစ်သည်။ ရွှေကူအိုးသည် လှပစွာဆေးခြယ်ထားသဖြင့် အလွန်လူကြိုက်များသည်။ ရွှေကူမြို့မှ ထွက်ရှိသောအိုးမှာ လူကြိုက်များခြင်းကြောင့် အနယ်နယ်အရပ်ရပ်ရှိ အိုးလုပ်ငန်းရှင်များ လာရောက်ဝယ်ယူလေ့ရှိကြောင်း ဒေသခံများထံမှ သိရသည်။ ယင်းအိုးလုပ်ငန်းမှာ ပင်ပန်းသော်လည်း ဒေသခံများ ယနေ့အထိ ရိုးရာအိုးလုပ်ငန်းများကို တွင်ကျယ်စွာလုပ်ကိုင်နေကြကြောင်း သိရသည်။ ရွှေကူမြို့ဟုဆိုလိုက်သည်နှင့် အိုးအလှလုပ်ငန်းများဖြင့် ပျော်မွေ့နေကြသော တိုင်းရင်းသားများတည်ရှိရာ ကချင်ဒေသဟု လူသိများကြသည်။



ရွှေကူမြို့နယ်ရှိအိုးလုပ်ငန်းမှာ နှစ်မျိုးရှိပြီး အကြမ်းထည်လုပ်ရသော အိုးလုပ်ငန်းနှင့် လုပ်ပြီးသားအိုးများကို အလှပန်းခြယ်သရသော လုပ်ငန်းဟူ၍ နှစ်မျိုးရှိသည်။ အကြမ်းထည်လုပ်ရသည့်အိုးလုပ်ငန်းများမှာ ပထမအဆင့် အနေဖြင့် အိုးလုပ်မည့်မြေအား ဝယ်ယူရပြီး ဝယ်ယူပြီးသော မြေများအား အမှုန့်ဖြစ်အောင် စက်ဖြင့်ကြိတ်နယ်ရသည်။ ထိုမှတစ်ဆင့် (ဒေသလုပ်ငန်း အခေါ်)ပထမအဆင့်မှရရှိသော မြေမှုန့်ကို အခဲပြုလုပ်ရပြီး ယင်းနောက် မိမိလုပ်ကိုင်မည့် အိုးအမျိုးအစားအလိုက် ရေဖြင့်နယ်ကာ အိုးပုံဖော်စက်ဖြင့် ပုံဖော်ရသည်။ အိုးအကြမ်းထည်မှ အချောထည်ဖြစ်ရန် အဆင့်သုံးဆင့် လုပ်ကိုင်ကြရသည်။ လုပ်ကိုင်ပြီးသော အကြမ်းထည်အိုးအား ရောင်းတန်းဝင်အိုးများ ဖြစ်ရန် ပန်းအလှခြယ်သရခြင်းလုပ်ငန်းကို လုပ်ကိုင်ကြရသည်။ အဓိကအနေဖြင့် အိုးလုပ်မည့်မြေသည် အခြားမြေများဖြင့် လုပ်ကိုင်၍မရပါ။


ရွှေကူမြို့သည် ကုန်းလမ်း၊ ရေလမ်း နှစ်မျိုးရှိခြင်းကြောင့် ဒေသခံများအတွက် ဒေသထွက်ကုန်ပစ္စည်းများအား တစ်မြို့နယ်မှ တစ်မြို့နယ်သို့ ကုန်စည်စီးဆင်း ရောင်းဝယ်ရေးမှာလည်း အဆင်ပြေလျက်ရှိသည်။ အဓိက အနေဖြင့် ရှေးရိုးရာမပျက် မြေအိုးလုပ်ငန်းရှင်များက အခြားမြို့နယ်သို့ တင်ပို့ ရောင်းဝယ်ရာ၌ ရေလမ်းမှတစ်ဆင့် ရောင်းဝယ်ကြကြောင်း သိရသည်။



ကချင်ဒေသသို့ ရောက်ရှိကြသည့် နိုင်ငံခြားသားခရီးသွားများမှာ ရွှေကူမြို့သို့ ရောက်ရှိသည်နှင့် ရိုးရာပန်းအလှခြယ် အိုးလုပ်ငန်းများအား လာရောက်လေ့လာဝယ်ယူတတ်ကြကြောင်း သိရသည်။ **ကျော်ကျော်(မလှိုင်)**













# မကွေးတိုင်းဒေသကြီးအတွင်း လေပြင်းတိုက်ခတ်မှုဒဏ်ခံခဲ့ရသော မြို့နယ်များတွင် ထောက်ပံ့ပေးအပ်

**မကွေး မေ ၂၀**

မကွေးတိုင်းဒေသကြီးအတွင်း လေပြင်းတိုက်ခတ်မှုများကြောင့် ဘာသာရေးအဆောက်အအုံ ၁၄ လုံးနှင့် လူနေအိမ် ၆၁၂ လုံးတို့ ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပြီး လေဘေးသင့်အိမ်ထောင်စု ၆၁၂ စု၊ လူဦးရေ ၁၇၉၇ ဦးရှိကာ ပျက်စီးဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၂၉၁၀၂၉၅၀ ရှိခဲ့ခြင်းကြောင့် ငွေကျပ် ၃၅၄၀၃၆၃၉ တန်ဖိုးရှိထောက်ပံ့မှုများ လုပ်ဆောင်ပေးခဲ့ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

"ဒီလအတွင်းမှာ လေပြင်းတိုက်ခတ်မှုက ဖြစ်လေ့ဖြစ်ထရှိပါတယ်။ ဒီလိုဖြစ်တဲ့အခါမှာလည်း ဘေးသင့်ပြည်သူတွေကို ကယ်ဆယ်ရေးပစ္စည်းတွေ၊ ရန်ပုံငွေတွေ အချိန်မီရောက်ရှိအောင် ဆောင်ရွက်လျက်ရှိပါတယ်။ အိမ်ဆောက်ပစ္စည်းတွေအတွက်တော့ ငွေကိုပဲလိုချင်ကြတဲ့အတွက် ငွေသားပဲ ထောက်ပံ့ပေးပါတယ်။ ဘေးအန္တရာယ်လျော့ပါးရေးအတွက် ကြိုတင်ပြင်ဆင်မှုအနေနဲ့ ကျေးရွာတွေမှာ ပညာပေးဟောပြောပွဲတွေ ဆက်လက်ဆောင်ရွက်သွားပါမယ်" ဟု တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမြင့်စိုးက ပြောသည်။

မတ် ၃၀ ရက်တွင် မကွေးမြို့နယ် ငါးဆောင်ကျေးရွာ၊ မတ် ၃၁ ရက်တွင် ပွင့်ဖြူမြို့နယ် ရေဖြူတွင်းကျေးရွာ၊ မေ ၁ ရက်တွင် သရက်မြို့နယ် စက်တောင်ကျေးရွာ၊ မေ ၂ ရက်တွင် ကံမမြို့နယ်အတွင်း ကျေးရွာလေးရွာ၊ မေ ၅ ရက်တွင် ဂန့်ဂေါမြို့နယ် ညောင်လယ်ကျေးရွာ၊ မေ ၆ ရက်တွင် ပခုက္ကူမြို့နယ်အတွင်းမှ ကျေးရွာ ၁၀ ရွာနှင့် ဂန့်ဂေါမြို့နယ် ဖုန်းဆိုကြယ်ကျေးရွာ၊ မေ ၇ ရက်တွင် သရက်မြို့နယ်အတွင်းမှ ကျေးရွာခြောက်ရွာ၊ မေ ၈ ရက်တွင် ပေါက်မြို့နယ် ဝန်တင်ကျေးရွာတို့တွင် လေပြင်းများတိုက်ခတ်၍ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

ထို့နောက် မေ ၁၇ ရက်တွင် မကွေးမြို့နယ် ဖိုဝေးကျေးရွာနှင့် ဆူးပြစ်စမ်းကျေးရွာ၊ ပေါက်မြို့နယ်ရှိ ကျေးရွာ ၁၆ ရွာ၊ တောင်တွင်းကြီးမြို့နယ်ရှိ ကျေးရွာ ၁၈ ရွာ၊ မေ ၁၈ ရက်တွင် ဂန့်ဂေါမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၊ ပေါက်မြို့နယ်ရှိ ကျေးရွာသုံးရွာနှင့် မြိုင်မြို့နယ်ရှိ ကျေးရွာခြောက်ရွာတို့တွင် လေပြင်းများ ပြန်လည်တိုက်ခတ်ခဲ့မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ ဒေသဆိုင်ရာ တာဝန်ရှိသူများက ကူညီထောက်ပံ့မှုများနှင့် လေဘေးသင့်မှုဆိုင်ရာ စာရင်းကောက်ခံမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**





# ရွှေမော်ဓောစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူ

**ပဲခူး မေ ၂၀**

ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်ကြီး၌ မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ် တန်ခူးလပြည့်နေ့တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူး၍ ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ (၂၀၆၁) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် အောင်ပွဲအဖြစ် သံဃာအပါး ၅၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မေ ၁၉ ရက် ညနေ ၃ နာရီက ကျင်းပခဲ့သည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်အမှူးပြုသော တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဂေါပကအဖွဲ့တာဝန်ရှိသူများ၊ ဝတ်အသင်းများ၊ အလှူရှင်များက ဆွမ်းဆန်တော်၊ အလှူငွေများနှင့် သံဃာအသုံးအဆောင်ပစ္စည်း လောင်းလှူပူဇော်ကြကြောင်း သိရသည်။

ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်ကြီး၌ နှစ်စဉ်နှစ်တိုင်း တန်ခူးလဆန်း ၁၀ ရက်မှစ၍ ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကြီးကို ၁၀ ရက်တိုင်တိုင် ကျင်းပခြင်းဖြစ်ရာ ယခုအကြိမ်သည် ၂၀၆၁ ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ကယားပြည်နယ်အတွင်းရှိ ပြည်သူများအား အခမဲ့ဆေးဝါးကုသပေးမည်

**မယ်စဲ့ မေ ၂၀**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အမျိုးသားကျန်းမာရေးကွန်ရက်ကဦးစီးပြီး ရန်ကုန်မြို့မှ အထူးကုဆရာဝန်ကြီးများနှင့် ဒေသခံစေတနာ့ဝန်ထမ်းများပူးပေါင်း၍ ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများအား အခမဲ့ဆေးဝါးကုသပေးခြင်းကို မေ ၂၇ ရက် နံနက် ၈ နာရီခွဲတွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမတွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ မယ်စဲ့မြို့နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများအနေဖြင့် သွားရောက်ဆေးကုသမှုခံယူနိုင်ပြီး ဆေးကုသမည့်လူနာများ ခေတ္တတည်းခိုနိုင်ရေးအတွက် သာသနာ့ဗိမာန်တွင် စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ယင်းသို့ ဆေးကုသမှုဆောင်ရွက်ရာတွင် ကုသပေးမည့်ရောဂါများမှာ အထွေထွေ၊ ခွဲစိတ်၊ ကလေးအထူးကု၊ အရိုး၊ သွားနှင့် ခံတွင်း၊ သားဖွားမီးယပ်၊ အရေပြားရောဂါများဖြစ်ပြီး အဆိုပါရောဂါများ သွားရောက်ကုသလိုသူများအနေဖြင့် မေ ၂၇ ရက် နံနက် ၇ နာရီတွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမသို့ ကြိုတင်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# သင်္ကြန်အလွန်ကာလ ကော့သောင်းမြို့တွင် ပင်လယ်အပန်းဖြေခရီးသွားဧည့်သည်များဖြင့်စည်ကား

**ကော့သောင်း မေ ၂၀**

မြန်မာ့ရိုးရာသင်္ကြန်အားလပ်ရက်မတိုင်မီကာလကတည်းက ပင်လယ်အပန်းဖြေကျွန်းများသို့ တဖွဲဖွဲလာရောက်လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များ ယခုသင်္ကြန်အလွန်ကာလတိုင်အောင် လျော့ပါးသွားခြင်းမရှိသည့်အပြင် လာရောက်လည်ပတ်ကြသည့်ခရီးသွားဧည့်သည်များဖြင့် ကော့သောင်းမြို့မဆိပ်ကမ်း ဇေတံတားတွင် နေ့စဉ်စည်ကားလျက်ရှိနေသည်ကို မေ ၂၀ ရက် နံနက်ပိုင်းက တွေ့မြင်ရသည်။

မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသများတစ်လျှောက် အပန်းဖြေကမ်းခြေများ၊ အပန်းဖြေကျွန်းများစွာရှိသည့်အနက် ကော့သောင်းခရိုင် အက်ဒမန်ပင်လယ်အတွင်းက သဘာဝအလှမပျက်မယွင်းဘဲ စွဲမက်ဖွယ် သန့်ရှင်းလတ်ဆတ်သည့် သဘာဝပတ်ဝန်းကျင် ရေမြေတောတောင်နှင့် ရင်သပ်ရှုမောအံ့သြဖွယ် ရေအောက်သဘာဝရှုခင်းအလှအပများစွာကို ယနေ့တိုင် အများဆုံးတွေ့ရှိနိုင်သောကြောင့် ပြည်တွင်းခရီးသွားများအပြင် ထိုင်းနိုင်ငံမှတစ်ဆင့် လာရောက်လည်ပတ်ကြသည့် ပြည်ပခရီးသွားများဖြင့် စည်ကားလျက်ရှိသည်။

အထူးသဖြင့် ပြည်တွင်းအပါအဝင် ပြည်ပခရီးသွားဧည့်သည်များသည် ညောင်ဦးဖီးကျွန်း၊ စေတန်ကျွန်း၊ မြင်းခွာကျွန်း၊ ကြက်မောက်ကျွန်း (အသည်းပုံကျွန်း)၊ ဇာဒက်ကြီးကျွန်း၊ ပန်းကျွန်း၊ ခရင်းခွကျွန်း၊ လည်ရွဲလေးလုံးကျွန်း၊ ငလုံးလက်ဖယ်ကျွန်းနှင့် စောင်းကောက်ကျွန်းများသို့ အများဆုံးလာရောက်လည်ပတ်ကြခြင်းဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် နေ့စဉ် Speed Boat စီးရေ ၂၀ ကျော်ခန့် ခရီးသွားကုမ္ပဏီများက ခရီးစဉ်အလိုက် ထွက်ခွာပြေးဆွဲပေးလျက်ရှိပြီးသောကြာ၊ စနေနှင့် တနင်္ဂနွေနေ့များတွင် ခရီးသွားဧည့်သည် ပိုမိုလာရောက်လေ့ရှိကြောင်း သိရသည်။



သင်္ကြန်အလွန်ကာလရက်ပိုင်းအတွင်း တစ်နေ့လျှင် ခရီးသွားဧည့်သည် ပျမ်းမျှ ၅၀၀ နီးပါးခန့် လာရောက်လျက်ရှိကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ စာရင်းဇယားများအရ သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# မရမ်းကုန်းမြို့နယ်၌ မီးဘေးသင့်ပြည်သူများအား နေရာချထားပေးရန် တန်ဖိုးနည်းအိမ်ရာ အကောင်အထည်ဖော်

**ရန်ကုန် မေ ၂၀**

မရမ်းကုန်းမြို့နယ်အတွင်းရှိ မီးဘေးသင့်အိမ်ထောင်စု ၃၇ စုအား ပြန်လည်နေရာချထားပေးရန်အတွက် မရမ်းကုန်းမြို့နယ် အမှတ် (၆) ရပ်ကွက် ဇေယျာခေမာလမ်းသွယ် (၅) ၌ သုခိတာ တန်ဖိုးနည်းအိမ်ရာစီမံကိန်းအား အကောင်ထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

အဆိုပါ သုခိတာတန်ဖိုးနည်းအိမ်ရာ၌ အဆောက်အအုံ ခုနစ်လုံးပါဝင်ပြီး လူနေအိမ်ခန်းစုစုပေါင်း ၉၀ ပါဝင်ဆောက်လုပ်မည်ဖြစ်ကာ မီးဘေးသင့် အိမ်ထောင်စု ၃၇ စုအား ပြန်လည် နေရာချထားပေးရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဆန်းမြတ်ထွန်း ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်းဆောက်လုပ်နေခြင်းလည်းဖြစ်သည်။



သုခိတာတန်ဖိုးနည်းအိမ်ရာစီမံကိန်း လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးနေမှုကို တွေ့ရစဉ်။

ယခင်မူလမြေနေရာဖြစ်သော ခန့်မှန်း မြေဧကအကျယ်စတုရန်းပေ ၂၉၀၀၀ (သုည ဒသမ ၆ ဧက) ပေါ်တွင် ဆောက်လုပ်နေခြင်းဖြစ်ပြီး ငွေကျပ် ၁ ဒသမ ၅ ဘီလီယံ အကုန်အကျခံကာ ဆောက်လုပ်နေကြောင်းလည်း သိရသည်။

စီမံကိန်းအတွင်းရှိ အဆောက်အအုံ သုံးလုံးမှာ ယခုအခါ ဆောက်လုပ်ပြီးစီးနေပြီဖြစ်ပြီး အချောသပ်လုပ်ငန်းများသာ ဆောင်ရွက်ရန်ကျန်ရှိတော့ကြောင်း၊ အဆောက်အအုံနှစ်လုံး ဆောက်လုပ်နေမှုမှာလည်း စတုတ္ထထပ်သို့ ရောက်ရှိနေပြီဖြစ်ပြီး ကျန်အဆောက်အအုံနှစ်လုံးကိုလည်း ဖောင်ဒေးရှင်းလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း သုခိတာတန်ဖိုးနည်းအိမ်ရာ စီမံကိန်းလုပ်ငန်းခွင်ရှိ ဆန်းမြတ်ထွန်း ဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာ နေလင်းထွန်းက ရှင်းပြသည်။

အမှတ် (၆) ရပ်ကွက်၏ဆယ်အိမ်မှူး မီးဘေးသင့်အိမ်ထောင်စုမှ ဦးတင်လှက "အရင်တုန်းကတော့ ဒီနေရာဟာဆွေဇမာရုပ်ရှင်ခြံကြီးပေါ့။ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂ ရက် ည ၁၀ နာရီဝန်းကျင်မှာ ပေါ့ဆမီးကြောင့် မတော်တဆမီးလောင်မှုဖြစ်ပွားခဲ့လို့ ကျွန်တော့်အိမ်လည်း မီးထဲပါခဲ့ရပါတယ်။ အဲဒီအရင် အိမ်တွေကတော့ ပျဉ်ထောင်အိမ်တွေပါ။ ဒါနဲ့ ကျွန်တော်အပါအဝင် အခြားမီးဘေးသင့်ပြည်သူတွေကတော့ နိုင်ငံတော်ကပေးတဲ့ အလှူငွေနဲ့ ဒီအနီးတစ်ဝိုက်မှာပဲ အိမ်ငှားနေကြပါတယ်။ ခုလိုမျိုး မိမိနေရာမှာ အိမ်ပြန်ရရှိတဲ့အတွက် ကောင်းသွားပါတယ်။ ခုတော့ မဲနှိုက်ပြီးပြီမို့ ကျွန်တော်က မြေညီထပ်ကို ပြန်ရပါတယ်။ ဇွန်လမှာ နေရတော့မှာပါ။ ခုတော့ ခဏနေရတာ ကသီကလင်ဖြစ်ပေမယ့် နေအိမ်ခန်းသစ်တွေ ပြန်ရတော့မှာမို့ ဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အစိုးရကို အထူးကျေးဇူးတင်ပါတယ်"ဟု ပီတိစကားဆိုသည်။

မရမ်းကုန်းမြို့နယ်အတွင်းရှိ မီးဘေးသင့်အိမ်ထောင်စု ၃၇ စုအား လာမည့်ဇွန်လတွင် နေအိမ်များ ပြန်လည်နေရာချထားပေးမည်ဖြစ်ပြီး သုခိတာတန်ဖိုးနည်းအိမ်ရာစီမံကိန်းကို ဒီဇင်ဘာလကုန်ပိုင်းတွင် အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီမံကိန်းလုပ်ငန်းခွင်မှ သိရသည်။

**ပွင့်သစ္စာ**

# သံတွဲမြို့နယ်၌ ကျောက်ချောလမ်းသစ်ဖွင့်လှစ်

**စစ်တွေ မေ ၂၀**

သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ခွင့်ပြုရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ဆောင်ရွက်ခဲ့သည့် ရွှေလှော်ကျေးရွာတွင်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မေ ၂၀ ရက် နံနက် ၈ နာရီက ကျင်းပသည်။

လမ်းဖွင့်ပွဲတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်က အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သံတွဲခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူး ဦးတင်မောင်ဌေးတို့က စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သံတွဲခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူး၊ လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ကျေးရွာတွင်း ကျောက်ချောလမ်းမုခ်ဦးကို ဖွင့်လှစ်ပေးကြသည်။

အဆိုပါလမ်းမှာ အရှည် ပေ ၁၁၃၀၊ အကျယ် ၁၀ ပေ၊ ဒု ကိုးလက်မရှိပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၂၁ ဒသမ ၇ သိန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## အင်းတော်မြို့ ရေပြတ်လပ်မှုမရှိစေရန် ရေစုကန်အား စစ်ဆေး

**ကသာ မေ ၂၀** စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် စည်ပင်သာယာကော်မတီဝင်များသည် နွေရာသီတွင် ရေပြတ်လပ်မှုမရှိစေရန် အင်းတော်စည်ပင်မှ မေ ၂၀ ရက် နံနက်ပိုင်းက မြို့ရေပေးဝေရေးလုပ်ငန်းများဖြစ်သော ဆင်ကြပ်တောင် စိမ့်စမ်းရေ၌ ရေစုကန်အတွင်း ရေဝင်ရောက်မှုအခြေအနေနှင့် ရေစုကန်အတွင်းအမှိုက်များ၊ နုန်းများဆယ်ယူရှင်းလင်းခြင်း၊ မခွေးရေပေါက်စိမ့်စမ်းရေ၌ ဂါလန် ၁၀၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို အင်းတော်မြို့နယ် စည်ပင်သာယာဥက္ကဋ္ဌ ဦးဝင်းဆွေမြင့်၊ မြို့နယ်စည်ပင်သာယာဦးစီးအရာရှိ ဦးအေးမင်းထွန်း၊ အင်ဂျင်နီယာ ဦးမင်းမင်းစိုးနှင့် ကော်မတီဝင်များက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **လူအောင်(ကသာ)**

# နတ်တလင်းမြို့နယ်တွင် ကျေးရွာမီးလင်းရေးလုပ်ငန်း စည်းဝေး

**နတ်တလင်း မေ ၂၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ကျေးရွာမီးလင်းရေးဆောင်ရွက်ရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၂၀ ရက် နံနက် ၁၀ နာရီက လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးညီညီထွန်းက မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများ လျှပ်စစ်မီးလင်းရေးအတွက် HITACHI SOE ကုမ္ပဏီနှင့် ကျေးရွာမီးလင်းရေးကော်မတီအဖွဲ့၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် ကုမ္ပဏီမှ ဒုတိယမန်နေဂျာချုပ် ဦးနိုင်လင်းထွန်းက မီးလင်းရေးဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး (၁) လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးက နိုင်ငံတော်မှ ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံးမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ကုမ္ပဏီက လုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသခံပြည်သူများက ပါဝင်ကူညီပံ့ပိုးဆောင်ရွက်ပေးသင့်ကြောင်း၊ လျှပ်စစ်မီးလင်းရေးကို စက်တင်ဘာလတွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးဇေဝဏ္ဏလှိုင် (မြို့နယ်အုပ်ချုပ်ရေးမှူး)၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်အေး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း၊ တိုင်းဒေသကြီး (၁၊ ၂) လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးနှင့် ဦးကျော်ကျော်နိုင်၊ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်း၊ ကျေးရွာအုပ်စု ၁၁ အုပ်စုမှ ကော်မတီဥက္ကဋ္ဌများ၊ အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။ **တင်မြင့် (နတ်တလင်း)**



# မန္တလေးတွင် အိမ်ခြံမြေ ရောင်းဝယ်မှုထက် ငှားရမ်းမှုပိုမိုများပြား

**မန္တလေး မေ ၂၀**

မန္တလေး ငါးမြို့နယ်ဖြစ်သော အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ချမ်းမြသာစည်နှင့် ပြည်ကြီးတံခွန်မြို့နယ်များတွင် သင်္ကြန်ကာလအပြီးတွင် အိမ်ခြံမြေ ရောင်းဝယ်မှုထက် ငှားရမ်းမှုများ ပိုမိုများပြားလျက်ရှိကြောင်း မန္တလေးအိမ်ခြံမြေအကျိုးဆောင်အသင်းမှ သိရသည်။

မန္တလေးမြို့တွင် ချမ်းအေးသာစံမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့သည် အချက်အချာကျသောနေရာများဖြစ်၍ အရောင်းပြခန်း၊ ဈေးဆိုင်ခန်းဖွင့်လိုသူများက မိုးရာသီမတိုင်မီ ကြိုတင်ငှားရမ်းမှုများကြောင့် နေရာပေါ်မူတည်ကာ အနိမ့်ဆုံးဈေးနှုန်း ကျပ်သိန်းဂဏန်းဖြင့် ငှားရမ်းနေရပြီး မြို့တွင်းဧရိယာတွင် လုံးချင်းအိမ်ရာများထက် တိုက်ခန်းများသာ ငှားရမ်းမှုများပြားသည်။ ဈေးချိုနှင့် ရတနာပုံဈေးအနီး နေအိမ်များတွင် ဈေးဆိုင်ဖွင့်လှစ်ရေးအတွက် အခန်းများကန့်ကာ ငှားရမ်းကြပြီး အနိမ့်ဆုံးဈေး ကျပ် ၂၀၀၀၀၀ မှ ကျပ် ၁၀ သိန်းဝန်းကျင်ဖြင့် ငှားရမ်းကြသည်။

ချမ်းမြသာစည်မြို့နယ်တွင် လူနေထိုင်ရန် လုံးချင်းအိမ်များ ငှားရမ်းမှုများပြီး သိပ္ပံလမ်း၊ ၆၂ လမ်း၊ ၆၃ လမ်း၊ ၆၄ လမ်း၊ ၆၅ လမ်း၊ ၆၆ လမ်းတို့တွင် နေအိမ်တစ်လုံး ကျပ်သိန်း ၂၀ မှ ၃၀အတွင်းရှိပြီး အနိမ့်ဆုံးခြောက်လမှ တစ်နှစ်စာချုပ်ဖြင့် ငှားရမ်းကြသည်။ ချမ်းမြသာစည်မြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ် ဆင်ခြေဖုံးရပ်ကွက်များ၊ မြရည်နန္ဒာ၊ ထွန်းတံ့အောင်သာယာ၊ သင်ပန်းကုန်းရပ်ကွက်များတွင် နယ်မှ မန္တလေးမြို့သို့ လာရောက်လုပ်ကိုင်သူများ နေထိုင်ရန် အိမ်ခန်းများ ငှားရမ်းမှုမြင့်တက်လျက်ရှိရာ အနိမ့်ဆုံး ကျပ် ၅၀၀၀၀ မှ ကျပ် ၂၅၀၀၀၀ အထိရှိကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

# အုတ်ဖိုကျေးရွာသို့ သောက်သုံးရေ သွားရောက်လှူဒါန်း

**မြိုင် မေ ၂၀**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် မကျည်းကန်ကျေးရွာအုပ်စု အုတ်ဖိုကျေးရွာတွင် သောက်သုံးရေခက်ခဲလျက်ရှိကြောင်း သိရသဖြင့် မြိုင်မြို့နယ် ယာယီရဲတပ်ဖွဲ့မှူး ဦးဆောင်သော မြို့နယ်ရဲတပ်ဖွဲ့ဝင်များက မေ ၂၀ ရက် နံနက်ပိုင်းက သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြကြောင်းသိရသည်။

အုတ်ဖိုကျေးရွာတွင်အိမ်ခြေ ၂၄၀ ခန့် လူဦးရေ ၁၃၀၀ ကျော်ရှိပြီး ကျေးရွာပိုင်စက်ရေတွင်းမှ သောက်သုံးရေဖြန့်ဝေလျက်ရှိရာ လွန်ခဲ့သော တစ်ပတ်ခန့်က စက်ရေတွင်းမှာ စက်ပျက်သွားသောကြောင့် ယာယီမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ကျော်ဦးစီးသော မြို့နယ် ရဲတပ်ဖွဲ့ဝင်များက သောက်သုံးရေ ဂါလန် ၆၀၀၀ ကို ကျေးရွာနေပြည်သူများအား သွားရောက်လှူဒါန်းခဲ့ရာ ကျေးရွာတာဝန်ခံ ဦးခင်ဝင်းကကျေးဇူးတင်စကားပြန်လည် ပြောကြားခဲ့ကြောင်း သိရ သည်။ **မြို့နယ် (ပြန်/ဆက်)**



## ခင်ပွန်းနဲ့ သီးခြားစီနေထိုင်နေကြောင်း အဒဲလ် ပြောကြား

ကမ္ဘာကျော်ဗြိတိန်ပေါ့ပ်ကြယ်ပွင့် အဒဲလ်က လတ်တလောမှာတော့ သူ့ရဲ့ အိမ်ထောင်ရေးကို ထုတ်ဖော်ပြောကြားလာတာ တွေ့ရပါတယ်။ အဒဲလ်က သူဟာ ခင်ပွန်းဖြစ်သူနဲ့ သီးခြားစီနေထိုင်နေတာဖြစ်ကြောင်း တရားဝင်အသိပေးလာတာဖြစ်တယ်လို့ အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက် ၃၀ အရွယ်ရှိပြီဖြစ်တဲ့ အဒဲလ်က အိမ်ထောင်သက် သုံးနှစ်ခန့်ရှိပြီဖြစ်တဲ့ ဆိုင်မွန်ကော်နက်စကီနဲ့ ကွဲကွာခဲ့ပြီဖြစ်ကြောင်း ကိုယ်စားလှယ်ကနေတစ်ဆင့် ထုတ်ဖော်ပြောကြားလာတာဖြစ်ပါတယ်။ အဒဲလ်နဲ့ ဆိုင်မွန်ကော်နက်စကီတို့မှာ အသက် ခြောက်နှစ်အရွယ်သားလေးတစ်ဦးရှိပြီး ကလေးကိုတော့ နှစ်ဦးသားအတူ စောင့်ရှောက်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

အဒဲလ်ဟာ သူ့ရဲ့ပုဂ္ဂိုလ်ရေးဆိုင်ရာတွေကို လျှို့ဝှက်တတ်သူတစ်ဦးဖြစ်ပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် ဂရမ်မီဆုပေးပွဲမှာတော့ ဆိုင်မွန်ကော်နက်စကီကို ခင်ပွန်းအဖြစ် ထုတ်ဖော်ပြောကြားလာကာ တရားဝင်လက်တွဲလာတာဖြစ်ပါတယ်။

အေးပြည့် - စုစည်းသည်

## ကေတီဟုမ်းစ်နဲ့ပတ်သက်ပြီး နာကျင်နေရဆဲ တွမ်ခရုးဇ်

ဟောလိဝုဒ်ရဲ့ကျော်ကြားတဲ့မင်းသားတစ်ဦးဖြစ်သူ တွမ်ခရုးဇ်ဟာ သူ့ရဲ့ဇနီးဟောင်းဖြစ်သူ ကေတီဟုမ်းစ်နဲ့ ဂျေမီဖောက်ဇ်တို့ရဲ့ ကြာရှည်ခိုင်မာတဲ့ ဆက်ဆံရေးကြောင့် နာကျင်ခံစားနေရဆဲဖြစ်တယ်လို့ ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းမှာ ရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။

ကေတီဟုမ်းစ်နဲ့ တွမ်ခရုးဇ်တို့ ကွာရှင်းခဲ့ကြတဲ့ ကိုးနှစ်တာကာလအတွင်း ရောက်ရှိလာခဲ့ပြီဖြစ်ပေမယ့် မင်းသားဟာ ကေတီဟုမ်းစ်နဲ့ပတ်သက်ပြီး ခံစားနေရဆဲဖြစ်တယ်လို့ ဆိုရမှာပါ။ ကေတီဟုမ်းစ်နဲ့ ဂျေမီဖောက်ဇ်တို့ရဲ့ ချစ်ခင်နေမှုတွေကို တွေ့မြင်နေရပြီး သူတို့နှစ်ဦးရဲ့မြဲမြံတဲ့ဆက်ဆံရေးကြောင့် တွမ်ခရုးဇ်အနေနဲ့ နာကျင်ခံစားရတာဖြစ်တယ်လို့ သတင်းရင်းမြစ်တစ်ဦးက ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ သိရပါတယ်။

လက်ရှိမှာ အသက် ၅၆ နှစ်အရွယ်ရှိပြီဖြစ်တဲ့ တွမ်ခရုးဇ်နဲ့ အသက် ၄၀ အရွယ် ကေတီဟုမ်းစ်တို့ဟာ လေးနှစ်တာ အိမ်ထောင်သက်ရခဲ့ပြီးမှ ကွာရှင်းခဲ့ကြတာဖြစ်ပါတယ်။ သမီးလေးတစ်ဦးရရှိခဲ့ပြီး ဆူဗီခရုးဇ်ဟာ မကြာသေးမီက အသက် ၁၃ နှစ်ပြည့်ခဲ့ကာ မိခင်ဖြစ်သူနဲ့အတူ နေထိုင်နေတာဖြစ်ပါတယ်။ ကေတီဟုမ်းစ်ဟာ တွမ်ခရုးဇ်နဲ့ လမ်းခွဲပြီးနောက် ဂျေမီဖောက်ဇ်နဲ့ လက်တွဲခဲ့တာဖြစ်ပါတယ်။ ဂျေမီဖောက်ဇ်နဲ့ ကေတီဟုမ်းစ်တို့ ပျော်ရွှင်နေတဲ့ ပုံရိပ်တွေဟာ မင်းသားတွမ်ခရုးဇ်အတွက်တော့ နာကျင်စရာတွေဖြစ်တယ်လို့လည်း သတင်းရင်းမြစ်က ပြောကြားခဲ့တယ်လို့ သိရပါတယ်။





## နက်ဖလက်ဇ်နဲ့ လက်တွဲကာ အနုပညာဖန်တီးမှုတွေပြုလုပ်နေတဲ့ ဘီယွန်းစေး

ကျော်ကြားတဲ့ အမေရိကန်ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ဘီယွန်းစေးဟာ မကြာသေးမီက တေးဂီတမှတ်တမ်းရုပ်ရှင်တစ်ခုကို ထုတ်လွှင့်ပေးခဲ့ပါတယ်။ အဆိုပါရုပ်ရှင်ဟာ တေးဂီတဖျော်ဖြေပွဲကို မှတ်တမ်းတင်ထားတာဖြစ်ပြီး ပေါ့ပ်ကြယ်ပွင့်နဲ့ နက်ဖလက်ဇ်တို့ရဲ့ ပူးပေါင်းဖန်တီးမှုတစ်ခုဖြစ်ပါတယ်။ ဒါ့အပြင် ပေါ့ပ်ကြယ်ပွင့်နဲ့ နက်ဖလစ်ဇ်တို့ဟာ နောက်ထပ် ပရောဂျက်နှစ်ခုကိုလည်း ပူးပေါင်းလုပ်ဆောင်နေတာဖြစ်တယ်လို့ အီးတီအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

"Homecoming" လို့ အမည်ပေးထားတဲ့ တေးဂီတမှတ်တမ်းရုပ်ရှင်မှာတော့ ဘီယွန်းစေးဟာ ထုတ်လုပ်သူ၊ စာရေးသူနဲ့ ဒါရိုက်တာတစ်ဦးအဖြစ် ပါဝင်ထားတာဖြစ်ပါတယ်။ ဒီပရောဂျက်အတွက် သူဟာ အမေရိကန်ဒေါ်လာ သန်း ၂၀ ရရှိခဲ့ပြီး နက်ဖလက်ဇ်နဲ့ ပရောဂျက်သုံးခုအတွက် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်တာကြောင့် နောက်ထပ်ဖန်တီးနေတဲ့ အထူးပရောဂျက်နှစ်ခုအပါအဝင် စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၆၀ ရရှိခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ဂရမ်မီဆုရှင်ပေါ့ပ်ကြယ်ပွင့်ရဲ့ပရိသတ်တွေကလည်း နောက်ထပ်ဖန်တီးနေတဲ့ ပရောဂျက်တွေဟာ ဘာတွေများဖြစ်မှာလဲလို့ စိတ်လှုပ်ရှားနေကြပြီး လူမှုကွန်ရက်မီဒီယာတွေပေါ်မှာလည်း ရေးသားဖော်ပြခဲ့ကြပါတယ်။ အချို့သော ပရိသတ်တွေကတော့ နက်ဖလက်ဇ်အနေနဲ့ ဘီယွန်းစေးရဲ့ ပရောဂျက်သုံးခုအတွက် အမေရိကန်ဒေါ်လာ သန်း ၆၀ သာ အနုပညာကြေးပေးခဲ့ရခြင်းဟာ အလွန်နည်းပါးကြောင်းလည်း ဝေဖန်ခဲ့ကြတာကို တွေ့ရပါတယ်။

" Homecoming " တေးဂီတမှတ်တမ်းရုပ်ရှင်မှာတော့ ဘီယွန်းစေးရဲ့ အလွန်ကိုအောင်မြင်ခဲ့တဲ့ ဖျော်ဖြေတင်ဆက်မှုဖြစ်တဲ့ ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ် " Coachella " ဖျော်ဖြေပွဲက ပုံရိပ်တွေကို စုစည်းဖော်ပြထားတာ ဖြစ်ပါတယ်။ ဖျော်ဖြေပွဲစင်မြင့်ထက်က ပုံရိပ်တွေသာမက ပရိသတ်တွေကို အကောင်းဆုံးဖျော်ဖြေတင်ဆက်ဖို့ရာ ကြိုးစားပြင်ဆင်ခဲ့ရပုံတွေကိုလည်း ထည့်သွင်းဖန်တီးထားတာ တွေ့ရပါတယ်။ ၂၀၁၈ ခုနှစ် " Coachella " ဖျော်ဖြေပွဲဟာ ဘီယွန်းစေးအတွက်တော့ ကလေးမွေးဖွားပြီးနောက် ဇာတိမြေမှာ စင်မြင့်ထက် ပထမဆုံးဖျော်ဖြေမှုလည်းဖြစ်ပါတယ်။ ဒါကြောင့် အဆိုပါဖျော်ဖြေပွဲဟာ သူ့အတွက်တော့ အိမ်အပြန်ခရီးလို့လည်းဆိုနိုင်ကြောင်း အဆိုပါမှတ်တမ်းရုပ်ရှင်မှာ ဘီယွန်းစေးက ထည့်သွင်းပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

## ပရိသတ်တွေ မိုးရေထဲမှာ နာရီများစွာစောင့်ဆိုင်းခဲ့ပေမယ့် အက်ဒ်ရှီးရန်ရဲ့ဖျော်ဖြေပွဲကို ဖျက်သိမ်းခဲ့

ဗြိတိန်ပေါ့ပ်ကြယ်ပွင့် အက်ဒ်ရှီးရန်ဟာ ဟောင်ကောင်မှာ ဖျော်ဖြေပွဲ ပြုလုပ်သွားမှာဖြစ်ပြီး ဖျော်ဖြေပွဲနေ့မှာတော့ လာရောက်အားပေးကြတဲ့ ပရိသတ်တွေကို မိုးရေထဲမှာ နာရီများစွာ စောင့်စားစေခဲ့ပါတယ်။ နောက်ဆုံးမှာလည်း ဖျော်ဖြေပွဲကို ဖျက်သိမ်းခဲ့ပြီး ဒီအတွက် တောင်းပန်ကြောင်းကိုတော့ ပေါ့ပ်ကြယ်ပွင့်က သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်မှာ ရေးသားဖော်ပြခဲ့တာဖြစ်တယ်လို့ အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မေ ၁၈ ရက်မှာတော့ ဟောင်ကောင်မှာ အက်ဒ်ရှီးရန်ရဲ့ဖျော်ဖြေပွဲ ပြုလုပ်ခဲ့တာပါ။ ဒီဖျော်ဖြေပွဲမတိုင်မီမှာ မိုးကြိုးမုန်တိုင်းတွေ ကျရောက်ခဲ့တာကြောင့် ဖျော်ဖြေပွဲကို မစတင်နိုင်ဘဲ ပရိသတ်တွေကတော့ မိုးရေထဲမှာ ဖျော်ဖြေပွဲကို စောင့်ဆိုင်းနေခဲ့ကြပါတယ်။ နာရီများစွာ စောင့်ခဲ့ရပြီးနောက်မှာတော့ ဖျော်ဖြေပွဲပြုလုပ်နိုင်ခြင်းမရှိကြောင်း ကြေညာခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

ဒီဖျော်ဖြေပွဲအကြောင်းတွေနဲ့ ဖျော်ဖြေပွဲက ပုံရိပ်တွေကို ပရိသတ်တွေက လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ရေးသားဖော်ပြခဲ့ကြပါတယ်။ အက်ဒ်ရှီးရန်ကလည်း သူ့ရဲ့ တွစ်တာစာမျက်နှာပေါ်မှာ ဖျော်ဖြေပွဲပျက်ခဲ့ရတဲ့အတွက် တောင်းပန်ကြောင်းနဲ့ အလွန်ကို စိတ်မကောင်းဖြစ်မိကြောင်း ရေးသားဖော်ပြခဲ့တယ်လို့လည်း သိရပါတယ်။ အက်ဒ်ရှီးရန်ရဲ့ ရေးသားဖော်ပြချက်အရ သူ့ရဲ့အဖွဲ့သားတွေဟာ ဖျော်ဖြေပွဲအတွက် အဆင်သင့်ပြင်ဆင်ခဲ့ပြီးဖြစ်ပေမယ့် ရာသီဥတုကြောင့် ဖျော်ဖြေနိုင်ခြင်းမရှိတာဖြစ်တယ်လို့လည်း သိရပါတယ်။

အချို့သော ပရိသတ်တွေက သူတို့ဟာ အက်ဒ်ရှီးရန်ရဲ့ဖျော်ဖြေပွဲကိုအားပေးဖို့ရာ ရှန်ဟိုင်းကနေ လာရောက်ခဲ့ကြတာဖြစ်ကြောင်း၊ အချို့မှာ ပေကျင်းကနေ လာခဲ့ကြတာဖြစ်ကြောင်း ရေးသားဖော်ပြခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

## တိုက်ရိုက်ဖျော်ဖြေတင်ဆက်မှုတွေဟာ ခက်ခဲလွန်းပါတယ်လို့ဆိုလိုက်တဲ့ အရီရန်နာဂရန်းဒ်



အမေရိကန်ပေါ့ပ်ကြယ်ပွင့် အရီရန်နာဂရန်းဒ်ဟာ တိုက်ရိုက်ဖျော်ဖြေတင်ဆက်မှုတွေနဲ့ပတ်သက်တဲ့ သူ့ရဲ့ခံစားချက်တွေကို ထုတ်ဖော်ပြောကြားလာပါတယ်။ အရီရန်နာဂရန်းဒ်က အဆိုပါဖျော်ဖြေပွဲတွေဟာ သူ့အတွက်တော့ အလွန်ကို ခက်ခဲပြီး ငရဲလို့တောင်ဆိုနိုင်ကြောင်း ပြောကြားခဲ့တယ်လို့ အီးတီအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အရာရာကို ကုစားဖို့အတွက် အရီရန်နာဂရန်းဒ်ဟာ တေးဂီတဖန်တီးမှုတွေကို ပြုလုပ်နေတာ ဖြစ်ကောင်းဖြစ်နိုင်ပေမယ့် စင်မြင့်ထက်မှာ တိုက်ရိုက်ဖျော်ဖြေတင်ဆက်မှုတွေကတော့ သူ့အတွက် ခြားနားလို့နေပါတယ်။ ပရိသတ်တစ်ဦးက အရီရန်နာဂရန်းဒ်ရဲ့တွစ်တာစာမျက်နှာပေါ်မှာ ဂီတဟာ ဆေးဖြစ်ပြီး ဂီတက သူ့ကို ကုသမှုတွေပေးတာကို တွေ့မြင်နေရတာ နှစ်သက်မိကြောင်း ရေးသားဖော်ပြခဲ့ရာမှာ အရီရန်နာဂရန်းဒ်က ကုသမှုတွေပြုလုပ်ရင်းက တိုက်ရိုက်ဖျော်ဖြေမှုတွေကတော့ နောက်တစ်ကြိမ် လှစ်ဟပြခြင်းမျိုးဖြစ်ကာ ငရဲသာဖြစ်တယ်လို့ ပြန်လည်ရေးသားဖော်ပြခဲ့တယ်လို့ သိရပါတယ်။ အဲဒီလိုရေးသားဖော်ပြခဲ့တာကိုတော့ အရီရန်နာဂရန်းဒ်က နောက်ပိုင်းမှာ ပြန်လည်ဖျက်ပစ်ခဲ့တယ်လို့လည်း သိရပါတယ်။

## ယူကေတေးအယ်လ်ဘမ်စာရင်းမှာ ထိပ်ဆုံးက ရပ်တည်နေတဲ့ BTS

ကမ္ဘာကျော် အမျိုးသားကေပေါ့ပ်တေးဂီတအဖွဲ့ "BTS" ရဲ့မကြာသေးမီက စတင်ထုတ်လွှင့်ပေးခဲ့တဲ့ တေးအယ်လ်ဘမ်သစ်ဟာ လတ်တလောမှာတော့ ယူကေရဲ့တေးအယ်လ်ဘမ်စာရင်းမှာ ထိပ်ဆုံးကနေ နေရာရနေတာဖြစ်တယ်လို့ အောကေပေါ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါတေးဂီတအဖွဲ့ရဲ့တေးအယ်လ်ဘမ်သစ် "Map of The Soul: Persona" ဟာ ယူကေရဲ့ တေးအယ်လ်ဘမ်စာရင်းမှာ နံပါတ်တစ်ဖြစ်လို့နေတာတွေ့ရပါတယ်။ ဒီနေရာကို ရယူနိုင်ခဲ့တာဟာ ကေပေါ့ပ်တေးအယ်လ်ဘမ်တွေအနက် "BTS" က ပထမဆုံးဖြစ်တယ်လို့လည်း သိရပါတယ်။

# ထန်းတပင်မြို့နယ်၌ ဆုတောင်းပြည့်ပေါ်တော်မူ မြသိန်းတန် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ (၁၅၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပ

**ထန်းတပင် မေ ၂၀**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်၌ နှစ်စဉ် ကျင်းပပြုလုပ်မြဲဖြစ်သည့် ဆုတောင်းပြည့် ပေါ်တော်မူ မြသိန်းတန်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ (၁၅၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို မေ ၁၇ ရက်မှ ၁၉ ရက်အထိ အမှတ် ၁ ရပ်ကွက်ရှိ မြသိန်းတန်ဘုရားကြီး ကျောင်းတိုက်တွင် စည်ကားစွာ ကျင်းပခဲ့သည်။

ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို နှစ်စဉ်ကျင်းပခဲ့ကြရာ ဧည့်ပရိသတ်များဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ ပွဲတော်သို့ လာရောက်သည့် ဧည့်ပရိသတ်များကိုလည်း စေတနာရှင် အလှူရှင်များက စုပေါင်း၍ ပွဲတော်ရက်များ၌ ဇာတ်သဘင်ပွဲ ထည့်သွင်းကျင်းပပြုလုပ်ပေးခြင်း၊ နံနက်ပိုင်း၊ နေ့လယ်ပိုင်းနှင့် ညနေပိုင်းတို့တွင် အာဟာရထမင်း စတုဒိသာများ လှူဒါန်းခြင်းနှင့် ဗုဒ္ဓပူဇနိယပွဲတော်ကြီးသို့ လာရောက်ကြသူများကလည်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းပူဇော်ခြင်းများဖြင့် ကောင်းမှုကုသိုလ်ပြုလုပ်ကြကြောင်း သိရသည်။



မြသိန်းတန် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် ဉာဏ်တော် ငါးပေမြင့် မတ်ရပ်ပုံတော်ဖြစ်ပြီး ရွှေသင်္ကန်း ဝတ်ရုံလျက် လက်တော်အစုံဖြင့် အရှေ့ဘက်တွင် သပိတ်တော်ကို ပိုက်ချီထားကာ ဆွမ်းခံကြွချီတော်မူဟန်သည် ကြည်ညိုဖွယ်ရာ အလွန်ကောင်းလှသည်။ ထို့ပြင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သင်္ကန်းတော် လွတ်သစ်သီးဆွမ်းဖြင့် ဆက်ကပ်လှူဒါန်းလျှင် ဆုတောင်းပြည့်ဝအောင်မြင်မှုများ ရရှိကြောင်းလည်း သိရသည်။

ဆုတောင်းပြည့် ပေါ်တော်မူ မြသိန်းတန်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ရှင်ဥပဂုတ္တ၊ ရှင်သီဝလိမထေရ် မြတ်များ မြို့တွင်းရပ်ကွက် အသီးသီးသို့ ဒေသစာရီကြွချီပွဲကိုလည်း နှစ်စဉ် တန်ဆောင်မုန်းလဆန်း ၁၄ ရက်၊ လပြည့်နေ့၊ လပြည့်ကျော် ၁ ရက်နေ့တိုင်း ကျင်းပလျက်ရှိရာ ရပ်ကွက်နေပြည်သူများကလည်း ဆီမီး၊ အမွှေးနံ့သာပူဇော်ခြင်းများနှင့် ရပ်ကွက်အလိုက် စေတနာ အလှူရှင်များက ကုသိုလ်ဒါနအဖြစ် အချိုရည်များ၊ မုန့်များ၊ စတုဒိသာအာဟာရ ကျွေးမွေးလှူဒါန်းခြင်းများ၊ ဝတ်ရွတ်ပွဲ၊ ပဋ္ဌာန်းပွဲများနှင့် လူငယ်အဖွဲ့များကလည်း အကအလှများဖြင့် ကပြဖျော်ဖြေ တင်ဆက်ခြင်းများဖြင့် စည်ကားစွာကျင်းပလျက်ရှိကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# ရေတာရှည်မြို့နယ်ထွက် သရက်သီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချ

**ရေတာရှည် မေ ၂၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်ဒေသအသီးသီးမှထွက်ရှိသည့် သရက်သီးများ ယခုအခါ ကုန်စိမ်းအဝယ်ဒိုင်များသို့ ဝင်ရောက်လျက်ရှိပြီး အများစုမှာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေရကြောင်း သိရသည်။

"နွေရာသီမှာက အပူချိန်ပြင်းတော့ သရက်သီးစိမ်းကို စားသုံးတာများတယ်။ အဓိကကတော့ ရန်ကုန်ဈေးကွက်ကိုတင်ပို့ရတာ နေ့စဉ်လိုလိုပဲ။ လက်ရှိမှာ တစ်ပိဿာကို ကျပ် ၃၀၀၊ ၃၅၀ ဝယ်ပါတယ်။ လာရောင်းတာကတော့ ဒေသအစုံပါပဲ "ဟု ဆွာမြို့ထောက်ကြန့်ကွင်းကျေးရွာရှိ အဝယ်ဒိုင်လုပ်ငန်းလုပ်ကိုင်သူက ပြောသည်။

ကျေးရွာအများအပြားတွင် နေအိမ်ခြံစည်းရိုးတစ်လျှောက်နှင့် မြေလွတ်များ၌စိုက်ပျိုးထားလေ့ရှိကြပြီး မချစ်စု၊ ရင်ကွဲ၊ ဝါဆို၊ မန္တယ်နွယ် အစရှိသော သရက်သီးမျိုးများကို အစိုက်များသည်။ "အရင်ကတော့ ဟိုလူက လာခူး၊ ဒီလူကလာခူး။ လေတိုက်လို့ကြွေတာနဲ့တင် ကုန်ရော။ ရောင်းစားရတယ်ကို မရှိဘူး။ အခုတော့ သရက်သီးစိမ်းဝယ်သူတွေက ရွာတွေအထိ ဆင်းလာတယ်။ အပင်ပြတ်ဝယ်ယူတဲ့စနစ်ပါ။ ကျွန်တော့်အိမ်ဝိုင်းထဲမှာ မချစ်စုအပင် ခုနစ်ပင်ရှိတယ်။ အားလုံး လေးသောင်းခွဲနဲ့ဝယ်သွားတယ်"ဟု တံတားကြီးကျေးရွာဒေသခံတစ်ဦးက ပြောသည်။ သရက်သီးစိမ်းများကို အခွံနွှာကာ တို့စရာအမည်စုံဖြင့် လူစည်ကားရာနေရာများ၊ ဘုရားပွဲဈေးတန်း၊ ရထားဘူတာရုံ၊ ကားဂိတ်များတွင် ရောင်းချလေ့ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**





# မိုးညှင်းမြို့၌ ပုညရှင်စက္ခုပါလမျက်စိကုဆေးရုံသစ်ဖွင့်

**မိုးညှင်း မေ ၂၀**

ကချင်ပြည်နယ် မိုးညှင်းမြို့ ပုညရှင်တောရအပြည်ပြည်ဆိုင်ရာဝိပဿနာရိပ်သာ၏ ဦးစီးပဓာနဆရာတော် ဒေါက်တာအရှင်ကစ္စာယန၏ ဦးဆောင်မှုနှင့် အများပြည်သူ စုပေါင်းထည့်ဝင်လှူဒါန်းငွေများဖြင့် တည်ဆောက်ခဲ့သည့် ပုညရှင်စက္ခုပါလမျက်စိကုဆေးရုံဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါမျက်စိကုဆေးရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ဒေါက်တာအရှင်ကစ္စာယနနှင့် တာဝန်ရှိသူများက မျက်စိဆေးရုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ကမ္ပည်းမော်ကွန်းကျောက်စာအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြသည်။

ယခုဖွင့်လှစ်လိုက်သည့် ပုညရှင်စက္ခုပါလမျက်စိကုဆေးရုံကြီးသည် ၂၀၁၇ ခုနှစ် ဇွန်လမှ စတင်တည်ဆောက်ခဲ့ပြီး စုစုပေါင်းကုန်ကျငွေကျပ် သိန်းပေါင်း ၄၃၀၀ ကျော်ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါကုန်ကျငွေများအား အများပြည်သူများက စုပေါင်းထည့်ဝင်လှူဒါန်းခဲ့ကြခြင်းဖြစ်သည်။

ဆေးရုံသစ်ဖွင့်ပွဲနှင့်အတူ မျက်စိဝေဒနာရှင်များကို ယနေ့ မွန်းလွဲပိုင်းမှစတင်၍ မျက်စိဝေဒနာရှင် ၃၀၀၀ ကျော်ကို မေ ၂၄ ရက်အထိ စမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ခွဲစိတ်ရန်လိုအပ်သည့် လူနာများအား မေ ၂၃ ရက်မှ ၂၅ ရက်အထိ အခမဲ့ခွဲစိတ်ပေးသွားမည်ဖြစ်သည်။

ပုညရှင်စက္ခုပါလဆေးရုံအနေဖြင့် ၂၀၁၇ ခုနှစ်တွင် မျက်စိဝေဒနာရှင် ၂၅၀၀ ကျော်၊ ၂၀၁၈ ခုနှစ်တွင် ၃၀၀၀ ကျော် ကုသပေးနိုင်ခဲ့ပြီး ယခုနှစ်တွင်လည်း မျက်စိဝေဒနာရှင် ၃၀၀၀ ကျော်ကို မျက်စိစမ်းသပ်ခြင်းနှင့် လိုအပ်ပါက ခွဲစိတ်ခြင်းများကိုလည်း အခမဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါ စက္ခုပါလအသင်းမှ သိရသည်။

**ကျော်ကျော်(မိုးညှင်း)**

# မိတ္ထီလာဒေသထွက် စပျစ်သီးများ ယခင်နှစ်ကထက် ဈေးကောင်းရရှိ

**မိတ္ထီလာ မေ ၂၀**

မိတ္ထီလာဒေသထွက် စပျစ်သီးများ ဈေးကွက်အတွင်း ဈေးနှုန်းတည်ငြိမ်၍ ယခင်နှစ်ကထက် ဈေးကောင်းရရှိကြောင်း ဒေသခံ စပျစ်စိုက်ပျိုးသူများထံမှ သိရသည်။

"မိတ္ထီလာဒေသထွက် စပျစ်သီးက ဒီနှစ်ဈေးကွက်အတွင်းမှာ ဈေးနှုန်းတည်ငြိမ်တာကြောင့် ယခင်နှစ်ကထက် ဈေးကောင်းရတယ် ပြောရမယ်။ မနှစ်က အစိမ်းရောင် ကြွေနီအသီးက တစ်ပိဿာကို ငွေကျပ် ၁၂၀၀၊ ၁၃၀၀ ပဲ ရောင်းရတယ်။ ဒီနှစ် စပျစ်အစိမ်းရောင် ကြွေနီအသီးမျိုး တစ်ပိဿာကို ပွဲရုံသွင်းဈေးက ငွေကျပ် ၂၀၀၀ ရှိပါတယ်။ အညိုရောင်ဘီကျူသီးကတော့ မနှစ်က ငွေကျပ် ၂၀၀၀ ကျော်ပဲရှိပေမယ့် ဒီနှစ် တစ်ပိဿာ ငွေကျပ် ၃၀၀၀၊ ၃၂၀၀ အထိ ဈေးရပါတယ်"ဟု ကျွဲတလင်းအုပ်စုတွင် စပျစ်ခြံစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ကိုဇင်မင်းဦးက ပြောသည်။

၎င်း၏စပျစ်ခြံမှ လက်လီလက်ကားဈေးကွက်အတွင်း စပျစ်သီးပိဿာချိန် ၅၀၀ ခန့် ပုံမှန်ရောင်းချရကြောင်း သိရသည်။ မိတ္ထီလာဒေသထွက် စပျစ်သီးများကို မိတ္ထီလာဈေးကွက်အတွင်း လက်လီလက်ကား ပြန်လည်ရောင်းချပြီး ပွဲရုံများမှတစ်ဆင့် နယ်ဝေးဒေသများအထိ တင်ပို့ရောင်းချရ၍ ဈေးကွက်ခိုင်မာမှုရှိသော်လည်း ဈေးနှုန်း အတက်၊ အကျမှာမူ အတိအကျ ခန့်မှန်းနိုင်ခြင်းမရှိကြောင်း သိရသည်။ မိတ္ထီလာတွင် ကျွဲတလင်း၊ မကျီးစု၊ ထမုန်ကန်၊ ရွှေတောင်၊ ငွေးတောက်ကုန်း၊ ရှမ်းတဲ စသည့်ကျေးရွာများတွင် စပျစ်ကို စီးပွားဖြစ်စိုက်ပျိုးကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



## လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်အချို့ ပျက်စီးမှုများဖြစ်ပေါ်


မိတ္ထီလာ

**မိတ္ထီလာ**

မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာလေးရွာ၌ ဧပြီ ၁၉ ရက်ညနေ ၄ နာရီက မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်း၊ စာသင်ကျောင်းနှစ်ကျောင်းနှင့် လူနေအိမ် ၁၁ လုံး ပျက်စီးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ကျွဲတလင်းကျေးရွာအုပ်စု ဖျောက်ဆိပ်ပင်ကျေးရွာမှ ဘုန်းတော်ကြီးကျောင်းရှိ နံကပ်နှစ်ထပ် လေးပင်ပတ်လည် ကျောင်းဆောင်တစ်ဆောင်နှင့် လူနေအိမ်ခုနစ်လုံး အမိုးလန်ခြင်းများဖြစ်ပေါ်ခဲ့ပြီး မွေးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ရှိ အလျားပေ ၁၀၀၊ အနံပေ ၃၀ ရှိ စာသင်ကျောင်းဆောင်တစ်ဆောင် အမိုးလန်ခြင်းများဖြစ်ပေါ်ခဲ့သည်။ ၎င်းနောက် မြင်းကန်ကျေးရွာအုပ်စု ဆည်ကုန်းကျေးရွာမှ ဘုန်းတော်ကြီးကျောင်းရှိ ခြောက်ပင်ပတ်လည် နံကပ်ကျောင်းဆောင်တစ်ဆောင်၊ အခြေခံပညာ မူလတန်းကျောင်းရှိ ၅×၃ ပင် နံကပ်စာသင်ကျောင်းဆောင်တစ်ဆောင်နှင့် လူနေအိမ်တစ်လုံး အမိုးလန်ခြင်းများဖြစ်ပေါ်ခဲ့ပြီး သီးကုန်းကျေးရွာအုပ်စု မကျီးချိုကျေးရွာတွင် လူနေအိမ်သုံးလုံး အမိုးလန်ခြင်းများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများနှင့် လူနေအိမ်များ ဆုံးရှုံးမှုအတွက် ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ရန်ပုံငွေပေးအပ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

**ဖားကန့်**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်အတွင်း ဧပြီ ၁၈ ရက် ညပိုင်းက လေပြင်းတိုက်ခတ်ကာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူငယ်သုံးဦးသေဆုံးပြီး အဆောက်အအုံများ ပျက်စီးခဲ့ကြောင်း နယ်မြေခံရဲတပ်ဖွဲ့မှ သိရသည်။

အဆိုပါ လေပြင်းများတိုက်ခတ်မှုကြောင့် မော်မောင်းလယန် ကိုယ့်အားကိုယ်ကိုး မူလတန်းလွန်ကျောင်း၊ မီးသတ်စခန်းအဆောက်အအုံနှင့် မြို့ပေါ်ရပ်ကွက်များအတွင်း လျှပ်စစ်မီးကြိုးများသွယ်တန်းထားသည့် ကွန်ကရစ်ဓာတ်တိုင်များ လဲကျပျက်စီးခြင်းများ ဖြစ်ပွားခဲ့သည်။

မော်ဝမ်းရပ်ကွက်တွင် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၊ နေအိမ်ကိုးလုံး၊ ဆိပ်မူကျေးရွာ၌ ဘုန်းတော်ကြီးကျောင်းရှိ လေးခန်းတွဲအိမ်သာ၊ လုံးခင်းကျေးရွာတွင် နေအိမ် ခုနစ်လုံးအမိုးလန်ပျက်စီး၍ ကျောက်မျက်တူးဖော်ရေးလုပ်ငန်းဆောင်ရွက်နေသည့် ကုမ္ပဏီများမှ ကားဂိုဒေါင်နှင့် ကားစက်ပစ္စည်းသိုလှောင်ရုံမှ အမိုးများပျက်စီးသွားခဲ့ကာ ကုမ္ပဏီဝန်ထမ်း ဦးတိုးလှိုင် ၃၉ နှစ်မှာ ဦးခေါင်းပေါက်ပြဲဒဏ်ရာရရှိသဖြင့် ဖားကန့်ဆေးရုံသို့ တင်ပို့ကုသစဉ် ဧပြီ ၁၉ ရက်တွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အေးမြသာယာရပ်ကွက်တွင် နေအိမ် ၁၁ လုံး၊ မော်စီစာကျေးရွာတွင် တဲအိမ် ၁၁ လုံး ပြိုကျပျက်စီးခဲ့ပြီး ကျောက်မျက်တူဖော်ရေးကုမ္ပဏီများမှ လုံခြုံရေးဝန်ထမ်း ဦးမင်းသူ ၅၀ နှစ်နှင့် သိုက်မွှေး ၄၅ နှစ်တို့နှစ်ဦးမှာ ပြိုကျမှုများကြောင့် ထိခိုက်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သည်။

ထို့ကြောင့်ဖားကန့်မြို့နယ် တာဝန်ရှိသူများက ကွင်းဆင်း၍ ပျက်စီးဆုံးရှုံးမှုများအား အသေးစိတ် စာရင်းကောက်ယူပြုစုလျက်ရှိပြီး လူမှုရေးအသင်းအဖွဲ့များကလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပရဟိတအသင်းဝင် ကိုမိုးမင်းသွေးထံမှ သိရသည်။ **မိုယ်းကျ(မြစ်ကြီးနား)**

## မုံရွာမြို့တွင် အမှိုက်ကွင်းမှ ထွက်လာသော အနံ့ဆိုးများ

**မုံရွာ ဧပြီ ၂၀**

မုံရွာမြို့ ဒေါနခြံရပ်ကွက် ဂျပန်သင်္ချိုင်းအနီး ခဏတာအမှိုက်ချရန်ပြုလုပ်ထားသော အမှိုက်ကွင်းတွင် အနံ့ဆိုးများ နေ့ညခံစားနေကြရမှုအပေါ် ရပ်ကွက်အတွင်းနေသူများက ပြောင်းရွှေ့ပေးရန် ရပ်ကွက်အုပ်ချုပ်ရေးမှူးထံ တင်ပြအသိပေးထားကြောင်း သိရသည်။

"အမှိုက်တွေကို လွန်ခဲ့တဲ့တစ်လလောက်က စပြီးပုံတာပါ။ ပုံခါစကတော့ ပြန်သယ်တဲ့ကားက နိုင်နင်းအောင်သယ်နိုင်တယ်။ အခုနောက်ပိုင်း မြို့ထဲကလာပုံတဲ့အမှိုက်ကားကများပြီး ပြန်သယ်တဲ့ကားခေါက်ရေက တော်တော်နည်းတော့ အမှိုက်တွေပုံနေတယ်။ အဲဒီအမှိုက်ကို ပစ်ရမယ့်နေရာသယ်ဖို့ ကားပေါ်ပြန်တင်တော့ အနံ့ကပိုဆိုးတယ်။ မွှေနှောက်သလိုဖြစ်တော့ အနံ့ဆိုးကထွက်ချင်တိုင်းထွက်နေတယ်"ဟု ဒေါနခြံအုပ်ချုပ်ရေးမှူး ဦးကျော်စိုးက ပြောသည်။

အဆိုပါအမှိုက်ကွင်းကို မုံရွာမြို့နယ်စည်ပင်က ခေတ္တအမှိုက်စုရန်နေရာအဖြစ် သတ်မှတ်၍ ရောက်လာသော အမှိုက်များကို နေ့ချင်းရှင်းမည်ဟူသော အစီအမံဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



အမြဲပုံထားသောအမှိုက်ပုံကြီးသဖွယ် ဖြစ်လာနေမှုအပေါ် ရပ်ကွက်နေသူများက လက်သင့်မခံလိုတော့ကြောင်း အုပ်ချုပ်ရေးမှူးထံတင်ပြလာကြောင်း သိရသည်။

တစ်မြို့လုံးက ကျုံးသယ်လာသောအမှိုက်များ ခေတ္တချထားရန်အတွက် ဒေါနခြံရပ်ကွက် ဂျပန်သင်္ချိုင်းအနီးရှိ အကျယ်ပေ ၄၀၀ × ပေ ၂၀၀ ခန့်နေရာတွင် လွန်ခဲ့သည့်သုံးလခန့်မှစတင်၍ အကောင်အထည်ဖော်ဆောက်ရွက်ကာ အမှိုက်ချပြီး ပြန်လည်သယ်ယူမှုပြုလုပ်နေသည်မှာ တစ်လခန့်ရှိပြီဖြစ်ကြောင်း သိရသည်။

လူစည်ကားသည့် မြို့လယ်ကောင်ကွက်လပ်နေရာမျိုးတွင် အမှိုက်ယာယီပုံသည့်နေရာ တင်သည့်ချသည့်နေရာထက် ပြည်သူလူထုအကျိုးပြုမည့် ကိစ္စမျိုးဆောင်ရွက်စေလိုကြောင်း ဒေါနခြံရပ်ကွက် အုပ်ချုပ်ရေးမှူးဦးကျော်စိုးက အကြံပြုထားသည်။

**မျိုးဝင်းထွန်း (မုံရွာ)**



## ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းအမှိုက်ကောက်

**သရက်ချောင်း ဧပြီ ၂၀**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်၌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဆောင်သော ဌာနဆိုင်ရာဝန်ထမ်းများသည် အပတ်စဉ် စနေနေ့တိုင်း စုပေါင်းအမှိုက်ကောက်ခြင်းကို ဧပြီ ၂၀ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့မှ မြို့မကျောက်တိုင်အထိ စုပေါင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးခြင်းကြောင့် ဒေသခံပြည်သူများအနေဖြင့် မိမိတို့ရပ်ကွက်၊ ကျေးရွာများတွင် အမှိုက်စွန့်ပစ်သောနေရာများကို စနစ်တကျသတ်မှတ်ကာ အမှိုက်ခြင်း၊ အမှိုက်အိတ်တို့ကို အသုံးပြုတတ်လာစေရန် ရည်ရွယ်ပြီး အပတ်စဉ်စနေနေ့တိုင်း မြိတ်-ထားဝယ်ကားလမ်းမကြီးတစ်လျှောက်ရှိမြို့ပေါ်ရပ်ကွက်များတွင် စုပေါင်းအမှိုက်ကောက်ခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးချစ်ဦး(ပြန်/ဆက်)**

## ထူးကဲဒီရေမြင့်တက်လာမှုကြောင့် ဆယ်အိမ်တန်းကမ်းခြေရှိ အပန်းဖြေ နားခိုရာနေရာများ ပျက်စီး

**ကွမ်းခြံကုန်း ဧပြီ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကညင်ကုန်းကျေးရွာအုပ်စုအတွင်းရှိ ဆယ်အိမ်တန်းကျေးရွာကို ဖြတ်သန်းပြီး ကမ်းခြေတည်ရှိရာဖြစ်သော ဆယ်အိမ်တန်းကမ်းခြေ၌ ယနေ့ညနေ ၃ နာရီခွဲမှစတင်၍ ထူးကဲဒီရေမြင့်တက်လာမှုကြောင့် အပန်းဖြေကြသော ပြည်သူများ၏ နားခိုရာ တဲနှင့်ထီးအချို့ ပျက်စီးခဲ့ကြောင်း သိရသည်။

ဆယ်အိမ်တန်းကမ်းခြေ၌ နှစ်စဉ်ဖြစ်ပွားနေသော ထူးကဲဒီရေမှာ ပုံမှန်အားဖြင့် တစ်နှစ်လျှင် နှစ်ကြိမ် ပုံမှန်ရေတက်တတ်ပြီး မိုးဦးကာလနှင့် မိုးလယ်ကာလတို့တွင် ရေတက်လေ့ရှိကြောင်း၊ ဧပြီ ၁၉ ရက်တွင် စတင်ဖြစ်ပွားသော ထူးကဲဒီရေကြောင့် ဈေးဆိုင်ခန်းအချို့ ပျက်စီးခဲ့သော်လည်း လာရောက်အပန်းဖြေကြသော ဧည့်သည်များမှာ စည်ကားမြဲရှိနေကြောင်း ရွှေဂူမ်းပုံစားသောက်ဆိုင်မှ ကိုအေးနိုင်က ပြောသည်။

"မနေ့ကတည်းက ရေတက်နေတာပါ။ မနက်ဖြန်ကတော့ ခေါင်ရက်ပေါ့နော်၊ ရေပိုပြီး အတက်ဆုံးပါပဲ။ သန်ဘက်ခါကျရင် ရေနည်းနည်းပြန်ကျသွားပြီး နောက်ရက်တွေကျ တဖြည်းဖြည်းကျသွားပါလိမ့်မယ်။ ဒါပေမယ့် ဧည့်သည်က ကျွန်တော်တို့ကမ်းခြေမှာ မပြတ်ပါဘူး။ တနင်္ဂနွေဆို ပိုများပါတယ်။ သင်္ကြန်တုန်းက ကမ်းခြေသာယာရေးကော်မတီက ကမ်းခြေအောက်ပိုင်းမှာ နားခိုရာ ထီးတွေ မထားခိုင်းတော့လို့ ပြန်မချတာနဲ့ ကျွန်တော့်ဆိုင်ကတော့မပျက်စီးဘဲ သက်သာသွားပါတယ်။ တခြားဆိုင်အချို့ကတော့ ပျက်စီးသွားပါတယ်"ဟု ၎င်းက ရှင်းပြသည်။

အဆိုပါ ဆယ်အိမ်တန်းကမ်းခြေ၌ သင်္ကြန်ကာလအတွင်း လာရောက်လည်ပတ်ကြသည့် ဧည့်သည်များမှာ ဆယ်အိမ်တန်းကျေးရွာအစမှ အလယ်ရွာကျေးရွာအဆုံးအထိ ဧည့်သည်ဦးရေ နှစ်သိန်းကျော်အထိ လာရောက်လည်ပတ်ကြကြောင်းနှင့် ထိုင်ခုံ ၃၀၀ နီးပါးစီခင်းကျင်းထားသော ဈေးဆိုင်ခန်းပေါင်း ၈၀ ကျော်မှာ အပန်းဖြေသူများဖြင့် ပြည့်လျှံခဲ့ကြောင်း ဆယ်အိမ်တန်းကမ်းခြေသာယာဖွံ့ဖြိုးရေးကော်မတီမှ သိရသည်။

**သတင်း- ပွင့်သစ္စာ**
**ဓာတ်ပုံ- စိုးမြင့်အောင်**




BOOST+

ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်အမှတ် - ကကယ - ၁၃/၁၅/၁၁၇
ဆရာဦးမြင့်ဦး (အောင်ပွဲဝင်ရှပ၈၈၈) ဦးစီးတည်ထောင်၍ ဆရာမ ဒေါ်မြတ်သီတာဦး နှင့် ဆရာပြမ်းရှမ်းစီစဉ်သည်။

# အောင်မြေ ပညာသင်ကျောင်း | ပညာအောင်မြေ ကိုယ်ပိုင်အထက်တန်းကျောင်း

အဆင့်မြင့်ဘော်ဒါ နှင့် နေ့တက်ဘော်ဒါ

ပြောင်းလဲလာသော စနစ်သစ်ပညာရေးနှင့်အညီ ကျောင်းစာတစ်ခုတည်းကိုသာသင်ကြား၍ အလွတ်ကျက်မှတ်ခေခြင်းမပြုဘဲ ကိုယ်ကျင့်တရားနှင့်ပြည့်စုံ ...
အောင်မြေ ပညာသင်ကျောင်းတွင် ...

၂၀၁၉-၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများအတွက် **နွေရာသီ အထူးသင်တန်း**
၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ... ဘက်စုံထူးချွန်လိုသည့် ကျောင်းသား/သူများကို ကျောင်းအပ်လက်ခံပြီ...

အောင်မြေ (၁) - အမှတ်(၇၁)၊ ... ရန်ကုန်မြို့။
အောင်မြေ (၂) - အမှတ်(၃၇)၊ ... ရန်ကုန်မြို့။
ပညာအောင်မြေ - အမှတ်(၄၇၆-A) ... ရန်ကုန်မြို့။
ကိုယ်ပိုင်အထက်တန်းကျောင်း 09-25 222 9990, 09-25 222 9991, 09-25 222 9992, 09-25 222 9993

Since 1996

# ပုလဲ (KG မှ ၁၀တန်း)

၂၀၁၅ / ၁၆ / ၁၇ (၃) နှစ်ဆက်တိုက်ရန်ကုန်မြောက်ပိုင်းခရိုင်
တက္ကသိုလ်ဝင်တန်းအောင်ချက်အကောင်းဆုံး (၃) ကျောင်းစာရင်းဝင်
ဆရာဝန်များဦးစီးသော
စံပြဘော်ဒါ နှင့်ကိုယ်ပိုင်အထက်တန်းကျောင်း

ဘက်စုံကျောင်းတစ်ကျောင်းအဖြစ် ကျောင်းစာများကို သင်ရိုးကုန် သင်ကြားပေးသည့်အပြင် ကွန်ပျူတာ၊ အင်္ဂလိပ် (4 Skill)၊ အားကစား၊ ပန်းချီ ဂီတ၊ ပြည့်သူ့နီတိ၊ ဘင်ခရာ၊ ကိုယ်ခံပညာ၊ ပြည်တွင်းပြည်ပ လေ့လာရေးခရီးများ။ ဆိတ်ငြိမ်မြဲ ... Air-Con ... အိပ်ဆောင်


(၁၀) တန်း - ထူးချွန်စွာအောင်မြင်စေရန်၊ ဂုဏ်ထူးရစေရန် အထူးလေ့ကျင့်ပေးသည်။
(၉) တန်းအထူး - သင်ရိုးကုန်သင်ပေး၍ နှစ်ဝက်မှစ၍ (၁၀) တန်းစာပါ ထပ်ဆောင်းကြိုသင်ပေးပါသည်။
(၈) တန်းအစိုးရစစ် အတွက် သင်ရိုးကုန်သင်ပေးပြီး အထူးလေ့ကျင့်ပေးသည်။

အမှတ်(၅၇) ... ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ...




ယခင်ပုံနှိပ်ပါတ်များဝယ်မည်
ရဲပင်းထွန်း
50/51 - 240000Ks
55/500 - 280000Ks
Ph: 09-5050261
09-5404596

မင်္ဂလာပါ
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း၊ မြို့တွင်း/နယ်ဝေးများအတွက် ဈေးနှုန်းချိုသာစွာဖြင့် Box ကားများဖြင့် အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296




Renowned Partners from Australia/ UK
Murdoch University Perth | Singapore | Dubai
Teesside University

ကမ္ဘာ့ထိပ်တန်းအဆင့်ပညာရေးကို KAPLAN မှယူဆောင်လာခဲ့ပါပြီ။ စံမှန်သောပညာရေးဖြင့်နိုင်ငံတကာတွင် နှစ်ပေါင်း(၈၀)ကြာ အောင်မြင်မှုများစွာဖြင့် ရပ်တည်ခဲ့သော KAPLAN Inc. ၏တိုက်ရိုက်ကျောင်းခွဲ

ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံရှိသူများအတွက်
- MBA | MSc Engineering Management

IGCSE (သို့မဟုတ်) တက္ကသိုလ်ဝင်တန်းဖြေဆို/အောင်မြင်ထားသူများအတွက်
- BA (Hons) Business with International Management | Marketing | HRM
- BSc (Hons) Computer Science
- University Foundation Programme

## ပညာရေးဆွေးနွေးပွဲ

Speaker: Mr. James Kong
Director of International Recruitment & Service
Date: 27th April 2019 (Sat) Time: 10AM~12Noon

HOTLINE
6/A၊ ဝဋ္ဋီရိပ်သာလမ်း (Daimond Condo နောက်ကျော)၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
09 777 636 000 09 777 686 000

# SGH CAR TRADING

အိမ်သုံးကား၊ လုပ်ငန်းသုံးကား၊ မြေသယ်ကားများကို လက်ငင်း (သို့) အရစ်ကျ စနစ်ဖြင့် ဝယ်ယူနိုင်ပါသည်။

အမှတ်(၂၆)၊ ကျောက်တုန်းလမ်းနှင့် အောင်ဇေယျလမ်းထောင့်၊ ရန်ကင်းမြို့နယ်။ ph:09-765030336
အမှတ်(၄၂၃)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ Ph: 01-220502,09-785030336
အမှတ်(၅၁၁)၊ မာလာမြိုင်လမ်းသွယ်၊ လှည်းတန်း(AGD ဘဏ်ဘေး)၊ ကမာရွတ်မြို့နယ်။ ph: 09-955030336,09-784551277

ရ တ နာ သစ် တော ပြည့် သွေး ကြော သစ် တော ရ တ နာ ထိန်း သိမ်း ပါ


# မျိုးဆက်သစ်ရှင်ပြင်

ကြေးမုံ
အထူးဂဏန်း

ဧပြီ ၂၁၊ ၂၀၁၉ (တနင်္ဂနွေနေ့)


ဝတ္ထုတို

## ■ နန္ဒမန်းကြယ်(တွင်းငယ်)



**အခန်း(၁)**

"တွင်းငယ်"။

ဆိုင်းဘုတ်ကြီးက ငွားငွားစွင့်စွင့်။ ထိုဆိုင်းဘုတ်ကြီး၏ရှေ့နားခပ်လှမ်းလှမ်းတွင် မော်တော်ယာဉ်များ ခေတ္တနားရာ နေရာလေးတစ်ခုရှိသည်။ ထိုနေရာလေးမှာ သစ်ရိပ်ဝါးရိပ် မရှိ။ နွေနေက ပြင်းပြင်းနှင့်ပူလှသည်။ နေပူတော့ လေပါပူရသည်။ သည်လို နေပူလေပူထဲမှာ ဈေးဗန်းလေးများနှင့် ကားတွေအလာကို ထိုင်စောင့်နေကြသည့်ဈေးသည်တစ်သိုက်လည်း ရှိသေးသည်။ သည်နေရာက ကားတွေ ခေတ္တကုန်တင်၊ ကုန်ချလုပ်သည့် နေရာဟုဆိုလျှင်မမှား။ ဗန်းမော်မှ မန္တလေးသို့ ခရီးသည်တင်ကားတွေ ဥဒဟိုသွားနေသည့် လမ်းဘေးတွင် ရှိသည်။ သည်နေရာလေးကို အမှီပြု၍ လုပ်ကိုင်စားသောက်နေရသည့် ဈေးသည်တစ်သိုက်လည်း ကားတစ်စီးလာလိုက် ပြေးလိုက်ရ၊ တစ်စီးလာလိုက် ပြေးလိုက်ရနှင့် ဈေးရောင်းရသည်ကား မသက်သာလှ။ ဟော... ပြောရင်းဆိုရင်း ကားတစ်စီးလာပြီ။ ဈေးသည်များ ထိုင်နေ၍မရ။ အရှိန်လျှော့၍ ဝင်လာသောကားနှင့်ယှဉ်၍ ခပ်သုတ်သုတ် ပြေးလိုက်ကြရတော့သည်။ ကားတံခါးဖွင့်သည်နှင့် ဈေးအော်ရောင်းတော့သည်။

"ဘီးမုန့်...ယူပါဦး ... ဘီးမုန့်"

"အချဉ်ပေါင်း...အချဉ်ပေါင်း"

"ကြက်သားကြော် ... ကြက်သားကြော်"

ကားဘေးမှာ ရောင်းသည့်ဈေးသည်က လေးကန်နေ၍မရ။ သူ့ထက်ငါ အပြိုင်ရောင်းကြရသည်။ ဈေးသည်များသည် ဗန်းလေးများပြ၍ ဝယ်ပါယူပါတစာစာဖြင့် ဟစ်ကြသည်။ သို့သော် ကားထဲမှ ခရီးသည်များ တုတ်တုတ်မျှမလှုပ်။ ခရီးပန်း၍ ထင်ရ၏။ ထိုင်နေကြသည်။ ဈေးသည်များသည် မရောင်းရ၍ ကားဘေးမှ အသီးသီးခွာသွားကြသည်။ ကားဘေးတွင် ဈေးသည်တစ်ဦး ကျန်နေ၏။ မမိုးသဲ။ မမိုးသဲကတော့ ဈေးသည်ပီပီ ဝယ်ချင်စိတ်ဖြစ်လာအောင် အလကားပေးသည့်နှယ်ပြော၏။

"ဘီးမုန့်ကောင်းတယ်...အိစက်နေတာပဲ...ယူပါဦး"

မမိုးသဲသည် ဤနေရာမှ ကားမထွက်မချင်း ဗန်းလေးကိုင်ကာ ဝဲလည်နေသည်။ ထိုစဉ် "ဘီးမုန့်သည် လာဦး" ကားထဲမှ လူကြီးတစ်ယောက်သည် လက်ထုတ်ပြ၍ လှမ်းခေါ်လိုက်ခြင်းဖြစ်သည်။ မမိုးသဲသည် အသံလာရာဆီသို့ သွားလိုက်သည်။ ကားက မှန်လုံကား။ နည်းနည်းမြင့်သည်။ မမိုးသဲ၏ အရပ်နှင့်မမီ။ ဗန်းလေးကို ကိုင်ကာ မော့ကြည့်၍ မေးလိုက်သည်။

"ဦးကြီး... တစ်ထုပ်လား နှစ်ထုပ်လား"

ထိုလူကြီးက လက်တစ်ချောင်းထောင်ပြသည်။ မမိုးသဲ သဘောပေါက်လိုက်သည်။မမိုးသဲသည် ဗန်းထဲမှ ဘီးမုန့်တစ်ထုပ်ကို အရင်ကမ်းပေးလိုက်သည်။ ပြီးမှ မမိုးသဲက ပိုက်ဆံလှမ်းတောင်းသည်။သို့သော် ကားထဲမှ ပိုက်ဆံပြန်မချပေးသေး။

"ဝူး...ဝူး...ဝူး"။

ရုတ်တရက် ထွက်လာသော စက်သံကြောင့် မမိုးသဲလန့်သွားသည်။ မမိုးသဲက ကားဆရာကို လှမ်းတားလိုက်သည်။

"ကားဆရာခဏနေပါဦး...ဒီမှာပိုက်ဆံကျန်နေသေးလို့" မမိုးသဲ ငယ်သံပါအောင် အော်လိုက်သည်။ သို့သော် ကားဆရာသည် ကြားပုံမရ။ ကားကို မောင်းထွက်လိုက်တော့၏။ ထိုအခါ မမိုးသဲ ပြေးလိုက်သည်။ အရှိန်ယူကာ မောင်းနှင်သွားသော ကား၏အမြန်နှုန်းကို မမိုးသဲ လိုက်မမီတော့ချေ။ ဗန်းလေးနှင့် မမိုးသဲတစ်ယောက် ကလယ်ကလယ်ဖြင့် ကျန်နေခဲ့၏။ ကားကိုတော့ အမြီးပင် မတွေ့ရတော့ချေ။

**အခန်း(၂)**

"ဟူး"။ မမိုးသဲ သက်ပြင်းတစ်ချက် ချလိုက်သည်။ ရောင်းရပြီးသော ပိုက်ဆံများကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။ မျက်နှာကလေး ညှိုးငယ်စွာ။ မျက်ရည်ကလေးများပင် ဝဲလာသည်။ မမိုးသဲ ဘီးမုန့်တစ်ထုပ်ကို ဆုံးရှုံးလိုက်၍ ဝဲလာသည့်မျက်ရည်မဟုတ်။ ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်စားသောက်နေရသည့် လမ်းဘေးဈေးသည်ကို လုပ်ရက်လေခြင်းဟူသော ခံစားမှုမျိုး ဖြစ်သည်။

"မိန်းမ...လည်လှပြီမှတ်နေတာ သူ့ကိုယ်သူ ခုတော့ ခံလိုက်ရပြီ" ဈေးသည် တစ်သိုက်ဆီမှ ထွက်လာသော အသံဖြစ်သည်။ ကျယ်လောင်သော အသံဖြစ်၍ ခံရသော မမိုးသဲ အမ်းသွားသည်။ ပြောလိုက်သူက မထွေး။ မမိုးသဲသည် မထွေး၏စကားကြောင့် စိတ်တိုသွားသည်။ "ရှင် ကျွန်မကို ဘာပြောတာလဲ"

"ညည်း ကြားတဲ့အတိုင်းပဲလေ... မကျေနပ်လည်းသေလိုက်"

မထွေး၏ စကားက ရင့်သီးလှ၏။ မထွေးက မမိုးသဲကို သက်သက်မယ့် ရန်စခြင်းဖြစ်သည်။ အချင်းချင်း လှောင်ပြောင်ခြင်းကို မမိုးသဲမကြိုက်။ ပြန်ပြောရန် ပြင်လိုက်သည်။

"ဟာ...ညည်းတို့က အချင်းချင်းတွေပဲ ဘာဖြစ်နေတာလဲ...။ လမ်းဘေးဈေးသည်ချင်း အတူတူကို... တကယ်ပဲ" ဈေးသည်တစ်ယောက်က ဝင်တားလိုက်ခြင်းဖြစ်သည်။ ထိုစကားကြောင့် မမိုးသဲ အတွေးတစ်ခုဝင်လာသည်။ လူပုံအလယ်မှာ ရန်ဖြစ်ခြင်းကား ပို၍ရှက်စရာကောင်းသည်။ အော်ကျယ်အော်ကျယ်လုပ်သည်နှင့် လူများ၏အထင်သေးသော အကြည့်များက မမိုးသဲဆီသို့ ရောက်လာမည်။ ထို့ကြောင့် မမိုးသဲ အသံတိတ်သွားသည်။ မထွေးကတော့ မမိုးသဲ ပြန်မပြောသည်ကို "ကောင်မ ဘယ်ရမလဲ" ဟူသော အကြည့်ဖြင့် တွတ်ထိုးနေသေး၏။ မမိုးသဲသည် ဈေးဗန်းလေးကို ခုံလေးပေါ်တွင် ချလိုက်သည်။ ခေါင်းခုကလေးကို ဖြေကာ နဖူးမှချွေးစများကို သုတ်ပစ်လိုက်သည်။ "မဝေရယ်...လူတွေများ လုပ်ရက်လိုက်ကြတာ" မမိုးသဲသည် ခုံလေးပေါ်သို့ ဝင်ထိုင်ရင်း မဝေကို ပြောလိုက်သည်။ မဝေက မျက်နှာကြီးရှုံ့၍ "မိုးသဲရယ်... ဒါက ညည်းတစ်ယောက်တည်း ခံရတာမဟုတ်ဘူး။ ဒီနားက ဈေးသည်တွေ အကုန်ခံရဖူးတယ်။ အေးလေညည်းက ခုမှ ဈေးစရောင်းတာဆိုတော့ ဘယ်သိဦးမလဲ"

မမိုးသဲသည် မဝေ၏စကားများကို အာရုံစိုက်နားထောင်နေသည်။

"ဒီတစ်ခါ ရောင်းရင် ပိုက်ဆံကို အရင်ယူပြီးမှ ပစ္စည်းပေးနော် မိုးသဲ"

"ဟုတ်...မဝေ" မမိုးသဲ ခေါင်းညိတ်လိုက်သည်။ မှန်သည်။ သည်လိုသာ ဆက်ဖြစ်နေလျှင် မမိုးသဲ အရင်းပြုတ်သွားနိုင်သည်။ မမိုးသဲ လမ်းဘေးဈေးမရောင်းဘဲ ဘာနှင့်စားမလဲလေ။ အိမ်မှာ မိသားစုက သည်ဈေးရောင်းခြင်းကိုပဲ မှီခိုနေရခြင်းဖြစ်သည်။ မမိုးသဲက အဖေအို၊ အမေအိုနှင့် နေသည်။ မိဘနှစ်ပါးစလုံး ကျန်းမာရေးကောင်းနေသည်မို့ တော်သေးသည်။ ခုလည်း မမိုးသဲသည် ခါတိုင်းထက် ဈေးကို မဲရောင်းနေသည်။ သင်္ကြန်တွင်းက ထိုင်စားခဲ့သော အကြွေးများက ရှိသေးသည်။ သင်္ကြန်ရက်တွေတုန်းက မမိုးသဲ ဈေးရောင်းနားလိုက်ရသည်ဖြစ်၍ စားရေးအတွက် ချေးထားရသည်။ သင်္ကြန်တွင်းတုန်းက ဘာလိုလိုနှင့် ငွေကုန်သည်။ ဈေးမှမရောင်းရသည်ကတစ်ကြောင်း။ အဖေနှင့်အမေက ဥပုသ်စောင့်ကြသည်။ ဘုန်းကြီးကျောင်းသို့ မုန့်ပွဲစသည်ဖြင့် ပို့ပေးရသည်က တစ်ကြောင်းကြောင့်ပင်။ သင်္ကြန်မတိုင်ခင်က စုထားခဲ့သော ငွေလေးတွေကလည်း ရရစားစား ဝါးဝါးမျိုမျိုနှင့် ကုန်ရသည်။ သည့်အတွက်ကြောင့် ခင်ရာခင်ကြောင်း မိတ်ဆွေများထံမှ ငွေချေးရသည်။ အူမတောင့်မှ သီလစောင့်နိုင်ကြမည်မဟုတ်လော။ အဖေနှင့်အမေ သီလစောင့်နိုင်ဖို့အရေး မမိုးသဲ လုပ်ဆောင်ပေးခြင်းဖြစ်သည်။တစ်နှစ်ပတ်လုံးမှာ သင်္ကြန်တွင်း ဥပုသ်သာစောင့်နိုင်သည့် အဖေနှင့်အမေကို ကုသိုလ်တွေ အများကြီး ရစေချင်သည်လေ။

**အခန်း(၃)**

"ဝူး"

ခပ်စုတ်စုတ် ပေါင်မုန့်ကားလေးတစ်စီး ဆိုက်လာသည်။ ကားတံခါးက မဖွင့်သေး။ ဈေးသည်များသည် အလုအယက်ဖြင့် ကားနားသို့ ကပ်ကြသည်။ အချို့ခရီးသည်များက ပြတင်းပေါက်အသီးသီးကို ဖွင့်၍ ဈေးဝယ်သူများ ဝယ်ကြသည်။ မမိုးသဲသည် မရောင်းရဘဲ ဖြစ်နေသည်။ မမိုးသဲသည် ကား၏ တံခါးမကြီးနေရာတွင် နေရာယူမိလိုက်၍ ဖြစ်သည်။ အခြားဈေးသည်များသည် အတန်အသင့် ရောင်းကြရသည်။ ထို့ကြောင့် မမိုးသဲသည် ကားတံခါးမကြီးကို ဆွဲဖွင့်လိုက်သည်။ ထိုအချိန်တွင် "ဝုန်း" ကား၏ တံခါးမကြီးသည် ပွင့်လာသည့်အပြင် အပေါ်အလိုင်းမင်းက ပြုတ်၍ ဘေးဘက်သို့ ဟသွားသည်။ "ငတ်ကြီးကျဖို့ပဲသိတယ်... ငါမဖွင့်ခိုင်းဘဲ ဖွင့်တာ...ဒီတစ်ခါ ငါ့ကားထိကြည့်စမ်း... ငတ်ကြီးကျတွေ" ကားဆရာ၏ အော်သံ ဖြစ်သည်။ "ငတ်ကြီးကျ" ဟူသော ဆဲသံက မမိုးသဲ၏ နှလုံးသားထဲထိ စိမ့်ဝင်သွားသည်။ မမိုးသဲမှ ဖြစ်တတ်ရသည်။ မနေ့က ခရီးသည်တစ်ယောက် မလိမ့်တပတ် လုပ်သည်ကိုခံရ၏။ ခု ကားဆရာ၏အဆဲကို ခံရပြန်ပြီ။ မရှိဆင်းရဲသား မမိုးသဲ ရင်တွင်း ဒဏ်ရာများ ပြည့်နှက်နေပြီ။ ကားဆရာ မမိုးသဲအနားသို့ ကပ်လာပြီး "ကားတိုက်လို့သေရင်လည်း အလျော်မပေးနိုင်ဘူး... ကြားလား" မမိုးသဲကို လေသံမာမာဖြင့် ပြောလာပြန်ပြီ။

"ဒီမှာ ရှင် ဒီလိုမပြောပါနဲ့။ လူတွေအားလုံးဟာ အလုပ်လုပ်စားနေကြတာပါ။ ရှင်လည်း ရှင့်အလုပ်ရှင်လုပ်တာ ကျွန်မလည်း ကျွန်မအလုပ် ကျွန်မလုပ်တာပါ။ ရှင်ဒီလိုတော့ မပြောသင့်ပါဘူး"ကားဆရာကလည်း မခံ။

"အမယ်... အမယ်... ခေါင်းရွက်ဈေးသည် မကများ" "ခေါင်းရွက်ဈေးသည် ဟုတ်တယ် ... ဘာဖြစ်သလဲ...သူများဟာ ခိုးစားနေတာ မဟုတ်ဘူး" အော်ပြီး ရန်ဖြစ်နေကြသည်ကို လူအများ ဝိုင်းကြည့်နေကြသည်။ကားဆရာက ရှက်သွားဟန်တူသည်။ ကားဆရာ ကားထဲသို့ ပြန်ဝင်လိုက်ကာ ကားကို ပြန်မောင်းထွက်သွားတော့၏။ မမိုးသဲ အသားများပင် ဆတ်ဆတ်တုန်လာသည်။ ဝမ်းစာရှာနေကြတာခြင်းအတူတူ မမိုးသဲတို့ လမ်းဘေးဈေးသည် ခေါင်းရွက်ဈေးသည်များကို အထင်သေးကြသည်ထင်၏။ သူတို့ကိုကြည့်သောအကြည့်များက အထင်သေးသည့် အကြည့်။ စချင်နောက်ချင်သူများကလည်း ပေါလှ၏။ နှိမ်ချင်သူများကလည်း ပေါလှ၏။ မရှိ၍ လုပ်စားသည့် ခေါင်းရွက်ဈေးသည် လမ်းဘေးဈေးသည်ဘဝသည် မလွယ်။ တစ်ခါတစ်ရံ လိမ်နေသည်ဟု ထင်ကြသေးသည်။ ဝမ်းတစ်ထွာအတွက် လုပ်စားရနေသည်ဖြစ်၍ မမိုးသဲ သည်အလုပ်ကို မစွန့်နိုင်။ မိသားစုဝမ်းရေးအတွက် လမ်းဘေးဈေးသည် ဘဝအဖြစ် ရပ်တည်နေရပေဦးမည်။ အဆိုခံ၊ အပြောခံ အထင်သေးသည့် အကြည့်တို့က မမိုးသဲတို့လို လမ်းဘေးဈေးသည်တွေအတွက်တော့ မဆန်းပါချေ။ သို့သော် ခါးသီးစရာကောင်းလှ၏။ ။


## မျိုးဆက်သစ်ရှင်ပြင်
## လူငယ်ကလောင်ရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် ***မျိုးဆက်သစ်ရှင်ပြင်*** အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် နှစ်သက်ရာဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

***မျိုးဆက်သစ်ရှင်ပြင်*** သို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ဖော်ပြရွေးချယ်ခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

**စာတည်းအဖွဲ့**

## တိုင်းပြည်ညွှန်းကိန်း

အလုပ်သမား အရင်းအမြစ်ဟာ
တိုင်းပြည် ညွှန်းကိန်းပါ။
အဆင့်အတန်း တိုးမြှင့်ပေး
တိုင်းပြည် ဖွံ့ဖြိုးရေး။
လုပ်သားများရဲ့အရည်အသွေးဟာ
အရေးကြီးပေတာ။
စိတ်ဓာတ်ဆိုင်ရာ မြှင့်တင်ရေး
အထူးအလေးပေး။
ထုတ်ကုန်ကဏ္ဍ တိုးမြှင့်က
လုပ်သားတန်ဖိုး မြှင့်တင်ပါ။
အနာဂတ်မှာ တိုးတက်ရေး
ဝိုင်းဝန်းကူညီပေး။

ငြိမ်းချမ်း(မအူပင်)

## နှစ်သစ်ဆုတောင်း

တစ်ထောင့်သုံးရာရှစ်ဆယ့်တစ်
မင်္ဂလာသက္ကရာဇ်။
ဒီနှစ်သစ်မှာ ပျော်ရွှင်စွာ
တို့ရဲ့ပြည်မြန်မာ။
ငြိမ်းချမ်းသာယာ လွန်အေးချမ်း
ပွင့်သောပန်းတိုင်းလန်း။
အပြုံးပန်းတို့ ပွင့်ဝေဆာ
နှစ်သစ်မင်္ဂလာ။
ဒီကဗျာနဲ့ ခွန်းချိုသ
ကျန်းမာပါစေဗျ။

မြင့်စည်သူမြိုင်

## အပူဒဏ်ခံနိုင်ဖို့ ရေများများသောက်ပါစို့

ပူပြင်းလှတဲ့ နွေရာသီ
ရောက်ရှိလာပါပြီ။
တောရိပ်မှီရန် သစ်တောလည်း
ပြုန်းတီးနေပြီပဲ။
အပူလွန်ကဲ သည်အချိန်မှာ
ဂရုစိုက်ကြပါဗျာ။
သွားလာစရာ ရှိလေက
အကာအကွယ်နှင့် သွားလာကြ။
နံနက်မှစ နေအခင်
နေကြဆင်ဆင်ခြင်။
ကြည်ကြည်လင်လင် ရေချိုအေး
များများသောက်စို့လေး။
ကျန်းမာကြဖို့အရေး ။

စိုင်းနေဝန်း

# မျက်စိဖွင့်လို့ နားစွင့်ပါ

ဆောင်းပါး

## ဖေနှင်းငွေ

"ဦးလေး ဒီလကစပြီး သတင်းစာတွေ ဈေးတက်မယ် နော်။

"အေး"

"ပင်ရင်းဈေးက တစ်စောင် တစ်ရာဖြစ်သွားပြီးဆို တော့ အိမ်ပေးကို တစ်လငါးထောင် ကျွန်တော် ယူမယ် နော် ဦးလေး"

"အေးပေါ့ကွာ အများနည်းတူပေါ့"

အိမ်ကို နံနက်တိုင်း သတင်းစာလာပို့တဲ့လူငယ်လေး က သတင်းစာဈေးတွေတက်မယ့်အကြောင်းကို အသိပေး သွားတယ်။ အမှန်တော့ သူမပြောခင်ကတည်းက ၂၀၁၉ ခုနှစ် ဧပြီလ ၁ ရက်နေ့ကစပြီး နိုင်ငံပိုင်သတင်းစာတွေ ဈေးနှုန်းအပြောင်းအလဲ လုပ်မယ်ဆိုတာ သတင်းစာတွေ ထဲမှာ ကြိုတင်ကြေညာထားလို့ သိထားပြီးသားဖြစ်ပါ တယ်။ သတင်းစာတစ်စောင် တစ်ရာ၊ နေ့စဉ်အိမ်အရောက် ဝန်ဆောင်မှု လုပ်အားခအတွက် နှစ်ထောင်၊ အဲဒါကြောင့် တစ်လငါးထောင်ကျမယ်လို့ သေချာရှင်းပြသွားတယ်။ ကိုယ်လည်း ကြည်ကြည်ဖြူဖြူနဲ့ လက်ခံလိုက်တယ်။

တကယ်တော့ ဒီကနေ့ခေတ်ကြီးထဲမှာ ငွေတစ်ရာက လက်ဖက်ရည်တစ်ခွက်ဖိုးပင် မပြည့်ပါ။ တစ်လ ငါးထောင် အသုံးစရိတ်က ဖုန်းဘေလ်ဖိုးပင်မရှိပါ။ ဒါပေမယ့် လက်ဖက်ရည် တစ်ခွက်ဖိုးပင်မရှိတဲ့ သတင်းစာတစ်စောင် ဖတ်ပြီးတော့ အကြောင်းအရာမျိုးစုံကို တစ်ထိုင်တည်း သိလိုက်ရတဲ့အကျိုးကျေးဇူးကား တန်ဖိုးဖြတ်၍ မရနိုင်ပါ။

ကိုယ်ငယ်ငယ်က သတင်းစာနေ့ချင်းပေါက် မရောက် တဲ့အရပ်ဒေသမှာ ကြီးပြင်းခဲ့ရတယ်။ ဒီကနေ့ထုတ် သတင်းစာကို နောက်တစ်နေ့ညနေမှ ဖတ်ခွင့်ရတယ်။ ဒါတောင် နေ့တိုင်းဖတ်ခွင့်မရဘူး။ ရာသီဥတုသာယာပြီး သွားရေးလာရေး အဆင်ပြေတဲ့ရက်တွေမှ ဖတ်ရတယ်။ တစ်ရွာလုံးမှာ သတင်းစာယူတဲ့ဦးရေက လက်ချိုးရေလို့ရ တယ်။ ဘုန်းကြီးကျောင်းက ဆရာတော်၊ ရွာလူကြီး၊ ကျောင်းဆရာကြီးစတဲ့ စာတတ်၊ စာဖတ်တဲ့ လူပုဂ္ဂိုလ်တချို့ လောက်ပဲ သတင်းစာပုံမှန်ယူကြတယ်။ ကိုယ့်အိမ်က ဘုန်းကြီးကျောင်းနဲ့နီးတော့ ညနေတိုင်း ဘုန်းကြီးကျောင်း မှာ သတင်းစာသွားဖတ်ရတယ်။ တစ်ခါတလေ ကျောင်း ဆရာကြီးအိမ်မှာ သွားဖတ်ရတယ်။

"မိုးစင်စင်လင်းပြီ၊ ပြတင်းများဖွင့်ထားပါ၊ သတင်းစာ နေ့စဉ်ကြည့်ရှုပါ၊ သတင်းထူးပါရင် ပြောပါလား"ဆိုတဲ့ မူလတန်းဖတ်စာကို ငယ်ငယ်က အော်ဖတ်ခဲ့ရဖူးတယ်။ အော်သာ အော်ခဲ့ရပေမယ့် သတင်းစာနေ့စဉ်ကြည့်ဖို့ဆိုတာ တော့ တကယ်မလွယ်ကူခဲ့ဘူး။ အဲဒီခေတ်ကာလက သတင်းစာဆိုတာ တောသူတောင်သားတွေအဖို့ နီးစပ်တဲ့ အရာလည်းမဟုတ်ခဲ့ပါ။ ဒါကြောင့်မို့ သတင်းစာကို ရနိုင်တဲ့ အချိန်၊ ရနိုင်တဲ့နေရာတွေကို ကြိုးစားပြီး ရှာဖွေဖတ်ခဲ့ရ တယ်။ ကိုယ့်ကိုသတင်းစာဖတ်တဲ့ အလေ့အထ မျိုးစေ့ချ ပေးခဲ့တာက ကိုယ့်ရဲ့ငယ်ဆရာ မူလတန်းကျောင်းအုပ် ဆရာကြီးဖြစ်တယ်။

ပထမတော့ သတင်းစာမှာပါတဲ့ တစ်ကွက်စာကာတွန်း တွေကိုရွေးပြီး လိုက်ဖတ်တယ်။ နောက်တော့ အခါကြီးရက် ကြီး၊ နေ့ထူးနေ့မြတ်တွေအတွက် ရေးဖွဲ့ထားတဲ့ ကဗျာ တွေကို လိုက်ဖတ်တယ်။ ကာတွန်းတွေကို သဘောကျရာက ကဗျာတွေကိုပါ ခံစားတတ်လာတယ်။ အဓိပ္ပာယ်တွေကို နားလည်လာတယ်။ တစ်ခါတလေ ဆရာကြီးက မျက်စိ မကောင်းလို့ဆိုပြီး ဆောင်းပါးတွေကို ဖတ်ပြခိုင်းတယ်။ ကိုယ်က ဆရာကြီးဖတ်ပြခိုင်းတဲ့ ဆောင်းပါးတွေကို အသံ ထွက်ပြီး ဖတ်ပြခဲ့ရတယ်။ ဖတ်တာများလာတော့ ဆောင်းပါးတွေကို ကြိုက်နှစ်သက်လာတယ်။ မဖတ်ရ မနေနိုင်အောင် ဖြစ်လာတယ်။ အကျိုးဆက်အနေနဲ့ အကြောင်းအရာတစ်ခုကို အစီအစဉ်တကျ ပြောတတ်၊ ရေးတတ်ဖို့ အလေ့အကျင့်လေးတွေ ရလာခဲ့တယ်။ အမှန် တော့ ဆရာကြီးက ကိုယ့်ကို ဆောင်းပါးတွေပါ ဖတ်ဖြစ် အောင် တမင်ဖတ်ပြခိုင်းခဲ့မှန်း နောက်မှသိခဲ့ရတယ်။ ဆရာကြီးကျေးဇူး ကြီးမားခဲ့ပါတယ်။

တကယ်တော့ သတင်းစာဆိုတာ ပြည်သူတွေရဲ့နား၊ မျက်စိ ဖြစ်ပါတယ်။ သတင်းစာ မဖတ်တဲ့သူဟာ နားနဲ့ မျက်စိပိတ်ထားသလို ဖြစ်တယ်။ သတင်းစာဟာ ပြည်တွင်း ပြည်ပမှာ ဖြစ်ပေါ်နေတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍအသီးသီးတွေကို အကုန်အစင်မဟုတ်ရင်တောင် သိသင့်သိထိုက်တာတွေကို နေ့စဉ်ဖော်ပြပေးနေတဲ့ ပြန်တမ်းဖြစ်တယ်။ စာပေအမျိုးမျိုးရှိတဲ့အနက် သတင်းစာ ဆိုတဲ့ စာပေဟာ ပရိသတ်၊ ပြည်သူလူထုထိတွေ့မှု အများဆုံးလုပ်ငန်းဆောင်တာ ဖြစ်တယ်။ ဒါကြောင့်မို့ သတင်းစာဆိုတာ အသိဉာဏ်ပွင့်လင်းမှုများ စီးဆင်းရာ သန့်စင်ကြည်လင်တဲ့ မြစ်ကြီးပမာ ဖြစ်တယ်လို့ ကမ္ဘာ ကျော်သမိုင်းပါရဂူ တွိုင်းဗွီးက ဆိုခဲ့ပါတယ်။ ကိုယ်ကိုယ် တိုင်လည်း စာဖတ်တဲ့အလေ့အထကို သတင်းစာကနေ လေ့ကျင့်ယူခဲ့ရသလို စာရေးတဲ့နည်းစနစ်တချို့ကိုလည်း သတင်းစာကနေ သင်ယူမှတ်သားခဲ့ရပါတယ်။

နောက်ပိုင်း သတင်းစာမှာ ကိုယ်ရေးတဲ့ ဆောင်းပါး လေးတွေ တစ်ပုဒ်စ၊ နှစ်ပုဒ်စ ဖော်ပြပုံနှိပ်ခွင့်ရခဲ့တော့ အတိုင်းမသိကို ပျော်ခဲ့မိတယ်။ ကြည်နူးခဲ့မိတယ်။ အနှစ် နှစ်အလလ စာဖတ်ပရိသတ်ဖြစ်ခဲ့ရာက ကိုယ်ရေးတဲ့ ဆောင်းပါးကို ကိုယ်ပြန်ဖတ်ခွင့်ရလိုက်တော့ ပီတိဖြစ်ခဲ့ရ တယ်။ စာဖတ်ခြင်း၊ သတင်းစာဖတ်ခြင်းရဲ့ အကျိုးရလဒ် တစ်ခုပဲလို့ ယုံကြည်ခဲ့မိတယ်။

သတင်းစာမှာပါတဲ့ ကိုယ့်ရဲ့ဆောင်းပါးလေးတွေကို ကိုယ့်နဲ့နီးစပ်ရာ လုပ်ဖော်ကိုင်ဖက်၊ ဆရာသမားတွေကို ဝမ်းသာအားရစွာနဲ့ လိုက်ပြခဲ့မိတယ်။ သဘောထား မှတ်ချက်တွေ အမျိုးမျိုးပြန်ရခဲ့တယ်။ တချို့က ဝမ်းသာအား ရနဲ့ ဂုဏ်ယူအားပေးကြတယ်။ တချို့ကတော့ တစ်ရာတန် သတင်းစာ၊ အစိုးရသတင်းစာမှာပါတဲ့ ဆောင်းပါးကို ဘာမှအထင်ကြီးစရာမရှိဘူးဆိုတဲ့ အဓိပ္ပာယ်မျိုးတွေနဲ့ မှတ်ချက်ပြုကြတယ်။ အဆိုးဆုံးကတော့ စာတစ်ကြောင်း တောင် စိတ်ပါလက်ပါ ဆုံးအောင်မဖတ်ချင်တဲ့သူတွေက စာရေးခြင်းကို ငွေကြေးနဲ့တိုင်းတာပြီး မှတ်ချက်ပေးကြ တယ်။ အဲဒီလူတွေအပေါ်တော့ ဘာတစ်ခုမှတုံ့ပြန်မဖြေ ရှင်းခဲ့တော့ပါ။

တကယ်တော့ နိုင်ငံပိုင်သတင်းစာဆိုတာ အစိုးရကို သာ ကိုယ်စားပြုတဲ့သတင်းစာမဟုတ်ပါ။ နိုင်ငံပုံရိပ်တစ်ခု အနေနဲ့ နိုင်ငံတော်ရဲ့မူဝါဒ၊ ရပ်တည်ချက်တွေကို နိုင်ငံပိုင် မီဒီယာကတစ်ဆင့် ပြည်သူတွေသိရှိအောင် ဖော်ပြခြင်း သာ ဖြစ်တယ်။ အစိုးရရဲ့ဆောင်ရွက်ချက်တွေကို ပြည်သူ တွေသိရှိအောင်၊ ပြည်သူတွေရဲ့လိုအပ်ချက်တွေကို အစိုးရ သိရှိအောင် အပြန်အလှန် အစီရင်ခံတင်ပြနေတဲ့ မီဒီယာ ပလက်ဖောင်းတစ်ခုသာ ဖြစ်တယ်။ ဒါကြောင့်မို့လည်း နှစ်ပေါင်းတစ်ရာကျော်ပြီဖြစ်တဲ့ မြန်မာ့အလင်းသတင်းစာ၊ နှစ်ပေါင်းခြောက်ဆယ်ကျော်ပြီဖြစ်တဲ့ ကြေးမုံသတင်းစာ တို့ဟာ ခေတ်အဆက်ဆက်မှာ လူထုဆက်သွယ်ရေး နိုင်ငံ ပိုင် မီဒီယာတွေအဖြစ်နဲ့ မပြောင်းလဲဘဲ တည်ရှိခဲ့တယ်။ ပြီးတော့ ၂၀၁၆ ခုနှစ် မတ်လ ၃၁ ရက်နေ့ကစပြီး မြန်မာ့ အလင်းနဲ့ ကြေးမုံသတင်းစာတွေရဲ့ အသွင်အပြင်နဲ့အနှစ် သာရတွေကို ပြောင်းလဲခဲ့တာ သတင်းစာ အမြဲတမ်းဖတ် နေတဲ့သူတွေ အသိဆုံးဖြစ်ပါတယ်။

အမှန်တော့ စာပေမှာ မကောင်းတဲ့စာပေ၊ မလေ့လာ အပ်တဲ့စာပေဆိုတာ မရှိလောက်ဘူးလို့ ထင်ပါတယ်။ စာပေကရတဲ့ ဗဟုသုတကိုသာ သုံးသင့်တယ်၊ မသုံးသင့် ဘူး၊ ရှောင်သင့်၊ ဆောင်သင့်၊ ချင့်ချိန်ဝေဖန်နိုင်တဲ့ အသိ ဉာဏ်ကသာ အရေးကြီးတယ်လို့ ထင်ပါတယ်။ ဆရာကြီး ပီမိုးနင်းကလည်း စိတ်ကို အသိဉာဏ်ကအုပ်စိုးတယ်။ အသိဉာဏ်ကို ဗဟုသုတက အုပ်စိုးတယ်။ ဗဟုသုတကို စာပေက အုပ်စိုးတယ်လို့ ဆိုခဲ့ပါတယ်။

ဒါကြောင့်မို့ ပြည်သူတစ်ယောက်၊ နိုင်ငံသား တစ်ယောက်အနေနဲ့ သတင်းစာနေ့စဉ် ဖတ်ခြင်းဖြင့် ကိုယ့်နိုင်ငံနဲ့ ကမ္ဘာ့နိုင်ငံတွေရဲ့ လက်ရှိဆောင်ရွက်နေတဲ့ ပြုပြင်ပြောင်းလဲမှုတွေ၊ ကြိုးပမ်းတည်ဆောက်နေမှုတွေ၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွေကို မျက်စိဖွင့်၊ နားစွင့်ကာ ကျရာ အခန်းကဏ္ဍကနေ တစ်တပ်တစ်အား ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းလိုက်ပါတယ်။

## သစ်တောတန်ဖိုး ချစ်မြတ်နိုး

သစ်ပင်သစ်တော စိမ်းလန်းတာ
အေးချမ်း ပြည်သာယာ။
ဥတုသုံးဖြာ ထိန်းညှိပေး
သစ်တော ရှိမှလေး။
အပူအအေး လွန်ကဲတာ
သစ်တော နည်းလို့ပါ။
ဝန်းကျင်တန်ဆာ အလှဆင်ပေး
စိမ်းမြ ကမ္ဘာလေး။
သဘာဝဘေး ကြိုကာကွယ်
သစ်ပင်စိုက်ကြမယ်။
လူကြီးလူငယ် ပူးပေါင်းလို့
သစ်တော ထိန်းသိမ်းစို့။
သာယာလှဖို့ တို့ကမ္ဘာ
သစ်တော ချစ်ကြပါ။
တိုင်းပြည်ဘဏ္ဍာ နှစ်စဉ်တိုး
သစ်တော ပြည်တန်ဖိုး။

ဇင်မင်းကို(စိန်ပန်းမြေ)

## ကျေးဇူးရှင် သစ်ပင်များ

နွေဦးရောက်ချိန် အပူရှိန်
တံလျှပ်တထိန်ထိန်
ဥတုဂိမှာန် နွေနေခြင်း
ပူရှိန်အလွန်ပြင်း။
သစ်ရိပ်အတွင်း ဝင်လို့သာ
ချွေးသိပ်နားခိုရာ
အေးရိပ်ဆာယာ သူလေပေး
ယုတ်လတ်မြတ်မရွေး။
အသီးပွင့်လေး ဝေဝေဆာ
ခူးယူစားသုံး ပန်ဆင်တာ
ရာသီကိုပါ ထိန်းညှိပေး
ကျေးဇူးကြီးတဲ့ သစ်ပင်လေး။
မြေဆီလွှာလည်း ထိန်းသိမ်းတယ်
သစ်တောသစ်ပင်ကွယ်။
အပူဒဏ်ရယ် ကာကွယ်ဖို့
သစ်ပင်စိုက်ကြစို့။
ငှက်အပေါင်းတို့ ခိုမှီကာ
သိုက်မြုံဆောက်လို့သာ။
လေထုကိုပါ သန့်စင်ပေး
မြေကမ္ဘာက သစ်ပင်လေး
ကျေးဇူးကြီးတယ်လေး။

ဖြူဖြူစုလွင်(ပညာရေး)

ဝတ္ထုတို

## ချစ်ခိုင်စံ ( ဘီအီးဒီ )

ဆင်စွယ်ရောင် တိုင်လုံးကြီးများဖြင့် ခမ်းနားထည်ဝါလွန်းသော ဆင်ဝင်အောက်သို့ မဟူရာရောင်ပြောင်လက်နေသည့် မာစီဒီး ကားလေး ဝေါခနဲထိုးရပ်လာလေ၏။ တစ်ဆက်တည်းဆိုသလို "တီ......တီ..." ဆိုသည့် ဟွန်းသံရှည်ကြီးက အထပ်မြင့် တိုက်အိမ်ကြီးထဲသို့ ပြေးဝင်လာလေသည်။ ဟော...... အန်တီချို ပြန်လာပြီထင်သည်။ မိန္ဒယ်တစ်ယောက် ဆိုဖာဆက်တီခုံတွေကို သုတ်နေရင်း ကပျာကယာဖြင့် ကားတံခါး ပြေးဖွင့်ပေးရလေသည်။ သို့သော် ကားတံခါး ဖွင့်ဖွင့်ချင်း အန်တီချိုက ဆင်းမလာ။ ပြင်းထန်မာကြောသည့် အသံတစ်ခုက အလျင်ဦးစွာ ခုန်ပေါက်ပြေးဆင်းလာလေ၏။

"မိန္ဒယ်။ ညည်းမလည်း မပြောချင်ဘူး။ ကားရောက်တာတောင် ပြေးမလာနိုင်ဘူးလား။ ကြည့်လုပ်ကြနော် နင်တို့။ "

မိန္ဒယ် မျက်လုံးပြူးရပြီ။ ကားသံကြားကြားချင်း မိန္ဒယ်ပြေးလာခဲ့တာပဲလေ။ ဘာများမှားသွားလို့လဲဟု ပြန်ပြောပစ်လိုက်ချင်သည်။ ဒါပေမယ့် မလုပ်ရဲ။ အန်တီချိုက နည်းနည်းအပြောကြမ်းသည် မဟုတ်လား။ ယောကျ်ားဖြစ်သူ ဦးကျော်မြင့်နှင့်တော့ ကွာပဲ့။ ဦးကျော်မြင့်က အနေအေးသလောက်၊ စကားပြောလည်း ညက်ညောသည်။ ဒီအိမ်မှာ မိန္ဒယ်အလုပ်လုပ်နေသည်မှာ လေးနှစ်ကျော် ပေပြီ။ ဦးကျော်မြင့်က မိန္ဒယ်ကို တစ်ခါမျှ မအော်မငေါက်ဖူးပေ။ အန်တီချိုကတော့ အပြစ်မြင်သည်နှင့် စက်သေနတ်ပမာ တရစပ် လွှတ်တော့သည်။ တစ်ခါတလေလည်း သူဒေါသထွက်လာရင် အကုန်ပတ်ရမ်းတတ်သေးသည်။ ဒီဒဏ်တွေကို မိန္ဒယ်အပြင် ထမင်းချက်တာဝန်ယူသော ကြီးလေးခင်၊ ခြံစောင့်ကြီး ဦးမောင်အေးနှင့် ယာဉ်မောင်း ကိုကျော်ကျော်တို့လည်း ခံရတတ်ပါ၏။ ယခုလည်း ဗိုတထောင်ဘုရားမှာ ယတြာချေဖို့ ထွက်သွားပြီး ဘာတွေအဆင်မပြေလာသည် မသိ။

မိန္ဒယ်တို့ နားပူတော့မည်ကိုတော့ ဗေဒင်မေးနေစရာပင်မလို။ အန်တီချိုက ကားပေါ်က ဆင်းပြီး ဆိုဖာဆက်တီပေါ်ကို ဘုတ်ခနဲထိုင်ချလိုက်သည်။ ဆိုဖာသားသည် အိခနဲ နိမ့်ဆင်းသွား၏။ လက်မှာချိတ်လာသည့် စလင်းဘတ်အိတ်ကြီးကိုလည်း သူ့ဘေးက ဆိုဖာဆက်တီခုံပေါ်သို့ လှမ်းပစ်တင်လိုက်သေး၏။

"ငါ့ကို သံပရာရည်ဖျော်ပေးစမ်း မိန္ဒယ်။ "

မိန္ဒယ်က မီးဖိုခန်းထဲသို့ ခပ်မြန်မြန်ပြေးဝင်လိုက်သည်။ သံပရာသီးလေးကို စတီးခားပါးပါးနှင့် ထက်ခြမ်းခွဲနေစဉ် ကြီးလေးခင်က ခပ်တိုးတိုးလေး မေးသေးသည်။

"ဟဲ့ မိန္ဒယ်။ အန်တီချို ဘာဖြစ်လာတာတုန်း"

တကယ်တော့ ကြီးလေးခင်က အန်တီချိုထက် အသက်ပိုကြီးပါ၏။ သို့သော် မိန္ဒယ်တို့ အခေါ်များတော့ သူလည်း နှုတ်ကျိုးနေပြီလေ။ မိန္ဒယ်က သံပရာခြမ်းကို အရည်ညှစ်ခွက်လေးပေါ်တင်ပြီး ညှစ်ချရင်း ပြန်ပြောလိုက်သည်။

"မသိပါဘူး ကြီးလေးခင်ရယ်။ သွားတုန်းက ဘုရား။ ပြန်လာတော့ ဒေါသနဲ့၊ နားတောင်မလည်တော့ပါဘူး"

"ဟဲ့မိန္ဒယ်။ တိုးတိုးပြောပါအေ။ တော်ကြာ ကြားသွားမှဖြင့် သူ့အိမ်ပေါ်က ခွေးမောင်းသလို မောင်းချခံနေရပါဦးမယ်။"

ထိုစဉ်...... ဧည့်ခန်းဆောင်ဆီမှ အန်တီချို




၏ အသံသည် မီးဖိုခန်းဆီသို့ ကွေ့ပတ်ဝင်ရောက်လာလေသည်။

"ထိုစဉ် မိန္ဒယ်။ သံပရာရည်ဖျော်ခိုင်းတာ သံပရာပင်စိုက်ခိုင်းတာ မဟုတ်ဘူးဟော့။ တကယ်တည်း ကြာလိုက်တာအေ။"

အသံကြားတော့ မိန္ဒယ်ဇက်လေး ပုသွားကာ...... လျှာလေးတစ်စွန်းတစ်စ ထွက်သွား၏။ ခပ်ယဲ့ယဲ့လေး ပြုံးရင်း...... "သွားပြီ။ ကြီးလေးခင်ရေ......"ဟု ပြောပြီး သံပရာဖျော်ရည်ခွက်လေးကိုင်ကာ မီးဖိုခန်းထဲမှ ခပ်မြန်မြန်လေး ပြေးထွက်လာ၏။ ကြီးလေးခင်ချက်နေသော ကြက်သားဆီပြန်ဟင်း၏ ခပ်သင်းသင်းဟင်းနံ့လေးက မိန္ဒယ်နှာဖျားထက်ဝယ် တွဲလွဲခို၍ ပါလာလေသည်။ မိန္ဒယ်လည်း လွင့်ပျံလာသမျှ ဟင်းနံ့တို့ကို ခပ်မျှင်းမျှင်းလေး ရှူသွင်းလိုက်သေး၏။

မိန္ဒယ်ကမ်းပေးသော သံပရာရည်ခွက်ကို တစ်ကျိုက်မော့ချလိုက်မှ အန်တီချို၏ ဒေါသများ အနည်းငယ်ပြေသွားသလိုပင်။ တွေ့ခါစက နီမြန်းနေသော မျက်နှာပြင်သည် အနည်းငယ် ဖြူဝင်းလာ၏။ တောက်ပပြတ်သားလွန်းသည့် မျက်ဝန်းများလည်း ပြေလျော့သွား၏။ တဆတ်ဆတ်တုန်နေသော အသားတို့သည်လည်း ရေပြင်ပမာ ငြိမ်သက်စပြုလာ၏။

မိန္ဒယ်က အန်တီချိုနားတွင် ခပ်ရိုရို့လေး မတ်တတ်ရပ်နေရ၏။ ထွက်သွားလို့လည်း မဖြစ်။ ဘာဆက်လုပ်ရမှန်းလည်း မသိ။ အို...... သူခိုင်းတာလုပ်ပေးလိုက်မည်ဟု သဘောပိုက်ကာ ဆက်ရပ်နေလိုက်လေသည်။ ထိုအခါ အန်တီချိုက မိန္ဒယ်ကိုကြည့်ရင်း စိတ်ပြေရာပြေကြောင်း ရင်ဖွင့်တော့သည်။ အန်တီချိုက ထိုအတိုင်းပင်။ သူ့ရင်ထဲ တင်းကျပ်သည်များရှိပါက သူ့ယောကျ်ားကိုလည်း ရင်မဖွင့်။ သူ့သားနှစ်ယောက်ကိုလည်း ရင်မဖွင့်ချေ။ ဘာအကြံမျှမရချင်နေ...... သူပြောသမျှကို နားထောင်ပေးရင် ကျေနပ်သူဖြစ်လေတော့ သူ့ပစ်မှတ်က မိန္ဒယ်သာ ဖြစ်နေလေသည်။

"အပြင်က ဆင်းရဲသားတွေ သိပ်ရိုင်းတာပဲအေ။ ရိုင်းမှာပေါ့ ပညာမှမတတ်ဘဲ။ ရရစားစား ကြံရာလုပ်နေရတော့ သားသမီးတွေကိုတောင် မဆုံးမနိုင်တော့ဘူးထင်ပ့ါ။ စိတ်ပျက်စရာပဲ"

အန်တီချို ဘာကိုဆိုလိုမှန်း မိန္ဒယ်မသိချေ။ အန်တီချိုက သံပရာရည်တစ်ကြိမ်ယူသောက်လိုက်ပြီး စကားဆက်လိုက်၏။

"မနက်က စိတ်လက်ချမ်းသာဖို့ ဘုရားသွားတာအေ။ ဘယ်က ပေါက်လွှတ်ပဲစားတွေမှန်း မသိပါဘူး။ ဘုရားပန်းတွေ အတင်းထိုးရောင်းကြတာလေ။ ငါ့ဆီကို အတင်းတိုးဝှေ့နေလိုက်ကြတာများ ရွံ့စရာတောင်ကောင်းသေး။ အားလုံးညစ်ပတ်နံစော်နေတာပဲ။ ဘုရားလမ်းဇောင်းမှာ ပြီးစလွယ် အိပ်စားထားကြတယ် ထင်ပ့ါ။ ငါ မဝယ်ဘူးပြောတာကို အတင်း ထိုးရောင်းကြတော့ ငါ့ကိုပါ တိုးဝှေ့မိကြရော။ လူကြီးကို လူကြီးမှန်း မသိတဲ့ ဟာတွေ။ ဖြုတ်စဖျင်းတောင်းတွေ။ တော်တော်စိတ်ပျက်စရာ ကောင်းတယ်"

အစကတော့ မိန္ဒယ်က အန်တီချို ပြောသမျှကို ရှေ့ယခင်ကလုပ်သလို ဘယ်ဘက်နားကသွင်း၊ ညာဘက်နားကထုတ် လုပ်မလို့ဘဲ။ ဒီတစ်ခါပြောသမျှက ယခင်ကလို လုပ်မရ။ ဘယ်ဘက်နားက ဝင်ပြီး ညာဘက်နားက မထွက်မီ အန်တီချို့စကားများက မိန္ဒယ်ဦးနှောက်ဆီ အလည်ရောက်သွားသေးသည်။ ရင်ထဲတဆစ်ဆစ်လည်း ဖြစ်သွားသည်။

ဩော်...... အန်တီချိုရယ်။ ဒါက ဘဝတွေလေ။ အန်တီချိုတို့လို ဖဲမွေ့ရာ ရွှေကော်ဇောပေါ်က ဘဝနဲ့တော့ မနှိုင်းနဲ့ပေ့ါ။ အန်တီချို့မှာလည်း သားနှစ်ယောက်ရှိတာပဲလေ။ အန်တီချို့သားတွေက အစားကောင်းစားပြီး ကျောင်းကောင်းကောင်းနေရတော့ ပြောအားရှိမှာပေ့ါ။ မိန္ဒယ်အမြင်မှာတော့ အန်တီချို့သားတွေထက် ပန်းရောင်းတဲ့ကလေးတွေက ဘဝတန်ဖိုးပိုသိလိမ့်မယ်ထင်ပ့ါ။ မယုံရင် အန်တီချို့သားတွေကို ဘုရားမှာ ပန်းရောင်းခိုင်းကြည့်ပါလား။ သူတို့အရည်အချင်းနဲ့ ငတ်တောင်သေဦးမယ်။ သားသမီးချင်း ကိုယ်ချင်းစာပါ အန်တီချို။

"ဟဲ့ မိန္ဒယ်။ ငါပြောတာ ကြားရဲ့လား"

"ဟုတ်ဟုတ်...... ဟုတ်ကဲ့ အန်တီချို။ မိန္ဒယ်ကြားပါတယ်"

အန်တီချို တပ်လှန့်လိုက်တော့ မိန္ဒယ်၏ ရင်ထဲက စကားတွေဟာ အငွေ့ပျံကုန်၏။ ကပျာကယာ 'ဟုတ်' လိုက်ရသော်လည်း ရင်ထဲမှာတော့ 'မဟုတ်' ချင်။ မတတ်နိုင်။ သူ့ဆန်စားတော့ ရဲရမည်ပင်။

"တော်ပြီအေ။ ညည်းကိုကြည့်ရတာ အူတူတူနဲ့။ ငါသွားနားတော့မယ်။ ညည်း အစ်ကိုလေးတွေလာရင် ဝေယျာဝစ္စတွေ လုပ်ပေးလိုက်ဦး"

သွားနားတော့မည်ဆို၍ မိန္ဒယ်ရင်ထဲ လုပ်ခနဲဖြစ်သွားသည်။ အန်တီချိုမမြင်ခင် မသိမသာ ပြုံးလိုက်မိ၏။ မြင်လိုက်လျှင် သေသည်ထက် အကြောင်းဆိုးသွားနိုင်ပါသည်။ အန်တီချို အပေါ်ထပ်တက်သွားတော့ မိန္ဒယ်လည်း ကြီးလေးခင်ရှိရာ မီးဖိုခန်းထဲ ဝင်လာလိုက်တော့သည်။

မီးဖိုခန်းထဲကနာရီကို လှမ်းကြည့်လိုက်တော့ မွန်းတည့် ၁၂ နာရီ ထိုးခါနီးပြီ။ မကြာမီ အစ်ကိုလေးတို့ ပြန်လာတော့မည်။ အစ်ကိုလေးတို့ကျောင်းသည် နှစ်ချိန်ကျောင်းဖြစ်သည်။ အစ်ကိုလေး အကြီးကောင်က ကိုးတန်း။ အစ်ကိုလေး အငယ်ကောင်က ခုနစ်တန်း။ သို့အတွက် နှစ်ယောက်စလုံးသည် ပထမပိုင်းစာသင်ချိန်ကုန်သည်နှင့် ပြန်လာရသည်။ ကျောင်းပြန်ချိန်ကို ယာဉ်မောင်း ကိုကျော်ကျော်က အမြဲသွားကြိုပေးရ၏။

သိပ်မကြာလိုက်ပေ။ ပေါ်တီကိုအောက်သို့ အပြာရောင် ဆပ်(ဖ်)ကားတစ်စီး ထိုးဆိုက်လာ၏။ ထိုအပြာရောင် ဆပ်(ဖ်)ကားသည် အစ်ကိုလေးတို့ ကျောင်းပို့ကျောင်းကြိုသုံးသောကားဖြစ်သည်။ ကားရပ်ရပ်ချင်း အစ်ကိုလေးတို့ညီအစ်ကိုသည် အိမ်ထဲပြေးဝင်သွား၏။ မိန္ဒယ်က ကားထဲမှာထားခဲ့သော သူတို့၏ ကျောပိုးအိတ်များနှင့် ထမင်းချိုင့်များကို မနိုင်မနင်း သယ်လာစဉ် ထို ညီအစ်ကိုနှစ်ယောက်က ရေခဲသေတ္တာဖွင့်ပြီး အချိုရည်ဘူးတွေ ရှာနေချေပြီ။ အိမ်ဝက ဖိနပ်စင်ကို ကြည့်လိုက်သောအခါ အောကတ္တိပါဖိနပ်နှစ်ရံက ဖင်တစ်ပြန်၊ ခေါင်းတစ်ပြန်။ အလှန်အမှောက်အစုံဖြင့် အိမ်ခြွေရနေလေပြီ။ မိန္ဒယ် မသိမသာ သက်ပြင်းချမိ၏။

မိန္ဒယ်တစ်ယောက် အစ်ကိုလေးတို့၏ ပစ္စည်းပစ္စယများကို နေရာတကျသိမ်းပြီးသောအခါ အန်တီချို့အခန်းဆီမှ အစ်ကိုလေးအငယ်ကောင်၏ အသံကို ပြတ်ပြတ်ထင်ထင်ကြားလိုက်မိ၏။

"အမေကလည်းဗျာ။ သားမစားချင်တဲ့ ဟင်းတွေပဲ ချက်တယ်။ မစားဘူး။ လုံးဝမစားဘူး"

သည်လိုပါပဲ။ အစ်ကိုလေးအငယ်ကောင်က အသက်ငယ်သေးတော့ ဂျီနည်းနည်းကျသည်။ တကယ်တော့ အစ်ကိုလေးနှစ်ယောက်စလုံးက မိန္ဒယ်ထက် ငယ်ပါသည်။အစ်ကိုလေး အကြီးကောင်ပင် မိန္ဒယ်ထက် ခုနစ်နှစ်လောက် ငယ်မည်ထင်။ ခဏကြာတော့ အန်တီချိုက မိန္ဒယ်ကို လှမ်းခေါ်၏။

"မိန္ဒယ်ရေ...... အပေါ်ထပ် ခဏလာဦးဟေ့"

"ဟုတ်ကဲ့........."ဟု အသံရှည်ဆွဲကာ မိန္ဒယ်တစ်ယောက် ပေါ်လစ်ပြောင်နေသော ကျွန်းလှေကားကြီးပေါ် ပြေးတက်သွား၏။ အင်ဂျင်နီယာကောင်းတို့၏ ပညာအစွမ်းကြောင့် ပြေးတက်သွားသောခြေလှမ်းတို့တွင် ခြေနင်းသံ မကြားရချေ။ သေချာနားစိုက်ထောင်မှ ကျွန်းလှေကားကြီးဆီကနေ မိန္ဒယ်၏ ခြေနင်းသံ တဖျပ်ဖျပ်ကို တိုးတိုးညှင်းညှင်း ကြားရနိုင်၏။

"မိန္ဒယ်။ နင့်အစ်ကိုလေးက ကြက်သားဆီပြန်ဟင်းမစားချင်ဘူးတဲ့။ အဲဒါ...လမ်းထိပ်ကနေ ဝက်ကုန်းဘောင်တစ်ပွဲ သွားဝယ်ပေးစမ်းပါအေ"

မိန္ဒယ်တစ်ယောက် အန်တီချိုပေးလိုက်သော ငါးထောင်တန်ငွေတစ်ရွက်ကို လှမ်းယူ၍ ကားဂိုထောင်နားတွင် ရပ်ထားသော စက်ဘီးလေးစီးကာ လမ်းထိပ်ပြေးသွားရတော့၏။

သိပ်မကြာခင် မိန္ဒယ်ပြန်ရောက်လာသည်အထိ အစ်ကိုလေးအငယ်ကောင်က နှုတ်ခမ်းစူနေဆဲပင်။ အန်တီချိုက သူ့သားအငယ်ကောင်ကို စိတ်ရှည်စွာ ချော့မြူနေတုန်းပင်တည်း။ ထိုစဉ်...... အစ်ကိုလေး အကြီးကောင်က လက်ထဲမှဖုန်းကို ဘုတ်ခနဲ ပစ်ချကာ သူ့အမေနား ပွတ်သီးပွတ်ကပ် လုပ်လာပြန်သည်။

"ကဲပြော။ သားကြီးက ဘာဖြစ်လာပြန်တာတုန်း"

အန်တီချို့လေသံက ဘုရားက ပြန်လာသည့်အသံနှင့် လုံးဝမတူ။ ပကတိပျော့နွဲ့နေ၏။

"ဂုတ်ပိုးကြီးလေးလာလို့။ ဇက်ကြောတက်ပြီ ထင်တယ်"

"တက်မှာပေ့ါသားရယ်။ ကျောင်းက ပြန်လာကတည်းက ဖုန်းကိုင်ပြီး ဂိမ်းတန်းဆော့တာကိုး"

"ဟာ အမေကလည်းဗျာ။ နေ့တိုင်း ဒီဂိမ်းဆော့တာပဲ ဆူနေမှာလား။ သားတစ်နေ့လုံး ကျောင်းမှာ ငြီးငွေ့လာတယ်လေ။ စိတ်အပန်းဖြေရမှာပေ့ါ"

ထိုစကားကြားတော့ မိန္ဒယ် ခပ်ယဲ့ယဲ့ပြုံးမိသည်။ ဘုရားမှာပန်းရောင်းပြီး ဘဝကိုရုန်းကန်နေတဲ့ကလေးတွေကရော ငြီးငွေ့ချိန်ရှိပါလေစဟု မဆီမဆိုင် မိန္ဒယ်တွေးလိုက်မိသေး။

"ကဲမိန္ဒယ်ရေ......။ နင့်အစ်ကိုလေးကို ဇက်ကြောနည်းနည်းဆွဲပေးလိုက်ပါဟယ်"

မိန္ဒယ် သက်ပြင်းမှျင်းမှျင်းချမိ၏။ သိနေတယ်လေ။ တကယ်တော့ နေ့တိုင်းလုပ်ပေးရတဲ့ကိစ္စ မဟုတ်လား။

"ဟာ...... မိန္ဒယ်မဆွဲပေးနဲ့။ သူ့လက်က မထိဘူး။ ကြီးလေးခင်က နှိပ်တတ်တယ်။ ကြီးလေးခင်ကို ခေါ်ပေး"

မိန္ဒယ် ရင်ထဲ ဆစ်ခနဲဖြစ်သွားသည်။ နင်ကိုယ့်အမေထက် အသက်ကြီးတဲ့သူကို ခေါ်ခိုင်းမလို့လားဟဲ့ဟု မေးမေးပြီး နားရင်း အုပ်ပစ်ချင်နေမိသည်။ လက်တွေလည်း ယားလာ၏။ သို့သော် မလုပ်ဖြစ်။ အန်တီချိုက မေးဆတ်ပြတော့ မိန္ဒယ်အသံက အောက်ထပ်သို့ ကျွန်းလှေကားကြီးမှတစ်ဆင့် ပြေးဆင်းသွားတော့သည်။

"ကြီးလေးခင်ရေ......။ အစ်ကိုလေး ဇက်ကြောတွေတက်နေလို့ လာနှိပ်ပေးပါဦးတဲ့"

မိန္ဒယ်အသံက ဆောင့်ကြီးအောင့်ကြီး ထွက်သွားမည်ထင်သည်။ တစ်အိမ်လုံး တိတ်ဆိတ်သွား၏။ မိန္ဒယ်က အန်တီချို၏ အိမ်ခန်းဝမှ ခေါင်းပြူ၍ အော်ခေါ်လိုက်သဖြင့် အိမ်ခန်းထဲမှ သားအမိသုံးယောက်၏မျက်နှာများကို မမြင်မိလိုက်ချေ။

ခဏချင်းဆိုသလို အောက်ထပ်မှ အသံတစ်သံ ပြန်ထွက်လာပါ၏။

"အေးအေး မိန္ဒယ်ရေ......။ ကြီးလေးခင် ထမင်းပွဲပြင်နေတာ ပြီးတော့မယ်။ တက်လာခဲ့မယ်နော်......"

မိန္ဒယ် သက်ပြင်းချမိ၏။ ဘာကြောင့်ရယ်မသိ။ ရင်ထဲ အီလည်လည်ကြီး ခံစားနေရပါတော့သည်။ ။

ဆောင်းပါး

## ခက်ဆစ်လင်း(ပြည်)

# လူငယ်နှင့် နိုင်ငံ့အရေး

လူငယ်တိုင်းသည် လွတ်လပ်မှုနှင့် ပျော်ရွှင်မှုကို ခုံမင်နှစ်သက်တတ်ကြစမြဲဖြစ်သည်။ သို့သော် လွတ်လပ်မှုနှင့် ပရမ်းပတာနိုင်မှု၊ အပျော်နှင့်အပျက် မသဲကွဲကြဘဲ အယူအဆလွဲ လမ်းမှားနေကြ၏။ ထို့အတွက်ကြောင့်ပင် တိကျခိုင်မာသောရည်မှန်းချက်များ ပျောက်ရှနေကြပြီး ဘဝကိုနေသာသလို ရေစုန်မျောနေကြသည့်လူငယ်များ ပတ်ဝန်းကျင်တိုင်းတွင် များပြားလာသည်။ အပျော်ဟု ထင်သောကိစ္စများအား လုပ်ဆောင်နေရင်းမှ ပျက်စီးသွားရသောလူငယ်များ၏ ဘဝများစွာလည်း မနည်းတော့ပါ။

လူငယ်သဘာဝမို့ လွတ်လပ်ပျော်ရွှင်မှုကို ခုံမင်နှစ်သက်ကြသည်ကိုတော့ မပြစ်မဆိုလိုပါ။ သို့သော် အသိဉာဏ်ရှိသော လူသားများဖြစ်သည့်အလျောက် ရခဲလှသောလူ့ဘဝတိုတိုတွင် ဘဝကိုတန်ဖိုးရှိအောင် အကောင်းဆုံးထားတတ်ကြရန်လည်း လိုအပ်ကြောင်း စဉ်းစားသတိပြုမိကြစေလိုပါသည်။ ထိုကဲ့သို့ စဉ်းစားတတ်ရန်အတွက် လူငယ်တိုင်း နိုင်ငံ့အရေးကို စိတ်ဝင်စားနိုင်ရန်တော့ လိုပါသည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာပေါ်ရှိမည်သည့် နိုင်ငံသားတိုင်းမဆို နိုင်ငံနှင့်လူမျိုးကိုတော့ အသွေးထဲအသားထဲမှပင် ချစ်ခင်မြတ်နိုးကြပါ၏။

ဥပမာ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နေသော နိုင်ငံကိုယ်စား အားကစားသမား(အားကစားအသင်းများ)ကို တစ်ခဲနက်အားပေးနေသည့် ပရိသတ်များ၏ စိတ်နှလုံးကိုကြည့်ရုံဖြင့် နိုင်ငံသားတိုင်း နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးကြသည်မှာတော့ ထင်ရှားလွန်းလှပါပေသည်။ ထိုကဲ့သို့ နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးခြင်းမှသည် နိုင်ငံ့အရေးကိုလည်း စိတ်ဝင်စားလာစေခြင်းသာဖြစ်ပါသည်။ နိုင်ငံကိုယ်စားပြု အားကစားသမားတိုင်းသည် မိမိအတွက်ဆိုတာထက် နိုင်ငံ့အတွက်ဟူ၍ နှလုံးသွင်းစဉ်းစားတတ်ကြရန် လိုပါသည်။ မိမိ၏ အောင်မြင်မှုသည် နိုင်ငံ၏အောင်မြင်မှုသာဖြစ်ပါ၏။ ထို့အတူ မိမိ၏ကျရှုံးမှုသည်လည်း နိုင်ငံ့အတွက် ကြီးမားသော ကျရှုံးမှုတစ်ခုသာဖြစ်ပါပေသည်။

နိုင်ငံနှင့်လူမျိုးကိုချစ်မြတ်နိုးကြသော ပရိသတ်များအနေဖြင့်လည်း ကြိုးစားနေသူများ၏ အောင်မြင်ခြင်း၊ ကျရှုံးခြင်းများအား လက်မထောင်၊ လက်ညှိုးထိုးနေရုံဖြင့် ကျေနပ်မနေသင့်ဘဲ၊ မိမိကိုယ်တိုင်လည်း အမိနိုင်ငံ အောင်မြင်တိုးတက်ရန်အတွက် များပြားလှသော နယ်ပယ်စုံများတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်အားဖြည့်ပေးနိုင်ရန် လိုအပ်ကြောင်း စဉ်းစားမိကြစေလိုပါသည်။ သို့မှသာ မိမိအတွက် ရည်မှန်းချက်များဖြစ်ပေါ်လာမည်ဖြစ်ပြီး အောင်မြင်မှုများအား အရယူနိုင်ရန်အတွက် စိတ်ဆန္ဒများလည်း ပြင်းပြလာပါလိမ့်မည်။ ထိုစိတ်ဆန္ဒများအား တစိုက်မတ်မတ် ကြိုးစားပုံဖော်ထုဆစ်နေသူများသည်လည်း မုချအောင်မြင်လာပါလိမ့်မည်။

သတိထားရမည့်အချက်မှာ မည်သည့်နယ်ပယ်တွင်မဆို အောင်မြင်တိုးတက်မှုအား ရှာဖွေနေကြသူများ၏ စိတ်တွင် ဤသို့လုပ်ဆောင်နေရခြင်းမှာ မိမိ၏ဘဝတစ်ခုတည်းအတွက်မဟုတ်ဘဲ အမိနိုင်ငံအတွက်လည်း တိုးတက်အောင်မြင်ရန် ကြံဆောင်နေခြင်းဖြစ်ကြောင်း နှလုံးသွင်းနိုင်ကြရန်တော့လိုပါသည်။ ဤသည်ကပင် နိုင်ငံ့အရေးကိုစိတ်ဝင်စားသော နိုင်ငံသားတိုင်း၏ လုပ်ရပ်သာဖြစ်ပါ၏။ အရှင်းဆုံးဆိုရလျှင် လူငယ်များအား နိုင်ငံ့အရေး စိတ်ဝင်စားစေချင်သည်ဆိုသည်မှာ လမ်းပေါ်ထွက်၍ ဆိုင်းဘုတ်ကိုင်လမ်းလျှောက် ဆန္ဒဖော်ထုတ်နေခိုင်းခြင်းလည်းမဟုတ်သလို လက်နက်စွဲကိုင်၍ အမိနိုင်ငံကို အသက်ပေး၍ကာကွယ်ကြပါဟု ဆိုလိုခြင်းလည်း မဟုတ်ပါ။

အမှန်စင်စစ် မိမိတစ်ကိုယ်ရေစာ ဘဝတိုင်းအား မိမိကျွမ်းကျင်ရာနယ်ပယ်တိုင်းတွင် အောင်မြင်တိုးတက်အောင် ကြိုးစားလုပ်ဆောင်လိုခြင်းသာ ဖြစ်ပါသည်။ တစ်နည်းအားဖြင့် နိုင်ငံသားတိုင်း၏ အောင်မြင်တိုးတက်မှုတိုင်းသည်ပင်လျှင် နိုင်ငံ၏ အောင်မြင်တိုးတက်မှုသာဖြစ်ကြောင်း စဉ်းစားတွေးခေါ်တတ်စေလိုခြင်း ဖြစ်ပါသည်။ သို့မှသာ နိုင်ငံနှင့် လူမျိုးအတွက်ဟူသော မြင့်မြတ်သော စိတ်ထားဖြင့် တက်ကြွစွာ မိမိဘဝကို အောင်မြင်တိုးတက်အောင် ကြံစည်ထုဆစ်ပုံဖော်နိုင်ပေလိမ့်မည်ဖြစ်သည်။ သို့မှတစ်ဆင့် ကမ္ဘာကြီးအတွက်ဟူ၍ပင် စဉ်းစားတွေးခေါ်နိုင်လာပေလိမ့်မည်။

ထိုကဲ့သို့ စဉ်းစားတွေးခေါ်မိခြင်းနှင့်အတူ မိမိ၏ တန်ဖိုးရှိသောအချိန်များကို အလေအလွင့်မခံတော့ဘဲ အောင်မြင်တိုးတက်ရန်အတွက် အကောင်းဆုံးလုပ်ဆောင်တတ်လာပေလိမ့်မည်။ သို့မှမဟုတ်ဘဲ လူငယ်များအနေဖြင့် အပျော်အပျက်များကို တရားလွန်စိတ်ဝင်စားနေပါက အနာဂတ်နိုင်ငံအတွက်လည်း ကောင်းကျိုးများ ဖြစ်ထွန်းပေလိမ့်မည်မဟုတ်ပါ။ အနာဂတ်နိုင်ငံ၊ အနာဂတ်ကမ္ဘာကြီးအတွက် ယနေ့လူငယ်များတွင် တာဝန်ရှိနေပါသည်။ လူငယ်တိုင်း မိမိကျွမ်းကျင်ရာနယ်ပယ်တိုင်းမှ မိမိအတွက် (နိုင်ငံနှင့် လူမျိုးအတွက်) အောင်မြင်တိုးတက်မှုများအား ရှာဖွေကြိုးစား ထုဆစ်ပုံဖော်ကြစေလိုပါသည်။ သို့မှသာ မြင့်မြတ်သောနှလုံးသားရှိသူများ၏ ပုံဖော်ထုဆစ်မှုကြောင့် အနာဂတ်နိုင်ငံနှင့် ကမ္ဘာလောကကြီးတစ်ခုလုံး အောင်မြင်တိုးတက်မှုများ ဝေဆာစွာဖြင့် ပိုမိုငြိမ်းချမ်းသာယာလှပလာပေလိမ့်မည်ဖြစ်ပါတော့သည်။ ။

## မိုးသောက်ထွန်း

# အကျင့်ကောင်းကိုစွဲထားပါ

လူတိုင်း လူတိုင်းမှာ အကျင့် တစ်ခုမဟုတ်တစ်ခု ရှိတတ်ကြပါတယ်။ "အကျင့်" ဆိုတာ စွဲမြဲနေတဲ့အလေ့လို့ အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါတယ်။ "လူမှာအကျင့် ပန်းမှာအပွင့်" ဆိုတဲ့ စကားပုံရှိပါတယ်။ ပန်းပင်တစ်ပင်ဟာ အပွင့်ပွင့်မှ၊ ပွင့်တဲ့ပန်းကလည်း ရနံ့မွှေးကြိုင်မှ လူတွေက တန်ဖိုးထားနှစ်ခြိုက်ကြတာပါ။ ထို့အတူ လူတွေမှာလည်း ကောင်းမွန်တဲ့ အကျင့်ကောင်းတွေစွဲနေမှ ဂုဏ်ကျက်သရေနဲ့ ပြည့်စုံတဲ့လူတစ်ယောက် ဖြစ်မှာပါ။

လူတစ်ယောက်ဟာ အကျင့်တစ်ခုကို စွဲမိပြီဆိုရင် ဖျောက်ပစ်ဖို့ အတော်ခက်ပါတယ်။ အဲဒီမှာ စွဲမြဲနေတဲ့အကျင့်က အကျင့်ဆိုးတစ်ခုဖြစ်နေမယ်ဆိုရင် မိမိကိုယ်တိုင်ရော ပတ်ဝန်းကျင်ကိုပါ ထိခိုက်စေပါတော့တယ်။ မိမိတို့မှာ စွဲကပ်နေတဲ့ အကျင့်ဟာ ကောင်းတဲ့ အကျင့်လား၊ မကောင်းတဲ့အကျင့်လားဆိုတာ ခွဲခြားတတ်ဖို့လည်း လိုပါတယ်။ ဆေးလိပ်သောက်တဲ့အကျင့်၊ ကွမ်းစားတဲ့အကျင့်၊ စကားကြမ်းကြမ်း ပြောတတ်တဲ့အကျင့်၊ နံနက်စောစောမထတတ်တဲ့အကျင့်စသဖြင့် မကောင်းတဲ့အကျင့်တွေက အများကြီးရှိလို့နေပါတယ်။ မိမိစွဲနေမိတဲ့အကျင့်ဟာ အကျင့်ဆိုးတစ်ခုလို့ သိလိုက်ပြီဆိုရင် အဲဒီအကျင့်ကို ဖျောက်ဖျက်ပစ်ဖို့ ကြိုးစားရပါမယ်။ အကျင့်တစ်ခုကို ဖျောက်ဖျက်ပစ်ဖို့ လွယ်ကူတဲ့ကိစ္စတော့ မဟုတ်ပါဘူး။ အကျင့်ဆိုးက ပိုပြီးဖျောက်ဖျက်ရခက်ပါတယ်။ အကျင့်ဆိုးတွေကို ဖျောက်ဖျက်ပစ်ရမှာဖြစ်သလို အကျင့်ဆိုးတွေကို မစွဲမိအောင်လည်း ကြိုတင်ရှောင်ရှားရပါမယ်။ အထူးသဖြင့် ကလေးဘဝမှာ အကျင့်ဆိုးတွေကို မစွဲမိဖို့ အလွန်အရေးကြီးပါတယ်။

ကလေးငယ်တွေမှာ အကျင့်ဆိုးတွေ မစွဲအောင်၊ စွဲမိတဲ့အကျင့်ဆိုးတွေ ပျောက်ပျက်အောင် လူကြီးမိဘတွေက သွန်သင်လမ်းပြပေးဖို့ လိုအပ်ပါတယ်။ ငယ်စဉ်ကတည်းကနေ အခုထိ စွဲစွဲမြဲမြဲမှတ်မိနေတဲ့ ဇာတ်လမ်းလေးတစ်ပုဒ်ကို တင်ပြချင်ပါတယ်။ တစ်ခါက မောင်စိုးဆိုတဲ့ ကောင်လေးတစ်ယောက်ရှိတယ်။ မောင်စိုးက အတော်ကို ပျင်းရိတယ်။အပျင်းရောဂါ ပျင်းတဲ့အကျင့် စွဲကပ်နေတာပေါ့။ အဖေဖြစ်သူက မောင်စိုးကို ပျင်းတဲ့အကျင့် ပျောက်စေချင်တယ်။ ဒါပေမယ့် ဘယ်လိုလုပ်ရမယ် မစဉ်းစားတတ်ဘူး ဖြစ်နေတယ်။ ဒီလိုနဲ့ တစ်နေ့မှာတော့ မောင်စိုးရဲ့ဘကြီးက အိမ်ကို အလည်ရောက်လာတယ်။ ဘကြီးဖြစ်တဲ့သူက မောင်စိုးမှာ ပျင်းတဲ့အကျင့် စွဲနေတာကို သိသွားတော့ အဲဒီအကျင့်ကိုဖျောက်ပေးဖို့ သူနဲ့အတူ လိုက်ခဲ့ဖို့ခေါ်တယ်။ မောင်စိုးက "သားကို ဘာမှမခိုင်းရင် လိုက်မယ်"လို့ဆိုတော့ ဘကြီးဖြစ်သူက သဘောတူပြီး ခေါ်သွားတယ်။

ဘကြီးဖြစ်သူရဲ့အိမ်ကိုရောက်တဲ့အခါ ဘကြီးက "မောင်စိုး မင်းဘယ်လိုနေချင်လဲ" လို့ မေးလိုက်တော့ မောင်စိုးက "သား အိပ်လိုက်စားလိုက်ပဲ နေချင်တယ်"လို့ ပြန်ဖြေတယ်။ ဘကြီးက "အေးကောင်းပြီ၊ မင်းသဘောအတိုင်းထားမယ်"ဆိုပြီး မောင်စိုးကို တခြားဘာမှမလုပ်စေဘဲ အိပ်လိုက်စားလိုက်ပဲ နေခိုင်းတယ်။ ထမင်းစားချိန် ထစားတာကလွဲလို့ အချိန်ပြည့်အိပ်ခိုင်းထားတယ်။ မောင်စိုးလည်း အိပ်လိုက်စားလိုက်နဲ့ အစပိုင်းမှာ ဇိမ်ကျနေတာပေါ့။ ဒါပေမယ့် ရက်အတန်ကြာတဲ့အခါ အိပ်ရာထဲမှာချည်းနေရတော့ မောင်စိုးညောင်းညာလာတယ်။ လမ်းလေးဘာလေး လျှောက်ချင်လာတယ်။ ဒါပေမယ့် ဘကြီးကခွင့်မပြုဘူး။ စားချိန်ကလွဲပြီး အချိန်ပြည့် အိပ်ခိုင်းထားတယ်။ နောက်ဆုံးမှာတော့ မောင်စိုးဘယ်လိုမှမနေနိုင်တော့ဘူး။ "ဘကြီးရယ် သားကို နည်းနည်းတော့ ထနေခွင့်ပြုပါ"လို့တောင်းပန်တယ်။ အဲဒီမှာ ဘကြီးက "ဒါဆို ကောင်းပြီ၊ မင်းဒီတိုင်းတော့ မထရဘူး၊ စိုက်ခင်းထဲမှာ အလုပ်လုပ်ရမယ်၊ အလုပ်ရပ်လိုက်ရင်တော့ ပြန်အိပ်ရမယ်" လို့ ဆိုလိုက်တော့ မောင်စိုးလည်း လက်ခံလိုက်တယ်။

မောင်စိုးဟာ အလုပ်ရပ်တာနဲ့ ပြန်အိပ်ရမယ်လို့ ဘကြီးကပြောထားတော့ တစ်နေကုန်မရပ်မနားဘဲ အလုပ်လုပ်တယ်။ ဒီလိုနဲ့ ညဘက်ကျတော့အိပ်၊ မနက်မိုးလင်းတာနဲ့ စိုက်ခင်းထဲမှာ အလုပ်လုပ်ပေါ့။ တစ်လလောက်ကြာတော့ ဘကြီးက "ကဲမောင်စိုး စိုက်ခင်းထဲမှာ အလုပ်မလုပ်ရင်လည်း ပြန်မအိပ်ဘဲ နေလို့ရပါတယ်"လို့ ဆိုတဲ့အခါ မောင်စိုးက "ရပါတယ် ဘကြီးရယ်၊ သားအခု အလုပ်မလုပ်ဘဲ နေလို့မရတော့ဘူး"လို့ ပြန်ဖြေတယ်။ တကယ်တော့ ဘကြီးက မောင်စိုးကို အလုပ်လုပ်ချင်တဲ့အကျင့် စွဲသွားအောင် လုပ်ပေးလိုက်တာပါ။ အလုပ်လုပ်ချင်စိတ်ဆိုတဲ့ အကျင့်ကောင်းက စွဲသွားတော့ ပျင်းတဲ့အကျင့်က အလိုလိုပျောက်ပျက်သွားပါတယ်။ ဒီဇာတ်လမ်းလေးကိုကြည့်ရင် ကျွန်တော်တို့မှာ အကျင့်ဆိုးတွေမရှိအောင် အကျင့်ဆိုးတွေ မစွဲမိအောင် အကျင့်ကောင်း တစ်ခုကို စွဲမြဲထားဖို့လိုကြောင်း သိသာထင်ရှားပါတယ်။

နောက် ကျွန်တော်ကိုယ်တိုင် ကြုံတွေ့ခဲ့ရတာလေးကို တင်ပြချင်ပါတယ်။ ကျွန်တော့်မှာ ငယ်စဉ်ကတည်းက မကြာခဏ သွားကိုက်တတ်တဲ့ရောဂါတစ်ခု ရှိပါတယ်။ အချိုမုန့်တစ်ခုခု စားလိုက်ပြီဆိုရင် ပိုပြီးဆိုးပါတယ်။ အကျင့်တစ်ခုလိုကိုဖြစ်နေပြီး အချိုမုန့်ဆိုရင် မစားရဲအောင်ကို ဖြစ်နေပါတယ်။ ကျွန်တော်တို့ရွာမှာလုပ်တဲ့ စာပေဟောပြောပွဲတစ်ခုမှာ စာရေးဆရာတစ်ဦးက "မနက်ဘက် မျက်နှာသစ်တဲ့အခါ သွားမတိုက်ခင် ပလုတ်မကျင်းခင် မျက်နှာကို အရင်သစ်ပြီးမှ သွားတိုက်ပလုတ်ကျင်းရင် သွားကိုက်ဝေဒနာ သက်သာပျောက်ကင်းတယ်"လို့ ဟောပြောသွားပါတယ်။ ပြီးတော့ "မနက်အိပ်ရာထနဲ့ ညအိပ်ရာမဝင်မီ အချိန်တွေမှာ လက်ကို တံတောင်ဆစ်ကနေ၊ ခြေထောက်ကို ဒူးခေါင်းကနေ ရေလောင်းရင် အောင်းနေတဲ့ အပူတွေကင်းပြီး နေလို့ထိုင်လို့ကောင်းတယ်"လို့လည်း ဆိုပါသေးတယ်။ အဲဒီအတိုင်း ကျွန်တော် လုပ်ကြည့်ရာမှာ မကြာခဏ သွားကိုက်ခြင်း မဖြစ်တော့တာကို တွေ့ရပါတယ်။ ဒါနဲ့ပဲ အဲဒီအကျင့်ကို အခုအချိန်ထိ စွဲစွဲမြဲမြဲ ကျွန်တော်ကျင့်သုံးလာခဲ့တာ အကျင့်တစ်ခုအဖြစ် စွဲမြဲနေပါပြီ။ ကျွန်တော်တို့အတွက် အကျိုးတစ်စုံတစ်ရာရှိစေတဲ့ အကျင့်ကောင်းတစ်ခုဆိုရင် စွဲစွဲမြဲမြဲဖြစ်အောင် စွဲကိုင်ထားသင့်ပါတယ်။ အစပိုင်းမှာ စွဲဖို့ခက်ကောင်းခက်နိုင်ပေမယ့် အကျင့်ကိုစွဲမိသွားပြီဆိုရင် ဖျက်ပစ်ဖို့ပင် မလွယ်တော့ပါ။

အချုပ်အားဖြင့်ဆိုရရင် လူတိုင်းလူတိုင်း အကျင့်ဆိုးတွေရှောင်ရှားပြီး အကျင့်ကောင်းကိုစွဲထားဖို့ လိုအပ်ပါတယ်။ အထူးသဖြင့် ကလေးငယ်တွေပါပဲ။ ကလေးငယ်တွေအတွက် လူကြီးမိဘများက လမ်းပြသွန်သင်ပေးရပါမယ်။ ကလေးငယ်တွေကို ငယ်စဉ်ကတည်းက ညအိပ်ရာဝင်တိုင်း ဘုရားရှိခိုးတဲ့အကျင့်ကို လမ်းညွှန်ပေးခြင်း၊ စာအုပ်စာပေများ ဖတ်ရှုတဲ့အကျင့်ကို လေ့ကျင့်ပေးခြင်းဖြင့် အကျင့်ကောင်းများ စွဲမြဲသွားအောင် ပြုစုပျိုးထောင်သင့်ပါတယ်။ ကလေးငယ်တွေရဲ့ရှေ့မှာ အကျင့်ဆိုးတွေ လုပ်မပြမိဖို့လည်း လိုအပ်ပါတယ်။ ကလေးငယ်(လူငယ်)တွေအားလုံးမှာ အကျင့်ကောင်းတွေ စွဲမြဲနေမယ်ဆိုရင် ကျွန်တော်တို့ လူမှုပတ်ဝန်းကျင်တစ်ခုလုံးဟာ မွှေးကြိုင်တဲ့ဂုဏ်ရနံ့တွေ သင်းပျံ့နေမှာဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

## မင်္ဂလာနှစ်သစ်သို့

ရောင်နီခင်းဖြာ လင်းရောင်သာ၍
ခေါ်လာတစ်နှစ် နှစ်ဟောင်းလစ်
အသစ်ရောက်ပြီလေ။
နေ့သစ်တိုင်းမှာ တေးလင်္ကာအား
ရွှင်စွာမြူးကြွ သီဆိုကြ
ဘဝအေးငြိမ်းစေ။
အပူအပင် ကင်းလွင့်စဉ်ကာ
နွယ်ငင်တစ်စ မရှိကြ
လောကလှပါစေ။
မြတ်သောအလှူ မဲကြည်ဖြူပြီး
ပြုစုအမှု ဖယ်ခွာပြု
ပေါင်းစုပြုပါလေ။
နှစ်ဟောင်းညစ်ရန် ဖယ်ခွာချန်၍
ရည်သန်မြော်တွေး ငြိမ်းချမ်းရေး
အဆွေးကင်းပါစေ။

မေမီမိုးမြင့်

## ရေကန်တော့ကြမယ်

နှစ်ဦးအခါ မင်္ဂလာ
ရေကန်တော့ကြ တို့ရိုးရာ။
အသက်ဂုဏ်ဝါ ကြီးသူအား
ဦးနှိမ်ချစို့လား။
စားဖွယ်သစ်သီး မုန့်များလျှင်
ရေချမ်း ဆေး အပါဝင်။
နည်းများမမြင် ကန်တော့ကြ
ယဉ်ကျေးသိမ်မွေ့လှ။
နှစ်ဟောင်းသမယ အပြစ်တွေ
လျှော့ပါးကျေပျောက်စေ။
ရှိသေထိုက်သူ ရှိသေတွေး
ရေကန်တော့ကြမယ်လေး။

ဇွဲနိုင်(မန္တလာမြေ)

## ရေချမ်းကုသိုလ်

ခရီးလမ်းက ရေချမ်းစင်
သူငါသောက်လို့ အားသစ်ဝင်။
သန့်ရှင်းအောင်ပင် ပြုပြင်ထား
သာစုခေါ်ကာ မေတ္တာပွား။
တို့ဘိုးဘွားတို့ ကုသိုလ်မွေ
ဓလေ့ကောင်းဟု မည်တွင်ပေ။
တို့တစ်တွေမှာ ထိန်းသိမ်းကြ
ရေချမ်းကုသိုလ် အမြဲရ။

လင်္ကာကျော်

# သမိုင်းဝင် ကျောင်းကြီးရှင်ချစ်စေတီတော် ဗုဒ္ဓပူဇနိယပွဲ၌ ဆွမ်းဆန်တော်လောင်းလှူ

**ကျောက်ထု ဧပြီ ၂၀**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသ ယောမြို့ကျေးရွာ ရှေးဟောင်းသမိုင်းဝင် ကျောင်းကြီးရှင်ချစ်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကို ဧပြီ ၁၇ ရက်မှ စတင်ကျင်းပလျက်ရှိပြီး စေတီတော်ရင်ပြင်၌ ဧပြီ ၁၉ ရက် နံနက်က ဆွမ်းလောင်းလှူပွဲကျင်းပရာ သံဃာတော်အပါး ၄၀ တို့ ကြွရောက်တော်မူကြ၍ ပြည်သူ ၂၅၀၀ ခန့်က ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

ထို့နောက် အဆိုပါ စေတီတော်အာရုံခံတန်ဆောင်း၌ ဒေသတွင်းကျေးရွာ ၅၃ ရွာရှိ ဘုန်းတော်ကြီးကျောင်း ၅၇ ကျောင်းမှ ထူးချွန်စာအောင် သံဃာတော် ၁၁ ပါးတို့အား ဂုဏ်ပြုလက်မှတ်များနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယောမြို့ကျေးရွာ(ယောမြို့ဟောင်း)ကို ကုန်းဘောင်ခေတ် ယောအတွင်းဝန် ဦးဖိုးလှိုင်အပိုင်စားခဲ့သည့် မြို့အဖြစ် လူသိများသည်။ ယခုအခါ ဆောမြို့နယ် ကျောက်ထုမြို့ဒေသ ယောမြို့ရွာအဖြစ်သာ တည်ရှိနေသော်လည်း ရှေးမြန်မာမင်းများလက်ထက်က တည်ဆောက်ခဲ့သည့် လယ်ယာမြေဧက ၂၇၀၀ ကျော်ကို ရေပေးသွင်းနိုင်သည့် ယောမြောင်းကြီးကို ဆက်လက်ထိန်းသိမ်းတည်ဆောက်နိုင်ခြင်း၊ ဒေသနေပြည်သူများ၏ ရိုးသား၊ ကြိုးစားခြင်း၊ လယ်ယာမြေလုပ်ငန်းကို ကြိုးစားလုပ်ကိုင်ကြခြင်း၊ ဖော်ရွေစွာဆက်ဆံတတ်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာခြင်းတို့ကြောင့် ယနေ့တိုင်လူသိများလျက်ရှိနေကြောင်း သိရသည်။

**စိန်ကျော်**



# ငှက်ပျောဈေးကောင်းသည့်အတွက် စိုက်ပျိုးသူများအဆင်ပြေ

**တံတားဦး ဧပြီ ၂၀**

မြန်မာနိုင်ငံအလယ်ပိုင်းတွင် ဖီးကြမ်းငှက်ပျောကို စီးပွားဖြစ် စိုက်ပျိုးလျက်ရှိရာ ငှက်ပျောဈေးကောင်းသည့်အတွက် ငှက်ပျောစိုက်တောင်သူများအဆင်ပြေလျက်ရှိကြောင်း သိရသည်။ ငှက်ပျောတစ်ဖီးလျှင် လက်ကားဈေး အကြီးတစ်ဖီးလျှင်ငွေကျပ် ၇၀၀၊ အသေးတစ်ဖီးလျှင်ငွေကျပ် ၄၀၀ ဖြင့် ဖောက်သည်ပေးပြီး လက်လီဈေးတွင် ငှက်ပျောတစ်ဖီးလျှင် ငွေကျပ် ၁၀၀၀၊ ၁၂၀၀ ဖြင့် ရောင်းချလျက်ရှိသည်။

ငှက်ပျောသည် အကြမ်းခံသည်ဟု ဆိုနိုင်ပြီး စီးပွားရေးအရ တွက်ခြေကိုက်သည်။ ငှက်ပျောစိုက်ရန်အတွက် ထယ်ရေးပြင်ပြီးသည်နှင့် ငှက်ပျောစိုက်ကျွမ်းကျင်သူတို့နှင့် ငှက်ပျောပန္နက်ရိုက်ကြရသည်။ ငှက်ပျောပန္နက်ရိုက်ပြီးသည်နှင့် ငှက်ပျောကျင်းကို တူးကြရသည်။ ငှက်ပျောကျင်းတူးရာတွင် ငှက်ပျောစို့စိုက်နိုင်ရန် တစ်ထွာကျော်နှစ်ထွာခန့်တူးရပြီး ငှက်ပျောကျင်းအတွင်း မြေဆီခံပေးကြရသည်။

အများစုမှာ ဒေသအခေါ်ခြောက်တောင်ခန့် ထွန်ဝင်ဖြစ်အောင် အတန်းပြုလုပ်ပြီး ခုနစ်တောင်စွယ်စုံစိုက်ကြရသည်။ ငှက်ပျောစိုက်ပြီးသည်နှင့် ရေတင်ခြင်း၊ မြေဆီကျွေးခြင်းတို့ကို စနစ်တကျ ပြုလုပ်ပေးကြသည်။ ငှက်ပျော၏ သဘာဝအရ အပင်ပွားနှုန်းကောင်းပြီး သားတက်ထွက်လေ့ရှိသည်။ ထိုအတက်များကို သားခွဲပေးရသည်။ ငှက်ပျောခင်းတွင် မြေဆီ၊ ပုလဲတို့ကို ကျွေးပေးရသည်။ ငှက်ပျောမှာ အပြုအစုအယုအယကောင်းပါက ရှစ်လခန့်တွင် ငှက်ပျောခိုင်ထွက်လေ့ရှိသည်။ အခိုင်ထွက်ပြီး လေးလအကြာတွင် အောင်မြင်ရင့်မှည့်သော ငှက်ပျောခိုင်ကို ခုတ်ယူရောင်းချနိုင်သည်။

ယခုနှစ်တွင် ငှက်ပျောဈေးကောင်းသောနှစ်ဟု ဆိုကြပြီး ငှက်ပျောစိုက်တောင်သူများပြားလျက်ရှိသည်။ အထူးသဖြင့် တံတားဦးလေယာဉ်ကွင်းသွားရာ လမ်းတစ်လျှောက်နှင့် အခြားနေရာအနှံ့အပြားတွင် ငှက်ပျောကို စီးပွားဖြစ်စိုက်ပျိုးလာကြသည်။ ငှက်ပျောစိုက်ပျိုးရန် ငှက်ပျောစို့တစ်စို့ကို ငွေကျပ် ၅၀ ခန့်ပေးကြရသည်။ ငှက်ပျောစိုက်ရာတွင် စွယ်စုံစိုက်လေ့ရှိကြသည်။

မြေတစ်ဧကလျှင် ငှက်ပျောပင် ၇၀၀ ခန့်စိုက်နိုင်သည်။ လက်ရှိကာလပေါက်ဈေးအရ တွက်ချက်မည်ဆိုပါက ငှက်ပျောလှည်းတစ်စီး အခိုင် ၄၀ ကို ငွေကျပ် ၁၆၀၀၀၀ ပေးရသည်။ တစ်ဧကဆိုလျှင် ငှက်ပျော ၁၅ စီး၊ ၁၆ စီးထွက်ပြီး ငွေကြေးတန်ဖိုး ၂၆ သိန်းကျော်ရသည်ဟုဆိုသည်။ ငှက်ပျောတစ်ခိုင်လျှင် ပုံမှန်ခြောက်ဖီးတန်း သတ်မှတ်ပြီး အဖီးပိုပါက ဖီးပိုစားရလေ့ရှိသည်။ ငှက်ပျောတစ်သီးပြီးပါက ထိုအကွက်ထဲ ပင်ကြားတန်းနေရာပြောင်းကာ စွယ်စုံပြန်စိုက်လေ့ရှိသည်။ ငှက်ပျောသည် အကြမ်းခံသည့်အပြင် ဈေးကွက်ဝင်သီးနှံဖြစ်သည့်အတွက် ဝင်ငွေတိုးသော သီးနှံတစ်ခုပင်ဖြစ်ပြီး ယခုနှစ် ငှက်ပျောဈေးကောင်းသည့်အတွက် စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**နွေနဒီ၊ မြစ်ငယ်**



# ညောင်တုန်းမြို့နယ် လူထုအခြေပြုဗဟိုဌာနတွင် စာဖတ်ဝိုင်းကျင်းပ

**ညောင်တုန်း ဧပြီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ညောင်တုန်းမြို့နယ် စာအုပ်၊ စာပေချစ်မြတ်နိုးသူများအသင်း (Book Club)အဖွဲ့တို့ ပူးပေါင်း၍ "နှလုံးသားကို လေးပေါ်တင်၍ ပစ်သောအခါ" ခေါင်းစဉ်ဖြင့် စာဖတ်ဝိုင်းကို ဧပြီ ၁၉ ရက် မွန်းလွဲ ၁ နာရီက ညောင်တုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းလွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်လှိုင်က စာပေဝါသနာရှင်များအချင်းချင်း အပြန်အလှန်ဆွေးနွေးခြင်းဖြင့် အသိပညာဗဟုသုတတိုးပွားစေရန်၊ စုပေါင်းဆွေးနွေးတတ်သည့် အလေ့အကျင့်များရရှိစေရန်နှင့် စာဖတ်ဝိုင်းကျင်းပပြုလုပ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် "နှလုံးသားကို လေးပေါ်တင်၍ ပစ်သောအခါ" စာအုပ်ပါအကြောင်းအရာများအား ခေါင်းစဉ်အလိုက် အပြန်အလှန်ဆွေးနွေးခြင်းကို စာအုပ်၊ စာပေချစ်မြတ်နိုးသူများအသင်း ဥက္ကဋ္ဌ ဦးစန်းမြင့်၊ နာယက ဦးဇေယျ၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးချစ်စိုး၊ မြို့နယ်စာရေး ဆရာအသင်းမှ ဦးလှိုင်ဝင်းဖေ၊ ဦးမြင့်စိုးနှင့် စာပေဝါသနာရှင် ဦးအောင်ခင်မြင့်တို့က အသီးသီးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဝဋ္ဋာနိုင်(ညောင်တုန်း)**



# ယာဉ်စည်းကမ်းလိုက်နာရန် အသိပညာပေးစစ်ဆေး

**မအူပင် ဧပြီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့တွင် ယာဉ်မောင်းသူတိုင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသိရှိလိုက်နာပြီး ယာဉ်အန္တရာယ်ကင်းဝေးစေရန်အတွက် မအူပင်ခရိုင် အမှတ်(၈၂)ယာဉ်ထိန်းရဲတပ်ဖွဲ့စု ရဲအုပ်ဇော်ဇော်ဦးဆောင်သောတပ်ဖွဲ့ဝင်များသည် ဧပြီ ၁၉ ရက် နံနက်ပိုင်းက မအူပင်မြို့အဝင်တိုးဂိတ်နှင့် မအူပင်တံတားထိပ်တို့တွင် ယာဉ်မောင်းသူများအား သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကိုသိရှိနိုင်ရန် ပညာပေးဆွေးနွေးပွဲများပြုလုပ်ပြီး ဆိုင်ကယ်မောင်းသူများအား ဦးထုပ်ဆောင်းရန်၊ မော်တော်ယာဉ်မောင်းသူများ ခါးပတ်ပတ်ခြင်း ရှိ၊ မရှိ၊ မူးယစ်သောက်စားမောင်းနှင်ခြင်းမပြုရန် တိုင်းတာစက်ဖြင့် စစ်ဆေးပညာပေးခဲ့ကြောင်း သိရသည်။

**အောင်ခိုင်၊ အောင်မြင့်မြတ် (မအူပင်)**

# ပြည်သူကိုဗဟိုပြု ဝန်ထမ်းမှုအထွေထွေ

**ဝင်းနိုင်ထွန်း**
**Co-op University (SGG)**

ဌာနဆိုင်ရာအဖွဲ့အစည်းများ အားလုံးသည် ထမ်းဆောင်ရမည့်တာဝန်နှင့် ဆောင်ရွက်ရမည့်လုပ်ငန်းများ ပေါက်မြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းပုံရေးဆွဲပြီး ဖွဲ့စည်းထားရှိခြင်း ဖြစ်သည်။ ထိုသို့ရေးဆွဲထားသည့် ဖွဲ့စည်းပုံအား လုပ်ထုံးလုပ်နည်းနှင့်အညီ အဆင့်ဆင့်အတည်ပြုချက်ရရှိအောင် ဆောင်ရွက်ကြရသည်။

**အမှုထမ်းအဆင့် စတင်ခန့်ထား**

ဖွဲ့စည်းပုံအရ ဌာနဆိုင်ရာများတွင် ရာထူးအဆင့်ဆင့် သတ်မှတ်ပြီး ထားရှိကြရသည်။ ဝန်ထမ်းများ ရာထူးခန့်ထားရာတွင်လည်း အရာထမ်းအဆင့်(ဦးစီးအရာရှိ) ဝင်ပေါက်ရာထူးစတင်ခန့်ထားမှုကို မိမိတို့ဌာနအလိုက် လိုအပ်ချက်အပေါ်မူတည်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ တင်ပြ၍ ခန့်အပ်နိုင်ရေး ဆောင်ရွက်ရသည်။ အမှုထမ်းအဆင့် စတင်ခန့်ထားနိုင်သည့် ဝင်ပေါက်ရာထူးများအတွက် သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းအစီအစဉ်ဖြင့် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ခန့်အပ်ခြင်း ဆောင်ရွက်ရသည်။

ဌာနတစ်ခု၏ ရည်မှန်းချက်တာဝန်များ ပေါက်မြောက်အောင်မြင်အောင် အဓိကတာဝန်အရှိဆုံးပုဂ္ဂိုလ်မှာ ဌာနအကြီးအမှူးပင်ဖြစ်သည်။ ဌာနအကြီးအမှူး၏ ဆုံးဖြတ်ချက်များ မှန်ကန်မြန်ဆန်စွာ ချမှတ်နိုင်ရေးအတွက် အဆင့်ဆင့်သော ရာထူးတာဝန် ထမ်းဆောင်နေကြသည့် ဝန်ထမ်းများတွင်လည်း တာဝန်ရှိပေသည်။ မိမိအထက် ဌာနအကြီးအမှူး မှန်ကန်စွာဆုံးဖြတ်ချက်ချနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်ညီသော၊ အမိန့်ညွှန်ကြားချက်များနှင့်ညီသော၊ လိုအပ်ပါက အထောက်အထားအကိုးအကားများနှင့်တကွ အမှုကိစ္စရပ်များကို တင်ပြရပါမည်။ ထို့အပြင် စီမံခန့်ခွဲမှုနည်းလမ်းအရ ဆုံးဖြတ်ဆောင်ရွက်သင့်သော အမှုကိစ္စများကိုလည်း အကြံပြုတင်ပြသင့်သည်။ သို့မှသာ အဆုံးအဖြတ်ပေးရမည့် ဌာနအကြီးအမှူးက မှန်ကန်မြန်ဆန်စွာ ဆုံးဖြတ်နိုင်မည်ဖြစ်ပြီး လုပ်ငန်းများချောမွေ့မည် ဖြစ်သည်။

**အသိအမှတ်ပြုကြရမည်**

ရာထူးတာဝန်အဆင့်ဆင့်အလိုက် အရေးကြီးဆုံး လိုအပ်ချက်တစ်ရပ်မှာ တာဝန်နှင့်လုပ်ပိုင်ခွင့်ကို အဂတိတရားကင်းကင်း ဆောင်ရွက်ကြမှသာ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ လုပ်ငန်းများ တိုးတက်ကောင်းမွန်လာမည် ဖြစ်သည်။ အထက်အဆင့်ဆင့် တာဝန်ရှိသည့်ရာထူးကို ပိုင်ဆိုင်ထားကြသူများကလည်း လုပ်ငန်းဆိုင်ရာ တာဝန်ကျေပွန်မှုနှင့် စေတနာထားကြိုးစားဆောင်ရွက်မှုများကို အသိအမှတ်ပြုကြရမည်ဖြစ်ပြီး ဌာနအကြီးအမှူးတစ်ဦးတစ်ယောက်သည် သူ့ကို အလေးမထား၊ ပစားမပေးသောသူအား ရာထူးအရအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို တလွဲသုံးပြီး အငြိုးအတေးထား ဆောင်ရွက်မည်ဆိုပါက အဖွဲ့အစည်းအတွင်း ဝန်ထမ်းများ ပျော်ရွှင်ချမ်းမြေ့စွာ လုပ်ငန်းခွင်ဝင်နိုင်ကြတော့မည် မဟုတ်သလို ယန္တရားချောမွေ့စွာ လည်ပတ်နိုင်မည်မဟုတ်ပါ။

ဌာနဆိုင်ရာအဖွဲ့အစည်းတစ်ခုတွင် ရာထူးတစ်နေရာရလာပြီဆိုလျှင်လည်း ယင်းရာထူးနှင့်ထိုက်တန်သော လုပ်ငန်းဆိုင်ရာအသိ၊ လုပ်ဆောင်ရမည့်တာဝန်၊ လိုအပ်နေသေးသည့် မသိရှိသေးသည့် လုပ်ငန်းသဘောတရား၊ လုပ်ထုံးလုပ်နည်းနှင့် အမိန့်ညွှန်ကြားချက်များ စသည့် အချက်များကို ဂဃနဏကျေညက်အောင် သိရှိထားရှိရန် ကြိုးစားအားထုတ်ဖို့လိုသည်။ ရာထူးနေရာသာ ရယူထားရှိပြီး လုပ်ဆောင်ရမည့်တာဝန်များကို ဝမ်းစာပြည့်အောင် ဆောင်ရွက်ထားနိုင်ခြင်းမရှိပါက တော်တည့်မှန်ကန်စွာ မိမိအဆင့်နှင့်အညီ ဆုံးဖြတ်နိုင်စွမ်းရှိကြတော့မည်မဟုတ်ပါ။ ထိုသို့ပုဂ္ဂိုလ်များ များပြားလာပါက ဌာနအဖွဲ့အစည်းများ ပျက်စီးရုံသာမက နိုင်ငံနှင့်ပြည်သူအတွက်ပါ များစွာဆုံးရှုံးနစ်နာစေမည်ဖြစ်သည်။

**အမှန်တရားတစ်ရပ်ပင်ဖြစ်**

ဌာနဆိုင်ရာများတွင် ရာထူးကြောင့် လုပ်ပိုင်ခွင့်ရရှိနေကြခြင်း ဖြစ်သည်။ ရရှိထားသော လုပ်ပိုင်ခွင့်ကို အလွဲမသုံးကြရန် အထူးလိုအပ်သည်။ လုပ်ပိုင်ခွင့်အလွဲသုံးမှုများကြောင့် ဝန်ထမ်းလောကတွင် ဖြေရှင်းခဲ့ရ၊ ဖြေရှင်းနေရဆဲ ပြဿနာပေါင်းများစွာရှိနေသည်မှာ အမှန်တရားတစ်ရပ်ပင်ဖြစ်သည်။ လုပ်ပိုင်ခွင့်ကို အလွဲသုံးရန်အတွက်လည်း အခြေအနေဖန်တီးပေးသည့် ကိစ္စရပ်များ များစွာရှိပေသည်။ တာဝန်အရှိဆုံးပုဂ္ဂိုလ်ကိုယ်တိုင်က အဂတိများခြင်း၊ လက်အောက်က အဆင့်ဆင့် တာဝန်ရှိသူအချို့ကလည်း ဌာနအကြီးအမှူး၏ အလိုလိုက်အကြိုက်ဆောင်ပြီး ဘာပြောပြော၊ ဘာလုပ်လုပ် လုပ်ထုံးလုပ်နည်းမညီမှန်းသိလျက်နှင့် ယင်းတို့အခွင့်အရေးကို မျှော်ကိုးပြီး ထောက်ခံအားပေးနေခြင်းများသည် ဌာနဆိုင်ရာများတွင် ဖြစ်လေ့ဖြစ်ထရှိနေသော အစဉ်အလာဆိုးတစ်ရပ် ဖြစ်နေပေသည်။

ဝန်ထမ်းအဖွဲ့အစည်းတစ်ခုတွင် ဗဟိုချုပ်ကိုင်မှုများလွန်းပါကလည်း လုပ်ငန်းများ အဆင်ပြေနိုင်မည် မဟုတ်သလို အဆင့်အလိုက် လုပ်ပိုင်ခွင့်ပေးထားပြီး ကြီးကြပ်ကွပ်ကဲမှု အားနည်းပါကလည်း လုပ်ငန်းတာဝန်များ အောင်မြင်စွာ ဆောင်ရွက်နိုင်မည်မဟုတ်ပါ။ ထို့ကြောင့် စီမံခန့်ခွဲမှုနည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်ရသည်။ အမှုကိစ္စတစ်ရပ်ကို အဖွဲ့ဖြင့် ဆုံးဖြတ်ဆောင်ရွက်ခြင်း၊ အစည်းအဝေးတွင် တင်ပြ၍ အများသဘောတူ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆုံးဖြတ်ခြင်းများ ပြုကြရသည်။ ထိုသို့ပြုလုပ်ရာတွင်လည်း ရာထူးတာဝန်အရ လုပ်ပိုင်ခွင့်ရှိသူက လွှမ်းမိုးဆုံးဖြတ်မှုများ ရှိနေပါကလည်း မှန်ကန်သောဆုံးဖြတ်ချက်ရရှိလာနိုင်မည် မဟုတ်ပေ။ လုပ်ပိုင်ခွင့်ရှိသူက လုပ်ချင်ရာကို ကြိုတင်ဆောင်ရွက်ထားရှိစေပြီး နီးစပ်ရာအစည်းအဝေးတစ်ခုတွင် လက်အောက်က မဖြစ်မနေ သဘောတူဆုံးဖြတ်ပေးရသည့် သာဓကများလည်း ဌာနအဖွဲ့အစည်းများတွင် ရှိနေမည်မှာ မလွဲပေ။ ငါနှင့်မတူ ငါ့ရန်သူအဖြစ် သတ်မှတ်လေ့ရှိသော ဌာနအကြီးအမှူးများ ရှိနေတတ်သည့်အတွက် လက်အောက်တာဝန်ရှိသူ အဆင့်ဆင့်ကလည်း လုပ်ထုံးလုပ်နည်းမညီသော အမှုကိစ္စများကို ကန့်ကွက်ထောက်ပြပြောဆိုခြင်း မပြုရဲကြသည်များလည်း ရှိနေတတ်ပေသည်။

**မိမိတစ်ဦးတည်းအရေးပါ**

အချို့သောဌာနအဖွဲ့အစည်းများတွင် အဆင့်ဆင့်သော ဝန်ထမ်းတချို့ အထူးသဖြင့် ကြီးကြပ်သူအဆင့်များသည် အမှုကိစ္စရပ်များကို တစ်ဦးတည်းကိုင်တွယ်ထားရှိကာ အခြားသူများမသိအောင်၊ လေ့လာခွင့်မရအောင် လုပ်ဆောင်ထားတတ်ကြပြီး သူမရှိလျှင် ဘာမှအလုပ်မဖြစ်အောင် လုပ်ဆောင်ထားတတ်ကြသည်။ သူ့လောက်အရေးပါသူမရှိအောင် တလွဲဆောင်ရွက်ထားပြီး လက်အောက်အဆင့်ဆင့်ကို မျှဝေရန်၊ အထက်အဆင့်ကို သိရှိစေရန် ကြိုးစားအားထုတ်ခြင်းမပြုဘဲ မိမိတစ်ဦးတည်း အရေးပါအရာရောက်သူဖြစ်အောင် တည်ဆောက်ထားခြင်းမျိုးလည်း ရှိနေတတ်သည်။

တချို့ဌာနများတွင် ယင်းအရာထမ်း ခရီးသွားနေပါက ဖုန်းဆက်မေးမြန်းရသည်အထိ အခက်အခဲဖြစ်နေတတ်သည်။ အမှန်တကယ်ဖြစ်သင့်သည်မှာ လုပ်ဖော်ကိုင်ဖက်များအား သိရှိအောင်၊ ဆောင်ရွက်နိုင်အောင် မျှဝေလက်ဆင့်ကမ်းပေးထားရမည့်တာဝန်ကို ဆောင်ရွက်ခြင်းမပြုဘဲ တာဝန်ပျက်ကွက်နေခြင်းပင် ဖြစ်သည်။ ဌာနအကြီးအမှူးဖြစ်သူကလည်း ယင်းသို့မဖြစ်အောင် စီမံခန့်ခွဲမှုနည်းလမ်းဖြင့် ကြိုတင်စီစဉ် ဆောင်ရွက်ပေးထားရမည့် တာဝန် ရှိပေသည်။

**ပြည်သူကိုဗဟိုပြုဆောင်ရွက်**

နိုင်ငံ့ဝန်ထမ်းတိုင်းသည် နိုင်ငံတော်နှင့်ပြည်သူကို သစ္စာစောင့်သိရန် တာဝန်ရှိသလို တည်ဆဲအစိုးရ၏ ချမှတ်ထားရှိသည့် မဟာဗျူဟာများကို ပေါက်မြောက်အောင်မြင်အောင် နည်းဗျူဟာများချမှတ်ပြီး ဆောင်ရွက်ရန် တာဝန်ရှိသည်။ သို့မှသာ အစိုးရ၏ယန္တရား ချောမွေ့စွာ လည်ပတ်နိုင်မည်ဖြစ်သည်။ အစိုးရ၏ယန္တရား ချောမွေ့စွာ လည်ပတ်နိုင်မှသာ ပြည်သူများကို အလုပ်အကျွေးပြုရာ ရောက်မည်ဖြစ်သည်။ မိမိတို့ဌာနအဖွဲ့အစည်းအလိုက် ရည်မှန်းချက်တာဝန်များကို အဂတိတရားကင်းရှင်းစွာဖြင့် ပြည်သူကိုဗဟိုပြုဆောင်ရွက်ကြရပါမည်။ အစိုးရတိုင်းသည်လည်း ပြည်သူကိုဗဟိုပြု ဆောင်ရွက်ကြရသည် ချည်းသာ ဖြစ်ပေသည်။ အရိုးရှင်းဆုံးဆိုရပါက မည်သည့်အစိုးရဖြစ်ဖြစ် ဝန်ထမ်းတိုင်းသည် မိမိအစိုးရဟု ခံယူရမည်ဖြစ်ပြီး မိမိတို့၏လုပ်ငန်းတာဝန်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ စေတနာထားဆောင်ရွက်ကြရမည်သာ ဖြစ်ပေသည်။

ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် တွေ့ရှိရသော ဆောင်ပုဒ်တစ်ခုမှာ “ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်”ဆိုသော ဆောင်ပုဒ်ဖြစ်သည်။ ဖြည့်စွက်တင်ပြလိုသည်မှာ “သင်တန်းကောင်းမှ ဝန်ထမ်းကောင်းမည်”ဟု ဆိုချင်သည်။

ရာထူးအဆင့်ဆင့်အလိုက် ဝန်ထမ်းများအား သက်ဆိုင်သည့်အဆင့်အလိုက် သင်တန်းများ၊ ဆွေးနွေးပွဲများ၊ ဌာနတွင်းနှင့် သင်တန်းကျောင်းများတွင် ပို့ချဆွေးနွေးကြသည့်အပြင် နိုင်ငံတကာနှင့်ချိတ်ဆက်ဆောင်ရွက်နေမှုများ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နေမှုများသည်လည်း ထိရောက်ပြည့်စုံကောင်းမွန်မှုရှိရန် အထူးအလေးထားဆောင်ရွက်ကြရမည် ဖြစ်သည်။

**အရေးကြီးဆုံးလိုအပ်ချက်**

ဌာနတွင်းသင်တန်းများ၊ ဆွေးနွေးပွဲများ ပြုလုပ်ပြီး ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေး ဆောင်ရွက်ကြရမည်။ ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေးနှင့် ရာထူးအဆင့်နှင့်လျော်ညီစွာ မိမိလုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးသည် အရေးကြီးဆုံး လိုအပ်ချက်တစ်ရပ်ဖြစ်သည်။ ထို့အပြင် ဝန်ထမ်းတိုင်းလုပ်ငန်းခွင်တွင် ပျော်ရွှင်ကျေနပ်စွာ တာဝန်ထမ်းဆောင်နိုင်ခွင့်ရရှိစေရန်အတွက် တာဝန်ရှိသူအဆင့်ဆင့်က လုပ်ပိုင်ခွင့်များကို အလွဲသုံးခြင်းမပြုဘဲ မျှတစွာ စီမံခန့်ခွဲဆောင်ရွက်ကြရန် အထူးလိုအပ်ပေသည်။

နိုင်ငံ့ဝန်ထမ်းများသည် မိမိတို့ဌာနဆိုင်ရာလုပ်ငန်းများ၊ တာဝန်များနှင့်စပ်လျဉ်းသော လုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင်နားလည်ရန် လိုအပ်သလို အဆိုပါလုပ်ထုံးလုပ်နည်းများအား ဆုပ်ကိုင်ပြီး ပြည်သူများကို ဝန်ဆောင်မှုများ ဆောင်ရွက်ပေးရာတွင် လိုသလိုအသုံးချကာ မိမိအခွင့်အရေးအတွက် ရည်ရွယ်ဆောင်ရွက်နေကြသည်များလည်း ရှိနေသည်။ မိမိအခွင့်အရေးရရှိက သတ်မှတ်ချက်များကို ဖြေလျှော့ပြီး မရရှိက စာအုပ်ကြီးအတိုင်း ဆောင်ရွက်တတ်ကြသည့် အကျင့်ဆိုးများကိုလည်း ပြုပြင်ကြရမည်ဖြစ်သည်။ ပြည်သူကိုဗဟိုပြုပြီး မဆောင်ရွက်သမျှ၊ ဝန်ထမ်းအဖွဲ့အစည်းအတွင်း လုပ်ပိုင်ခွင့်ကိုအလွဲသုံးပြီး စီမံခန့်ခွဲမှုပြုနေကြသော တာဝန်ရှိသူအဆင့်ဆင့်ရှိနေသမျှ ဝန်ထမ်းလောက နာမည်ဆိုးဖြင့်သာ ရပ်တည်နေရမည် ဖြစ်ပေသည်။

**ကျေပွန်စွာထမ်းဆောင်**

နိုင်ငံ့ဝန်ထမ်းတိုင်းအတွက် ထမ်းဆောင်ရမည့်တာဝန်၊ စောင့်ထိန်းရမည့်ကျင့်ဝတ်၊ လိုက်နာရမည့်စည်းကမ်းများ သတ်မှတ်ထားရှိပြီးဖြစ်သလို ဝန်ထမ်းတိုင်းသည် တာဝန်ထမ်းဆောင်မှုအပေါ် အခြေတည်၍ ဝန်ထမ်းမှုဆိုင်ရာ ခံစားခွင့်များလည်းရရှိကြပြီး ဖြစ်သည်။ စနစ်တကျ ရေးဆွဲဖွဲ့စည်းထားရှိပြီးဖြစ်သော ဝန်ထမ်းအဖွဲ့အစည်းများအားလုံးတွင် တာဝန်နှင့်လုပ်ပိုင်ခွင့်များ သတ်မှတ်ထားရှိပြီး ဖြစ်ပေသည်။ ထို့ကြောင့် အဆင့်ဆင့်သော ရာထူးနေရာရရှိထားကြသည့် ဝန်ထမ်းတိုင်းသည် မိမိတို့၏တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြရမည်ဖြစ်သည်။ စီမံခန့်ခွဲမှု အခွင့်အရေး အပြည့်အဝရရှိထားသော ဌာနအကြီးအမှူးများသည် နာယကဂုဏ်(၆)ပါးနှင့် ပြည့်စုံအောင်စောင့်ထိန်းပြီး အဂတိတရား(၄)ပါး ကင်းရှင်းအောင် ဆောင်ရွက်ကြမှသာ ဝန်ထမ်းအဖွဲ့အစည်းများ တိုးတက်ကောင်းမွန်ပြီး ပြည်သူကိုဗဟိုပြုနိုင်မည် ဖြစ်ပေသည်။

> **ဝန်ထမ်းအဖွဲ့အစည်းတစ်ခုတွင် ဗဟိုချုပ်ကိုင်မှု များလွန်းပါကလည်း လုပ်ငန်းများအဆင်ပြေနိုင်မည်မဟုတ်သလို အဆင့်အလိုက် လုပ်ပိုင်ခွင့်ပေးထားပြီး ကြီးကြပ်ကွပ်ကဲမှု အားနည်းပါကလည်း လုပ်ငန်းတာဝန်များ အောင်မြင်စွာ ဆောင်ရွက်နိုင်မည်မဟုတ်ပါ။ ထို့ကြောင့် စီမံခန့်ခွဲမှုနည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်ရသည်။ အမှုကိစ္စတစ်ရပ်ကို အဖွဲ့ဖြင့်ဆုံးဖြတ်ဆောင်ရွက်ခြင်း၊ အစည်းအဝေးတွင် တင်ပြ၍ အများသဘောတူ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆုံးဖြတ်ခြင်းများ ပြုကြရသည်။ ထိုသို့ပြုလုပ်ရာတွင်လည်း ရာထူးတာဝန်အရ လုပ်ပိုင်ခွင့်ရှိသူက လွှမ်းမိုးဆုံးဖြတ်မှုများ ရှိနေပါကလည်း မှန်ကန်သောဆုံးဖြတ်ချက် ရရှိလာနိုင်မည် မဟုတ်ပေ။ လုပ်ပိုင်ခွင့်ရှိသူက လုပ်ချင်ရာကို ကြိုတင်ဆောင်ရွက်ထားရှိစေပြီး နီးစပ်ရာအစည်းအဝေးတစ်ခုတွင် လက်အောက်က မဖြစ်မနေ သဘောတူဆုံးဖြတ်ပေးရသည့် သာဓကများလည်း ဌာနအဖွဲ့အစည်းများတွင် ရှိနေမည်မှာ မလွဲပေ။**



# ရမ်းဗြဲမြို့နယ်၌ မြစိမ်းရောင်စီမံကိန်းအတိုးရငွေဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

**ရမ်းဗြဲ မေ ၂၀**

ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြစိမ်းရောင်စီမံကိန်းအတိုးရငွေ ၅၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ်ငါးသန်းအပါအဝင် ကျေးရွာပြည်သူများ၏ စုပေါင်းအားဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို မေ ၁၉ ရက် နံနက်ပိုင်းက မြို့နယ်ဦးစီးမှူး ဦးအောင်ထွန်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြသည်။

ရမ်းဗြဲမြို့နယ်အတွင်း မြစိမ်းရောင်စီမံကိန်းအတိုးရငွေဖြင့် ဆောင်ရွက်လျက်ရှိသော ခမောင်းချောင်းကျေးရွာ၊ ရမ်းသစ်ကြီးအညာကျေးရွာနှင့် ပုန်းဆိုးပြင်ကျေးရွာတို့တွင် ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ကျောက်နဂါးကျေးရွာ ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းတို့ကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဆောင်ရွက်မှုအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက သွားရောက်စစ်ဆေးကြရာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြသည်။ ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့သည် တရောင်းကျေးရွာ ရွာအဝင်ကွန်ကရစ်တံတားတည်ဆောက်နေမှုနှင့် ဆင်ဆီကျေးရွာ ရွာတွင်းကွန်ကရစ်တံတား တည်ဆောက်နေမှုတို့ကို သွားရောက်စစ်ဆေးကြသည်။

အဆိုပါ ကျေးရွာခြောက်ရွာတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများမှာ မြစိမ်းရောင်အတိုးရငွေနှင့် ကျေးရွာပြည်သူများ၏ လုပ်အားနှင့် ငွေကျပ် ၄၃ ဒသမ ၅၃၆၅ သန်းဖြင့် အကုန်အကျခံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

# ဒေါ်ခင်ကြည်ရွှေလှျားစာကြည့်တိုက်မှ မုဒုံမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများအား စာအုပ်စာစောင်များ သွားရောက်ငှားရမ်းပေး

**မုဒုံ မေ ၂၀**

မုဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ရွှေလှျားစာကြည့်တိုက်တို့ ပူးပေါင်း၍ သုတ၊ ရသ စာအုပ်စာစောင်များကို မေ ၁၉ ရက် နံနက် ၉ နာရီတွင် ပညာရေးမှူးရုံး၊ လူမှုဖူလုံရေးဦးစီးဌာနနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနသို့ လည်းကောင်း၊ ၁၁ နာရီတွင် စိုက်ပျိုးရေးဦးစီးဌာနသို့ လည်းကောင်း သွားရောက်ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

"အခြေခံပညာကျောင်းတွေမှာ နွေရာသီကျောင်းပိတ်ရက်တွေရှိတဲ့အတွက် မုဒုံမြို့နယ်ထဲမှာရှိတဲ့ ဌာနဆိုင်ရာဝန်ထမ်းတွေကို ငှားရမ်းပေးတာဖြစ်ပါတယ်။ အခုလို စာအုပ်တွေကို လိုက်လံငှားရမ်းပေးခြင်းဖြင့် စာဖတ်သူတွေအနေနဲ့ စာအုပ်တွေကို အချိန်ပေး သွားငှားစရာမလိုတော့ဘဲ အလွယ်တကူ စာပေတွေကို လေ့လာဖတ်ရှုနိုင်မှာဖြစ်ပါတယ်"ဟု ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွှေလှျားစာကြည့်တိုက်မှ တာဝန်ခံ ဦးသန်းနိုင်စိုးက ပြောသည်။

အဆိုပါ ငှားရမ်းထားသော သုတ၊ ရသ စာအုပ်များကို ရက်သတ္တနှစ်ပတ်ကြာ ငှားရမ်းပေးထားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**





# ဒီမော့ဆိုမြို့နယ်၌ အသင်းအဖွဲ့မှတ်ပုံတင်ခွင့်လက်မှတ်နှင့် အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်

**ဒီမော့ဆို မေ ၂၀**

ကယားပြည်နယ် ဒီမော့ဆိုမြို့နယ် မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့မှ လူမှုကူညီရေးအသင်းအဖွဲ့အား အသင်းအဖွဲ့မှတ်ပုံတင်ခွင့်လက်မှတ်ပေးအပ်ခြင်းနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတို့မှ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ခြင်းအခမ်းအနားကို မြို့နယ် One Stop Shop ရုံး၌ မေ ၁၉ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်က အသင်းအဖွဲ့မှတ်ပုံတင်ခွင့်လက်မှတ်ထုတ်ပေးရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက ဒေါ်ဘူးကူးကျေးရွာအုပ်စုတွင် ဖွင့်လှစ်ထားသော မေတ္တာမွန် နာရေးကူညီမှုအသင်းအဖွဲ့ တာဝန်ရှိသူများအား အသင်းအဖွဲ့မှတ်ပုံတင်လက်မှတ်ကို လည်းကောင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လက်ထောက်မြို့နယ်ဦးစီးမှူး ဦးထင်အောင်မိုးက မြို့မရပ်ကွက်နှင့် ဒေါကလော်ဒူကျေးရွာအုပ်စုမှ ပြည်သူများအတွက် အိမ်ထောင်စုစာရင်းနှင့် အမျိုးသားစိစစ်ရေးမှတ်ပုံတင်ကတ်ပြားတို့ကို လည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အသင်းအဖွဲ့လက်မှတ်ရရှိထားသော မေတ္တာမွန် နာရေးကူညီမှုအသင်းသည် ဒေါ်ဘူးကူးကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများ၏ ကျန်းမာရေးပြဿနာများကို တစ်ဖက်တစ်လမ်းမှ ကူညီဖြေရှင်းပေးခြင်းဖြင့် ဒေသခံပြည်သူများအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကန့်ဘလူ၌ ငမြှောင်တောင်ပိုးကာကွယ်နှိမ်နင်းခြင်း နည်းပညာပေးသင်တန်း ဖွင့်လှစ်

**ကန့်ဘလူ မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အစေ့ထုတ်ပြောင်းစိုက်ခင်းတွင် ကျရောက်တတ်သော ငမြှောင်တောင်ပိုး(Fall Army Worm-FAW) ကာကွယ်နှိမ်နင်းခြင်းနည်းပညာပေးသင်တန်းကို မေလဒုတိယပတ်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ စိုက်ပျိုးရေးတက္ကသိုလ်ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာမြင့်သောင်း၊ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)သီးနှံကာကွယ်ရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဆရာမဒေါက်တာကျင်ကျင်ဝင်း၊ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံကာကွယ်ရေးတာဝန်ခံလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းမြင့်၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းရွှေ၊ မြို့နယ်ဦးစီးမှူး ဦးစံအောင်နှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသော ရပ်ကွက်၊ ကျေးရွာများမှ တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ငမြှောင်တောင်ပိုး ကာကွယ်နှိမ်နင်းခြင်း နည်းပညာပေးသင်တန်းတွင် ၂၀၁၈-၂၀၁၉ ခုနှစ် မိုးရာသီ အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်ကြမည့်တောင်သူများ၊ နည်းပညာပေးစိုက်ပျိုးရေးဝန်ထမ်းများအား ငမြှောင်တောင်ပိုးကျရောက်မှုမရှိစေရန် ကာကွယ်နှိမ်နင်းရေးအတွက် မိုးအစေ့ထုတ်ပြောင်းမစိုက်ပျိုးမီအချိန်မှစတင်၍ ကြိုတင်ပြင်ဆင်လိုက်နာသင့်သည့်အချက်များ၊ စိုက်ပျိုးပြီးချိန်တွင် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ကြိုတင်ကာကွယ်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် တိုက်ရိုက်နှိမ်နင်းခြင်းစသည့် လိုက်နာဆောင်ရွက်ရမည့် နည်းပညာများကို ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ရှေးယခင်ကတည်းက ငမြှောင်တောင်ပိုးကို တွေ့ရှိခဲ့ရသော်လည်း ယခုငမြှောင်တောင်ပိုးသည် ယခင်မျိုးစိတ်များနှင့်မတူဘဲ မျိုးပွားနှုန်း၊ ဖျက်ဆီးမှုနှုန်းများပြားသည်။ ငမြှောင်တောင်ပိုးကို လေ့လာဆန်းစစ်သည့်အခါ ၂၀၁၆ ခုနှစ်တွင် တောင်အာဖရိကနိုင်ငံများမှာတွေ့ရှိရပြီး ၂၀၁၇ ခုနှစ်တွင် အိန္ဒိယ၊ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ ပျံ့နှံ့ရောက်ရှိလာကာ ဖျက်ဆီးမှုများရှိခဲ့ကြောင်း သိရသည်။

၂၀၁၈ ခုနှစ် နှစ်လယ်ပိုင်းတွင် မြန်မာနိုင်ငံသို့ရောက်ရှိလာပြီး မန္တလေးတိုင်းဒေသကြီးတွင် မြင်းခြံခရိုင်၊ နေပြည်တော်တပ်ကုန်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ကျိုင်းတုံ၊ ဧရာဝတီတိုင်းဒေသကြီးတွင် ညောင်တုန်း၊ ဓနုဖြူ၊ ဇလွန်၊ ဟင်္သာတမြို့နယ်များသို့ ပျံ့နှံ့ရောက်ရှိလာပြီး စစ်ကိုင်းတိုင်းဒေသကြီးတွင် ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်၌ စတင်တွေ့ရှိရပြီးနောက် မြောင်၊ ချောင်းဦး၊ ကလေးမြို့နယ်တို့၌လည်း အနည်းငယ်စီ ကျရောက်ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ပွင့်ဖြူမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ခြောက်လုံး အမိုးလန်ပျက်စီး

**ပွင့်ဖြူ မေ ၂၀**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် မေ ၁၉ ရက် ညနေ ၅ နာရီခန့်က လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ခြောက်လုံး အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ပွင့်ဖြူမြို့နယ် ဥယျာဉ်ကျစ်ကျေးရွာတွင် လေးပင်နှစ်ထပ် လူနေအိမ် တစ်လုံး၊ မကြီးရုံကျေးရွာတွင် သက်ငယ်မိုး၊ ထရံကာသုံးပင်လေးပင်တစ်ထပ် လူနေအိမ် တစ်လုံး၊ သုံးပင်ပတ်လည် သွပ်မိုး၊ ထရံကာ လူနေအိမ် သုံးလုံး၊ လေးပင်ပတ်လည်တစ်ထပ် သွပ်မိုး၊ ထရံကာ လူနေအိမ် တစ်လုံး စုစုပေါင်း လူနေအိမ်ခြောက်လုံး အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုအရှိန်ကြောင့် လူနှင့် တိရစ္ဆာန် ထိခိုက်ဒဏ်ရာရမှု မရှိကြောင်း သိရပြီး လတ်တလောတွင် လူနေအိမ်ပျက်စီးမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များကူညီဆောင်ရွက်ပေးနေကြောင်းနှင့် လူနေအိမ်ပျက်စီးသည့် ဒေသခံပြည်သူများမှာ နီးစပ်ရာဆွေမျိုးများနေအိမ်တွင် ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## ဥတုရာသီ တောကိုမှီ၏

## သီပေါမြို့ သမိုင်းဝင် ပေါ်ကြိုဘုရားကြီး ပရိဝုဏ်အတွင်းရှိ ရှေးဟောင်းလျှောင်းတော်မူစေတီတော် ဌာပနာသွင်းမင်္ဂလာ ကျင်းပ



**သီပေါ မေ ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ မိလိန္ဒအား အမှူးထား၍ ပေါ်ကြိုဂေါပကအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် သမိုင်းဝင် ပေါ်ကြိုဘုရားကြီး ပရိဝုဏ်အတွင်းရှိ ရှေးဟောင်းလျှောင်းတော်မူ ရုပ်ပွားတော်အဆောင်ထက်တွင် တည်ထားကိုးကွယ်မည့် ရွှေတိဂုံပုံတူစေတီတော်အား ဌာပနာသွင်းလှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို မေ ၁၉ ရက် (တန်ခူးလပြည့်နေ့)နံနက် ၉ နာရီတွင် အဆိုပါ ဘုရားကြီးဝင်း၌ ကျင်းပသည်။

ရှေးဦးစွာ စေတီတော်ကြီး၏ရင်ပြင်တော်ပေါ်၌ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့် သံဃာတော်များက မေတ္တသုတ်နှင့် ၂၄ ပစ္စည်း မဟာပဋ္ဌာန်းတော်မြတ်များ ရွတ်ဖတ်သရဇ္ဈာယ်၍ လည်းကောင်း၊ အောင်စည်အောင်မောင်းများ တီးခတ်ပူဇော်၍လည်းကောင်း၊ သံဃာတော်များနှင့် ပေါ်ကြိုဘုရားကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဆန်စိုင်းသာညွန့်နှင့် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များက စေတီတော်အထွတ်ရှိ ဌာပနာတိုက်သို့ ဌာပနာများထည့်သွင်းပူဇော်ကြသည်။ ထို့နောက် ဌာပနာသွင်း အောင်မြင်မှုအတွက် ရွှေမိုး၊ ငွေမိုးရွာသွန်းဖြိုးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ရွှေဆံတော်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်လပြည့်နေ့ည စည်ကား



**တွံတေး မေ ၂၀**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့ ကျက်သရေဆောင် ရှေးဟောင်း သမိုင်းဝင်ဆံတော်ခြောက်ဆူ ကိန်းဝပ်တော်မူသော ဆံကေသာဓာတု ရွှေဆံတော်စေတီတော်မြတ်ကြီး၏ (၂၅၈၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ပွဲတော်ရက်ဖြစ်သည့် မေ ၁၉ ရက် (တန်ခူးလပြည့်နေ့)ညတွင် အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ဘုရားဖူးလာ ပြည်သူတစ်ဦးက "ကျွန်မက ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့က လာတာပါ။ တစ်ခါမှ မရောက်ဖူးဘူး။ အခု မိသားစုနဲ့ လာတာပါ။ လပြည့်နေ့ မနက်က တည်းက ရောက်နေတာ ဇာတ်ကြည့်ပြီးမှ ပြန်မယ်။ အခု လပြည့်ည တအားစည်ပါတယ်"ဟု ပြောသည်။

**မျိုးလှိုင်(တွံတေး)**

## ပျိုးဥယျာဉ်ဆရာတော် သိက္ခာထပ်ပွဲ ကျင်းပ

**တပ်ကုန်း မေ ၂၀**

တပ်ကုန်းမြို့ အနော်ရထာရပ်ကွက် အောင်သီတာပျိုးဥယျာဉ်ကျောင်းတိုက်အတွင်း၌ ပျိုးဥယျာဉ်ဆရာတော် ဦးဝါယာမသီဟအား စုပေါင်းသိက္ခာထပ် (၃၄)နှစ်ပြည့် ဇာတိသံဝေဂ မွေးနေ့ မင်္ဂလာနှင့် ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်ပွဲ၊ ယောဂီဝတ်ပွဲ၊ ဖိုးသူတော်ဝတ်ပွဲ၊ ကျောင်းတိုက်တည် သာသနာပြု (၅) နှစ်ပြည့် အထိမ်းအမှတ်ပွဲကို မေ ၁၉ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းတိုက်တွင် ကျင်းပသည်။ အခမ်းအနားတွင် ပင့်သံဃာဆရာတော် အပါး ၉၀၊ သာမဏေ ၁၀၈ ပါးတို့အား လှူဖွယ်ဝတ္ထု များ ဆက်ကပ်လှူဒါန်းပြီး ဇွန်လှိုင်းဘိုးဘွားမွှာရုံ ရေစက်ချလှူဒါန်းပွဲ အခမ်း အနားကိုပါ တစ်ဆက်တည်းကျင်းပခဲ့ကြောင်း သိရသည်။

**မောင်ပု(၁၀၅)**



## သထုံမြို့ လိပ်အင်းရပ်ကွက် ရွာဦး/ရွာသစ်၌ သက်ကြီးပူဇော်ပွဲကျင်းပ



**သထုံ မေ ၂၀**

သထုံမြို့နယ် လိပ်အင်းရပ်ကွက် ရွာဦး/ရွာသစ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့်အညီ ပထမအကြိမ် ရပ်ကွက်လုံးကျွတ် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို မေ ၁၈ ရက် ညနေပိုင်းက ကျင်းပခဲ့ကြသည်။

အသက် (၇၅)နှစ်နှင့်အထက် အဘိုးအဘွား ၇၁ ဦးတို့အား ခြေသည်းလက်သည်း ညှပ်ပေးပြီး တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ပူဇော်ကန်တော့ကြပြီး အဘိုးအဘွားများက ဆုံးမသြဝါဒစကားပြောကြားသည်။

အခမ်းအနားတွင် စိတ္တသုခ နာရေးကူညီမှုအသင်းမှ အအေးနှင့် မုန့်အာဟာရများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

**လှိုင်ထွန်းအောင်(သထုံ)**

## နွေရာသီ ကရင်စာပေသင်ကြားနေသော ကျေးရွာများအား ထောက်ပံ့ငွေပေးအပ်

**ကျိုက်မရော မေ ၂၀**

နွေရာသီကျောင်းပိတ်ရက်များအတွင်း ကျောင်းသားကျောင်းသူများ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် ရိုးရာယဉ်ကျေးမှုနှင့်ဘာသာစာပေကို တန်ဖိုးထားလေးစားသည့် အလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်၍ ကရင်စာပေသင်ကြားနေသော ကရင်ကျေးရွာများအား ထောက်ပံ့ငွေပေးအပ်ပွဲကို မေ ၁၉ ရက် နံနက် ၉ နာရီက ကျိုက်မရောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေဟသာ်ခန်းမ၌ ကျင်းသည်။

အခမ်းအနားတွင် မွန်ပြည်နယ် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောအောင်မြင့်ခိုင်က ကရင်စာပေသင်ကြားနေသော ကလေးများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ မွန်ပြည်နယ်အတွင်း ကရင်စာပေသင်ကြားနေသော ကျေးရွာပေါင်း ၁၇၄ ရွာရှိပြီး စုစုပေါင်းငွေကျပ် ၄၃၇ သိန်း ထောက်ပံ့ပေးခြင်းဖြစ်ပြီး တစ်ရွာလျှင် ကျောင်းသားဦးရေအလိုက် သုံးသိန်းအထိ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**

## အိမ်မဲမြို့ လူထုအခြေပြုဗဟိုဌာနတွင် ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပ

**အိမ်မဲ မေ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ကလေးငယ်များ စာဖတ်သောအလေ့အကျင့်ကောင်းများရရှိစေရန် ကဗျာရွတ်ဆိုပြိုင်ပွဲကို မေ ၁၈ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အိမ်မဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဌေးဌေးလှိုင်က ကလေးများအားလုံး ပျော်ရွှင်စရာကောင်းသော ဖန်တီးမှုများပြုလုပ်ပြီး ကလေးများအချင်းချင်း ပူးပေါင်းပါဝင်လုပ်ဆောင်တတ်စေရန်နှင့် စာဖတ်သောအလေ့အကျင့်ကောင်းများရရှိစေရန်ရည်ရွယ်၍ ပြိုင်ပွဲများကျင်းပပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

**ချစ်သက်လယ်(အိမ်မဲ)**

ကြေးမုံ
အထူးကဏ္ဍ
ဧပြီ ၂၁၊ ၂၀၁၉ (တနင်္ဂနွေနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် တတိယ (၁) နှစ်တာ

# ကူးသန်းရောင်းဝယ်ခြင်းမှသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးပြီး အလုပ်အကိုင်များ ပိုမိုပေးအပ်နိုင်စေမည်

**တွေ့ဆုံမေးမြန်း - ခင်ရတနာ၊ ဓာတ်ပုံ - မေဦးမိုး(စီး/ကူး)**

ယခုတတိယ(၁)နှစ်တာသည် အစိုးရသက်တမ်းတစ်ခု၏ အလယ်ကာလလည်း ဖြစ်ပါသည်။ နိုင်ငံတစ်ဝန်းလုံး ငြိမ်းချမ်းရေးသည် အရေးအကြီးဆုံးဟုဆိုရလျှင် နိုင်ငံ့စီးပွားရေးခိုင်မာတောင့်တင်းခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းပေါများခြင်းသည် အရေးကြီးသည့် ကဏ္ဍတစ်ခုဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်စွာဖြစ်ပေါ်လာပြီး ကူးသန်းရောင်းဝယ်မှု ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်များ ဖန်တီးနိုင်ရေးကို အထောက်အကူပြုရန်ပင် ဖြစ်ပါသည်။

အစိုးရ၏ တတိယ(၁)နှစ်တာအတွင်း စီးပွားရေးနှင့် ကုန်သွယ်ရေးတို့ တိုးတက်စည်ပင်လာသည်ကို တွေ့ရှိရမည်ဖြစ်ပြီး တစ်ဖက်တွင်လည်း မျှော်မှန်းမထားခဲ့သည့် အခက်အခဲများ၊ စိန်ခေါ်မှုများ၊ ကြုံတင်တွက်ဆထားသည့် လုပ်ဆောင်ရန်ကိစ္စများစွာကို နိုင်ငံတော်ဦးဆောင်သူများက ဖြေရှင်းကိုင်တွယ်နေကြရသည်ဖြစ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ဒုတိယဝန်ကြီး ဦးအောင်ထူးတို့အပြင် စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်ဆက်နွှယ်သည့် ကဏ္ဍတို့မှ ပညာရှင်အချို့အား တွေ့ဆုံမေးမြန်းခြင်းကို ပြန်လည်တင်ပြလိုက်ရပါသည်-

**ဒေါက်တာသန်းမြင့်**
**ပြည်ထောင်စုဝန်ကြီး**

**မေး။ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေဖို့ ဘယ်လိုမူဝါဒတွေ၊ ရည်မှန်းချက်တွေ ထားရှိဆောင်ရွက်နေပါသလဲရှင့်။**

ဖြေ။ ကျွန်တော်တို့ဝန်ကြီးဌာနရဲ့နယ်ပယ် (Scope)က ကူးသန်းရောင်းဝယ်မှု ကဏ္ဍတစ်ခုတည်းကိုပဲ အာရုံစိုက်တာ မဟုတ်ပါဘူး။ လယ်ကွင်းထဲကနေ စက်ရုံအထိ၊ စက်ရုံကနေ စားသုံးသူပြည်သူတွေရဲ့ ထမင်းစားပွဲပေါ်ရောက်တဲ့အထိ အကျိုးဝင်တဲ့ ထုတ်လုပ်စားသုံးမှုကွင်းဆက် (Supply Chain)တစ်ခုလုံးကို လွှမ်းခြုံပြီး ဖွံ့ဖြိုးတိုးတက်မှုရရှိလာအောင် ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ ဥပမာအားဖြင့် ပြည်တွင်းထုတ်လုပ်မှုနဲ့သက်ဆိုင်တဲ့ အချက်အလက်တွေ၊ ကုန်စည်စီးဆင်းမှုပုံစံတွေနဲ့ ဈေးကွက်ထဲက ဈေးနှုန်းသတင်းတွေကို ရှာဖွေစုဆောင်းမှတ်တမ်းတင်ပါတယ်။ ဒါတွေဖြန့်ဝေပေးသလို ထုတ်ကုန်နဲ့သက်ဆိုင်တဲ့ အသင်းအဖွဲ့တွေ ဖွဲ့စည်းပေးပါတယ်။ ကုန်စည်ဒိုင်တွေ ဖွံ့ဖြိုးတိုးတက်အောင်နဲ့ ဈေးကွက်ရရှိအောင် ဆောင်ရွက်ပေးပါတယ်။ ဒ့ါအပြင် စားသုံးသူတွေ ဘေးကင်းလုံခြုံစေရေးနဲ့ စိတ်ကျေနပ်မှုရရှိစေရေး၊ ထုတ်လုပ်သူအချင်းချင်း၊ ရောင်းဝယ်သူအချင်းချင်း စီးပွားရေးလုပ်ငန်းတွေ မျှမျှတတ ယှဉ်ပြိုင်နိုင်ရေးတို့အတွက် ရည်မှန်းချက်ထား ဆောင်ရွက်ပေးနေပါတယ်။

ဝန်ကြီးဌာနရဲ့ခံယူချက်ကတော့ ထုတ်လုပ်သူ၊ တောင်သူနဲ့ အလုပ်သမားအားလုံး စည်ပင်ဝပြောမှ တိုင်းပြည်စည်ပင်မယ်၊ ကုန်သည်လုပ်ငန်းရှင်များ စီးပွားရေးလုပ်ကွက်ကောင်းမွန်မှ တိုင်းပြည်ချမ်းသာမယ်၊ စားသုံးသူများ စိတ်ကျေနပ်မှုရှိမှ တိုင်းပြည်သာယာမယ်ဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်

**မေး။ ဝန်ကြီးဌာနရဲ့မဟာဗျူဟာ(Strategy) ကရော ဘာများဖြစ်မလဲရှင့်။ ယခုနှစ်အတွင်းမှာ ကျေနပ်အားရဖွယ်ကောင်းတဲ့ တိုးတက်ပြောင်းလဲမှုကိုလည်း ပြောပြပါဦး။**

ဖြေ။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနရဲ့မဟာဗျူဟာ(Strategy)က ပို့ကုန်ဦးဆောင်တဲ့ စီးပွားရေးတိုးတက်မှုပုံစံ (Export led economic growth) ကို ရရှိစေဖို့ပဲ ဖြစ်ပါတယ်။ ဝန်ကြီးဌာနရဲ့အဓိကတာဝန်ကလည်း ပြည်တွင်း၊ ပြည်ပ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဖြစ်ပါတယ်။

အစိုးရသစ်ရဲ့တတိယ (၁)နှစ်တာအတွင်း ဒုတိယနှစ်ထက် ကုန်သွယ်မှုတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့တာလည်း ဝမ်းသာဂုဏ်ယူဖွယ်ဖြစ်ပါတယ်။ အထူးသဖြင့် ပို့ကုန်ကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့တဲ့အတွက် ကုန်သွယ်မှုလိုငွေကိုလည်း လျှော့ချပေးနိုင်ခဲ့ပါတယ်။ ပို့ကုန်ကဏ္ဍမှာ အလုပ်အကိုင်အခွင့်အလမ်းတွေ အများကြီးဖန်တီးပေးနိုင်ခဲ့တာကြောင့် ပြည်တွင်းအလုပ်အကိုင်တွေ ဖန်တီးပေးနိုင်တဲ့ ချုပ်ပြီးအဝတ်အထည်တွေ တင်ပို့မှုဟာ စံချိန်သစ်တင်ခဲ့သလို လယ်ယာထွက်ကုန်၊ ဆန်၊ ပဲ၊ ပြောင်း၊ သစ်သီးဝလံ၊ ကျွဲ၊ နွား၊ ဆိတ်နဲ့အခြားပို့ကုန်အမယ်သစ်တွေကို တိုးတက်တင်ပို့နိုင်ခဲ့ပါတယ်။ ဝဥ၊ လျှော်ဖြူ၊ ထောပတ်သီး စတဲ့ အလားအလာကောင်းတဲ့ ပို့ကုန်အမယ်သစ်များလည်း များစွာရှိနေပါတယ်။

**မေး။ စားသုံးသူများရဲ့ စားပွဲပေါ်ရောက်တဲ့အထိ အကျိုးဝင်တယ်လို့ သိရပါတယ်။ ဒါကြောင့် ကုန်စည်တွေ ဘေးကင်းလုံခြုံဖို့နဲ့ ဖွံ့ဖြိုးမှုစနစ်ကျနဖို့ ဆောင်ရွက်နေတာတွေလည်း သိပါရစေရှင့်။**

ဖြေ။ စားသုံးသူတွေ ကုန်စည်သုံးစွဲတဲ့နေရာမှာ ဘေးကင်းလုံခြုံမှုရှိစေရေးက အင်မတန်အရေးကြီးပါတယ်။ လုံခြုံစိတ်ချရတဲ့ ကုန်စည်တွေ ဈေးကွက်အတွင်း လွတ်လွတ်လပ်လပ် စီးဆင်းနိုင်ဖို့အတွက် အပါအဝင် စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲပေးနေပါတယ်။ ကုန်စည်ဈေးကွက်ကိုလည်း စောင့်ကြည့်စစ်ဆေးခြင်းနဲ့ ဘေးကင်းလုံခြုံမှုမရှိတဲ့ ကုန်စည်တွေကို ဈေးကွက်အတွင်းကနေ ဖယ်ရှားခြင်းတွေကို ဒေသဆိုင်ရာ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်တွေက ပူးပေါင်းဆောင်ရွက်ပေးနေပါတယ်။ ဒီလို ဘေးကင်းလုံခြုံမှုမရှိတဲ့ ကုန်စည်တွေကို ဥပဒေနဲ့အညီ အရေးယူတာတွေကို ဖော်ထုတ်လျက်ရှိပါတယ်။

**မေး။ ပြည်တွင်းကုန်သွယ်ရေးနဲ့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ဝန်ကြီးဌာနရဲ့ ဆောင်ရွက်ချက်ကိုလည်း ပြောပြပေးပါဦးရှင့်။**

ဖြေ။ ပြည်တွင်းကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှာ အသင်းအဖွဲ့ ၈၅၂ ဖွဲ့ အထိ ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ အစုအဖွဲ့အနေနဲ့ကတော့ ၁၈၄၆ ဖွဲ့ ဖွဲ့စည်းထားပါတယ်။ ဇုန်တွေအနေနဲ့ တစ်နိုင်ငံလုံးမှာ ၄၂ ဇုန်ရှိပြီး ကုန်စည်ဒိုင်ကတော့ ၆၅ ခုခန့် ဖွဲ့စည်းထားရှိပါတယ်။



မြန်မာနိုင်ငံ၏ အထည်ချုပ်စက်ရုံ လုပ်ငန်းခွင်ကို တွေ့ရစဉ်။

အထူးကဏ္ဍ [ ခ ] သို့ »»

»»» အထူးကဏ္ဍ [ က ] မှ

ယခုအခါ အသင်းအဖွဲ့ပေါင်း ၅၃ သင်း၊ အစုအဖွဲ့ ၂၅၈ ဖွဲ့၊ ဇုန် တစ်ဇုန်၊ ကုန်စည်ဒိုင်တစ်ခုတို့ကို ထပ်မံတိုးချဲ့ပြီး ဖွဲ့စည်းထားခဲ့တဲ့အပြင် အဖွဲ့အစည်းများအချင်းချင်း၊ ရောင်းဝယ်ထုတ်လုပ်သူများအချင်းချင်း ညှိနှိုင်းတိုင်ပင်ခြင်းကနေ အရင်းအနှီး၊ ဈေးကွက်ရရှိအောင် ပူးပေါင်းဆောင်ရွက်နေကြတာကိုလည်း တွေ့မြင်ရပါတယ်။

ပြည်တွင်းထုတ်ကုန်တွေဟာ ဈေးကွက်ကို ပိုမိုရရှိစေပြီးတော့ အငယ်စား၊ အသေးစား၊ အလတ်စားလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်စေဖို့၊ စားသုံးသူတွေအနေနဲ့လည်း ဈေးသက်သက်သာသာနဲ့ အရည်အသွေးကောင်းမွန်တဲ့ ကုန်ပစ္စည်းတွေကို အလွယ်တကူ ဝယ်ယူရရှိစေနိုင်ဖို့ နိုင်ငံခြားသားကုမ္ပဏီ၊ မြန်မာနိုင်ငံသားနဲ့ နိုင်ငံခြားသားပေါင်းစည်းဆောင်ရွက်တဲ့ ကုမ္ပဏီတွေကို ပြည်တွင်းမှာ လက်လီ၊ လက်ကား ရောင်းချခွင့်ပြုခဲ့ပါတယ်။

**အွန်လိုင်းမှလိုင်စင်လျှောက်ထားနိုင်**

လိုင်စင်လျှောက်ထားရာမှာ လွယ်ကူချောမွေ့စေဖို့ ကုန်ပစ္စည်းအမည် ၈၁ မျိုးခန့်ကို Fully Online Licensing စနစ် (အစမှအဆုံး အွန်လိုင်းမှတစ်ဆင့် လိုင်စင်ပြုလုပ်ပေးခြင်းစနစ်)နဲ့ လျှောက်ထားရယူနိုင်အောင် ဖြေလျှော့ပေးခဲ့ပါတယ်။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒုတိယသမ္မတ ဦးဆောင်တဲ့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့တာဝန်ခံဝန်ကြီးဌာနအဖြစ် ဆောင်ရွက်ပေးနေသလို ပုဂ္ဂလိကကဏ္ဍရဲ့တွေ့ကြုံနေရတဲ့ အခက်အခဲများကို ဒုတိယသမ္မတက လစဉ် လုပ်ငန်းရှင်၊ အသင်းအဖွဲ့များနှင့် တွေ့ဆုံပြီး ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မေး။ မြန်မာ့စီးပွားရေးမှာ ပို့ကုန်၊ သွင်းကုန်စတဲ့ ကုန်သွယ်ရေးကဏ္ဍက အရေးကြီးပါတယ်။ အဲဒီလိုကဏ္ဍအတွင်း လုပ်ငန်းရည်မှန်းချက်တွေအပေါ် စိန်ခေါ်မှုတွေကရော ဘယ်လိုအရာတွေဖြစ်မလဲဆိုတာ သိပါရစေ။**

ဖြေ။ ကျွန်တော်တို့ မြန်မာနိုင်ငံက ပို့ကုန်ပိုင်းမှာဆိုရင် တစ်ဖက်က ဈေးကွက်တိုးချဲ့နိုင်ဖို့အတွက် အခွင့်အလမ်းကောင်းတွေ အများကြီးရှိနေပေမယ့် တစ်ပြိုင်နက်တည်းမှာပဲ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေကလည်း အများကြီးရှိနေပါတယ်။ ပို့ကုန်တိုးမြှင့်ရေးအတွက် တင်ပို့နိုင်မယ့် ပို့ကုန်ပစ္စည်းများဖြစ်ကြတဲ့ ကုန်ကြမ်းတွေ၊ တစ်ဝက်တစ်ပျက်ကုန်ချောတွေနဲ့ ကုန်ပစ္စည်းမျိုးစုံတို့တွေ ပိုလျှံမှုဖြစ်ပွားတာ၊ ပို့ကုန်ပစ္စည်းမျိုးစုံနဲ့ ဈေးကွက်ရှိပေမယ့် ဈေးနှုန်းသက်သာမှုအရ ယှဉ်ပြိုင်နိုင်စွမ်းအားနည်းတာ၊ ပို့ကုန်ပစ္စည်းတွေရဲ့အရည်အသွေးအရ ယှဉ်ပြိုင်နိုင်စွမ်းအားနည်းတာ၊ လိုအပ်သလို တင်ပို့နိုင်တဲ့ အချိန်အတိုင်းအတာအရ ယှဉ်ပြိုင်နိုင်စွမ်းရှိသလားဆိုတာတွေ လိုအပ်နေပါသေးတယ်။

အရေးကြီးတဲ့အချက်ဖြစ်တဲ့ ထုတ်လုပ်မှုကုန်ကျစရိတ်မှာလည်း ဒေသတွင်းနိုင်ငံတွေထက် ကျွန်တော်တို့ဆီက များနေပါတယ်။ ထုတ်လုပ်မှုအရည်အသွေးကို ကြည့်မယ်ဆိုရင်လည်း ဒေသတွင်းနိုင်ငံများထက် အရည်အသွေးနိမ့်ကျနေတာကို တွေ့နေရပါတယ်။ ဒီလိုစိန်ခေါ်မှုတွေကို ကျော်ဖြတ်နိုင်ဖို့ဆိုရင် အရင်းအနှီးနှင့် နည်းပညာတိုးတက်ရရှိနိုင်ရေး၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပြည်တွင်းဝင်ရောက်နိုင်ရေး၊ ပြည်တွင်း-ပြည်ပလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ရေး၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ တိုးတက်ရေးတို့ လိုအပ်ပါတယ်။ ဒါတင်မကသေးပါဘူး။ ဝယ်ယူ၊ ကြိတ်ခွဲ၊ သိုလှောင်၊ သယ်ယူပို့ဆောင်ဖြန့်ဖြူး စတဲ့ လုပ်ငန်းတွေအားလုံးမှာ စရိတ်တွေ Logistic Cost ဟာလည်း ဒေသတွင်းနိုင်ငံတွေနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် အလွန်မြင့်မားနေတာတွေ့ရပါတယ်။

**မေး။ ကုန်သွယ်ဖက်နိုင်ငံတွေရဲ့ မူဝါဒတွေနဲ့ အတားအဆီးတွေက ဘယ်လောက်အထိ မြန်မာ့ကုန်သွယ်ရေးကို ရိုက်ခတ်နိုင်ပါသလဲရှင့်။**

ဖြေ။ ကုန်သွယ်ဖက်နိုင်ငံတွေရဲ့ ကုန်သွယ်ရေးမူဝါဒ ပြောင်းလဲမှု၊ နိုင်ငံခြားငွေကြေးလဲလှယ်မှုနှုန်းထားတွေ မတည်ငြိမ်မှု၊ ပို့ကုန်ဈေးနှုန်းတွေနဲ့ ရာသီဥတုပြောင်းလဲမှုတွေဟာ ကုန်သွယ်ရေးကဏ္ဍက ပြည်တွင်းထုတ်လုပ်မှုတွေကိုရော ပို့ကုန်လုပ်ငန်းတွေအပေါ်မှာပါ များစွာအကျိုးသက်ရောက်ပါတယ်။ တရားမဝင်ကုန်သွယ်တာကြောင့် ပို့ကုန်ဝင်ငွေလည်း လျော့နည်းရပြီး အခွန်ဘဏ္ဍာတွေလည်း ဆုံးရှုံးရသလို သဘာဝသယံဇာတတွေလည်း ပြုန်းတီးမှုဖြစ်ပေါ်ရပါတယ်။ ပြည်တွင်း အသေးစားနဲ့ အလတ်စားစက်မှုလုပ်ငန်းတွေကို ကြီးကြီးမားမားထိခိုက်စေသလို စားသုံးသူတွေအတွက်လည်း အန္တရာယ်ဖြစ်စေတာကို တွေ့ရှိရပါတယ်။

**မေး။ အခုလိုစိန်ခေါ်မှုတွေ၊ အခက်အခဲတွေကို ကျော်လွှားဖြေရှင်းနိုင်မယ့် နည်းလမ်းတွေနဲ့ ဆောင်ရွက်ပေးနေတဲ့လုပ်ငန်းတွေကိုလည်း ပြောပြပေးပါဦးရှင့်။**

ဖြေ။ ကျွန်တော်တို့ အစိုးရသစ်လက်ထက်မှာ ဝယ်လိုအားနဲ့ ရောင်းလိုအားကို အခြေခံတဲ့ လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်(Liberal Market Economy)ကို ပီပြင်အောင် ဖွံ့ဖြိုးစေပြီးတော့ ပို့ကုန်တိုးတက်မှုကိုအခြေခံတဲ့ စီးပွားရေးဖွံ့ဖြိုးမှုကို ရရှိအောင်ကြိုးပမ်းနေခဲ့ပါတယ်။ ပို့ကုန်တိုးတက်စေရာမှာ ပို့ကုန်အမည်နဲ့ တင်ပို့တဲ့နိုင်ငံများကို ဖြန့်ခွဲခြင်း(Diversification)နဲ့ အဓိကပို့ကုန်အမည်အချို့ကို ပိုမိုဦးစားပေးပြီး စူးစိုက်တိုးချဲ့တင်ပို့တာ (Intensification)ကို အမျိုးသားပို့ကုန်မဟာဗျူဟာ (National Export Strategy) ၂၀၁၅-၂၀၁၉ ကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

ဆက်လက်ပြီး အမျိုးသားပို့ကုန်မဟာဗျူဟာ(၂၀၂၀-၂၀၂၅)မှာ လက်ရှိကဏ္ဍပေါင်း ၁၁ ခုအတွက် ရှေ့လာမယ့် ငါးနှစ်အတွင်း ဆောင်ရွက်သင့်တဲ့လုပ်ငန်းစီမံချက်တွေကို ပြင်ဆင်ဖြည့်စွက်သွားမှာဖြစ်သလို ထပ်မံထည့်သွင်းဆောင်ရွက်မယ့် ဦးစားပေးကဏ္ဍအသစ် ငါးခုကို ရေးဆွဲဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဦးစားပေးကဏ္ဍတွေအနက် ပိုမိုအလေးပေး ဦးစားပေးဆောင်ရွက်သင့်တဲ့ကဏ္ဍတွေ (Top Priorities)ကို ရွေးချယ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှုတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)နဲ့ပူးပေါင်းပြီး နှစ်လတ်အစီအစဉ် (Medium Term Programme)ကို ချမှတ်ဆောင်ရွက်နေပါတယ်။ စီးပွားရေးသံမှူးတွေကို အဓိကဈေးကွက်ရှိတဲ့ နိုင်ငံတွေဆီ ပိုမိုတိုးချဲ့စေလွှတ်နိုင်ဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံက ထုတ်လုပ်တဲ့ကုန်စည်တွေနဲ့ လက်မှုအနုပညာတွေကို ပြသနိုင်မယ့် မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုစင်တာ(Myanmar International Trade Centre)ကို ရန်ကုန်မြို့မှာ ထူထောင်လျက်ရှိပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အနှံ့အပြားမှာ ဒေသထွက်ကုန်ပြပွဲတွေနဲ့ ပြည်ပကုန်စည်ပြပွဲတွေမှာ မြန်မာထွက်ကုန်တွေ ပိုမိုတိုးတက်ပြသနိုင်ခဲ့ပါတယ်။

**မေး။ စီးပွားရေးဇုန်တွေရဲ့ အကြောင်းကို ရှင်းပြပေးပါဦးရှင်။**

ဖြေ။ ဝန်ကြီးဌာနက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာတွေ၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (Private Sector Development)၊ စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်မှုလွယ်ကူရေး (Ease of Doing Business)၊ အလုပ်အကိုင်ဖော်ဆောင်ရေး (Job Creation)၊ နယ်စပ်စီးပွားရေး၊ ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ဆောက်ရေးတွေ စတဲ့ ကဏ္ဍအသီးသီးမှာ တာဝန်ခံဝန်ကြီးဌာနအဖြစ်နဲ့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

လက်ရှိအထူးစီးပွားရေးဇုန် သုံးခုအနက် ရန်ကုန်မှာရှိတဲ့ သီလဝါအထူးစီးပွားရေးဇုန်ဆိုရင် ဂျပန်လုပ်ငန်းရှင်တွေနဲ့ ပူးပေါင်းပြီး အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်မှာ ရေနက်ဆိပ်ကမ်းစီမံကိန်းအတွက် တင်ဒါအောင်မြင်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံက CITIC ကုမ္ပဏီနဲ့ မူဘောင်သဘောတူညီချက် လက်မှတ်ရေးထိုးပြီးဖြစ်တဲ့အတွက်ကြောင့် ပတ်ဝန်းကျင်ထိခိုက်နစ်နာမှုဆိုင်ရာ လုပ်ငန်းတွေကို စမ်းသပ်လျက်ရှိပါတယ်။ ရေနက်ဆိပ်ကမ်း စီမံကိန်းအတွက် Shareholders Agreement နဲ့ Concession Agreement တွေ ချုပ်ဆိုနိုင်ရေးအတွက် နှစ်ဖက်ညှိနှိုင်း ဆွေးနွေးလျက်ရှိရာ မကြာခင်မှာ အပြီးသတ်စာချုပ်ချုပ်ဆိုနိုင်မှာ ဖြစ်ပါတယ်။

ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်နိုင်ဖို့အတွက် မြန်မာ-ထိုင်း အပြင် ဂျပန်နိုင်ငံကပါ ပါဝင်လာရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ထားဝယ်အထူးစီးပွားရေးဇုန်ကနေ ထီးခီးကို ဆက်သွယ်ထားတဲ့ နှစ်လမ်းသွားကားလမ်း အဆင့်မြှင့်တင်ရေးအတွက်ကို ထိုင်းနိုင်ငံက ချေးငွေရယူဖောက်လုပ်နိုင်ရေးအတွက် နှစ်နိုင်ငံကျွမ်းကျင်သူတွေက ကွင်းဆင်းဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ဝန်ကြီးဌာနက တာဝန်ယူပြီး စီမံခန့်ခွဲဆောင်ရွက်လျက်ရှိတဲ့ ဥပဒေဆိုင်ရာတွေကို ရှင်းပြပေးပါဦးရှင့်။**

ဖြေ။ စားသုံးသူ အကာအကွယ်ပေးရေးတွေကို ပိုမိုထိရောက်အောင် ဆောင်ရွက်နိုင်ဖို့ စားသုံးသူကာကွယ်ရေးဥပဒေကို အသစ်ပြန်လည်ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းပြီး နည်းဥပဒေရေးဆွဲထုတ်ပြန်နိုင်ရေးအတွက်ကို ဆောင်ရွက်လျက်ရှိပါတယ်။ စားသုံးသူကာကွယ်ရေးဆိုင်ရာ လုပ်ငန်းတွေကို ပိုမိုဆောင်ရွက်နိုင်ဖို့ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ကို ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး ပြည်ထောင်စုအဆင့် အစိုးရဌာနနဲ့ အဖွဲ့အစည်းတွေ၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ ကျွမ်းကျင်သူတွေ၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့တွေက ကိုယ်စားလှယ်တွေနဲ့ ဖွဲ့စည်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ အကာအကွယ်ပေးမှုဥပဒေ(The Safeguard Law on Increased Imports) ကို ပြည်တွင်းထုတ်ကုန်ပစ္စည်းများနဲ့ အလားတူသွင်းကုန်တွေကြောင့် ပြည်တွင်းကုန်ထုတ်လုပ်ငန်းတွေ ထိခိုက်နစ်နာမှုဖြစ်ပေါ်လာပါက သွင်းကုန်တွေအပေါ် Safeguard Duty ဒါမှမဟုတ် ကိုတာ(Quota) သတ်မှတ်ပြီး ပြည်တွင်းလုပ်ငန်းရှင်တွေ ထိခိုက်နစ်နာမှုကို ကုစားပေးဖို့ ရည်ရွယ်ပါတယ်။

ယှဉ်ပြိုင်မှုဥပဒေကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်မှာ ပြဋ္ဌာန်းပေးခဲ့ပြီး စတင်အာဏာသက်ဝင်တာ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက် ဖြစ်ပါတယ်။ ယှဉ်ပြိုင်မှုနည်းဥပဒေတွေကို ၂၀၁၇ ခုနှစ် အောက်တိုဘာ ၉ ရက်က ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ ယှဉ်ပြိုင်မှုဥပဒေပါ ပြဋ္ဌာန်းချက်တွေကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့နဲ့ ယှဉ်ပြိုင်မှုဆိုင်ရာ အငြင်းပွားမှုများကို ညှိနှိုင်းဖြေရှင်းပေးနိုင်ဖို့အတွက် မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ကို ဥက္ကဋ္ဌအဖြစ်တာဝန်ယူပြီး ပြင်ပပညာရှင်တွေနဲ့ ပါဝင်ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။

နောက်ဆုံးတစ်ခုကတော့ ဝန်ကြီးဌာနက ပြုစုရေးဆွဲလျက်ရှိတဲ့ ကုန်သွယ်မှုကဏ္ဍတစ်ရပ်လုံးကို လွှမ်းခြုံနိုင်မယ့် ကုန်သွယ်မှုဥပဒေ(Trade Law)ဖြစ်ပါတယ်။ အဲဒီကုန်သွယ်မှုဥပဒေ ပြဋ္ဌာန်းနိုင်ရေးကိုလည်း ဖွံ့ဖြိုးမှုမိတ်ဖက်များဖြစ်တဲ့ World Bank Group, GIZ တို့နဲ့ ပူးပေါင်းပြီး ဥပဒေမူကြမ်းရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။

အစိုးရသစ် တတိယ(၁) နှစ်တာကာလမှာ အောင်မြင်မှုတွေရှိသလို စိန်ခေါ်မှုအခက်အခဲတွေကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ ကုန်သည်လုပ်ငန်းရှင်အသင်းအဖွဲ့တွေနဲ့ မိတ်ဖက်အဖွဲ့အစည်းတွေ အားလုံးနဲ့အတူ ပူးပေါင်းပြီး ဖြေရှင်းဆောင်ရွက်ပေးနေတယ်ဆိုတာကို ပြည်သူကို ပြောကြားလိုပါတယ်။

**ဦးအောင်ထူး**
**ဒုတိယဝန်ကြီး**

**မေး။ ဈေးကွက်စီးပွားရေးစနစ် မှန်ကန်မျှတပြီး တိုးတက်ဖို့အတွက် ဝန်ကြီးဌာနကနေ ထိန်းကျောင်းတည့်မတ်ပေးနေတဲ့ အခြေအနေကို ရှင်းပြပေးပါဦးရှင့်။**

ဖြေ။ နိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) ပုဒ်မ ၃၅ မှာ နိုင်ငံတော်ရဲ့ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်ဟု ပြဋ္ဌာန်းထားပါတယ်။ ဈေးကွက်စီးပွားရေးစနစ်မှာ ကုန်စည်ဈေးနှုန်းတွေကို ဈေးကွက်ရောင်းလိုအား(Supply) နဲ့ ဝယ်လိုအား(Demand)က သတ်မှတ်ပါတယ်။ ဗဟိုထိန်းချုပ်တဲ့စနစ်လို အစိုးရ



ဒုတိယဝန်ကြီး ဦးအောင်ထူး



ဦးတင်ထွန်းဦး
စီးပွားရေးပညာရှင်



ဦးထွန်းလွင်
စီးပွားရေးပညာရှင်



ဒေါ်ခိုင်ခိုင်နွယ်
တွဲဖက်အထွေထွေအတွင်းရေးမှူး(UMFCCI)

အထူးကဏ္ဍ [ ဂ ] သို့ »»»

»»» အထူးကဏ္ဍ [ ခ ] မှ

က ဈေးကွက်ကို တိုက်ရိုက်ဝင်ရောက် စွက်ဖက်မှုမရှိသော်လည်း မှန်ကန်မျှတတဲ့ ဈေးကွက်စီးပွားရေးစနစ် ဖြစ်ပေါ်စေဖို့အတွက် သွယ်ဝိုက်ထိန်းချုပ်တဲ့ နည်းလမ်းနဲ့ ဆောင်ရွက် ပေးလျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ကုန်သွယ်မှု၊ ငွေကြေးနဲ့ ဘဏ္ဍာရေးမူဝါဒတွေကို ထိန်းချုပ်ဆောင်ရွက်ပေးခြင်း ဖြစ်ပါတယ်။

ကုန်သွယ်မှုမူဝါဒဆိုတာက နိုင်ငံအချင်းချင်း ကူးသန်းရောင်းဝယ်မှုပြုရာမှာ ထားရှိတဲ့ စံချိန်စံညွှန်းတွေ၊ ရည်မှန်းချက်တွေ၊ စည်းမျဉ်းစည်းကမ်းတွေပဲ ဖြစ်ပါတယ်။ ကုန်သွယ်မှု မူဝါဒတွေဟာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ကွဲပြားပြီး သက်ဆိုင်ရာနိုင်ငံတွေရဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွေ အပြင် သက်ဆိုင်ရာဝန်ကြီးဌာနတွေက သတ်မှတ်ပေးလေ့ရှိပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ ကုန်သွယ်မှုမူဝါဒမှာ ပို့ကုန်နဲ့ သွင်းကုန်တွေ အပေါ် အခွန်နှုန်းထားသတ်မှတ်ခြင်း၊ တင်သွင်း၊ တင်ပို့မှုတွေမှာ ကုန်ပစ္စည်းစစ်ဆေးမှု လုပ်ထုံးလုပ်နည်းတွေနဲ့ ကုန်စည်အမျိုးအစား အလိုက် အကောက်ခွန်နဲ့ ကိုတာသတ်မှတ်ချက်တွေ ပါဝင်ပါတယ်။ ကုန်သွယ်မှုမူဝါဒ တစ်ရပ်မှာ အကောက်ခွန်၊ ကုန်သွယ်မှု အတားအဆီးတွေနဲ့ ဘေးအန္တရာယ်ကင်းရှင်းမှုစတဲ့ အစိတ်အပိုင်း သုံးရပ်ပါရှိပါတယ်။ ကုန်သွယ်မှု မူဝါဒတွေဟာ နိုင်ငံခြားရေးမူဝါဒတွေနဲ့ လိုက်လျောညီထွေချမှတ်ထားလေ့ရှိပါတယ်။ နှစ်နိုင်ငံကုန်သွယ်မှု မူဝါဒတွေကို ချမှတ်ရတဲ့ အခါ အမျိုးသားကုန်သွယ်မှု မူဝါဒတွေအပြင် နှစ်နိုင်ငံအကြား ချုပ်ဆိုထားရှိတဲ့ ကုန်သွယ်မှု သဘောတူညီချက်တွေကိုလည်း ထည့်သွင်း စဉ်းစားဆောင်ရွက်ရပါတယ်။

**မေး။ ပို့ကုန်တန်ဖိုးမြင့်မားအောင် အလေးထား ဆောင်ရွက်နေတယ်လို့ သိရပါတယ်။ ဘယ်လိုရည်မှန်းချက်တွေ၊ ဘယ်လိုနည်းလမ်းတွေနဲ့ ဆောင်ရွက်နေတယ်ဆိုတာ သိပါရစေ။**

ဖြေ။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနရဲ့ ရည်မှန်းချက်က အစိုးရရဲ့ ငါးနှစ်တာကာလအတွင်းမှာ ပို့ကုန်ကို သုံးဆ တိုးတက်ဖို့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ လောလောဆယ်တော့ ပို့ကုန်နှစ်ဆလောက် တိုးတက်နေပြီဖြစ်ပါတယ်။ ကုန်သွယ်ရေး တိုးတက်မှု သာမက မြန်မာနိုင်ငံမှာ စီးပွားရေး လုပ်ငန်းအခြေအနေကောင်းတွေကိုလည်း ဖန်တီးပေးဖို့လည်း ဆောင်ရွက်လျက်ရှိပါတယ်။

ပို့ကုန်ဦးဆောင်တဲ့ စီးပွားရေးတိုးတက်မှု (Export Led Economic Growth) ရရှိစေဖို့ အစိုးရလက်ထက်မှာ ဝယ်လိုအားနဲ့ ရောင်းလိုအားကို အခြေခံတဲ့လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်(Liberal Market Economy)ကို ပီပြင်အောင် ဖွံ့ဖြိုးစေပြီး တော့ ပို့ကုန်တိုးတက်မှုကို အခြေခံတဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ကြိုးပမ်းခဲ့တာ ဖြစ်ပါတယ်။ ပို့ကုန်တိုးတက်စေဖို့ ပို့ကုန် အမည်နဲ့ တင်ပို့တဲ့နိုင်ငံတွေကို ဖြန့်ခွဲခြင်း (Diversification)နဲ့ အဓိကပို့ကုန်အမည် အချို့ကို ပိုမိုဦးစားပေး စူးစိုက်တိုးချဲ့တင်ပို့ခြင်း (Intensification)ကို အမျိုးသားပို့ကုန် မဟာဗျူဟာ(National Export Strategy) အရ ချမှတ်ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။

**မေး။ သွင်းကုန်အစားထိုးနိုင်ဖို့အတွက် ပြည်တွင်းမှာ ဆောင်ရွက်ထားရှိမှုတွေအကြောင်းကိုလည်း ရှင်းပြပေးပါရှင့်။**

ဖြေ။ ပို့ကုန်အတွက် ဦးစားပေးလုပ်ကိုင်သလို တစ်ဖက်မှာလည်း သွင်းကုန်အစားထိုးမှုကိုလည်း ဆက်လက်လုပ်ဆောင်နေပါတယ်။ ပို့ကုန်တိုးမြှင့်နိုင်စေဖို့နဲ့ သွင်းကုန် အစားထိုးနိုင်ဖို့အတွက် အထူးစီးပွားရေးဇုန်ဖြစ်တဲ့ (Special Economic Zone, SEZ) တွေ နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် (Border Economic Cooperation Zone)တွေကို ထူထောင်နိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် ကုန်သွယ်မှုမှာလည်း နှစ်နိုင်ငံ ကုန်သွယ်မှု(Bilateral Trade)နဲ့ နယ်စပ်ကုန်သွယ်မှု(Border Trade) သာမကဘဲ ကုန်သွယ်မှုလိုငွေလျော့နည်းစေမယ့် ကုန်ချင်းဖလှယ်မှုစနစ်(Counter Trade)ကိုပါ ကျင့်သုံးနိုင်အောင် ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့က အတော်လေး အရေးကြီးတယ်ဆိုတော့ ဝန်ကြီးဌာနအနေနဲ့ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်တွေကိုလည်း ပြောကြားစေလိုပါတယ်ရှင့်။**

ဖြေ။ ဝန်ကြီးဌာနက ကုန်သွယ်မှုကနေ ဦးဆောင်တဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိအောင် ဆောင်ရွက်နေသလို တစ်ဖက်မှာလည်း ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အစိုးရနဲ့ ပုဂ္ဂလိကကဏ္ဍအကြား တွေ့ဆုံဆွေးနွေးမှု (Public Private Dialogue)တွေ လစဉ်ဆောင်ရွက်နေပြီး ပုဂ္ဂလိကကဏ္ဍရဲ့အခက်အခဲတွေကို ကူညီဖြေရှင်းပေးလျက်ရှိပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ဆိုရှယ်လစ်ခေတ်ကစလို့ ဈေးကွက်စီးပွားရေးစနစ်ကို ကူးပြောင်းလာခဲ့တယ်။ ယင်းအချိန်မှာ ပုဂ္ဂလိကကဏ္ဍဟာ ပုံမှန်စီးပွားရေးကဏ္ဍ အနေနဲ့ မဖြစ်ခဲ့ဘူး၊ အလွတ်သဘော Informal Sector အနေနဲ့သာရှိခဲ့တယ်။ ဒါကို Formal Sector ရောက်အောင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေပါတယ်။ ဒါကြောင့် ဒုတိယသမ္မတ ဦးမြင့်ဆွေက ဦးဆောင်ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်တွေ၊ အသင်းအဖွဲ့တွေနဲ့ တွေ့ဆုံ ဆွေးနွေးမှုတွေ လစဉ်ပြုလုပ်ပြီး သူတို့တွေ့ကြုံနေရတဲ့အခက်အခဲတွေနဲ့ လုပ်ငန်းတွေ ချောမွေ့ပြေပြစ်ဖို့ အတွက် လုပ်ဆောင်ပေးနေပါတယ်။

ဒါ့အပြင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာပြီး စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်မှု လွယ်ကူစေရေးအတွက် ကမ္ဘာ့ဘဏ်နဲ့ ပူးပေါင်းပြီး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်မှု လွယ်ကူရေးအညွှန်းကိန်း ( Ease of Doing Business Index)ကို အဆင့် ပိုမိုတိုးတက်အောင်ဆောင်ရွက်လျက်ရှိပါတယ်။ ကူးသန်းရောင်းဝယ်ရေးကုန်သွယ်ရေးလုပ်ငန်းတွေကိုသာ ဆောင်ရွက်နေတာမဟုတ်ဘဲ စီးပွားရေး ပတ်ဝန်းကျင်ကောင်းများ ရရှိအောင် ဆောင်ရွက်နေပါတယ်။ ဒါကြောင့် Ease of Doing Business Ranking တိုးတက်ဖို့ အတွက် ကြိုးစားဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းတွေ ထူထောင်ဖို့မှာ စည်းမျဉ်းစည်းကမ်းတွေ မတင်းကျပ်ဘဲ လွယ်လွယ်ကူကူနဲ့ စီးပွားရေးလုပ်ငန်းတွေ ထူထောင်ပြီး အောင်မြင်နိုင်အောင်လို့ အခက်အခဲအတားအဆီးတွေ ဖယ်ရှားပေးတာဖြစ်ပါတယ်။ လုပ်ငန်းစတင်လုပ်ဆောင်မယ်ဆိုရင် အဆင့်တွေများနေတာကို လျော့နည်းသွားအောင်၊ ကုန်ကျစရိတ်တွေ များနေတာကို လျော့နည်းသွားအောင်နဲ့ အချိန်တွေ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် စတုတ္ထအကြိမ် အိန္ဒိယ-အာဆီယံကုန်စည်ပြပွဲနှင့် ထိပ်သီးဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

လျော့နည်းသွားအောင် ဆောင်ရွက်နေပြီး Ease of Doing Business Ranking တိုးတက်အောင်လည်း နိုင်ငံတော်ရဲ့ ဒုတိယသမ္မတ ဦးမြင့်ဆွေ ကိုယ်တိုင်က လက်ရှိ အညွှန်းကိန်း ၁၇၁ ကနေ ၂၀၂၁ ခုနှစ်မှာ ၁၀၀ အောက်ကို ကျဆင်းသွားနိုင်စေဖို့ ဦးတည်ဆောင်ရွက်လျက်ရှိပါတယ်။

စီးပွားရေးလုပ်ငန်းတစ်ခု စတင်ထူထောင်မယ်၊ စီးပွားရေးလုပ်ငန်းတစ်ခု လည်ပတ်မယ်၊ စီးပွားရေးလုပ်ငန်းတစ်ခု အခက်အခဲတွေတွေ့မယ်ဆိုရင် ဘယ်လိုကျော်လွှားအောင်လုပ်မယ်ဆိုတဲ့ လုပ်ငန်းစဉ် အဆင့်ဆင့်မှာ အဆင်ပြေချောမွေ့အောင် အထောက်အကူပြုအဖွဲ့(၁၀) ဖွဲ့ကို ဖွဲ့စည်းပြီး ဆောင်ရွက်နေပါတယ်။ ကျွန်တော်ကတော့ အဖွဲ့ရဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်နေပါတယ်။ ဒီအညွှန်းကိန်း တိုးတက်လာတာနဲ့အမျှ မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်ရတာ လွယ်ကူလာပြီး ပြည်ပက ရင်းနှီးမြှုပ်နှံမှုနဲ့ ကုန်သွယ်မှုတွေကို ပိုမိုဆွဲဆောင်လာနိုင်လိမ့်မယ်လို့ မျှော်မှန်းထားပါတယ်။

**မေး။ ဝန်ကြီးဌာနကနေ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုရရှိစေရေးအတွက် ဦးစားပေး ဆောင်ရွက်နေမှုအပိုင်းကိုလည်း သိပါရစေရှင့်။**

ဖြေ။ ဝန်ကြီးဌာနက အခြားဆောင်ရွက်နေတဲ့ လုပ်ငန်းတစ်ခုကတော့ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးဖို့ ဖြစ်ပါတယ်။ အလုပ်အကိုင်ဖန်တီးနိုင်အောင် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ပြီး ကဏ္ဍတွေ ဖော်ထုတ်ပါတယ်။ အလုပ်အကိုင်တွေကိုများစွာ ဖန်တီးပေးနိုင်တာက အထည်ချုပ်ကဏ္ဍ ဖြစ်ပါတယ်။ လက်ရှိအစိုးရ မတိုင်ခင်က ထုတ်လုပ်မှုတန်ဖိုး အမေရိကန်ဒေါ်လာသန်း ၅၀၀ ခန့်သာရှိခဲ့ပေမယ့် လက်ရှိအစိုးရ လက်ထက်မှာ အမေရိကန်ဒေါ်လာသန်း ၂၀၀၀(၂ဘီလီယံ)တန်ဖိုးလောက်ထိ တိုးချဲ့လာနိုင်တာတွေ့ရတယ်။ အလုပ်အကိုင်ဖန်တီးမှုအပိုင်းမှာ အရင်က အကန့်အသတ်တွေရှိခဲ့ပေမယ့် ယခုအခါ အလုပ်အကိုင်ပေါင်း ငါးသိန်းခန့် ဖန်တီးပေးနိုင်ခဲ့တယ်။ ယခုအစိုးရ သက်တမ်းကာလမှာ အလုပ်အကိုင်ပေါင်း တစ်သန်းကျော်ထိ ဖန်တီးပေးနိုင်ဖို့ ရည်မှန်းချက်ထား ဆောင်ရွက်နေပါတယ်။ ရေချိုငါးပုစွန်မွေးမြူရေးကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေး ထုတ်ကုန်များ ဆင့်တက် ပြုပြင်တဲ့ကဏ္ဍ၊ စက်မှုကုန်ချောထုတ်လုပ်တဲ့ကဏ္ဍ၊ သစ်သီးဝလံပန်းမန် ထုတ်လုပ်တဲ့ကဏ္ဍနဲ့ တိရစ္ဆာန်မွေးမြူရေးကဏ္ဍတွေ ဖော်ထုတ်ပြီး အလုပ်အကိုင်များ ပိုမို ဖန်တီးပေးနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီကဏ္ဍတွေဟာ အလုပ်အကိုင် ဖန်တီးပေးနိုင်ရုံသာမက ဒေသတွင်းနဲ့ ကမ္ဘာ့ စားနပ်ရိက္ခာဖူလုံမှု(Food Security) ကိုလည်း အထောက်အကူပြုစေမှာဖြစ်ပါတယ်။

**မေး။ ဝန်ကြီးဌာနကနေ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများနဲ့ ပတ်သက်ပြီး ဆောင်ရွက်မှုတွေရှိခဲ့မယ်ဆိုရင် ရှင်းပြပေးပါရှင့်။**

ဖြေ။ ဝန်ကြီးဌာနရဲ့ဆောင်ရွက်နေတဲ့လုပ်ငန်းတစ်ခုကတော့ စားသုံးသူအကာအကွယ်ပေးရေး ဖြစ်ပါတယ်။ စားသုံးသူတွေမှာ အခွင့်အရေးရှိတယ်၊ စားသုံးသူတွေက "The Customer is always right" အမြဲမှန်ကန်တယ်လို့ စီးပွားရေးလောကမှာ ပြောတာရှိပါတယ်။ ဒါနဲ့ ပတ်သက်လို့ စားသုံးသူတွေရဲ့ အခွင့်အရေး ပြည့်မီအောင် စားသုံးသူရေးရာ ဦးစီးဌာနက ဆောင်ရွက်နေပါတယ်။ ထုတ်ကုန်တွေနဲ့ ပတ်သက်ပြီးဖြစ်ဖြစ်၊ ဝန်ဆောင်မှုနဲ့ ပတ်သက်ပြီးဖြစ်ဖြစ် မှန်မှန်ကန်ကန် ဘေးကင်းလုံခြုံအောင် စားသုံးဝယ်ယူ သုံးစွဲနိုင်အောင် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ ( Consumer Information and Complaint Center – CICC ) တွေကို တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်များတွင် ၄၈ နေရာ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။

စားသုံးသူများ နစ်နာဆုံးရှုံးမှုများနဲ့ ပတ်သက်ပြီး အစားအသောက်ကိစ္စရပ်တွေမှာသာမက မြန်မာနိုင်ငံမှာ ဆက်သွယ်ရေး Company တွေက တယ်လီဖုန်းလိုင်းတွေကို သုံးစွဲတဲ့အခါမှာ Bill ကို ပိုဖြတ်တယ်ဆိုတဲ့ကိစ္စတွေ၊ ရုပ်မြင်သံကြား ဝန်ဆောင်မှု လုပ်ငန်းတွေမှာဆိုရင်လည်း သူတို့ ပေးထားမယ်ဆိုတဲ့ Package တွေကို မပေးနိုင်တဲ့ ကိစ္စမျိုးတွေ စားသုံးဆီတွေမှာ နှမ်းအနံ့၊ မြေပဲအနံ့တွေထည့်ပြီးတော့ စားအုန်းဆီတွေကို နှမ်းဆီ၊ မြေပဲဆီတွေ ဆိုပြီးတော့ လိမ်လည်ရောင်းချတဲ့ကိစ္စမျိုးတွေ၊ ဝန်ဆောင်မှုတွေမှာလည်း မော်တော်ယာဉ် ယာဉ်စီးခတွေနဲ့ ပတ်သက်ပြီး သင်္ကြန်လိုကာလမျိုးတွေမှာ ယာဉ်စီးခ ပိုမိုကောက်ခံတဲ့ကိစ္စမျိုးတွေကို ဖြေရှင်းပေးနေသလို မော်တော်ယာဉ်ရောင်းဝယ်မှုတွေမှာ ကားအသစ်ရောင်းချတဲ့ နေရာမှာ သတ်မှတ်ထားတဲ့ အရည်အသွေး မပြည့်မီဘဲနဲ့ ရောင်းချလိုက်တဲ့ကိစ္စတွေမှာလည်း ရောင်းချသူတွေနဲ့ စားသုံးသူတွေရဲ့ကြား ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ မြန်မာနိုင်ငံရဲ့နယ်စပ်ဒေသမှာ စီးပွားရေးဇုန်ပူးပေါင်းဆောင်ရွက်နေမှုကိုလည်း ရှင်းပြပေးပါရှင့်။**

ဖြေ။ မြန်မာ - တရုတ် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် (Myanmar - China Economic Cooperation Zones)ဆိုပြီး နှစ်နိုင်ငံပူးပေါင်းထူထောင်ကြဖို့အတွက် ၂၀၁၇ ခုနှစ်မှာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ မြန်မာနိုင်ငံဘက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်တဲ့ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနဲ့ ပြည်နယ်များအလိုက် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံဘက်က ကချင်ပြည်နယ် ကန်ပိုက်တီ၊ ရှမ်းပြည်နယ် မူဆယ်နဲ့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့် နယ်မြေချင်းရွှေဟော်တို့မှာ ထူထောင်နိုင်ဖို့အတွက် အဆိုပြုထားပါတယ်။ Framework Agreement လက်မှတ်ရေးထိုးနိုင်ရေးအတွက်လည်း နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်လျက် ရှိပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ ညှိနှိုင်းချက်အရ ရှမ်းပြည်နယ် မူဆယ်မှာ စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နှစ်နိုင်ငံ နယ်စပ်အထူးစီးပွားရေးဇုန်ရဲ့ သဘောတရားအရ နှစ်ပိုင်းရှိပါတယ်။ တစ်ပိုင်းကတော့ နှစ်နိုင်ငံ နယ်နိမိတ်ကိုခွပြီးထူထောင်ထားတဲ့ ပင်မဇုန်(Core Zone)အဖြစ် ထူထောင်မှာဖြစ်ပါတယ်။ ဒီပင်မဇုန်(Core Zone)ထဲမှာဆိုရင်တော့ နှစ်နိုင်ငံ လွတ်လပ်စွာ ကူးသန်းရောင်းဝယ်နိုင်မှာဖြစ်ပါတယ်။ ပင်မဇုန် (Core Zone)ထဲမှာဆိုရင်တော့ ဘဏ် လုပ်ငန်းတွေ၊ ဟိုတယ်လုပ်ငန်းတွေ၊ ခရီးသွားလာမှုနဲ့ ပတ်သက်တဲ့ လုပ်ငန်းတွေပါဝင်မှာဖြစ်ပါတယ်။ ဆက်စပ်ဇုန်မှာဆိုရင်တော့ စက်မှုကုန်ချောထုတ်လုပ်တဲ့ လုပ်ငန်းတွေ၊ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းတွေ၊ ကုန်ချောပြုပြင်ထုတ်လုပ်တဲ့လုပ်ငန်းတွေ ပါဝင်မှာဖြစ်ပါတယ်။ ထွက်ရှိလာတဲ့ပစ္စည်းတွေကိုတော့ ပင်မဇုန်(Core Zone)မှတစ်ဆင့် တစ်ဖက်

အထူးကဏ္ဍ [ ဃ ] သို့ »»»

»»» အထူးကဏ္ဍ [ ၇ ] မှ

နိုင်ငံကို တင်ပို့ရောင်းချနိုင်မှာဖြစ်ပါတယ်။ တရုတ်နိုင်ငံဘက်မှာလည်း ဒီတိုင်းပဲ စက်မှုဇုန်တွေတည်ထောင်သွားမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ခြင်းအားဖြင့် နှစ်နိုင်ငံကြားမှာ မလိုလားအပ်တဲ့ ပြဿနာတွေကို ဖယ်ရှားပြီး နှစ်နိုင်ငံ ကုန်သွယ်မှုပိုမိုတိုးတက်လာမှာဖြစ်ပါတယ်။ ဒီလိုဇုန်တွေမှာ ရင်းနှီးမြှုပ်နှံပါဝင်ဆောင်ရွက်မယ့် မြန်မာနိုင်ငံက ပုဂ္ဂလိက ကုမ္ပဏီများနဲ့ပတ်သက်လို့ စိတ်ဝင်စားမှုဖော်ပြလွှာ(Expression of Interest, EOI)တွေကို ခေါ်ယူသွားဖို့ စီစဉ်လျက်ရှိပါတယ်။

**မေး။ အခုလို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိအောင် ဆောင်ရွက်မှုအပိုင်းတွေထဲက နိဂုံးချုပ်ပြီး ပြောကြားလိုတာရှိရင်လည်း သိပါရစေရှင့်။**

ဖြေ။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ကုန်သွယ်မှုဖြင့်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန် ဆိုပြီးတော့ ဆောင်ရွက်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ရဲ့ စိတ်နေသဘောထားကတော့ ပြည်သူတွေအနေနဲ့ ဘေးကင်းလုံခြုံတဲ့၊ အန္တရာယ်ကင်းတဲ့ ကုန်စည်တွေ ဝန်ဆောင်မှုတွေ ဈေးနှုန်းသက်သက်သာသာနဲ့ ရရှိဖို့က ပထမဦးစားပေးဖြစ်ပါတယ်။ နောက်တစ်ဆင့် ကျွန်တော်တို့ရဲ့ လုပ်ငန်းတွေက ထုတ်လုပ်မှုကွင်းဆက် (Supply Chain) အားလုံးကို အကျိုးရှိစေဖို့ဖြစ်ပါတယ်။ ထုတ်လုပ်မှု လုပ်ငန်းအားလုံးရဲ့ အစဟာ ကုန်ချောထုတ်လုပ်သူတွေရော လယ်ယာစိုက်ပျိုးထုတ်လုပ်သူတွေပါ ပါဝင်ပါတယ်။ ကုန်ချောထုတ်လုပ်သူတွေရော လယ်ယာစိုက်ပျိုးထုတ်လုပ်သူတွေပါ အကျိုးအမြတ်ရရှိဖို့ ဖြစ်ပါတယ်။ ဒီလို သဘောထားမျိုးရရှိအောင် အောက်ခြေက ပြည်သူတွေအပြင် တောင်သူ၊ အလုပ်သမားစတဲ့ အခြေခံလူတန်းစားတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ၊ အသင်းအဖွဲ့တွေအားလုံးနဲ့ ထိတွေ့ဆောင်ရွက်ပါတယ်။ ဒီလိုဆောင်ရွက်ခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီးတော့ သာယာဝပြောတဲ့ နိုင်ငံတော်ကြီးဖြစ်အောင် ဦးတည်ပြီးတော့ ဆောင်ရွက်နေပါကြောင်း ပြောကြားလိုပါတယ်။

**ဦးတင်ထွဋ်ဦး**
**စီးပွားရေးပညာရှင်**

**မေး။ ဝန်ကြီးဌာနရဲ့တတိယ တစ်နှစ်တာကာလအတွင်းမှာ လုပ်ဆောင်ခဲ့တဲ့ ပြုပြင်ပြောင်းလဲ အကောင်အထည်ဖော်ဆောင်ရွက်မှုတွေကို စီးပွားရေးပညာရှင်တစ်ယောက်အနေနဲ့ လေ့လာသုံးသပ်ပြောကြားစေလိုပါတယ်။**

ဖြေ။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဆိုတာကတော့ နိုင်ငံတစ်ခုရဲ့ ကုန်သွယ်မှုတိုးမြှင့်ရေးအတွက် အဓိကဆောင်ရွက်ရတဲ့ဝန်ကြီးဌာနဖြစ်ပါတယ်။ နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နိုင်ငံအတွင်းမှာ ပြည်သူတွေရဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေနဲ့ ဝင်ငွေတွေကို တိုးမြှင့်ဖို့အတွက် အရေးကြီးတဲ့လုပ်ငန်းဖြစ်ပြီး လက်ရှိနိုင်ငံတော်ရဲ့မူဝါဒဟာလည်း ဈေးကွက်စီးပွားရေးစနစ်ကို သွားနေတဲ့အတွက် ကုန်သွယ်မှု လုပ်ငန်းမှာပါဝင်နေတဲ့ ပုဂ္ဂလိကအဖွဲ့အစည်းတွေ၊ အစိုးရအဖွဲ့အစည်းတွေအားလုံးဟာ ဟန်ချက်ညီညီနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ အရေးကြီးပါတယ်။ ဈေးကွက်စီးပွားရေးမှာ ပြည်တွင်းပြည်ပရဲ့ ဈေးကွက်လိုအပ်ချက်ကို ထုတ်လုပ်ပေးရမယ်။ ဒီနေရာမှာ မောင်းနှင်အားကတော့ပုဂ္ဂလိကဖြစ်ပြီး ပုဂ္ဂလိက မောင်းနှင်အား ရှင်သန်အောင် ဖန်တီးပေးရမှာက အစိုးရနဲ့ဝန်ကြီးဌာနတာဝန်ဖြစ်ပါတယ်။ ဒီကာလအတွင်းမှာ အစိုးရနဲ့ ပုဂ္ဂလိက ပေါင်းစပ် ပူးပေါင်းဆောင်ရွက်မှုဟာ ပိုမိုအားကောင်းလာတာကို တွေ့ရှိရပါတယ်။

ကုန်သွယ်မှုပမာဏကို တိုးလာအောင် လုပ်မယ်ဆိုရင် ကူးသန်းရောင်းဝယ်မှုပြုနေတဲ့ကုန်စည်တွေကို ပိုများလာအောင် Intensification လုပ်ဖို့လိုသလို Diversification လုပ်ဖို့လည်း လိုပါတယ်။ ဝန်ကြီးဌာနက export Strategy တွေကို ချထားတယ်ဆိုတော့ မှန်ကန်တဲ့နည်းလမ်းဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ လယ်ယာစီးပွားကိုအခြေခံတဲ့ နိုင်ငံဖြစ်တာကြောင့် လက်ရှိအခြေအနေနဲ့ လာမယ့်နှစ်အနည်းငယ်အတွင်းမှာလည်း လယ်ယာထုတ်ကုန်တင်ပို့မှုက အရေးကြီးတဲ့အတွက် မြှင့်တင်ပေးဖို့ လိုအပ်ပါတယ်။ လက်ရှိမှာ အမျိုးသားပို့ကုန်မဟာဗျူဟာလည်း ချမှတ်ပြီး ဆောင်ရွက်ခဲ့တယ်။ ပထမ ငါးနှစ်မှာ ၁၁ မျိုးလောက်လုပ်ခဲ့တယ်။ အခု လာမယ့် ၂၀၂၀-၂၀၂၅ မှာ နောက်ထပ်ငါးမျိုး တိုးတယ်ဆိုတော့ ကုန်ပစ္စည်းတွေပိုပြီးတော့ အမည်စုံလာတယ်။ နောက်တိုးတွေမှာ Digital ကုန်ပစ္စည်းတွေပါလာတယ်။ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တွေအပြင် ကျောက်မျက်လို ကုန်ပစ္စည်းတွေပါလာတယ်ဆိုတော့ တော်တော်လေး အမည်စုံလာတယ်။

အစိုးရပိုင်းနဲ့ ဝန်ကြီးဌာနပိုင်းက ပိုမိုအားစိုက်ပြီးတော့ ဆောင်ရွက်ရမှာကတော့ ကုန်သွယ်ဖက်နိုင်ငံတွေနဲ့ ကုန်သွယ်မှုကို ပိုမိုပြီးတော့ ထိုးဖောက်ပေးဖို့ လိုအပ်နေတယ်လို့ မြင်ပါတယ်။ လက်ရှိ အခြေအနေမှာ နည်းနည်းလေး အားထပ်ဖြည့်ဖို့လိုနေတယ်လို့ မြင်ပါတယ်။ နိုင်ငံတကာကို လွှတ်ထားတဲ့ စီးပွားရေးသံမှူးတွေရဲ့ စွမ်းဆောင်မှုတွေကို ပိုပြီးတော့ ထက်မြက်လာဖို့ လိုအပ်ပြီး Bilitral Trade Agreement တွေ များများရဖို့ လိုတယ်။ နောက်ပြီးတော့ သေချာတဲ့ Quota တွေ များများရဖို့ ပိုပြီးတော့ အားထုတ်ဖို့ လိုတယ်။ ဒါကြောင့်မို့လို့ ရေရှည်ဖွံ့ဖြိုးရေးကို ဆောင်ရွက်ဖို့ ဆိုရင် ပြည်တွင်းက စီးပွားရေးလုပ်ငန်းရှင်တွေကို ပညာပေးတဲ့ လုပ်ငန်းတွေ၊ နည်းပညာပေးတဲ့ လုပ်ငန်းတွေ ငွေကြေးရရှိဖို့ကိစ္စတွေကို ဆောင်ရွက်ပေးဖို့လိုတယ်။

ကုန်သွယ်မှုမှာ အဟန့်အတားဖြစ်တဲ့ အပိုင်းတွေကို လိုအပ်တဲ့ညွှန်ကြားချက်တွေ၊ အမိန့်ကြော်ငြာစာတွေနဲ့ ထုတ်ပြန်ပြီးတော့ ဖြေလျှော့ပေးတဲ့အပိုင်းတွေ Liberal life လုပ်တဲ့အပိုင်းတွေမှာလည်းပဲ ထူးခြားတဲ့ဖြစ်စဉ်လေးတွေ ဆောင်ရွက်မှုတွေ တွေ့ရတယ်။ ဥပမာ စားသုံးသူတွေအတွက် ပိုပြီးတော့ အဆင့်မြင့်တဲ့ပစ္စည်းတွေ ပိုပြီးတော့ဈေးနှုန်းသက်သက်သာသာနဲ့ရဖို့ လက်လီရောင်းချဖို့ကို နိုင်ငံတကာက ကုမ္ပဏီတွေ၊ နိုင်ငံတကာနဲ့ ပြည်တွင်းက ဖက်စပ်ကုမ္ပဏီတွေကိုလည်း လုပ်ခွင့်ပေးလိုက်တာတွေလည်း ရှိတယ်။ ဒါကြောင့် ဒီလိုဖြေလျှော့မှုတွေနဲ့ နောက်တစ်ခါ ပစ္စည်းတွေကို တင်ပို့၊ တင်သွင်းတဲ့အခါမှာ လွယ်ကူအောင် Online စနစ်တွေလုပ်ပေးတဲ့ စနစ်တွေဟာ အလွန်အရေးကြီးတဲ့ ဆောင်ရွက်ချက်လေးတွေဖြစ်ပါတယ်။

စားသုံးသူတွေအနေနဲ့ သူတို့ဝယ်ယူတဲ့ ပစ္စည်းတွေရဲ့ အရည်အသွေး မှန်ကန်မှု၊ စားသုံးတဲ့ ပစ္စည်းတွေဘေးအန္တရာယ်ကင်းရှင်းမှု၊ အာဟာရ ဓာတ်ပြည့်ဝမှု စသည်ဖြင့် လိုအပ်ချက်တွေရှိလာရင် တိုင်ကြားနိုင်တဲ့ နေရာလေးတွေရှိလာတယ်ဆိုတော့ စားသုံးသူလိုအပ်ချက်တွေ ပြောနိုင်ဆိုနိုင်တဲ့ အခွင့်အရေးရှိလာတာကို တွေ့ရတယ်။

ကုန်သွယ်မှုကို ဆောင်ရွက်တဲ့အခါမှာ ပြည်တွင်း၊ ပြည်ပ ဈေးကွက်လိုအပ်ချက်က ဘာလဲ ဒီဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းမယ့်သူတွေက အခုအစိုးရကဘာမှ စီးပွားရေးမလုပ်တော့ဘူး Private Sector က ဒီလိုဈေးကွက်ကိုရောက်ရှိအောင် အစိုးရက ဘယ်လို ကူညီမလဲ၊ ဘာလုပ်ပေးမလဲ၊ သူတို့အခက်အခဲတွေကို ဘာတွေဖယ်ရှားမလဲဆိုတော့ Market Led ဈေးကွက်က ဦးဆောင်မယ်၊ ပုဂ္ဂလိကကဏ္ဍက မောင်းနှင်အားတွေထည့်မယ်၊ အစိုးရက လွယ်ကူအောင် ဝိုင်းဝန်းကူညီဖြေရှင်းပေးမယ် ဒီသုံးခုကို ညီအောင်လုပ်နိုင်ရင်တော့ မြန်မာနိုင်ငံရဲ့စီးပွားရေးဟာ ဖွံ့ဖြိုးတိုးတက်မယ်၊ မြန်မာနိုင်ငံက လူတွေအလုပ်အကိုင်တွေ ပိုရလာမယ်၊ ဝင်ငွေတွေ ပိုတက်လာမယ် ဒါမှ မျှော်မှန်းထားတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံကို ရောက်မှာ ဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအားကို ပိုမိုမြှင့်တင်ဆောင်ရွက်ဖို့ လိုပါတယ်။

နောက်တစ်ချက် နယ်စပ်ကုန်သွယ်မှုမှာ တရားမဝင် ကုန်သွယ်မှုတွေကို တရားဝင်ကုန်သွယ်မှုဖြစ်အောင် ဆောင်ရွက်ပေးဖို့ နှစ်နိုင်ငံအစိုးရချင်း ညှိနှိုင်းဆောင်ရွက်ဖို့လိုတယ်။ ပြီးတော့ အထူးစီးပွားရေးဇုန်တွေ၊ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုတွေကို လျင်မြန်ချောမွေ့ဖို့ နှစ်နိုင်ငံနယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်တွေ ပိုမိုဖြစ်မြောက်လာအောင် ဝန်ကြီးဌာနက ဆောင်ရွက်ပေးဖို့ လိုတယ်လို့ သုံးသပ်ပြောကြားလိုပါတယ်။

**ဦးထွန်းလွင်**
**စီးပွားရေးပညာရှင်**

**မေး။ ဝန်ကြီးဌာနရဲ့ တတိယတစ်နှစ်တာကာလအတွင်းမှာ လုပ်ဆောင်ခဲ့တဲ့ ပြုပြင်ပြောင်းလဲ အကောင်အထည်ဖော်ဆောင်ရွက်မှုတွေကို စီးပွားရေးပညာရှင်တစ်ယောက်အနေနဲ့ လေ့လာသုံးသပ်ပြောကြားစေလိုပါတယ်။**

ဖြေ။ အိန္ဒိယနိုင်ငံကတော့ ၂၀၁၇ ခုနှစ် ဩဂုတ်လမှာ ပဲစင်းငုံ၊ မတ်ပဲနဲ့ ပဲတီစိမ်းတို့ရဲ့ သွင်းကုန်ပမာဏကို ကန့်သတ်ခဲ့တဲ့အချိန်ကစပြီးတော့ ပဲဈေးနှုန်း ဖြစ်သင့်ဖြစ်ထိုက်တဲ့ဈေးထက် များစွာကျဆင်းလာတာတွေကို များစွာကြုံတွေ့ခဲ့ရပါတယ်။ မတ်ပဲနဲ့ ပဲတီစိမ်း ဈေးနှုန်းတွေကို ကျဆင်းမှုမရှိစေရေးအတွက် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနဲ့ အတူ ၂၀၁၇ ခုနှစ်မှာတစ်ကြိမ်၊ ၂၀၁၈ ခုနှစ်မှာ တစ်ကြိမ် သွားရောက်ခဲ့ပြီး အိန္ဒိယအစိုးရတာဝန်ရှိသူများနဲ့ G to G MoU လက်မှတ်ရေးထိုးနိုင်ရေးကိစ္စ ကန့်သတ်ပိတ်ပင်ထားခြင်းကို ဖြေလျှော့ပေးရန်ကိစ္စတွေကို ဆွေးနွေးတောင်းဆိုခဲ့ပါတယ်။ တာဝန်ရှိသူတွေနဲ့ ဆွေးနွေးခဲ့ပြီးနောက်မှာ အိန္ဒိယအစိုးရဘက်မှ မတ်ပဲတန်ချိန် ၁ သိန်းခွဲ၊ ပဲတီစိမ်း တန်ချိန် ၁ သိန်းခွဲနှင့် ပဲစင်းငုံ တန်ချိန် ၂ သိန်းတို့ကို ၂၀၁၈ ခုနှစ် ဇွန်လဆန်းမှ ဩဂုတ်လကုန်အတွင်း အပြီးတင်သွင်းရန် ကြေညာချက်ထုတ်ပြန်ပေးခဲ့ပါတယ်။




ကုန်သွယ်ရေးစခန်းများတည်နေရာပြမြေပုံကို တွေ့ရစဉ်။

၂၀၁၈ ခုနှစ် စက်တင်ဘာလမှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအထိ ၅ လတာကာလအတွင်း တစ်လပျမ်းမျှ တန်ချိန် ၈ သောင်းနှုန်းဖြင့် တန်ချိန် ၄ သိန်းဝန်းကျင် တင်ပို့နိုင်ခဲ့ပါတယ်။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနဲ့ ဌာနဆိုင်ရာတာဝန်ရှိသူများ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ စီးပွားရေးသံမှူး၊ ပဲနှမ်းအသင်းနဲ့ ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်မှ တာဝန်ရှိသူများပါဝင်တဲ့ ကိုယ်စားလှယ်အဖွဲ့ဟာ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ သွားရောက်ပြီးတော့ ၂၀၁၉ ခုနှစ်အတွက် မတ်ပဲတန်ချိန် ၄ သိန်းကို Quota သတ်မှတ်ပြီးတော့ ဘဏ္ဍာနှစ်အတွင်း တင်သွင်းခွင့်ပေးရန်၊ ၃၁-၃-၂၀၁၉ ရက်နေ့ မတိုင်မီ ကန့်သတ်ချက် ရုပ်သိမ်းကြောင်း ကြေညာချက်ထုတ်ပြန်ပေးရန် တောင်းဆိုခဲ့ပါတယ်။ ခြုံပြီးပြောရရင် တောင်သူများအနေနဲ့ ပြီးခဲ့တဲ့နှစ်ကထက် အလားအလာ ပိုကောင်းမယ်လို့ သုံးသပ်ရပါတယ်။

**ဒေါ်ခိုင်ခိုင်နွယ်**
**တွဲဖက်အထွေထွေအတွင်းရေးမှူး၊ UMFCCI**

**မေး။ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ဌာနဆိုင်ရာတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုအနေအထားလေးတွေ၊ အောင်မြင်မှုရလဒ်လေးတွေကို ရှင်းပြပေးပါရှင့်။**

ဖြေ။ ဝန်ကြီးဌာနနဲ့ ကျွန်မတို့နဲ့ ဆောင်ရွက်တဲ့အခါမှာ Online System အောင်မြင်သွားတာကို ပြောချင်ပါတယ်။ အရင်က Import လိုင်စင် လျှောက်တဲ့အခါမှာ manual လျှောက်တဲ့ အခါကျတော့ စာရွက်စာတမ်း ယူသွားမယ်၊ လူချင်းတွေ့ကြမယ် အဲဒီလိုပေါ့။ ကျွန်မတို့စပြီး ၂၀၁၇ နှစ်စပိုင်းမှာ ရုံ ၂၀ လောက်နဲ့ စတင်ဆောင်ရွက်ခဲ့တယ်။ မေလလောက်မှာ အောင်မြင်လာတော့ ၄၈ ရုံ ဖြစ်သွားပါတယ်။အခုဆိုရင် ၂၀၁၈ နောက်ပိုင်းမှာ Fully Online က ကျွန်မတို့စက်ရုံတွေ အကုန်လုံး သုံးနေကျပြီး ဒါကတော့ စီးပွား/ကူးသန်းဝန်ကြီးဌာနနဲ့ ကျွန်မတို့ ပုဂ္ဂလိက ကဏ္ဍ၊ အထည်ချုပ်ကဏ္ဍမှာ Fully Online ဖြစ်သွားတဲ့အခါကျတော့ အဆင်ပြေသွားပါတယ်။ တခြားကဏ္ဍတွေမှာလည်း Fully Online စနစ်ကျင့်သုံးနေတဲ့အခါကျတော့ အစိုးရနဲ့ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုမှာ တစ်နှစ်ထက် တစ်နှစ်တိုးတက်လာတာတွေကို မြင်ပါတယ်။

ကျွန်မတို့နိုင်ငံရဲ့ ပြောင်းလဲမှုတွေက နေရာတိုင်းမှာရှိတဲ့အတွက် ကိုယ်တိုင်ပြောင်းလဲမှုမှာပါဝင်ပြီးတော့ ပြောင်းလဲဖို့ အရေးကြီးပါတယ်။ အခုဆိုရင် အစိုးရနဲ့ပုဂ္ဂလိကပိုင်းတွေမှာနဲ့ အစိုးရဝန်ကြီးဌာနပိုင်းရဲ့ Policy ပိုင်းမှာလည်း ပြောင်းလဲတာတွေရှိတယ်။ ပြောင်းလဲမှုမှာ ကွင်းဆက်တွေရှိပါတယ်။ Doing Business နဲ့ပတ်သက်ပြီး Reform Movement Group ရဲ့ ဥက္ကဋ္ဌဖြစ်တဲ့ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးကိုယ်တိုင် ကျွန်မတို့ UMFCCI မှာဒါတွေရှင်းပြသွားတာ အားရကျေနပ်မှု ရှိပါတယ်။ အစိုးရဝန်ကြီးဌာနက ပြောင်းလဲနေပြီဆိုတဲ့ အသိရရှိပြီး အတူပါဝင်ဖို့အတွက် ဖိတ်ခေါ်လိုက်တော့ အပြောင်းအလဲက တစ်ယောက်တည်းလုပ်လို့မရဘူး။ မူဝါဒအပိုင်းမှာလည်း မူဝါဒတင်မဟုတ်ဘဲ လုပ်ဆောင်မှုအပိုင်းထိပါ ဝင်ပါလာပြီးတော့ ပြောင်းလဲတာကိုဖိတ်ခေါ်လာတဲ့အပိုင်းကျတော့ ကျွန်မတို့ ပုဂ္ဂလိကကဏ္ဍဘက်ကလည်း လိုလိုလားလားနဲ့ ပူးပေါင်းလိုက်တဲ့အခါ ဆန္ဒနှစ်ခု ထပ်တူကျပြီး အဲဒီအခါကျတော့ အောင်မြင်မှုတွေ ရလာမယ်လို့ထင်ပါတယ်။

# “ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်” ဟူသည့် ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်နေသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့

ဆောင်းပါး - ကေကေ၊ ဓာတ်ပုံစုစည်း - အေးသန်း

**ဒီမိုကရေစီစနစ်တွင် “မလုပ်၊ မရှုပ်၊ မပြုတ်”အတွေးအခေါ်အတွက် နေရာမရှိနိုင်ကြောင်း၊ ပြည်သူ့ဝန်ထမ်းဆိုသည်မှာ ပြည်သူလူထုက ရွေးချယ်တင်မြှောက်သည့် အစိုးရအပေါ်တွင် တာဝန်ခံရမည်ဖြစ်ကြောင်း၊ အစိုးရ၏လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သမာသမတ်ရှိရှိ၊ လုပ်ငန်းတာဝန်သိသိ၊ အသိဉာဏ်ပါပါ၊ နိုးနိုးကြားကြား၊ တက်တက်ကြွကြွ ဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်းဖြင့် ပြည်သူ့ဝန်ထမ်းများထားရှိရမည့်စိတ်ဓာတ်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက် ထုတ်ပြန်ကြေညာသည့်အခမ်းအနားတွင် ပြောကြားခဲ့သည်။**


ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း

**ပြုပြင်ပြောင်းလဲမှုများ**

ထို့ကြောင့် ပြည်သူများ၏ လိုအပ်ချက်များကို မဆိုင်းမတွ ဖြည့်ဆည်းပေးနိုင်မည့်၊ ပြည်သူများကို ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်မည့် ပြည်သူ့ဝန်ထမ်းကောင်းများဖြစ်ရေးနှင့် အရည်အချင်းကို အခြေခံ၍ စွမ်းဆောင်ရည်ပြည့်ဝသူများ နိုင်ငံ့ဝန်ထမ်းလောကအတွင်း ရောက်ရှိရေးအတွက် နိုင်ငံ့ဝန်ထမ်းများ ရွေးချယ်ရေး၊ လေ့ကျင့်ရေးနှင့် နိုင်ငံ့ဝန်ထမ်းများနှင့် သက်ဆိုင်သည့် ဥပဒေများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ပြုပြင်ပြောင်းလဲရာတွင် နိုင်ငံ့ဝန်ထမ်းများ ရွေးချယ်ရေးနှင့်စပ်လျဉ်း၍ ပြည်သူ့ဝန်ကို တာဝန်ထမ်းဆောင်လိုသော အရင်းခံစိတ် (Motivation)ကို အခြေခံသည့် စဉ်းစားတွေးခေါ်နိုင်စွမ်းကို စစ်ဆေးသည့်စနစ်ဖြင့် စစ်ဆေးရွေးချယ်လျက်ရှိသည်။

ယခုအခါ နိုင်ငံ့ဝန်ထမ်း အရာထမ်းများ ရွေးချယ်ရာတွင် စဉ်းစားတွေးခေါ်နိုင်စွမ်းကို စစ်ဆေးသည့်စနစ်ဖြင့် မြန်မာ၊ အင်္ဂလိပ်၊ သုတရေးရာဘာသာရပ်များ စစ်ဆေးမေးမြန်းခြင်းကို ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံ့ဝန်ထမ်း အရာထမ်းတစ်ဦးတွင် ရှိသင့်ရှိထိုက်သည့် လေ့လာတွေးခေါ်နိုင်စွမ်းကို ပထမ ပဏာမစစ်ဆေးခြင်း (Screening Test)ဆောင်ရွက်ပြီး အောင်မြင်သူများကို ဒုတိယ ရေးဖြေစာမေးပွဲဖြေဆိုစေသည်။ ရေးဖြေထပ်မံအောင်မြင်သူများကို စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းများ ဖြေဆိုခြင်းဖြင့် နိုင်ငံ့ဝန်ထမ်း အရာထမ်းများကို ရွေးချယ်ပေးလျက်ရှိသည်။

**နိုင်ငံ့ဝန်ထမ်းများရွေးချယ်**

ထိုသို့ရွေးချယ်ဆောင်ရွက်ရာတွင် ပြည်သူ့အတွက် တတိယ (၁)နှစ်တာကာလအတွင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ နိုင်ငံ့ဝန်ထမ်းများ ရွေးချယ်ရေးနှင့်စပ်လျဉ်း၍ “၂၀၁၈ ခုနှစ် ဝန်ကြီးဌာနနဲ့ အဖွဲ့အစည်း ၁၃ ခုက ပြန်တမ်းဝင်အရာရှိအဆင့် လစ်လပ်ရာထူး ၂၅၀၁ နေရာအတွက် လျှောက်ထားသူဦးရေ ၉၉၀၀ ရှိခဲ့ပါတယ်။ လျှောက်ထားသူတွေထဲက ရေးဖြေစာမေးပွဲ ၂၀၂၅ ဦး ဖြေဆိုခဲ့ပြီး ရေးဖြေအောင်မြင်တဲ့သူ ၁၄၆၄ ဦး လူတွေ့ဖြေဆိုခဲ့ပါတယ်။ ဒီထဲကနေမှ အပြီး သတ် ၁၃၇၂ ဦးကို ရွေးချယ်ပေးခဲ့ပါတယ်”ဟု ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက ပြောကြားသည်။

တတိယ (၁)နှစ်တာကာလအတွင်း နိုင်ငံတော်၏လိုအပ်ချက်အရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ လက်ထောက်ဆရာဝန်နှင့် ဦးစီးအရာရှိ(သွားကျန်းမာ) လစ်လပ်ရာထူးနေရာ ၂၁၅၀ ကို ရေးဖြေစစ်ဆေးခြင်းမပြုဘဲ လျှောက်ထားသူ ၁၂၉၉ ဦးရှိသည့်အနက်မှ ၁၁၄၅ ဦးကို တိုက်ရိုက်လူတွေ့စစ်ဆေးရွေးချယ်ပေးနိုင်ခဲ့သည်။ ထို့ပြင် ဗဟိုဝန်ထမ်းတက္ကသိုလ်များ၌ ဖွင့်လှစ်သည့် သင်တန်းကိုးမျိုးတွင် နိုင်ငံ့ဝန်ထမ်း ၇၅၆၂ ဦးကို လေ့ကျင့်သင်တန်းပေးနိုင်ခဲ့ကြောင်း သိရသည်။

**အထောက်အပံ့ပေး**

ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်ပို့ချပေးလျက်ရှိသည့် သင်တန်းများနှင့် ပတ်သက်၍ ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၅)တွင် တက်ရောက်ခဲ့သည့် အလုပ်သမားဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ကိုကိုနိုင်က “သင်တန်းက

အထူးကဏ္ဍ [ စ ] သို့ »»

**နိုင်ငံ့ဝန်ထမ်းများရွေးချယ်ရေးနှင့်စပ်လျဉ်း၍ ပြည်သူ့ဝန်ကို တာဝန်ထမ်းဆောင်လိုသော အရင်းခံစိတ် (Motivation)ကို အခြေခံသည့် စဉ်းစားတွေးခေါ်နိုင်စွမ်းကို စစ်ဆေးသည့်စနစ်ဖြင့် စစ်ဆေးရွေးချယ်လျက်ရှိ။**

**ယခုအခါ နိုင်ငံ့ဝန်ထမ်း အရာထမ်းများ ရွေးချယ်ရာတွင် စဉ်းစားတွေးခေါ်နိုင်စွမ်းကို စစ်ဆေးသည့်စနစ်ဖြင့် မြန်မာ၊ အင်္ဂလိပ်၊ သုတရေးရာဘာသာရပ်များ စစ်ဆေးမေးမြန်းခြင်းကို ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ဆောင်ရွက်လျက်ရှိ**


ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံးအမှတ်(၁၇)၌ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများရှိ အရာထမ်းများအတွက် အင်္ဂလိပ်စာအရည်အသွေးမြှင့်တင်မှုသင်တန်းဖွင့်ပွဲ ကျင်းပစဉ်။

»»» အထူးကဏ္ဍ [ င ] မှ

သင်တန်းကာလ ရှစ်ပတ်ဖြစ်ပြီး ဗဟိုဝန်ထမ်းတက္ကသိုလ် အထက်မြန်မာပြည်မှာ သင်တန်းသား ၂၅ ဦး တက်ရောက်ခဲ့ပါတယ်။ ပြည်ပပညာရှင် နည်းပြတွေ သင်တန်းလာရောက်ပို့ချပေးပါတယ်။ ဗဟိုဝန်ထမ်းတက္ကသိုလ်က နည်းပြဆရာတွေက ပို့ချပါတယ်။

"သင်တန်းမှာ နိုင်ငံရေးသိပ္ပံ၊ လူမှုရေးသိပ္ပံ၊ စီးပွားရေး၊ ခေါင်းဆောင်မှုနဲ့ စီမံခန့်ခွဲမှု၊ ဥပဒေ၊ သတင်းနဲ့ ဆက်သွယ်ရေး ဘာသာရပ်ကြီး ခြောက်ခုကို သင်ကြားရပါတယ်။ ဒီလိုပို့ချပေးတဲ့ ဘာသာရပ်တွေက ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးဖြစ်လာမယ့် ဒုတိယအကြီးအမှူးတွေအတွက် မဖြစ်မနေသိသင့်တဲ့ ဘာသာရပ်တွေလို့မြင်ပါတယ်။ ဒီလိုခေါင်းစဉ်ကြီးအောက်မှာ ကောင်းမွန်သော အုပ်ချုပ်ရေး၊ သန့်ရှင်းသော အစိုးရ၊ နိုင်ငံတကာဆက်ဆံရေး၊ လူ့အခွင့်အရေးနဲ့ သံတမန်ရေးရာ၊ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု၊ အမျိုးသားစီးပွားရေးစနစ်၊ နိုင်ငံတကာဖွဲ့စည်းပုံ အခြေခံဥပဒေတွေ ဒါမျိုးတွေကို ဆွေးနွေးသင်ကြားရပါတယ်။

"ဝန်ထမ်းအကြီးအမှူးတွေရဲ့ အရည်အသွေးပြည့်စုံမှ အရည်အသွေးပြည့်စုံတဲ့ ဝန်ထမ်းတွေဖြစ်အောင် လမ်းညွှန်ဦးဆောင်နိုင်မယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်မိပါတယ်။ ဒီလိုမျိုး ဦးဆောင်နိုင်ဖို့အတွက် ဝန်ထမ်းအကြီးအမှူးတွေရဲ့ အရည်အသွေးပြည့်စုံစေဖို့ ဒီလိုမျိုးသင်တန်းတွေက ထောက်ပံ့ပေးပါတယ်။ ကျွန်တော်တို့ သင်တန်းတက်ပြီးတဲ့အခါမှာလည်း ပြုပြင်ပြောင်းလဲမှု ရှိပါတယ်။

"သင်တန်းကနေ လုပ်ငန်းခွင်အတွက် connection တစ်ခုရရှိခဲ့ပါတယ်။ သင်တန်းတက်ရင်း ခင်မင်တာက အလုပ်သဘောနဲ့ အစည်းအဝေးမှာတွေ့ပြီး ခင်မင်တာနဲ့ မတူပါဘူး။ သင်တန်းမှာ အားလုံးက သင်တန်းသားတွေ ဖြစ်သွားတဲ့အတွက် ညီအစ်ကို၊ မောင်နှမစိတ်မျိုးနဲ့ ခင်မင်သွားပါတယ်။ ဒီလိုမျိုးခင်မင်မှုနဲ့ လုပ်ငန်းခွင်မှာ ဝန်ကြီးဌာန တစ်ခုနဲ့တစ်ခု၊ ဌာနတစ်ခုနဲ့တစ်ခု ဆက်သွယ်ရာမှာ အထောက်အကူပြုပါတယ်။ သင်တန်းမှာ တစ်ယောက်အခက်အခဲ တစ်ယောက်ကို ပြောပြဆွေးနွေးတယ်။ တိုင်ပင်ကြတယ်။ ပြီးပြည့်စုံတဲ့သင်တန်းလို့ ကျွန်တော့်အနေနဲ့ မဆိုလိုပါဘူး။ ဒါပေမယ့် ဝန်ထမ်းတွေအတွက် လိုအပ်တဲ့သင်တန်းလို့ ထင်မြင်မိပါတယ်။

"ပြောင်းလဲလာတဲ့ မူဝါဒတွေကြောင့် ဗဟိုဝန်ထမ်းတက္ကသိုလ်တွေမှာ စစ်ပညာသင်တန်းတွေကို မဖွင့်တော့ပါဘူး။ ဒါပေမယ့်



ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။



ဦးတင်ကိုကိုနိုင်



ဦးဟန်ဝင်းနိုင်



ဦးမြသိန်း

ကျွန်တော့်ရဲ့ အမြင်အရတော့ heavy training မဟုတ်သော်လည်း နိုင်ငံ့ဝန်ထမ်းတွေအတွက် စစ်ရေးပညာ အခြေခံသဘောတရားကို နှစ်ရက်လောက် ပါဝင်စေချင်ပါတယ်။ ဒါကတိုင်းပြည်အတွက် ကိုယ်ခံအားတစ်ခုပဲလို့ မြင်တဲ့အတွက်ဖြစ်ပါတယ်" ဟု ပြောသည်။

**သင်တန်းကာလ**

ဗဟိုဝန်ထမ်းတက္ကသိုလ်များ၏ သင်တန်းကာလများကို စာရေးဝန်ထမ်းအခြေခံသင်တန်းကို ရက်သတ္တ ရှစ်ပတ်အစားလေးပတ်၊ စာရေးဝန်ထမ်းကြီးကြပ်မှု တန်းမြင့်သင်တန်းကို ရက်သတ္တ ၁၄ ပတ်အစား ရှစ်ပတ်၊ အရာထမ်းအခြေခံသင်တန်းကို ရက်သတ္တ ရှစ်ပတ်အစား ၁၂ ပတ်နှင့် အရာထမ်းငယ် အခြေခံသင်တန်းကို ရက်သတ္တရှစ်ပတ်အစား လေးပတ် ပြင်ဆင်ပြောင်းလဲခဲ့သည်။

အထက်မြန်မာပြည် ဗဟိုဝန်ထမ်းတက္ကသိုလ်တွင် ဖွင့်လှစ်သည့် အဆင့်မြင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ် (၄) တွင် ပါဝင်တက်ရောက်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးဟန်ဝင်းနိုင်က သင်တန်းနှင့် ပတ်သက်၍ "ဒီသင်တန်းက ဝန်ထမ်းတွေအတွက် တကယ်ကို ကောင်းမွန်တဲ့ သင်တန်းဖြစ်ပါတယ်။ သင်ကြားပို့ချတဲ့အခါ UNDP၊ EU တို့က နိုင်ငံခြားသားနည်းပြတွေက သင်ကြားပါတယ်။

" UNDP က ခေါင်းဆောင်မှုအပိုင်းမှာ လိုအပ်တဲ့ ခေါင်းဆောင်မှုပညာတွေနဲ့ ပတ်သက်ပြီး သင်ကြားတဲ့အခါ သိတော့ သိတယ်။ နက်နက်နဲနဲ မသိသေးတဲ့ အရာတွေကို သိရှိခဲ့ရပါတယ်။ သင်တန်းကနေ တစ်ဆင့် အကျိုးရှိတာတွေ ရရှိခဲ့ပါတယ်။ EU က Good Governance Project ကိုသင်ပေးပါတယ်။ သင်တဲ့အခါ Human Resource တို့၊ Management Plan တွေဆိုရင် လက်တွေ့အသုံးချဖို့အတွက် သေချာသင်ပေးပါတယ်။ Group work တွေလုပ်ရတယ်။ သူတို့အမြင်နဲ့ ကျွန်တော်တို့အမြင် အပြန်အလှန် ဖလှယ်ဆွေးနွေးနိုင်ပါတယ်။ ကျွန်တော်တို့အမြင်နဲ့ သူတို့ရဲ့အမြင်ကို ပေါင်းစပ်ပြီး ထိရောက်မယ့် နည်းလမ်းတွေကို သိရှိခဲ့ရပါတယ်။

"Civil Servant တွေအတွက် တကယ်ကို တတ်မြောက်ရမယ့် ဘာသာရပ်တွေပါ။ သင်တန်းမှာ နှစ်လနီးပါး တက်ခဲ့ရတဲ့အတွက် ဝန်ကြီးဌာနပေါင်းစုံက သင်တန်းသားတွေနဲ့ တွေ့ရတယ်။ ရင်းနှီးမှုရရှိခဲ့ကြတယ်။ Cooperation နဲ့ Coordination ကောင်းအောင် အထောက်အပံ့တွေရပါတယ်။

"သင်တန်းမှာ လာပြီးပို့ချတဲ့ ပြည်ပသင်တန်းနည်းပြနဲ့ပတ်သက်ပြီး အကြံပြုချင်တာ ရှိပါတယ်။ ပြည်ပသင်တန်းနည်းပြတချို့က မြန်မာ့ယဉ်ကျေးမှုနဲ့ ပတ်သက်ပြီး နည်းနည်း လွဲတာရှိပါတယ်။ သူတို့အနေနဲ့ လေ့လာခဲ့မယ်လို့လည်း ထင်ပါတယ်။ တချို့ အသုံးအနှုန်းလေးတွေနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံရဲ့ နောက်ခံသမိုင်းကြောင်းကို သိသင့်တယ်လို့ ကျွန်တော့်အနေနဲ့ ထင်ပါတယ်။ နိုင်ငံတိုင်းမှာ သူ့ယဉ်ကျေးမှုနဲ့သူရှိပါတယ်။ ဒါပေမယ့် သေချာသိမှ ဆွေးနွေးတဲ့အခါ ပိုမိုအဆင်ပြေမှာပါ"ဟု ပြောသည်။

**ဆောင်ရွက်လျက်ရှိ**

နိုင်ငံ့ဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးရာတွင် သင်တန်းနည်းပြများ၏ အရည်အသွေးမြှင့်တင်မှု၊ ခေတ်စနစ်နှင့်အညီ သင်ရိုး

အထူးကဏ္ဍ [ ဆ ] သို့ »»»





ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်ပို့ချလျက်ရှိသည့် သင်တန်းများတွင် တက်ရောက်သင်ကြားသော သင်တန်းသား သင်တန်းသူများကို တွေ့ရစဉ်။



ဇဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)တွင် ကျင်းပသော ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲကဏ္ဍ ကျင်းပစဉ်။

»»» အထူးကဏ္ဍ [ စ ] မှ

ညွှန်းတမ်းများ ပြင်ဆင်မှုနှင့် သင်ကြားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတို့ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဆောင်ရွက်လျက်ရှိသည်။

"ဆရာဆရာမတွေရဲ့ အရည်အသွေးမြှင့်တင်ရာမှာ နိုင်ငံတကာအဖွဲ့အစည်းတွေဖြစ်တဲ့ UNDP Hanns Seidel Foundation, EU GOPA, UN - APCICT တို့နဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ Training of Trainer – ToT သင်တန်းအနေနဲ့ ခြောက်ကြိမ်ဖွင့်လှစ်ခဲ့ပြီးပါပြီ။ ဇဟိုဝန်ထမ်းတက္ကသိုလ် သင်တန်းနည်းပြ ဆရာ ဆရာမ ၁၀၇ ဦးကို သင်တန်းပို့ချပေးခဲ့ပြီးဖြစ်ပါတယ်။

"နည်းပြ ဆရာ ဆရာမတွေရဲ့ Own Capacity Development မြင့်မားစေဖို့ ၂၀၁၈ ခုနှစ်အတွင်း ပြည်ပနိုင်ငံတွေကို Ph.D, Master, Diploma နဲ့ တခြားသင်တန်းတွေ တက်ရောက်ဖို့ ဇဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)က ဝန်ထမ်း ၁၆ ဦးကို ဂျပန်၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ မလေးရှား၊ နယူးဇီလန်နဲ့ အိန္ဒိယနိုင်ငံတွေကို တက်ရောက်ဖို့ စေလွှတ်ခဲ့ပါတယ်။ အလားတူပဲ ဇဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)က ဝန်ထမ်းငါးဦးကိုလည်း တရုတ်၊ ထိုင်း၊ စင်ကာပူနဲ့ အိန္ဒိယကို စေလွှတ်ခဲ့သလို ပြည်တွင်းမှာ ဖွင့်လှစ်လျက်ရှိတဲ့ ပညာဌာနတွေနဲ့ ဆက်စပ်လျက်ရှိတဲ့ ဘာသာရပ်ဆိုင်ရာ သင်တန်းတွေမှာ စေလွှတ်တက်ရောက်စေလျက်ရှိပါတယ်။

"ဇဟိုဝန်ထမ်းတက္ကသိုလ်တွေမှာ ပို့ချလျက်ရှိတဲ့ ဘာသာရပ်တွေကို နိုင်ငံတကာအဆင့်မီ ခေတ်စနစ်နဲ့ လျော်ညီအောင် သင်ရိုးညွှန်းတမ်းတွေ ပြန်လည်ဆန်းစစ်ခြင်း၊ စိစစ်ပြင်ဆင်ခြင်းတွေကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ Technical Working Group - TWG နှင့် EU GOPA မှ Expert တွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။

"ပြီးတော့ ဇဟိုဝန်ထမ်းတက္ကသိုလ်က ဆရာ ဆရာမတွေနဲ့လည်း တွေ့ဆုံဆွေးနွေးညှိနှိုင်းတယ်။ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းတွေနဲ့ ဆွေးနွေးအတည်ပြုချက်ရယူပြင်ဆင်လျက်ရှိပါတယ်။ သင်တန်းပြီးမြောက်သွားတဲ့ သင်တန်းသားတွေရဲ့ Feedback တွေကိုယူပြီး နောင်မှာဖွင့်လှစ်မယ့် သင်တန်းတွေအတွက် သင်ရိုးညွှန်းတမ်းတွေကို အမြဲမပြတ် Update ပြင်ဆင်နေပါတယ်"ဟု ဒေါက်တာဝင်းသိမ်းက ပြောသည်။

ဇဟိုဝန်ထမ်းတက္ကသိုလ်များ၏ အရည်အချင်း အကဲဖြတ်စနစ်များကို ယခင်က သာမန်အထက်အဆင့်၊ သာမန်အဆင့်နှင့် သာမန်အောက်အဆင့်ဟူ၍ သတ်မှတ်ခဲ့ပြီး ယခုအခါ အရည်အချင်း အကဲဖြတ်စနစ်များကို ပြောင်းလဲထားကြောင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ သိရသည်။

"ယခုအခါမှာ ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း၊ အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှု သင်တန်းတွေအတွက် Leadership Assessment, Active Participation, Discipline & Morale နှင့် အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း (ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု အဆင့်မြင့်ဒီပလိုမာသင်တန်း)၊ အရာထမ်းအခြေခံ သင်တန်း၊ အရာထမ်းလောင်းအခြေခံသင်တန်း (ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်း) တွေအတွက် Study Assessment, Mutual Assessment, Discipline & Morale နှင့် အရာထမ်းငယ် အခြေခံသင်တန်း၊ စာရေးဝန်ထမ်းကြီးကြပ်မှု တန်းမြင့်သင်တန်း၊ စာရေးဝန်ထမ်း အခြေခံသင်တန်းတွေအတွက် Examination, Mutual Assessment, Discipline & Morale နှင့် Work Related Skills တွေကို အခြေခံပြီး ပြင်ဆင်သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်" ဟု ဥက္ကဋ္ဌ

အထူးကဏ္ဍ [ ဇ ] သို့ »»»

ဇဟိုဝန်ထမ်းတက္ကသိုလ်တွေမှာ ပို့ချလျက်ရှိတဲ့ ဘာသာရပ်တွေကို နိုင်ငံတကာအဆင့်မီ ခေတ်စနစ်နဲ့ လျော်ညီအောင် သင်ရိုး ညွှန်းတမ်းတွေ ပြန်လည် ဆန်းစစ်ခြင်း၊ စိစစ်ပြင်ဆင်ခြင်းတွေကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ နည်းပညာဆိုင်ရာ လုပ်ငန်း အဖွဲ့ Technical Working Group - TWG နှင့် EU GOPA မှ Expert တွေနဲ့ ပူးပေါင်းဆောင်ရွက်နေ



ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း ပြန်တမ်းဝင်အရာရှိအဆင့် ဝင်ပေါက်ရာထူးနေရာတွင် ပဏာမစစ်ဆေးခြင်းပြုလုပ်သည့် ရန်ကုန်မြို့စာစစ်ဌာန၌ ဝင်ရောက်ဖြေဆိုနေကြသူများကို ကြည့်ရှုစစ်ဆေးစဉ်။

»» အထူးကဏ္ဍ [ ဆ ] မှ

ဒေါက်တာဝင်းသိမ်းက ပြောသည်။

**အတွေးအခေါ်များပြောင်းလဲ**

"ခေတ်ပြောင်းလာပြီဖြစ်တဲ့အတွက် အယူအဆအတွေးအခေါ်တွေ ပြောင်းလဲရမှာဖြစ်ပါတယ်။ ပြည်သူကို ဗဟိုပြုရမယ်။ အရင်တပ်မတော်အစိုးရလက်ထက်က ဝန်ထမ်းတွေကို လေ့ကျင့်တဲ့အခါ သူတို့အစိုးရအနေနဲ့ သုံးလို့ရအောင် လေ့ကျင့်ပေးတယ်။ ဟိုတစ်ချိန်တုန်းက အမိန့်ပေးတာကို နာခံပြီး ပြီးမြောက်အောင် ဆောင်ရွက်ရတယ်။ ဥပမာ ကုမ္ပဏီတစ်ခု၊ စက်ရုံတစ်ခုမှာ ပိုင်ရှင်ပြောင်းရင် အဲဒီပိုင်ရှင်ရဲ့ သဘောထားအတိုင်းပဲ ထုတ်လုပ်ပုံကအစ ပြောင်းလဲတဲ့အတွက် ဝန်ထမ်းတွေလည်း ဒီအတိုင်းလိုက်ပြီး လုပ်ဆောင်ရပါတယ်။

"အခု အများပြည်သူက ဆန္ဒမဲပေးပြီး တက်ရောက်လာတဲ့ ဒီမိုကရေစီအစိုးရဖြစ်တယ်။ အများကခံယူတာက ပြည်သူ့အစိုးရလို့ ခံယူပါတယ်။ ပြည်သူ့အစိုးရလက်ထက်မှာ ပြည်သူမှာလည်း တာဝန်ရှိတယ်၊ အားလုံးမှာ တာဝန်ရှိပါတယ်၊ အားလုံးက ပူးပေါင်းဆောင်ရွက်ရပါမယ်။ ဒီလိုဆောင်ရွက်တဲ့အခါ ဝန်ကြီးဌာနရဲ့ လုပ်ရှားမှုတွေ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းတွေရဲ့ လှုပ်ရှားမှုတွေကို အောင်မြင်အောင် လုပ်ရှားပေးနိုင်တဲ့ အဖွဲ့အစည်းကို ဝန်ထမ်းအဖွဲ့အစည်းလို့ နားလည်ရမှာ ဖြစ်ပါတယ်။

"ဒီလိုဝန်ထမ်း အဖွဲ့အစည်းအတွင်းမှာ အောက်ခြေကနေ တင်ပြတာကို ဆက်လက်တင်ပြပါသည်နဲ့ ဆင့်ကဲဆင့်ကဲတင်ပြနေကြတယ်။ ဝန်ကြီးက ဒါလုပ်ပါလို့ အမိန့်ချမှသာ တစ်ဆင့်စီပြန်ဆင်းတယ်။ ကျွန်တော့်အနေနဲ့ ဒါကိုကြိုးနီစနစ်လို့ ပြောချင်ပါတယ်။ ဒါတွေကို ပြုပြင်ပြောင်းလဲဖို့လိုတယ်။ သူ့ဘာသာသူ ဆောင်ရွက်နိုင်ဖို့ တာဝန်ခွဲဝေဖို့လိုတယ်။ ဥပမာအနေနဲ့ ဝန်ကြီးဌာနတစ်ခုကို ဧည့်သည် လာတယ်၊ ဧည့်သည်က Reception မှာ တာဝန်ကျတဲ့ ဝန်ထမ်းကို မေးမြန်းတယ်။ မေးမြန်းတာကို ဘာမှမဖြေနိုင်တာမျိုးရှိတယ်။ ဒါမျိုးမဖြစ်သင့်ဘူး။ Reception မှာ တာဝန်ကျတဲ့ ဝန်ထမ်းက မေးမြန်းတာတွေကို ဖြေနိုင်တဲ့သူမျိုးဖြစ်သင့်ပါတယ်။ ဒါမျိုးတွေကလည်း ပြုပြင်ပြောင်းလဲဖို့လိုပါတယ်။

"ဝန်ကြီးဌာနတွေမှာ ပြည်ထောင်စုဝန်ကြီးတွေက အလုပ်များတယ်။ ပြည်ထောင်စုဝန်ကြီးက မူဝါဒပဲကိုင်ရတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ဘယ်အစိုးရပြောင်းပြောင်း အစိုးရကဏ္ဍက ဆက်လည်ရမှာပဲ။ တက်လာတဲ့အစိုးရရဲ့ မူဝါဒကို အောင်မြင်အောင်လို့ ဝန်ထမ်းတွေကပဲ ဆောင်ရွက်ရမှာပါ"ဟု နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုနှင့်စပ်လျဉ်း၍ ဗဟိုဝန်ထမ်းတက္ကသိုလ် အကြံပေးအဖွဲ့ဝင် ဦးမြသိန်းက အကြံပြုပြောကြားသည်။

**အစီအမံများ**

၂၀၁၉ ခုနှစ် နိုဝင်ဘာလမှ စတင်ကာ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ပြန်တမ်းဝင် အရာရှိအဆင့် ဝင်ပေါက်ရာထူးများအတွက် ကြော်ငြာခေါ်ယူထားရှိသည့် ရာထူးများအတွက် ဝင်ရောက်ဖြေဆိုကြမည့်သူများ အဆင်ပြေရန် အွန်လိုင်းမှတစ်ဆင့် လျှောက်လွှာများပေးပို့နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပြီး ပဏာမစစ်ဆေးခြင်း၊ ရေးဖြေစစ်ဆေးခြင်း၊ စိတ်အခြေအနေ စစ်ဆေးခြင်းနှင့် လူတွေ့ နှုတ်ဖြေစစ်ဆေးခြင်းတို့ကို အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းများအပေါ် ပြည်သူများ၏ သဘောထားအမြင်စစ်တမ်း (Public Perception Survey of Government Services PPSoGS) ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုစာရင်းအင်းအဖွဲ့နှင့် UNDP တို့ ပူးပေါင်းကာ ၂၀၁၉ ခုနှစ် မတ်လနှင့် မေလအတွင်း နေပြည်တော် အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အိမ်ထောင်စု ၂၅၂၀ ကို ကောက်ယူသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ သိရသည်။

**ဟန်ချက်ညီညီ**

ထို့အတူ နိုင်ငံ့ဝန်ထမ်းများကိုယ်တိုင် နိုင်ငံ့တာဝန်ထမ်းဆောင်ရာတွင် စိတ်ဓာတ်လှုံ့ဆော်မှု၊ စိတ်ပါဝင်စားမှု အရင်းခံအကြောင်း သဘောထားအမြင်စစ်တမ်းကောက်ယူရန်အတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပြီး အာဆီယံအဆင့် Public Service Motivation ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် ဖိုရမ်တို့ကို ၂၀၁၉ ခုနှစ်အတွင်း ကျင်းပသွားနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အချုပ်အားဖြင့်ဆိုရသော် ပြည်သူ့ဆန္ဒနှင့်အညီ ရွေးချယ်ထားသော အစိုးရအဖွဲ့သည် ပြောင်းလဲနေမည်ဖြစ်ပြီး ပြည်သူတို့မှ ရွေးချယ်ထားသော ပြည်သူ့အစိုးရ၏ မူဝါဒများကို ဟန်ချက်ညီညီ တည်တည်ငြိမ်ငြိမ် လည်ပတ်မည်မှာ ပြည်သူ့ဝန်ထမ်းများဖြစ်သည်။

ထို့ကြောင့် "ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်" ဆိုသည့်အတိုင်း ဝန်ထမ်းတစ်ဦးတစ်ယောက်ချင်းစီ၊ အစုအဖွဲ့ တစ်ခုချင်းစီ၏ စွမ်းရည်များ တိုးတက်လာစေရန် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တင်ပြရေးသားအပ်ပါသည်။ ။

■




ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဒေါက်တာဝင်းသိမ်း စင်ကာပူနိုင်ငံ၌ ကျင်းပသည့် (၁၉)ကြိမ်မြောက် အာဆီယံ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအစည်းအဝေး၊ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ဖိုရမ်တွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ်၊ ပြည်သူ့ဝန်ထမ်းအကယ်ဒမီများ၏ တက္ကသိုလ်အကြံပေးအဖွဲ့များ၊ တက္ကသိုလ်ပညာရပ်အဖွဲ့များ ပညာရပ်ဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

**၂၀၁၉ ခုနှစ် နိုဝင်ဘာလမှ စတင်ကာ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ပြန်တမ်းဝင် အရာရှိအဆင့် ဝင်ပေါက်ရာထူးများအတွက် ကြော်ငြာခေါ်ယူထားရှိသည့် ရာထူးများအတွက် ဝင်ရောက်ဖြေဆိုကြမည့်သူများ အဆင်ပြေရန် အွန်လိုင်းမှတစ်ဆင့် လျှောက်လွှာများ ပေးပို့နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပြီး ပဏာမစစ်ဆေးခြင်း၊ ရေးဖြေစစ်ဆေးခြင်း၊ စိတ်အခြေအနေ စစ်ဆေးခြင်းနှင့် လူတွေ့ နှုတ်ဖြေစစ်ဆေးခြင်းတို့ကို အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်**

## ဒေါ်ခင်ခင်ကြီး

### အသက်(၉၅)နှစ်

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ အင်ကြင်းမြိုင်လမ်းသွယ်(၁)၊ အမှတ် (၁၉၂)နေ (သီရိပျံချီဦးထွန်းတင်-ဒေါ်အေးဇင်)တို့၏ သမီး၊ ယခင်နိုင်ငံတော်တရားရုံးချုပ် တရားသူကြီး (ဦးအေးအုန်း)၏ ဇနီး၊ ဒေါက်တာ ဦးသာရင်မြတ်-ဒေါ်နွယ်နွယ်အေး တို့၏ ကျေးဇူးရှင် မွေးသမိခင်၊ မချောစုမြတ်၏အဘွား ဒေါ်ခင်ခင်ကြီးသည် ၁၈-၄-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါ ကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၄-၂၀၁၉ ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးကိုကိုဇော်

**အငြိမ်းစားမန်နေဂျာ (New Force Company Limited)**

**(မြို့မကျောင်းသားဟောင်း)**

### အသက် (၆၄)နှစ်

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ ကျွန်းတောကျောင်းလမ်း၊ အိမ်အမှတ် (၃၅)၊ သုံးလွှာနေ (ဦးတင်ထွန်း)-ဒေါ်စိမ်းလှတို့၏သား၊ (ဦးမောင်ကလေး-ဒေါ်ကြည်ကြည်)တို့၏ သားသမက်၊ ဒေါ်ခင်ဆွေဦး (ခရိုင်တရားသူကြီး၊ ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုသက်ထွန်းဦး၊ မသီရိကိုကိုဇော်တို့၏ဖခင် ဦးကိုကိုဇော်သည် ၁၈-၄-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာစိုးသိန်းနှင့်ဇနီး**

**အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်း (ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးဇန်အောင်

**(ဒုတိယညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန)**

### အသက် (၅၀)

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂) ရပ်ကွက်၊ ဇင်ယော်လမ်း၊ အမှတ် (၁၁၆/၂) နေ (ဦးထွန်းငြိမ်း)-ဒေါ်ကြွယ်တို့၏ သား ဒေါ်လှလှဝေ(ခ)ဒေါ်ဝေမာမြင့် (Khin Maung Nyunt Manufacturing Co., Ltd)၏မောင် ဦးဇန်အောင်သည် ၁၇-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**

**ပြည်တွင်းအခွန်များဦးစီးဌာန**

## ဦးသူရအောင်

**B.E (Civil)**

### အသက် (၄၀)

**AMC Co., Ltd.**

အမှတ် (၂၈၆-ခ)၊ သီရိမင်္ဂလာပတ်လမ်း၊ (၅/၆)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်နေ ဦးစန်းကြည်-ဒေါ်ကြည်ကြည်နွဲ့ (ထပြ-ငြိမ်း)တို့၏ သားကြီး ဦးချစ်ဝေဖြိုး (MITS)-ဒေါ်မေသွယ်ဦး၊ ဦးအောင်သူဟိန်း-ဒေါ်သန္တာဝင်း (Myanmar Kentoku Co., Ltd)-ဒေါ်ခိုင်ဇာလွင် (ထခွဲ၊ လ/၄၊ ရွှေပြည်သာ)၊ မောင်ဝေယံထွန်းတို့၏ အစ်ကိုကြီး တိုက်(၆)၊ အခန်း (၅၀၁)၊ အောင်ဇေယျအိမ်ရာနေ ဒေါ်နွေးနွေးအောင်၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးသိန်းညွှန့်အောင်)-ဒေါ်လှလှရှိန်တို့၏ သားသမက်၊ မရွှန်းလဲ့ဖြိုး၊ ရဲရင့်ဝေယံတို့၏ ချစ်လှစွာသောဖခင်သည် ၂၀-၄-၂၀၁၉ (စနေနေ့) နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၄-၂၀၁၉ ရက် နံနက် ၇ နာရီတွင် ရက်လည်တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသန်းလွင် (ဦးတူးပါ)

### အသက်(၇၄)နှစ်

**ကျုံမငေး**

ကျုံမငေးမြို့နေ (ဦးစစ်တင်-ဒေါ်တင်စိန်)တို့၏ သား၊ တောင်စွန်းမြို့နေ (ဦးစိုးညွှန့်-ဒေါ်ကျင်လွမ်)တို့၏ သားသမက်၊ ရန်ကုန်မြို့နေ (ဦးခင်ဟုတ်-ဒေါ်ခင်ဆုံ)၊ ကျုံမငေးမြို့နေ ဆရာမကြီးဒေါ်တင်တင်လှ၊ ရန်ကုန်မြို့ အလုံမြို့နယ်နေ ဒေါ်သန်းသန်း၊ (ဦးသိန်းထိုက်)-ဒေါ်စန်းစန်းမြင့်၊ ဦးအောင်ဖုန်း-ဒေါ်ခင်စစ်အေးတို့၏ ညီ/မောင်၊ (ဦးမောင်မောင်)၏ အစ်ကို၊ အမှတ် (၃၁/Z)၊ မင်္ဂလာလမ်း၊ အင်းစိန်မြို့နယ်နေ ဒေါ်အေးအေးသင့်၏ ခင်ပွန်း၊ ကိုဝေဖြိုးလင်း- မနွေဦးလွင်တို့၏ ကျေးဇူးရှင်ဖခင်၊ မခိုင်နွေလင်း၊ မယွန်းနွေလင်းတို့၏ ချစ်လှစွာသောအဘိုးသည်၁၈-၄-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၄း၁၀ နာရီတွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၉ (တနင်္လာနေ့) နံနက် ၉ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၇း၃၀ နာရီနှင့် ကျုံမငေးအသင်းတိုက်မှ ကားများ နံနက် ၇နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၄-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အာနိစ္စ

**စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း**

### ဦးအေးချို

### အသက် (၈၇)နှစ်

**ရုံးအုပ်(ငြိမ်း)၊**

**မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း**

**အသင်းဝင်နံပါတ် (၀၁၆၀)**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ မင်္ဂလာ လမ်းနေ ဦးအေးချိုသည် ၁၃-၄-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

---

## ဦးမောင်လှ

**စခန်းမှူး (ငြိမ်း)**

### အသက် (၆၉) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နေ (ဦးဘသော်-ဒေါ်ခင်မြ)၊ ရန်ကုန်မြို့နေ (ဦးသန်းမြင့်-ဒေါ်ကျင်ကျင်)တို့၏ သားသမက်၊ သန်လျင်မြို့နေ (ဦးလှမြင့်-ဒေါ်ရှူဝါ)၊ (ဦးမောင်မောင်ကြည်)-ဒေါ်အေးအေးသော်တို့၏ ညီ/မောင်၊ ဦးမောင်မြ-ဒေါ်စိန်စိန်သန်း၊ ဦးဆန်နီ-ဒေါ်ခင်စိန်တို့၏ အစ်ကို၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၄၉) ရပ်ကွက်၊ ဒူးယား(၇)လမ်း၊ အမှတ် (၁၀၆၁)နေ ဒေါ်ငွေငွေမြင့်(ခ)ဒေါ်သိန်းသိန်း၏ ခင်ပွန်း၊ (မငုဝါသိန်း)၊ မောင်အောင်ဖြိုးဦး-မသက်ထားလှိုင် (မေသရဖူ-အလှပြုပြင်ရေး)၊ မအိမ့်အိမ့်မိုးသွယ် (IT Pro,Co., Ltd)၊ မောင်ဇွဲထက်- မလမင်းသော်တာအောင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မသုထက်အိမ့်စည်၏ ချစ်လှစွာသောအဘိုးသည် ၁၉-၄-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၄-၂၀၁၉ (ကြာသပတေးနေ့) နံနက်တွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၄၉) ရပ်ကွက်၊ ဒူးယား (၇)လမ်း၊ အမှတ်(၁၀၆၁) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ စေတီ၊ ရဟန်း၊ ကျောင်းဒါယကာကြီး**

**မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို)နာယကကြီး**

## ပန်းချီဆရာကြီး စတားဦးမြသန်း (၈၅) နှစ်

**မဟာရန်ကုန် ၃၆၅ စွယ်စုံသကြံ့န်အသင်းခေါင်းဆောင်၊ ကြည့်မြင်တိုင်**

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ကွမ်းရဲလမ်း၊ အမှတ် (၁၀) နေ (ဦးမြမောင်-ဒေါ်အမာ)တို့၏ သား၊ (ဦးမောင်မောင်-ဒေါ်အုံးချစ်)တို့၏ သားသမက်၊ ဒေါ်လှလှထွေး၏အစ်ကို၊ ဒေါ်ချိုချိုဆန်း၊ ဦးဇော်ဝင်း-ဒေါ်ရီရီမိုး၊ ဒေါ်သင်းသင်းနိုင်၊ ဒေါ်ဆွေဆွေဝင်း၊ (ဦးသန်းနိုင်)၊ ဦးသန်းအောင်ဇော်-ဒေါ်မိမိစိုးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မရူပါမောင်၊ မမေမြတ်သူကျော်တို့၏ ဘိုးဘိုးကြီး၊ (ဒေါ်တင်ရီ)၏ချစ်လှစွာသောခင်ပွန်းသည် ၂၀-၄-၂၀၁၉ (စနေနေ့) နံနက် ၅း၂၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၉ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၄-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီတွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်သန်း (ခ) ဦးသန်းမောင်

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (ငြိမ်း)**

**တန့်ဆည်မြို့နယ်အသင်း အမှုဆောင် (ရန်ကုန်)**

### အသက် (၇၈) နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ မရမ်ပွဲကျေးရွာနေ (ဦးထွန်းဆွယ်-ဒေါ်လှမေ)တို့၏ သား၊ (ဦးချစ်-ဒေါ်မှတ်ကြီး)တို့၏ သားသမက်၊ ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်၊ ဘဝမြင့်ရပ်ကွက်၊ မလိခအိမ်ရာ၊ တိုက် (၁၈)၊ အခန်း (၃၁)နေ ဒေါ်ခင်မြင့်၏ ခင်ပွန်း၊ ကိုထင်လင်းဦး-မခင်စန်းဝင်း၊ ကိုငြိမ်းချမ်းဦး၊ ကိုထွန်းထွန်းဦးတို့၏ ချစ်လှစွာသော ဖခင်သည် ၁၉-၄-၂၀၁၉ (သောကြာနေ့) နံနက် ၇း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် သရက်ခါးမရမ်ပွဲသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၄-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီ မှ ၁၁ နာရီအထိ ရန်ကုန်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ် ရီရီထွေး (B.Com)

**(Season One Co., Ltd)**

### အသက် (၅၆) နှစ်

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ အမှတ် (၃၁)၊ မော်လမြိုင်လမ်းနေ (ဦးအေးမောင်-ဒေါ်သန်း)တို့၏ သမီး၊ ဦးဟံသိန်း-ဒေါ်ညွှန့်ကြည်၊ ဒေါ်သောင်းကြည်၊ ဒေါ်ခင်အေး၊ ဦးအောင်ခင်ဆွေ-ဒေါ်ကြည်ကြည်ဝင်းတို့၏ ညီမ ဒေါ်ရီရီထွေးသည် ၁၉-၄-၂၀၁၉ (သောကြာနေ့) ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၄-၂၀၁၉ (ကြာပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း၊ သီလရှင်ကျောင်း၊ ဆေးပေးခန်း၊**

**အလယ်တန်းကျောင်းဆောင်၊**

**အထက်တန်းကျောင်းဆောင်၊ လမ်း၊ ရေတွင်း၊ ရေကန်အလှူရှင် ဒါယကာကြီး**

## ဦးရန်နိုင်ထွန်း (အောင်သုခ ယောဂီ) (၃၅)နှစ်

**B.Tech (Mechanical Power)**

**A.G.T.I(မှော်ဘီ)**

**Certificate in Business Law,**

**TTC 2000 ခုနှစ် ကျောင်းသားဟောင်း**

**အေးငြိမ်းသာအထူးကုဆေးခန်း**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ လှည်းတန်းလမ်းမ၊ အမှတ်(၂၀/၂၃)၊ အေးငြိမ်းသာ အထူးကုဆေးခန်းနေ (ဦးထွန်းလှိုင်-ဒေါ်မာ)၊ (ဦးတင်စိန်-ဒေါ်ခင်တင့်)တို့၏ မြေး၊ ဦးကျော်မင်း (အေးငြိမ်းသာအထူးကုဆေးခန်း)-ဒေါ်ရီရီငွေ(တရားလွှတ်တော်ရှေ့နေ) တို့၏ သားကြီး၊ ဦးသန်းဝင်း-ဒေါ်သန်းသန်းဦးတို့၏ သားသမက်၊ မရတနာကျော်၊ ကိုစံဝေဖြိုး-မလွင်မေအောင် တို့၏ ကိုကိုကြီး၊ မောင် Hugh သူရိန်ဝေဖြိုး၊ မောင်သူရိယဝေဖြိုး တို့၏ဘကြီး၊ မောင်အောင်ဇေနိုင်ထွန်း၏ ဖခင်၊ ဒေါ်စိုးမမဝင်း ၏ ချစ်လှစွာသောခင်ပွန်း သာသနာ့ဒါယကာ ဦးရန်နိုင်ထွန်းသည် ၁၇-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ် လွန်သူအားရည်စူး၍ ၂၃-၄-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးအောင်ထွန်း(ခ)

### S.P ဘရူးဝါး

### အသက်(၈၄)နှစ်

**(ဘရူးဝါးကြီး)**

**မြန်မာ့ ကြက်တောင်ချန်ပီယံ**

**(ဟောင်း)**

**မြန်မာ့ မီးရထား (ငြိမ်း)**

(ဦးA.Bဘရူးဝါး-ဒေါ်Sဘရူးဝါး)တို့၏ ချစ်လှစွာသောသား၊ (ဦးစန်းအောင်)၏ ညီ၊ [ဦးသန်းမောင်(ခ)ဘရူးဝါးလေး]၊ ဒေါ်ကလျာဏီဘရူးဝါး၊ (ဒေါ်အဇ်လီဘရူးဝါး)တို့၏ အစ်ကိုသည် ၁၉-၄-၂၀၁၉ (သောကြာနေ့) နံနက် ၁း၂၈ နာရီတွင် အမှတ်(၇)၊ ကြိုးစက်ရုံလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌ အိပ်ပျော်ခြင်း**

## ဆရာမ DAW NANCY PE

**(မြောင်းမြ)**

### အသက် (၈၄) နှစ်

**အထက (၁) မြောင်းမြမြို့**

**အထက (၂) လသာ**

**အထက(၁) စိန်မေရီ**

မြောင်းမြမြို့ မန်းစောပုလမ်း၊ ရွှေဒါးကုန်းရပ်ကွက်၊ အမှတ် (၂၄)နေ၊ (မန်းချစ်ဖေ-ဂါနှင်းငွေ)တို့၏ သမီး၊ မန်းနယ်ခင်ဖေ၊ (ဆရာမ ကေတီဖေ)၊ ဦးစောအောင်၊ ဆရာမလီလီဖေ၊ ဒေါ်မေ်လီဖေ (M.E.I.S)၊ ဦးတင့်လွင် (နိုင်ငံခြားကုန်သွယ်မှုဘဏ်)တို့၏ ညီမ၊ (မန်းမီအုံး)၊ [ဆရာမ အဲနက်ဖေ (မြောင်းမြဆေးရုံ)]၊ မန်းကိုလေးဖေ (ဆက်သွယ်ရေး)- ဆရာမခင်ခင်ချစ်၊ ဆရာမဂဲထရူဖေ၊ ဦးစောဆန်းဒိုု (အငြိမ်းစား ရဲမှူး)တို့၏ အစ်မသည် ၂၀-၄-၂၀၁၉ (စနေနေ့) နံနက် ၄ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဆရာတော် ဘဒ္ဒန္တနာရဒ

### သိက္ခာတော် (၅၃)ဝါ၊ သက်တော် (၇၃)နှစ်

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၁) ရပ်ကွက်၊ သံလွင်လမ်း၊ သပြေတောရကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တနာရဒ သိက္ခာတော် (၅၃) ဝါ၊ သက်တော် (၇၃) နှစ်သည် ၁၃၈၀ ခုနှစ်၊ တန်ခူးလဆန်း (၁၄)ရက်၊ ၁၈-၄-၂၀၁၉ (ကြာသပတေးနေ့) ည ၉း၂၇ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၀ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်) ၂၂-၄-၂၀၁၉ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပနသာဓုကီဠနသဘင် ကျင်းပမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ တပည့် ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကျောင်းမှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ဈာပနကျင်းပရေးကော်မတီ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း အလှူ ဒါယိကာမကြီး**

## ဒေါ်ခင်အေး (ကျောက်ဖြူ)

### အသက် (၈၃) နှစ်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့ လေပွေ့ပရိယတ္တိစာသင်တိုက်၊ ပဓာနနာယက၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဘဒ္ဒန္တအဂ္ဂဓမ္မ၏ ရဟန်းဒါယိကာမကြီး၊ သန်ပန်ချောင်းရပ်ကွက်၊ အမှတ် (၁၈၅)နေ (ဦးစောဖြူ)၏ဇနီး၊ (ဦးဝေဦး)-ဒေါ်တင်ရွှေ၊ (ဒေါ်ခင်စောဦး)၊ ဦးစောလှ-ဒေါ်သိန်းသိန်းထွေး၊ (ဦးအထွန်း)-ဒေါ်မလုံး၊ ဦးကျော်နိုင်-ဒေါ်ခင်စောရီ၊ ဦးထွန်းထွန်းဦး-ဒေါ်ခင်မြရီ(မနီ)၊ ဦးခင်မောင်သန်း-ဒေါ်ဖြူဖြူဝင်း (ဖြူမ)၊ ဦးတင်အောင်-ဒေါ်ယဉ်မင်းမြင့် တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၇ ယောက်၊ မြစ်သုံးယောက်တို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၁၉-၄-၂၀၁၉ ရက် ည ၁၁း၅၅ နာရီတွင် ရွှေဂုံတိုင် အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၉ (တနင်္လာနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ် ပါကြောင်း။ [အမှတ်(၈၃)၊ ငါးလွှာ-A၊ ဓမ္မစိန္တာလမ်း၊ ပုသိမ်ညွန့်(စံပြ)ရပ်ကွက်၊ ကျောက်မြောင်း၊ တာမွေမြို့နယ်မှ ကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၂၅-၄-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်ခင် (ခ) ဒေါ် ရီ (ကျိုင်းတုံ)

### အသက် (၇၉) နှစ်

ရန်ကုန်မြို့ သာကေတမြို့နယ်၊ ထူပါရုံ (၁)ရပ်ကွက်၊ မြင်တော်သာလမ်း၊ စုပေါင်းအိမ်ရာ၊ အမှတ် (၁၆/A)၊ မြေညီထပ်နေ [ဦးမောင်လေး(ခ) ဝှမ်ရင်ကော့]၏ဇနီး၊ ဦးကျော်ကျော်ဦး-ဒေါ်ဝင်းဝင်းမော်၊ ဦးမျိုးအောင်-ဒေါ်နန်းမွေ၊ ဦးဉာဏ်ထွန်းတို့၏ ချစ်လှစွာသောမွေးသမိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၁၈-၄-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၄း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးသိန်းတင်

### အသက် (၇၁)နှစ်

**အထက(၁) တာမွေကျောင်းသားဟောင်း**

ရန်ကုန်မြို့ တာမွေမြို့နယ်နေ (ဦးထွန်းရင်-ဒေါ်လှချို)တို့၏သား၊ (ဦးပွ-ဒေါ်လှရင်)တို့၏ သားသမက်၊ (ဦးဖေတင်-ဒေါ်စန်းညွှန့်)၊ ဒေါ်တိုးကြည်တို့၏ ညီ/မောင်ငယ်၊ အမှတ် (၄၁၇)၊ သုမိတ္တာ (၁၃)လမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေ (ဒေါ်သန်းသန်းအေး)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်ကျော်ထွန်း၊ မခိုင်နွယ်ထွန်း၊ မောင်ကျော်မင်းထွန်းတို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး ဦးသိန်းတင်သည် ၁၈-၄-၂၀၁၉ ရက် မွန်းလွဲ ၁း၄၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၁၉ ရက် မွန်းလွဲ ၁း၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အမှတ် (၃၅)၊ (၁၄၇)လမ်း၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌ အိပ်ပျော်ခြင်း**

## ဒေါ်ထရေဇာ လီလီဝင်း

### အသက် (၇၆) နှစ်

ရန်ကုန်မြို့ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ မဂ္ဂင်လမ်း၊ တိုက်(၅)၊ အခန်း (၄/ခ)နေ (ဦးဝင်းလှိုင်-ဒေါ်မေရီ) တို့၏ သမီး၊ (ဦးလှမြင့်-ဒေါ်သီသီ)တို့၏ ညီမ၊ (ဦးတင်ဖေ-ဒေါ်အက်စတာ)၊ ဦးလှဝင်း-ဒေါ်မာရီးယား၊ (ဦးဆန်းမြင်)-ဒေါ်ဘေဘီ(မြစ်ငယ်)တို့၏အစ်မ၊ ဒေါ်အယ်နီ (အမက သရက်တန်း၊ မြစ်ငယ်)၊ ဦးဆန်နီ-ဒေါ်ဆိုဖီယာ(ညို့ဖယ်ရီ)၊ မဝင်နီ (မူကြို-၅၊ လူမှုဝန်ထမ်း)၊ မဂျယ်နီ၊ ကိုရော်နီ၊ မဂျယ်ရီ၊ ကိုဇေးဗီးယား၊ မောင်မောင်ထွေး (U.S.A)တို့၏ မိခင်၊ အန်းဒရူးဟိန်းဆက်ညို၊ အမ်းဗရိုလင်းခန့်ညိုတို့၏ အဘွား၊ (ဖရန်စစ်ဦးမောင်ညို)၏ ချစ်လှစွာသောဇနီး ဒေါ်ထရေဇာလီလီဝင်းသည် ၂၀-၄-၂၀၁၉ ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၂-၄-၂၀၁၉ (တနင်္လာနေ့) နံနက် ၉ နာရီတွင် စိန်ဖရန်စစ်အစီစီဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်နှင်းရီ

### အသက် (၆၄)နှစ်

ရန်ကုန်မြို့ သာကေတမြို့နယ်၊ ၇/ အရှေ့ရပ်ကွက်၊ အောင်သပြေအနောက် (၃)လမ်း၊ အမှတ်(၁၈)နေ (ဦးပိုလို-ဒေါ်လှရီ)တို့၏သမီး၊ (ဦးခွေး-ဒေါ်ထွေးစိန်)တို့၏ သမီးချွေးမ၊ ဦးလှဝင်း-ဒေါ်အေးစိန်၊ (ဦးမောင်တင့်)-ဒေါ်ခင်မာညိုတို့၏အစ်မ၊ ဦးလှအုန်း၏ဇနီး အမေရိကန်နိုင်ငံနေ ဦးအောင်ဆန်းဦး-ဒေါ်အိအိအောင်(ခ) ဥမ္မာကျော်တို့၏ မွေးသမိခင်၊ မောင်မြတ်မင်းသုတ၊ မောင်အောင်မြင့်မိုရ်တို့၏ အဘွားသည် ၁၈-၄-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၉ (တနင်္လာနေ့) ညနေ ၅နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါ သာကေတမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိ

**နေပြည်တော် မေ ၂၀**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Army General Sergey Kuzhugetovich Shouigu နှင့် ရုရှား-မြန်မာစစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်ရေး ကော်မတီ၏ဖိတ်ကြားချက်အရ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဦးဆောင်သည့် မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အူလန်အူဒယ်မြို့သို့ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ULAN-UDE Aviation Plant မန်နေဂျင်းဒါရိုက်တာ Mr. Alexey Kozlov၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ကျော်စိုးမိုးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ခရီးစဉ်အတွင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် (၈)ကြိမ်မြောက် မော်စကိုနိုင်ငံတကာလုံခြုံရေးဆိုင်ရာ ညီလာခံ(8th Moscow Conference on International Security)သို့ တက်ရောက်ခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရနှင့် တပ်မတော်မှအကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ စက်ရုံ၊ အလုပ်ရုံများနှင့် အထင်ကရနေရာများအား လှည့်လည်ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ULAN-UDE Aviation Plant မန်နေဂျင်းဒါရိုက်တာ Mr. Alexey Kozlov၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ကျော်စိုးမိုးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။**



ရတနာပုံအသင်း၏ ဂိုးသွင်းရန်ကြိုးပမ်းမှုကို Chinland ဂိုးသမား ဝေယံမျိုး ကာကွယ်နေစဉ်။

# MNL ပြိုင်ပွဲတွင် နာမည်ကြီး ရတနာပုံအသင်း နိုင်ပွဲဆက်

**ရန်ကုန် မေ ၂၀**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၈) ပထမနေ့ကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ ရတနာပုံအသင်း နိုင်ပွဲဆက်ခဲ့သည်။

**ရတနာပုံအသင်း - နှစ်ဂိုး**
**Chinland အသင်း - တစ်ဂိုး**

ဇယားအောက်ဆုံးမှ Chinland အသင်း၏ ရုန်းကန်မှုကြောင့် ရတနာပုံအသင်း ခက်ခက်ခဲခဲကစားခဲ့ရပြီး တိုက်စစ်မှူး ဝင်းနိုင်ထွန်း၏ သွင်းဂိုးများကြောင့်သာ အမှတ်ပြည့်ရခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် နောက်ဆုံးသုံးပွဲဆက်အနိုင်ရခြင်းဖြစ်ပြီး အဝေးကွင်းနှစ်ပွဲဆက် အနိုင်ရခဲ့သောကြောင့် ထိပ်ဆုံးနေရာအတွက်ပါ အခြေအနေကောင်းသွားခဲ့ပြီး ယနေ့ပွဲအပြီး ထိပ်ဆုံးနေရာကို ယာယီဦးဆောင်ခွင့်ရခဲ့သည်။

ရတနာပုံအသင်းသည် လှိုင်းဘိုဘို၊ ရဲကိုဦး၊ ဝင်းနိုင်ထွန်း၊ ဝင်းနိုင်စိုးတို့ဖြင့် လူစုံအသုံးပြုခဲ့သလို Chinland အသင်းကလည်း နိုင်ငံခြားသားကစားသမားသုံးဦးအပါအဝင် လူစုံအသုံးပြုခဲ့သည်။ ပွဲအစခြေစွမ်းပိုင်းအရ ရတနာပုံအသင်း ပိုကောင်းခဲ့ပြီး ဖိအားပေး

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍**

ကြေးမုံ နိုင်ငံတော်သမ္မတ၏ ပြည်သူ့အတွက် တတိယ (၁) နှစ်တာ

## ပြည်သူ့အတွက် တတိယ(၁)နှစ်တာအချပ်ပို ပါရှိ

**ယနေ့ထုတ် ကြေးမုံသတင်းစာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့၏ တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို(၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။**

# ဟောင်ကောင် ယူ-၁၈ ဖိတ်ခေါ်ပြိုင်ပွဲ မြန်မာအသင်း သရေကျ

**ဟောင်ကောင် မေ ၂၀**

ဟောင်ကောင်ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ဟောင်ကောင် ယူ-၁၈ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုဒုတိယနေ့ကို ယနေ့နံနက်ပိုင်းက ဟောင်ကောင်၌ ဆက်လက်ကျင်းပရာ မြန်မာအသင်း သရေပွဲကြုံတွေ့ခဲ့သည်။

**အုပ်စုကိုဦးဆောင်နေ**

မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ဂိုးမရှိသရေကျခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် နိုင်ပွဲဆက်ရန် ကြိုးပမ်းခဲ့သော်လည်း သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ မြန်မာအသင်းသည် နိုင်ပွဲမရသော်လည်း ဂိုးကွာခြားချက်အသာဖြင့် ဗီယက်နမ်ကိုအသာရကာ အုပ်စုကိုဦးဆောင်နေပြီး ချန်ပီယံဆုအတွက် အခြေအနေကောင်းလျက်ရှိသည်။ အခြားပွဲတွင် အိမ်ရှင်ဟောင်ကောင်အသင်းက စင်ကာပူအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

**ဂိုးပြတ်အနိုင်ရပါက ချန်ပီယံဆုရယူနိုင်မည်**

ယခုပွဲအပြီးတွင် မြန်မာနှင့် ဗီယက်နမ်အသင်းက လေးမှတ်စီ၊ ဟောင်ကောင်အသင်းက သုံးမှတ်ရထားပြီး စင်ကာပူအသင်းမှာမူ နှစ်ပွဲစလုံး ရှုံးနိမ့်ထားသည်။ အုပ်စုနောက်ဆုံးပွဲများကို မေ ၂၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် ဂိုးကွာခြားချက်အသာဖြင့် အုပ်စုကိုဦးဆောင်နေပြီး နောက်ဆုံးပွဲတွင် စင်ကာပူအသင်းကို ဂိုးပြတ်အနိုင်ရပါက ချန်ပီယံဆုရယူနိုင်မည်ဖြစ်သည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ✻**

ဆရာစို-ဓာတ်စံ ဆေးတိုက် မြန်မာနှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ
အနာဆို "ဆရာစို" ၏ ပရိသတ် ရဟန်း ရှင်လူ မြန်မာပြည်သူပြည်သားများ အားလုံး ၁၃၈၁ ခုနှစ် မြန်မာနှစ်သစ်မှာ-
"အစာ၀ အနာကင်း ဘယာရှင်းကြပါစေ"
"ပဒုမ္မာရွှေကြာစကြာရတနာ"
ဆရာစို ဓာတ်စံ
တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး